www.burmeseclassic.com



# နှစ်ကိုယ်ခွဲ

ဝင်းဈ

www.burmeseclassic.com

www.burmeseclassic.com

တန်ခိုး

—

ဝန်းချီ

—

အမုံး

—

ထုတ်ဝေ

—

ပုံနှိပ်

BURMESE CLASSIC

မင်းလူ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းထရင်မှင့်စဉ် [၁၅၃]

"နံနံပင် မထည့်နဲ့"

ဆတ်ကာနဲ လှည့်ကြည့်လိုက်မိတယ်။ ကျွန်တော် အချမ်းအံ့ဩသွားပါတယ်။ ဘာကြောင့်ဆိုတော့ ကျွန်တော် ရှင်းပြပါမယ်။

ရန်ကုန်ဘူတာကြီးရဲ့ စကြံကုန်းတံတားကြီး ရှိပါရော။ အဲဒီကုန်းတံတားကြီးရဲ့ ပန်းဆိုးတန်းဘက် အပေါက်နား။ ကုန်တိုက် ၁ နဲ့ မျက်နှာချင်းဆိုင်လောက်ကျမယ်။ အဲဒီမှာ မုန့်ဟင်းခါးဆိုင်တဆိုင်ရှိတယ်။ အမြဲတမ်း ပွင့်ထားလေသို မဟုတ်ပါဘူး။ ညနေ လေးနာရီကျော်မှ စ,ဖွင့်တာ။ အထမ်းနဲ့ ရောင်းတဲ့ အသည်လေ။

www.burmeseclassic.com

...ခါနီး ...စားသွားရင် သိမယ်" ...

...ဆိုင်နံရံမှာလည်းက အဲဒီလို ရေးထားတယ်။ သတ်ပုံရေးထုံး အမှန်အတိုင်းဆိုယင်တော့ "စားဖူးယင်သိမယ်" လို့ ရေးရမှာပေါ့။ အေးလေ...ဒါက မုန့်ဟင်းခါး ရောင်းတာပဲ။ စာစီစာကုံး ရေးတာမှ မဟုတ်တာ။ သတ်ပုံတော့ ဘာတွေ ဘယ်ဂရုစိုက်ကြမလဲ။ တကယ်တော့လဲ ရန်ကုန်မြို့ပေါ်မှာ လိုက်ကြည့်။ သတ်ပုံအမှားတွေ ရေးထားတဲ့ ဆိုင်းဘုတ်တွေ အတော်များများ တွေ့ရလိမ့်မယ်။

ကြည့်...။

| မှား | မှန် |
| --- | --- |
| ရှန်လူခေါက်ဆွဲကျော်ဆိုင် | ရှန်လူ ခေါက်ဆွဲကြော်ဆိုင် |
| အာရုံဦးတီးဟောက်စ် | အရုဏ်ဦးတီးဟောက်စ် |
| ယနေ့အကျေးသီးခံပါ | ယနေ့ အကြွေးသည်းခံပါ |

အဲဒါ နမူနာတွေပဲ။ အများကြီးရှိသေးတယ်။ ဟိုး... တနှစ်က ကျိုက္ကဆံကွင်းမှာ ပြည်ထောင်စုနေ့ ကျင်းပတုန်းက ဒွန်ဆိုင်ရာပြခန်းတခုရှေ့မှာ "အမှိုက်မပြစ်ရ" လို့ ရေးထားတာ တွေ့ဖူးတယ်။ သိပ်တိတိကျကျကြီး မဟုတ်တောင် 'အိန္ဒိရောင်းရ' ဆိုတာမျိုးလောက် ရှုမ်ပျက်ဆင်းပျက် မဖြစ်အောင်တော့ သတ်ပုံကို သတိထားသင့်တယ်ထင်ပါတယ်။

အဲ...ပြောယင်းနဲ့ စကားတွေက ဘယ်ရောက်ကုန်ပြီလဲ။ ဒီလိုလေ၊ ခုနက ကျွန်တော်ပြောသလိုပေါ့။ မုန့်ဟင်းခါးဆိုင်ရှိတယ်။ အဲဒီဆိုင်မှာ ကျွန်တော် ခဏခဏ စားတတ်တယ်။ ကျွန်တော်က



မုန့်ဟင်းခါးကြိုက်တယ် မဟုတ်လား။ သူ့ဆိုင်က တချို့ဆိုင်တွေလို ဟင်းရည်ကို မပျက်ပျစ်အောင် ပဲမှုန့်တွေ၊ ဆန်မှုန့်တွေ နှင်းကန်ထည့်ထားတာမျိုးမဟုတ်ဘူး။ ဟင်းရည်ကတော့ ခပ်ကျဲကျဲကလေးပါပဲ။ ဒါပေမယ့် ချိုတယ်။ ငါးပြာရည်ကိုလဲ ကောင်းကောင်း သုံးပုံရတယ်။ ငရုတ်သီးမှုန့်ကလဲ ရိုးရိုးအထောင်း မဟုတ်ဘူး။ ပြန်ကြော်ထားတဲ့ ငရုတ်သီးမှုန့်။ ပြီးတော့ ဘူးသီးကြော်ကလဲ ခပ်ရွရွကလေး။ တချို့ဆိုင်တွေလို မနေ့က မကုန်လို့ ပြန်ကြော်လာတဲ့ မဲတူး ပိန်ချော်ကျိုးမျိုး မဟုတ်ဘူး။

အဲဒီနေ့ကတော့ တွေ့ကိုတွေ့ချင်သို့ ထင်ပါရဲ့။ အိမ်ပြန်မယ်လို့ သုံးဆယ့်ရှစ်လမ်းထိပ်က နှစ်ကား မှတ်တိုင်ကိုတောင် ရောက်ပြီးနေပြီ။ လူကနည်းနည်းများနေတယ်။ မှတ်တိုင်မှာ။ ရုံးဆင်းချိန် ဖြစ်နေတာကိုး။ နည်းနည်းချောင်တဲ့ကားကျမှ တက်မယ်လို့ စောင့်နေယင်း မုန့်ဟင်းခါး စားချင်စိတ်က ရုတ်ဘရက် ဝင်လာတယ်။ ဆိုင်ကိုလှမ်းကြည့်တော့ ဖွင့်ခါပဲ ရှိသေးတယ်။ စားတဲ့လူတောင် သိပ်မရှိသေးဘူး။ အဲဒါနဲ့ သွားစားရော ဆိုပါတော့။

ကျွန်တော်က ညှပ်ခေါက်ဆွဲ စားနေကျ။ ညှပ်ခေါက်ဆွဲ ဘူးသီးကြော်နဲ့လို့ ပြောလိုက်တယ်။ ဆိုင်ရှင်လူကြီးက ညှပ်ခေါက်ဆွဲထည့်၊ ဘူးသီးကြော်ညှပ်ထည့်၊ ဟင်းရည်ဆမ်း၊ ငရုတ်သီးကြော်မှုန့်ကို ဇွန်းကလေးနဲ့ခပ်ပြီး ဟင်းရည်ထဲ မြုပ်အောင် ပန်းကန်ဖွန်းမှာ အသာတင်။ နံနံပင်ခတ်ရဲ့ လက်လှမ်း အနိုက်...

www.burmeseclassic.com

www.burmeseclassic.com



"နှိုနှိုပင် မထည့်နဲ့"လို့ ကျွန်တော်က လှမ်းပြောမလို့ပြင်နေတုန်း...ဟိုဘက်က သူ့အသံက အယင်ဦးအောင် ထွက်လာတာပဲ။ လက်စသတ်တော့ ချပြင်နေတဲ့ ညှပ်ခေါက်ဆွဲပန်းကန်က ကျွန်တော့် အတွက် မဟုတ်သေးပဲကိုး။ ကျွန်တော်လဲ သူ့ကို လှမ်းကြည့်ပြီး အံ့သြနေတုန်း။

"ရော့...ညီလေး"

ဆိုင်ရှင်လူကြီးရဲ့အသံကြားရလို့ ပြန်လှည့်ကြည့်လိုက်တော့ ချပြင်လိုက်တဲ့ ညှပ်ခေါက်ဆွဲ ပန်းကန်ကို ကျွန်တော့်ဆီ လှမ်းပေးနေတာ တွေ့လိုက်ရတယ်။ အဲ...တကယ်က ဒီ ပန်းကန် ကျွန်တော့် အတွက်ပဲ။ လှမ်းယူမလို့ လုပ်ပြီးတော့မှ ပန်းကန်ထဲကို ကြည့်မိတယ်။ ပြီးတော့....

"တင်...နှိုနှိုပင်တွေနဲ့"

ကျွန်တော် သူ့ကို လှည့်ကြည့်နေစုန်း နှိုနှိုပင် ထည့်လိုက်မိတာ ဖြစ်လိမ့်မယ်။

ကျွန်တော့်လိုပဲ။ သူကလဲ နှိုနှိုပင် မကြိုက်တတ်တဲ့ ကျွန်တော့်ကို တချက်လှမ်းကြည့်လိုက်တယ်။ ဖြတ်ကနဲ လက်သွားတယ်ထင်လို့ ကျွန်တော် လှည့်ကြည့်လိုက်မိလို့ သိရတာပါ။ သူကလဲ ကျွန်တော့်ကိုမြင်တော့ အံ့သြသွားသလိုပဲ။ ပြီးတော့ ချက်ချင်းပြန်လှည့်ပြီး မျက်နှာလွှဲသွားတယ်။

ဒါပေမယ့် ကျွန်တော့် စိတ်ထဲမှာတော့ သူ...ကျွန်တော့်ကို အကြာကြီးဆက်ပြီး စိုက်ကြည့်နေတယ်လို့ ထင်မိတယ်။

ယောင်ကြောင်ပြီး လှမ်းယူမိတယ်ထင်တယ်။ ကျွန်တော့် လက်ထဲမှာ ပန်းကန်ရောက်နေပြီ။ တတ်နိုင်ပါဘူးလေ။ နှိုနှို



ပင်တွေ ဂရုစိုက်ဖယ်ပစ်ပြီး စားမှုပဲလို့ ဇွန်းကိုကိုင်ပြီး ပန်းကန်ထဲကို ကြည့်လိုက်တော့....

အလို...ညှပ်ခေါက်ဆွဲ ပန်းကန်ထဲမှာလဲ မျက်နှာဆူသူအောက်က သူ့မျက်လုံးကလေး....

ဟာ...ဘယ်ကလာ ဟုတ်ရမှာလဲ။ ငှက်ပျောအူဟင်းနဲ့ ကြက်သွန်ဥကြီးပဲ။

* * *

စာရေးနေယင်းက မဆီမဆိုင် ဆရာဦးရဲ့စိုးကို မကျေမနပ် ဖြစ်မိတယ်။ ဒီလိုလေ။ ကျွန်တော်က ဖယောင်းစက္ကူပေါ်မှာ ရေးနေတာ။ ဟာ...တယ်ဆော်ပါလား။ ရည်းစားစာကို ဖယောင်းစက္ကူပေါ်မှာ ရေးသတဲ့။ ဖယောင်းစက္ကူဆိုတာ ဘယ်လိုဟာမျိုးပါလိမ့်လို့ တွေးယင် မှားပါလိမ့်မယ်။ ကျွန်တော် ရေးနေတာ ရည်းစားစာမှ မဟုတ်ပဲ။ ကျူရှင်မှာဝေဖို့ သင်ခန်းစာတွေ ရေးနေတာပါ။ ဖယောင်းစက္ကူဆိုတာ စာကူးစက်မှာ သုံးတာလေ။ အဲဒီပေါ်မှာရေးပြီး စာကူးစက်ထဲ ထည့်လှည့်လိုက်ယင် မိတ္တူတွေ အများကြီးရတာပေါ့။

အဲဒီတော့ ကျွန်တော့် အလုပ်ဟာ ကျူရှင်နဲ့ပတ်သက်နေတယ်ဆိုတာတော့ သိကြပြီ။ ဆရာမဟုတ်ပါဘူးဗျာ။ ကျောင်းစာရေးလို့ ခေါ်မှာပေါ့။ ကျောင်းသားလက်ခံတာ၊ စာရင်းလုပ်တာ၊ ကျောင်းလခကောက်တာ၊ စာရွက်စာတမ်းဝေတာ စတဲ့ အလုပ်တွေလုပ်ရတယ်။ ဆရာဦးခင်မောင်မြင့်ရဲ့ ရွှေသမ္မ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ။ လခ နှစ်ဆရာရတယ်။ ပြီးတော့ ကျောင်းမှာဝေဖို့ စာရွက်စာတမ်းတွေကိုလဲ ဖယောင်းစက္ကူပေါ်မှာ ပြန်ကူးပေးရတယ်။ အဲဒီအတွက် ရေးခ သပ်သပ်ရတယ်။ ဆရာကလဲ သူ့မိတ်ဆွေ တခြားဆရာတွေနဲ့ အဆက်အသွယ်လုပ်ပေးတယ်။ အင်္ဂလိပ်စာ ဦးသက်တင်၊ သင်္ချာဦးအောင်သောင်း၊ ရူပဗေဒ ဦးရဲစိုး၊ ဓာတုဗေဒ ဦးထွန်းခိုင်ဝင့်တို့ပေါ့။ သူတို့ကလဲ ဖယောင်းစက္ကူနဲ့ ရေးစရာရှိယင် ကျွန်တော့်ဆီ အပ်ကြတယ်။ အာပဲဖြစ်ဖြစ် ကျောင်းကရတဲ့လခရယ်၊ ဖယောင်းရေးတာရယ် တာလသုံးရာလောက်တော့ ရပါတယ်။ စာမေးပွဲနီးလို့ အထူးထုတ်စာအုပ်တွေ လှည့်ပြီဆိုယင် ကျွန်တော် နေ့မအား ညမအားပဲ။ မိုက်ဆံလဲပိုရတာပေါ့။

ခု ကျွန်တော်ရေးနေတာက ဦးရဲစိုးရဲ့ ရူပဗေဒ။ အလင်းအပိုင်း။ ရေးနေယင်းက တနေရာရောက်တော့ လက်က တန့်သွားတယ်။

မျက်စိတဲ့။

နေ့လယ်က မုန့်ဟင်းခါးဆိုင်မှာ တွေ့ခဲ့တဲ့ မျက်စိကလေးကို သွားသတိမရပဲ ဘယ်နေပါ့မလဲ။

ဖယောင်းစက္ကူရေးရာမှာ အသုံးပြုတဲ့ ကညစ်လို့ခေါ်တဲ့ အချောင်းကလေးကို စားပွဲပေါ်ပစ်ချလိုက်တယ်။ သွားပြီ။ အလုပ်ဆက်လုပ်လို့ ရမှာမဟုတ်တော့ဘူး။ ဦးရဲစိုးရဲ့ သင်ခန်းစာထဲမှာ မျက်စိအကြောင်းပါလာလို့ သူ့ကို ဖြတ်ကနဲ သတိရသွားပြီမဟုတ်လား။ ဒါကြောင့် အလုပ်ဆက်မလုပ်နိုင်တာ



မဟုတ်လား။ ဦးရဲစိုးကို မကျေမနပ်ဖြစ်မိတယ်ဆိုတာ အဲဒီအကြောင်းကြောင့်ပဲ။

တကယ်တော့ ဆရာဦးရဲစိုးကို ကျေးဇူးတောင်တင်ဖို့ သင့်ပါတယ်။ ဆရာ့ကြောင့်သာ သူနဲ့ပတ်သက်တဲ့ ဆွတ်ပျံ့ကြည်နူးဖွယ် အတွေးစကလေးရလိုက်တာ မဟုတ်လား။ ဆောရီးပဲဆရာ။ ကျေးဇူးတင်ပါတယ်။

ကိုင်း....နေ့လယ်ကမုန့်ဟင်းခါးဆိုင်အကြောင်းပြန်ကောက်ကြပါဦးစို့။

ကျွန်တော် ပထမဆုံးပြောချင်တာကတော့ နံနံပင်ကိစ္စပဲ။ လူတွေမှာ အကြိုက်ချင်းတူဖို့ဆိုတာ လွယ်ပါတယ်။ ယေဘုယျအားဖြင့် လူအများစုဟာ အကြိုက်ချင်းတူကြတယ် မဟုတ်လား။ ဥပမာ ဂျိမ်းစဘွန်းရုပ်ရှင်ကားတွေ ကြိုက်သလား မကြိုက်ဘူးလားလို့ မေးယင် လူအများစုက ကြိုက်တယ်လို့ဖြေကြမှာပဲ။ ကျွန်တော်လဲ ကြိုက်တာပဲ။ အဲဒီလိုပဲ မြန်မာလူမျိုးအများစုဟာ မုန့်ဟင်းခါးကြိုက်ကြတယ်။ ကျွန်တော်လဲ ကြိုက်တာပဲ။ ဒါပေမယ့် မုန့်ဟင်းခါးစားကြတဲ့အခါ နံနံပင်ထည့်တာ မကြိုက်ဘူးဆိုတဲ့လူကတော့ ရှားတယ်။

ဆိုလိုတာကတော့ လူတွေမှာ အကြိုက်ချင်းတူကြဖို့လွယ်ပေမယ့် မကြိုက်တာချင်းတူဖို့ကျတော့ ခက်တယ်။

သူနဲ့ကျွန်တော်နဲ့ကတော့ မုန့်ဟင်းခါးဆိုင် ထိုင်တဲ့ခါ ညပ်ခေါက်ဆွဲစားလေ့ရှိတာမှာတူပြီး နံနံပင်ထည့်မစားတတ်တာတူတယ်။

ထားပြီး ရှင်းပြဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနဲ့ကျွန်တော် ကြိုက်တာရော မကြိုက်တာရော တူတယ်။ အဲဒါကိုပြောချင်တာ။ ရှင်းမှရှင်းရဲ့လားမသိ။

နောက်တခုရှိသေးတယ်။ မုန့်ဟင်းခါးဆိုင်မှာ သူ့ကိုလှမ်းမြင်လိုက်ရတော့ ကျွန်တော် အံ့ဩတယ်ဆိုဘာဘာဖြစ်လို့လဲ ဆိုတော့....

သူနဲ့ကျွန်တော်ဟာ ရုပ်ချင်းခပ်ဆင်ဆင် တူနေလို့ပါပဲ။ တုတ်မှာပါ။ သူ့ကိုမြင်မြင်ချင်း အံ့ဩတုန်လှုပ်သွားတာရော၊ တခါထဲသာ ခဏတဖြုတ် မြင်ဖူးခဲ့ရတဲ့သူကို ခုလို အလုပ်ပျက်ရလောက်အောင် စိတ်စွဲနေမိတာရော၊ အဲဒါတွေဟာ ဘာအကြောင်းကြောင့်လဲ။ မိန်းကလေးတယောက်ကို တခါမြင်ဖူးရုံနဲ့ ခုလောက်ထိ ဖြစ်နေရတာ ဘာကြောင့်လဲ။

ကျွန်တော်ဟာ ရေအိုးစင်တွေတိုင်း ရေဝင်သောက်တတ်တဲ့ လူစားမျိုးမဟုတ်ပါ။ မိန်းကလေးချောချောလှလှ၊ ဘောင့်တောင့်တင်းတင်းမြင်တိုင်း ပြူးပြဲကြည့်တာမျိုးလဲ မလုပ်တတ်ပါ။ ဒီလိုပြောလိုက်လို့ မသိမသာ ခိုးချောင်းခိုးဝှက်တော့ ကြည့်တယ်ပေါ့လို့ မေးယင် နည်းနည်းတော့ မှန်ပါတယ်။ ယောကျ်ားလေးပဲဟာ ချောတာလှတာမြင်ယင် တချက်တော့ လှမ်းကြည့်မိတာပေါ့။ မျက်လုံးကို မှတ်နေအောင် ကားပြီး လိုက်ရှာကြည့်တာမျိုး မဟုတ်ပါဘူး။ မျက်စိရှေ့ကို ရောက်လာယင် ကြည့်လိုက်မိတာကို ဆိုလိုတာပါ။ တကယ်တော့ ကျွန်တော့်မျက်စိရှေ့မှာက ကောင်မလေးလှလှပပ ကလေးတွေဟာ အမြဲလိုလိုရှိနေတာပါပဲ။ ဘာကြောင့်ဆို ကျွန်တော်က ကျူရှင်မှာ အလုပ်လုပ်နေတာ မဟုတ်လား။



စာရှက်တွေလိုက်ဝေရတဲ့အခါဆိုယင် သူတို့အနားကိုမသွားချင်လို့ မနေရ။ ကျောင်းလခလက်ခံတဲ့အခါဆိုပိုတောင်ဆိုးသေးတယ်။ ကျွန်တော့်စားပွဲပတ်ပတ်လည်မှာ ကောင်မလေးတွေဆိုတာ ဝိုင်းဝိုင်းလည်နေတာပဲ။ သူတို့ရဲ့ ကိုယ်သင်းနံ့တွေဆိုလဲ မရှူချင်မှအဆုံး။ အကောင်းဆုံး ရေမွှေးနံ့ကနေ အညံ့ဆုံး ချိုင်းမွှေးနံ့ထိ၊ စိတ်လှုပ်ရှားတတ်မယ်ဆို လှုပ်ရှားချင်စရာ။ ဒါပေမယ့် သူတို့နဲ့ပတ်သက်လို့ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှ မနေခဲ့ဘူး။ ကျောင်းက ကျောင်းသူလေးတွေ အားလုံးကို ကျွန်တော့်တပည့်မကလေးတွေလို့ ပဲထင်တယ်။ ကျောင်းစာရေး တယောက်က ဒီလိုပြောလို့ ကြီးကျယ်တယ်လို့ မထင်ပါနဲ့လေ။

ကျွန်တော်က ဘွဲ့ရပြီးတာ တနှစ်ကျော်ကျော်လောက်ရှိပြီပဲ။ သူတို့က ခုမှ ကိုးတန်းဆယ်တန်း။ ပြီးတော့ အခြေအနေအရ သာ ကျောင်းစာရေး ဝင်လုပ်နေရတာ။ တက္ကသိုလ်မှာ အလုပ်ပြန်လျှောက်ဖြစ်ခဲ့လို့ ရခဲ့ယင် ခုချိန်မှာ နည်းပြဆရာကလေး ဖြစ်ခနိုင်တယ် မဟုတ်လား။ ထားပါသေး...ဒါကတော့။ ကျွန်တော့် ရည်ရွယ်ချက်က တက္ကသိုလ်ကျောင်းဆရာဖြစ်ဖို့ မဟုတ်ပါ။ ကျူရှင်ဆရာ လုပ်ဖို့ပဲ။ မှန်တယ်....။ ခုချိန်မှာ တက္ကသိုလ်ကျောင်းက သရုပ်ပြဆရာတယောက်ဟာ လခ သုံးရာ နှစ်ဆယ်။ ယာယီဆောင်းငွေပါပေါင်းမှ လေးရာပေါ့။ ကျူရှင် ဆရာတယောက်ဟာ အပြင်မှာ တကယ်အောင်မြင်ယင် တလ ဘာသောင်းဆိုလဲ ဟုတ်တယ်။ ကြိုးတော့ ကြိုးစားရမှာပေါ့။

အဲဒီတော့ဗျာ။ ခုနကျွန်တော်ပြောသလိုပေါ့။ မိန်းကလေး

www.burmeseclassic.com



တွေ ကြားထဲမှာ နေရပေမယ့် ဘယ်လိုမှ စိတ်မလှုပ်ရှားခဲ့တာ အမှန်ပါ။

ခုကျမှ....

* * *

ထူးတော့ ထူးဆန်းတယ်။ အနေနီးလို့ သံယောဇဉ်တွယ်တာမျိုးမဟုတ်တာတော့ သေချာတယ်။ ဒါကတော့ ရှင်းပါတယ်။ ခုမှ သူ့ကို တခါတည်း မြင်ဖူးသေးတာ မဟုတ်လား။ အာရုံငါးပါးထဲမှာ ရူပါရုံနဲ့ သဒ္ဒါရုံက လွဲယင် သူနဲ့ပတ်သက်တဲ့ ဘယ်အာရုံကိုမှ မခံစားရဖူးသေးပါ။

ဂန္ဓာရုံ ဆိုတာ အနံ့၊ သူ့ရဲ့ ကိုယ်သင်းနံ့ကို ကျွန်တော် မခံစားရဖူးသေးဘူး။ ရသာရုံ အဲဒါကတော့ သိမ်မဆိုင်ဘူး။ သူနဲ့ ပတ်သက်ပြီး ဘာကို အရသာခံရမှာလဲ။ သူ့ ဆံပင်ကလေးတွေက မုန့်ဟင်းခါးဖတ်ကလေးတွေဆိုလဲ စားကြည့်လို့ ရနိုင်သေး။ ဖောဋ္ဌဗ္ဗအာရုံ အဝေးဆုံးပါပဲ။ အတွေ့အထိ ဆိုတာ ခုချိန်မှာ ဘယ်လိုလုပ် စိတ်ကူးရဲတော့မှာတဲ့လဲ။ (အဲ.... ဒီနေ့ည အိပ်မက် မက်မယ့်ဟာက တရားမဝင်ဘူးနော်။)

သူနဲ့ ပတ်သက်ယင် နံ့နံ့ပင် မထည့်နဲ့ ဆိုတဲ့ အသံကို ကြားဖူးတယ်။ သဒ္ဒါရုံပေါ့။ ပြီးတော့ ရူပါရုံ။ သူ့မျက်နှာကလေးကို မိနစ်ပိုင်းလောက် မြင်ဖူးလိုက်ရတယ်။ အဲဒီ တဒင်္ဂဟာ တသက်လုံးအတွက် ဖြစ်သွားတာပဲ။ ဒါကြောင့် ခု ကိစ္စမှာ ရူပါရုံဟာ ပဓာနအကြောင်းရင်းဖြစ်ရပါမယ်။ သူနဲ့ ကျွန်တော်



ဟာ ရုပ်ချင်းဆင်နေလို့ သူ့ကိုမြင်မြင်ချင်း ထူးခြားတဲ့ ခံစားမှု ဖြစ်သွားရတာပေါ့။ အဲဒီ ခံစားမှုကို ဘယ်လိုခေါ်မယ်။ အာရုံငါးပါးထက် ပိုပြီး အဆင့်မြင့်တယ်။ အာရုံငါးပါးရဲ့ အပမှာ ရှိတဲ့ ဆဋ္ဌမအာရုံ။ သို့တည်းမဟုတ် အချစ်။

* *

အချစ်ကို ဘာနဲ့ ရွေးချယ်မလဲ။

စကားပုံ တခု ရှိတယ်။

'ယောကျ်ားတို့သည် အချစ်ကို မျက်စိဖြင့် ရွေးချယ်ပြီး မိန်းမတို့သည် အချစ်ကို နားဖြင့် ရွေးချယ်၏' တဲ့။

ကျွန်တော် သူ့ကို မျက်စိနဲ့ တပ်အပ်မြင်ခဲ့ပြီးပြီ။ သူကလဲ 'ဟင်....နံ့နံ့ပင်တွေနဲ့' ဆိုတဲ့ ကျွန်တော့် အသံကို ကြားကောင်းကြားခဲ့ပြီးပြီ။ ဒါဆို ပြီးရောပေါ့။ မဟုတ်သေးပါ။ စကားပုံရဲ့ အနက်က ယောကျ်ားတွေဟာ မိန်းမတွေရဲ့ အလှအပပေါ် မူတည်ရွေးချယ်ပြီးတော့ မိန်းမတွေကျတော့ ယောကျ်ားတွေရဲ့ ဂုဏ်သတင်းအပေါ်မှာ မူတည်ပြီး ရွေးချယ်တတ်တယ်လို့ ဆိုလိုတာပဲ။ တနည်းအားဖြင့် ယောကျ်ားတွေဟာ အချစ်ကို ကိုယ့်စိတ်ကြိုက် ကိုယ်ရွေးတယ်။ မိန်းမတွေက သူများတွေရဲ့ မှတ်ချက်အပေါ် ကြည့်ပြီး ရွေးတယ်။

အဲဒီ စကားပုံကို ကိုးကားတာလဲ မဟုတ်ဘူး။ [illegible]ကျွမ်းယူတာလဲ မဟုတ်ဘူး။ သူ့အလိုလို ဖြစ်သွားတာပေါ့။ လောလောဆယ်မှာတော့ ကျွန်တော် အချစ်ကို မျက်စိနဲ့ ရွေးမိ

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ မှန်သလား မှားသလား။ သင့်သလား၊ မသင့်ဘူးလား။

"အချစ်ကို ဘာနဲ့ ရွေးသင့်သလဲ"

အဲဒီ မေးခွန်းကို ကျွန်တော် ရုတ်တရက် မေးလိုက်တော့ ဟိုကောင်တွေ ကြောင်သွားတယ်။ ခဏကြာအောင် ဘာမှ မပြောနိုင်ပဲ ဖြစ်သွားတယ်။ သောင်းမော်က မျက်ခမှောင်ကုပ်သွားပြီး လေးလေးနက်နက် စဉ်းစားနေပုံရတယ်။ ချစ်အေးကသူ့မေးစေ့က မုတ်ဆိတ်မွေးကျိုးတိုးကျဲတဲကို ပွတ်လိုက်ပြီး....

"အချစ်ကို ဘာနဲ့ ရွေးမလဲဆိုတော့ လွယ်ပါတယ်ကွ၊ တောက်ချာပြုပြီး ရွေးလိုက်ပေါ့"

သောင်းမော်က ခွီးကနဲ ရယ်လိုက်တယ်။ ကျွန်တော်က....

"ပွတ်တဲ့မှပဲ၊ အကောင်းမေးတာကွ"

"အေးလေ၊ မင်းပဲ စဉ်းစားကြည့်ပါအုံး၊ အချစ်ဆိုတာ အပေါင်ဆိုင်ပို့ထားတဲ့ ပစ္စည်းမှ မဟုတ်တာ၊ ဘယ်လိုလုပ် ရွေးမလဲ"

"မင်း ဒီလောကမှ မသိဘူးလားကွ၊ မင်းဟာ အမြဲ ဟားဖို့ပဲ စိတ်ကူးနေတဲ့ကောင်၊ ဘယ်တော့မှ လေးလေးနက်နက် မတွေးဘူး၊ ဒါကြောင့် မင်းကို သန်းသန်းက စိတ်တိုင်းမကျတာ"

"ဟ၊ သိပ်လေးနက်လွန်းတော့လဲ အတွေးခေါင်တယ်ဆိုပြီး အပြောခံရပြန်ရောကွ"

လို့ ပြောပြီး သောင်းမော်ကို ပြုံးစေ့စေ့နဲ့ ကြည့်လိုက်တယ်။ ဟိုကောင်ကလဲ သူ့စောင်းပြောမှန်း သိတယ်၊ ဒါ



ကြောင့် သူ့ဘက်ကို မြားဦးတည့်တည့် လှည့်မလာခင် အမြန်လက်ကာပြုလိုက်ပြီး....

"နေကြပါအုံးလေ၊ ဒီလို ရှိပါတယ်၊ အေးမောင်တလဲဘာဖြစ်လို့ အဲဒီလို မေးတယ်ဆိုတာ ပြောပေါ့၊ ဒါမှ သေသေချာချာ စဉ်းစားလို့ ရမှာပေါ့"

"ဒီလိုလေကွာ၊ အချစ်ကို ရွေးချယ်တဲ့.... အဲ.... ရှင်းရှင်းပြောယင် ချစ်သူရွေးတဲ့အခါမှာ တချို့က မျက်စိနဲ့ရွေးတယ်၊ တချို့က နားနဲ့ ရွေးတယ်၊ အဲဒါမျိုးပေါ့၊ ဘာနဲ့ ရွေးသင့်သလဲ"

"နှာခေါင်းနဲ့"

ချစ်အေး ဝင်ဖောက်ပြန်ပြီ။ ဒီတခါ သောင်းမော်ကလဲ မကန့်ကွက်ပဲ 'ဆိုပါအုံးကွ' လို့ ဝင်ထောက်တယ်။

"ဟုတ်တယ်ကွ၊ တချို့မိန်းကလေးတွေ ရုပ်ကတော့ လှပါတယ်၊ ဒါပေမယ့် လက်ပတ်စော်နံတယ်ကွ၊ အဲဒါမျိုးကို ရှောင်လို့ရအောင် နှာခေါင်းနဲ့ ရွေးသင့်တယ်လို့ ပြောတာ"

"ဟင်....မင်းဟာကလဲ လိုက်ရှူကြည့်ရမလို ဖြစ်နေပြီ"

"ပေါ်တင်ကြီးတော့ ဘယ်ဟုတ်မလဲကွ၊ ဘတ်စ်ကားပေါ်မှာ ဖြစ်ဖြစ်ပေါ့၊ လက်မြှောက်ပြီး လက်တန်းကို ကိုင်ထားတုန်း မသိမသာ ရှူကြည့်ပေါ့"

"တော်စမ်းပါကွာ" လို့ ကျွန်တော်က ဝင်ယန့်လိုက်ရတယ်။ သောင်းမော်က ကျွန်တော့်ကို မသက်မသာလို လှမ်းကြည့်လိုက်တာ သတိထားမိတယ်။ ထင်တဲ့အတိုင်းပဲ။ သူမေးပြီ....။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့...နေစမ်းပါအုံး၊ မင်းက ဘာဖြစ်လို့ အဲဒါတွေ မေးနေရတာလဲ"

"အော်ကွာ၊ ငါ သိချင်လို့ပေါ့၊ ဘာမှမဖြစ်ပါဘူး"

ကျွန်တော်က ဘာမှ အရေးမကြီးတဲ့ဟန်မျိုး လုပ်လိုက်တယ်။ တမင်သိသာအောင် လုပ်ပြတာပါ။ ဒီကောင်တွေကို သက်သက်နှောက်ချင်လို့။ ဒါမှ သူတို့သိပ်သိချင်လာပြီး ကျွန်တော့်ကို အတင်းမေးမယ် မဟုတ်လား၊ ကျွန်တော့်စကား တန်ဖိုးရှိအောင် မြှင့်လိုက်တာလေ။ ဒါပေမယ့် သောင်းမော်က ဘာပြန်ပြောတယ် မှတ်သလဲ။

"အေးလေ...ဒါဆိုလဲ ပြီးရောပေါ့"တဲ့။

ကျွန်တော် အောင့်သက်သက်နဲ့ ခံလိုက်ရပြီ။ ချစ်အေးက ကျွန်တော့်အိပ်ရာပေါ်မှာ တင်ပျဉ်ခွေထိုင်နေရာက လှဲချလိုက်တယ်။ သောင်းမော်ကတော့ စားပွဲပေါ်က ရှမဝမဂ္ဂဇင်းကို ယူပြီး လျှောက်လှန်ကြည့်နေတယ်။ သူတို့အချိုးကို ကျွန်တော် ကလဲသိတယ်။ ကျွန်တော်တွက်လိုက်တာက ဘာမှမဖြစ်ပါ ဘူးကွာဆိုပြီး သိပ်မပြောချင်တဲ့ဟန်လုပ်လိုက်ယင် ဒီကောင်တွေ မကြားရမနေနိုင်ဖြစ်ပြီး ဟာ ဘယ်ဟုတ်မလဲ၊ မင်း ... တော့ ဖြစ်လာပါပြီ။ မှန်မှန်ပြောစမ်းဆိုပြီး ... လာလိမ့်မယ်။ အဲဒီတော့မှ မပြောချင်ပြောချင် ပြောရပုံမျိုး ပြောလိုက်မယ်ပေါ့၊ ဒါပေမယ့် ဒီကောင်တွေက ကျွန်တော့် အကြံကို ရိပ်မိသွားတယ်။ စိတ်မဝင်စားသလို လုပ်နေလိုက်တော့ ကျွန်တော်အီတာပေါ့။



တတ်နိုင်ပါဘူး။ ကျွန်တော်က ပြောချင်နေတဲ့လူဆိုတော့ "ဟေ့ကောင်တွေ"

သောင်းမော်က မဂ္ဂဇင်းကိုဖတ်နေရာက လှည့်မကြည့်ပဲ မေးဆတ်ရုံဆတ်ပြတယ်။ ချစ်အေးကလည်း တချက်လှမ်းကြည့်ပြီး မသိသလိုလုပ်နေတယ်။ ကျွန်တော် မနေနိုင်တော့ဘူး။

"မင်းတို့ နားထောင်ချင်ထောင်၊ မထောင်ချင်နေကွာ။ ငါတော့ပြောမှာပဲ၊ ငါဟိုတနေ့က ကောင်မလေးတယောက်ကို တွေ့တယ်ကွ...."

ကျွန်တော်က စကား ခဏဖြတ်ပြီး သူ့တို့ကို အကဲခတ်ကြည့်လိုက်တယ်။ နှစ်ကောင်စလုံး စောစောက အချိုးအတိုင်းပဲ။

"တွေ့တာက မုန့်ဟင်းခါးဆိုင်မှာကွ၊ မင်းတို့ သိတယ် မဟုတ်လား၊ ကုန်တိုက်နားမှာလေ၊ စားဖူးယင် သိမယ်ဆိုတဲ့ ဆိုင်"

ဘာမှ ပြန်မပြောကြဘူး။ မလှုပ်မရှက် နေမြဲပဲ။ ဒီကောင်တွေကို နည်းနည်းပြန်ကြောမှ ဖြစ်တော့မယ်။

"အဲဒါကွာ၊ ငါက မုန့်ဟင်းခါးစားမယ်ဆိုပြီး နံပါတ်နှစ်ကားမှတ်တိုင်ရောက်ပြီးမှ ပြန်ပြောညီတာ၊ အဲဒီအချိန်မှာ မုန့်ဆိုင်တန်းထဲက မော်တော်ဆိုင်ကယ်တစီး၊ နောက်ဆုံးမှ ဝင်တဲ့ အသစ်ကွ၊ မောင်းတဲ့ ကောင်ကလဲ ခေါင်းစွပ်တွေ၊ လက်အိတ်တွေနဲ့ ဝေါကနဲ မောင်းထွက်လာတာ အရှိန်က တော်တော် မြန်တယ်၊ အမှန်ဆိုယင် ဒီဘက်က ကစ်ကွေ့ရှမှ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒါပေမယ့် အရှိန်မသတ်နိုင်တော့ပဲ လမ်းအလယ်ဘက်ကို ထိုးထွက်သွားတာ...''

ပြောရင်းက မျက်လုံး ကစားကြည့်တော့ ဒီကောင်တွေ စိတ်ဝင်စားနေကြောင်း သိရပြီ။ ဆက်ပြောတယ်။

"အဲဒီမှာ...ဗိုလ်ချုပ်လမ်းအတိုင်း မောင်းလာတဲ့ နံပါတ်နှစ်ကားကလဲ မှတ်တိုင်မှာရပ်ဖို့ ဖြတ်အဝင် ဘာပြော ကောင်းမလဲ"

"တိုက်မိရောလား"

ချစ်အေးက မနေနိုင်တော့ပဲ ဝင်မေးတယ်။ ဒီတော့မှ ကျွန်တော်က အောင်မြင်စွာ ပြုံးလိုက်ပြီး...

"မတိုက်မိပါဘူး၊ သူ့လမ်း သူသွားကြတာပါပဲ"

သောင်းမော်က ခုမှ ပြုံးပြီး ခေါင်းတညိတ်ညိတ်လုပ်လိုက်တယ်။ ရှမဝစာအုပ်ကို ပိတ်လိုက်ပြီး...

"ကဲ...မင်းတွေ့ခဲ့တယ်ဆိုတဲ့ဟာ ပြောကွာ၊ ငါတို့ နားထောင်မယ်၊ အပိုတွေ လျှောက်လုပ်မနေနဲ့"

"ဒီလိုကွာ..."

ကျွန်တော်က မုန့်ဟင်းခါးဆိုင်မှာ သူနဲ့ တွေ့တဲ့အကြောင်း ပြောပြလိုက်တယ်။

"အဲဒီတော့...ငါဟာ သူ့ကို မြင်မြင်ချင်း စိတ်ဝင်စားသွားမိတယ်၊ မျက်စိနဲ့ရွေးမိတယ်ဆိုပါတော့ အဲဒါ ငါမှန်သလား မှားသလား"

"အဲဒါတော့ ဘယ်လိုလုပ်ပြောမလဲကွ"

ချစ်အေးက ဝင်ပြောတယ်။ သောင်းမော်က...



"မင်းက တခါမြင်ဖူးရုံနဲ့ ကြိုက်မိတယ်ဆိုတာတော့ သိပ်မဟုတ်သေးဘူးကွ၊ သူ့အကြောင်းကို မင်း အကုန်သိနိုင်ပါ့မလား၊ အဲဒီ ကောင်မလေးက လှတယ် ဆိုတာတော့ မင်းပြောလို့ သိရပြီ"

ကျွန်တော်က ဖြတ်ပြီး...

"နေအုံး...နေအုံး၊ ငါပြောဖို့ တခုကျန်သေးတယ်၊ အဲဒီကောင်မလေးက ငါနဲ့ မျက်နှာချင်းတော်တော်ဆင်တယ်ကွ"

"ဟင်း...ဒါနဲ့များ ကောင်မလေးက လှတယ်လို့ ပြောရသေးတယ်"လို့ ချစ်အေးက ဝင်နှောက်တယ်။ သောင်းမော်က လက်ကာ ပြလိုက်ပြီးတော့...

"ငါပြောတဲ့ သဘောက တခါထဲသာ မြင်ဖူးတဲ့ မိန်းကလေးတယောက်အပေါ်မှာ စွဲလန်းမိတယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး၊ သူ့စိတ်ထား ကောင်းလား မကောင်းဘူးလားဆိုတာ မင်း သိနိုင်ပါ့မလား၊ သူဟာ...အေးကွာ၊ အဆိုးစွန်ပြောရယင် သူဟာ အပျိုဟုတ် မဟုတ် ဆိုတာကော မင်း မသိနိုင်သေးပါဘူး၊ လင်ရှိမယားဖြစ်နေယင် ဘယ်လို လုပ်မလဲ"

"မရှိပါဘူးကွာ၊ မဖြစ်နိုင်ဘူး၊ သူ့ပုံစံက အပျိုပဲဖြစ်ရမယ်"

သောင်းမော်က ခေါင်းခါသလို ခေါင်းညိတ်သလို လုပ်နေတယ်။

"နောက်ပြီး ငါတခု ပြောအုံးမယ်၊ မင်းက အဲဒီကောင်မလေးရဲ့ နာမည်လဲ မသိ၊ ဘယ်မှာ နေမှန်းလဲ မသိပဲနဲ့ သူ့ကို မင်း နောက်တကြိမ် ပြန်တွေ့ရဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်မယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ထားတော့ အဲဒီအခါမှာ…."

ချစ်အေးက သောင်းမော်ရဲ့ စကားကို ဖြတ်ပြီး ရီလိုက်တယ်၊ ပြီးတော့….

"မင်းနှယ်ကွာ၊ ဒီကိစ္စကိုများ ရေးကြီးခွင်ကျယ် လုပ်ပြီး ပြောနေလိုက်တာ ခုဟာက ရှင်းရှင်းလေးပဲ၊ ဒီကောင် အေးမောင်က ကောင်မလေးကို မြင်မြင်ချင်း ကြိုက်သွားတယ်၊ နောက်တခါ ပြန်တွေ့ချင် တွေ့မယ်၊မတွေ့ချင် မတွေ့ဘူး၊ တွေ့ယင် ဒီကောင်မလေးအကြောင်း စုံစမ်း၊ ကောင်းတယ်ဆို ဆက်လုပ်၊ မနိုပ်ဘူးဆို နောက်ဆုတ် ဒါပဲ၊ မင်းပြောသလို ဘာမှ မဖြစ်ခင်ကတည်းက ဟိုး….ညားပြီးတဲ့အထိ လျှောက်စဉ်းစားတွက်ချက်နေဖို့ မလိုပါဘူးကွာ"

"ဟ….လိုတာပေါ့ကွ၊ မင်း တချို့ဆိုယင် သုံးနှစ် သုံးမိုး တယောက်နဲ့ တယောက် အကဲခတ်ကြပြီးမှ ယူကြတာပဲ၊ ဒါတောင် စိတ်သဘောထားချင်း မတိုက်ဆိုင်မှုရှိသေးတယ်။ ဒါကြောင့် လူကြီးတွေကပြောတာ အိမ်ထောင်ရေးဆိုတာ ထီထိုးသလိုပဲတဲ့"

"ထီထိုးသလိုမဟုတ်ဘူးကွ၊ ထီထိုးတယ်ဆိုတာက ပေါက်ယင် အမြတ်က အများကြီး၊ ရှုံးယင် နှစ်ကျပ်သဲကွ တယ်တော့ အိမ်ထောင်ရေးဆိုတာ လောင်းကစားဘာလိုပဲ ပုံအော ပြီး လောင်းရတာမျိုး၊ ရှုံးယင်လဲ ကွဲ၊ နိုင်ယင်လဲ တဘော ကြီးပဲ၊ သရေးဖြစ် ခွေးဖြစ်ပေါ့ကွ"

"မဟုတ်သေးဘူးလေ"



ကျွန်တော်က နေကြပါအုံးကွာဆိုပြီး အတင်းဝင်တားလိုက်ရတယ်။ နို့မို့ ဒီကောင်တွေ ငြင်းလို့ ဆုံးမှာ မဟုတ်တော့ဘူး။

"မင်းတို့ကလဲကွာ၊ တွေ့လိုက်ယင် ငြင်းဖို့ ခုန်ဖို့ပဲ စဉ်းစားနေတာပဲ၊ ငါ စ မေးတဲ့ဟာကို မေ့သွားပြီ မဟုတ်လား"

ဘာကိုလဲလို့ သူတို့ မေးတယ်။

"ဘာလဲဆိုတော့ အချစ်ကို ဘာနဲ့ ရွေးမလဲဆိုတာ"

ဒီတခါတော့ ချစ်အေးက ဘာမှ ဝင်မပြောတော့ဘူး။ သောင်းမော်ကပဲ ပြောတယ်။

"ဒီလိုကွ….။ အချစ်ကို ရွေးနိုင်တာ နှစ်နည်းရှိတယ်။ ဦးနှောက်နဲ့ နှလုံးသား၊ ဒါကလဲ အသက်အရွယ်ကို လိုက်လို့လဲ ပါချင်ပါမှာပေါ့။ တချို့က ဦးနှောက်နဲ့ရွေးတယ်။ တချို့က နှလုံးသားနဲ့ရွေးတယ်။ တချို့ကတော့ နှစ်ခုစလုံးနဲ့ မျှပြီး ရွေးတယ်"

ချစ်အေးက….

"ငါ့စိတ်ထင်တော့ ဦးနှောက်က ဘယ်လိုပဲ ဆင်ခြင်စဉ်းစား နေနေ၊ ဘယ်လို မှတ်ချက်တွေပဲပေးပေး၊ တကယ့်တကယ် ဆုံးဖြတ်ပိုင်ခွင့် ဗီတိုအာဏာပေါ့ကွာ၊အဲဒီ တချက်လွှတ်အာဏာ က တော့ နှလုံးသားမှာပဲ ရှိတယ်"

ကြည့်ပမ်း….။ ကျွန်တော် မေ့နေတယ်။ ဒီကောင်တွေ အစဖော်ပေးမှ သတိရတော့တယ်။ ဒါတွေကို ကျွန်တော် သိပါတယ်။ ဒါပေမယ့် စိတ်လောကြီးနေလို့၊ တနည်းအားဖြင့် သူ့ကို စွဲလန်းတဲ့စိတ်က လွှမ်းမိုးနေလို့ သတိမမူမိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကျွန်တော် သိပြီ။ အချစ်ကို ဘာနဲ့ရှေးရမလဲဆိုတာ။
"ငါသိပြီ...ငါသိပြီ"

လို့ ကျွန်တော် ထအော်လိုက်တယ်။ ဒီကောင်တွေက ဘာပေါက်တာလဲဆိုတဲ့ အကြည့်မျိုးနဲ့ ဝိုင်းကြည့်နေကြတုန်း.... ကျွန်တော် ပြောလိုက်ပါတယ်။

"သူ့ကို မြင်မြင်ချင်း ငါ့ရင်တွေ သိပ်ခုန်နေခဲ့တယ်ကွာ"

* * *



လူတွေက ကျွန်တော့်ကို ရူးနေပြီလို့ ပြောကြမှာပဲ။ ဘာကြောင့်ဆို ကျွန်တော်က မုန့်ဟင်းခါးဆိုင်တွေတိုင်း ပြူးတူးဖြဲတဲ့နဲ့ ကြည့်မိတတ်တာကိုး။ ပြီးတော့လဲ ရန်ကုန်မြို့မှာရှိတဲ့ နာမည်ကြီးတဲ့ မုန့်ဟင်းခါးဆိုင် တော်တော်များများ ကျွန်တော် သိသလောက်ပေါ့။ လျှောက်ကြည့်ပြီးပြီ။ ကြုံယင် ကြုံသလို ကြည့်မိတာပါ။

မေ့ စပါယ်ရှယ် မုန့်ဟင်းခါး၊ ဘားလမ်းထိပ်မှာ ညနေပိုင်း ထွက်တတ်တဲ့ဆိုင်။ သုံးဆယ့်ခြောက်လမ်းထိပ်၊ လမ်းသုံးဆယ် မုန့်ဟင်းခါးဆိုင်၊ ဂွတ္တလစ်ကဆိုင်၊ ဒေါ်အေးကြည်

www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးဆိုင်၊ တက္ကသိုလ်ထဲက ကိုဖိုးချိုဆိုင်၊ သမိုင်းလမ်းဆုံက တင်တင်အေးဆိုင်၊ ကျိုက္ကလားကဆိုင်။

အယ်ဆိုင်မှာမှ မတွေ့ဘူး။ သူနဲ့တူတာဆိုလို့ ကျွန်တော့်ကိုယ် ကျွန်တော်ပဲ တွေ့တယ်။ ဟုတ်တယ်လေ။ သူ့မျက်နှာက ကျွန်တော့်မျက်နှာနဲ့ ခပ်ဆင်ဆင် တူတယ်လို့ ပြောခဲ့ပါပြီတော....။

အဲဒီလို မုန့်ဟင်းခါးဆိုင်တွေ ကြည့်မိတာ ကျွန်တော် ရူးသလား။ အင်း....နည်းနည်းကြောင်တယ်ဆိုတာတော့ မှန်ပါတယ်။ ဒါမျိုးကတော့ လူတိုင်းလိုလို တခါမဟုတ် တခါတော့ ဖြစ်ဖူးကြမှာပါပဲ။ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေတောင် အဲဒါမျိုး ဖြစ်တတ်ကြတာပဲ မဟုတ်လား။

ကြားဖူးတာတခု ပြောပြမယ်။ ကမ္ဘာကျော်ပန်းချီဆရာကြီး ဗင်ဂိုးဆိုတာရှိတယ်။ သူက သူ့သူငယ်ချင်း ပေါလ်ဂေါဂင်နဲ့ တူတူသွားနေတယ်၊ သူတို့နေတဲ့နေရာနဲ့ တော်တော်ဝေးတဲ့ နေရာမှာ ကောင်မလေးတယောက်လဲ ရှိတယ်။ တနေ့တော့ ဗင်ဂိုးဟာ လမ်းလျှောက်ထွက်ယင်း အဲဒီကောင်မလေး အိမ်ရှေ့ကို ရောက်သွားတယ်။ ဒီအချိန်မှာ ကောင်မလေးကလဲ ပြတင်းပေါက်က ထွက်ကြည့်နေတဲ့အချိန်။ ဗင်ဂိုးဟာ ကောင်မလေးကိုလဲမြင်ရော တခါထဲ စွဲလန်းသွားသတဲ့။ အဲ....နောက်တနေ့ကစပြီး ဗင်ဂိုးဟာ အဲဒီ အိမ်ရှေ့ကို နေ့တိုင်းလာတော့တယ်။ ကောင်မလေး ရှိရှိ....မရှိရှိ ပြတင်းပေါက် နေရာကို အကြာကြီး ငေးစိုက်ကြည့်ပြီးမှ ပြန်သတဲ့။ ဒီလို တနေ့မပြတ် ရက်ပေါင်းများစွာ လာနေယင်းက တနေ့တော့ ကောင်မလေး



ပြတင်းပေါက်မှာ လာရပ်တဲ့အချိန်နဲ့သွားဆုံရော။ ကောင်မလေးက "ဗင်ဂိုးရယ် ရှင့်နားရွက်ကလေးတွေက သိပ်လှတာပဲ" လို့လဲ ပြောလိုက်ရော ဗင်ဂိုးက "ဒါဆိုလဲ ယူချင်ယူထားလိုက်လေ.... အင့်...." ဆိုပြီး သူ့နားရွက်ကို ဓားနဲ့ဖြတ်ပြီး ပေးလိုက်သတဲ့။

ဒါ....ပုံပြင် ဒဏ္ဍာရီ မဟုတ်ဘူး။ တကယ့် အဖြစ်အပျက်။ ဒီတော့ ကျွန်တော် မလွန်ပါဘူးနော်။ တခုတော့ရှိတယ်။ တကယ်လို့များ ကျွန်တော် သူ့ကို တနေရာရာမှာ ဘွားကနဲ တွေ့လိုက်ရတဲ့အခါ သူက....ဗင်ဂိုးကို ဟိုကောင်မလေးက ပြောသလို 'ကိုအေးမောင်ရယ်....ရှင့် ခေါင်းကလေးကလှလိုက်တာ' လို့ဆိုယင် ပြဿနာပဲ။ သို့ပေမယ့် သူ....အဲဒီလို ပြောလိမ့်မယ်လို့ မထင်ဘူး။

"ကိုအေးမောင်ရယ်....ရှင့်နှလုံးသားက သိပ်လှတာပဲ" လို့ ပြောလိမ့်မယ်လို့ပဲ ထင်တယ်။

ရင်ကို ခွဲပေးဖို့ အသင့်ပါဗျာ။

* * *

တကယ် စဉ်းစားကြည့်တော့လဲ ကျွန်တော်ဟာ ထင်ကြေးနဲ့ ရမ်းတုတ်ဓိနေတဲ့သဘော ဖြစ်မနေပေဘူးလား။

သူ့ကို မုန့်ဟင်းခါးဆိုင် တဆိုင်မှာတွေ့တယ်။ ညှပ်ခေါက်ဆွဲစားနေတာတွေ့တယ်။ အဲဒီအချက်တချက်ထဲကိုကြည့်ပြီး သူ့ကို မုန့်ဟင်းခါး ဆိုင်တဆိုင်မှာ တွေ့ရမယ်လို့ ကောက်ချက်ချဖို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဖြစ်နိုင်ပါမလား။ အဲဒီနေ့က သူဟာ ကြုံလို့သာ ဝင်စားတာ ဖြစ်ချင်ဖြစ်မယ်။ နေ့စဉ်နေ့တိုင်း မုန့်ဟင်းခါးစားတဲ့ လူမျိုး ဘယ်ဆိုင်ကောင်းလဲလို့ စုံစမ်းပြီး တကူးတကန့် လိုက်ရှာစားတဲ့လူမျိုး ဖြစ်ချင်မှဖြစ်မယ်။

မျှော်လင့်ချက်ကို လက်လျှော့လိုက်ရကောင်းမလား။ ခက်တာက ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါ။ တနေ့နေ့ တချိန်ချိန် တနေရာရာမှာ ပြန်ဆုံဆည်းကြမှာပဲကွယ်လို့ ပြောတဲ့ လူကလဲ ရှိတယ်။ တချို့ကလဲ ရန်ကုန်မြို့မှာနေတဲ့ လူနှစ်ယောက်အဖို့ မင်္ဂလာတောင်ညွန့် အမိုက်ပုံကြီးထဲက ဟိုဘက် အစွန်းဒီဘက်အစွန်းမှာ ရောက်နေတဲ့ ပိုးကောင်လေး နှစ်ကောင်လို ဆုံတွေ့ဖို့ ခဲယဉ်းတယ်တဲ့။ ဘယ်ဟာက မှန်သလဲ မသိ။

ဘယ်လိုပဲဖြစ်ဖြစ်....ဝီရိယဆိုတာကော့ ပိုတယ်မရှိပါ။ ဒီနေ့လဲ နံပါတ်နှစ်ကားပေါ်က ဆင်းပြီး ကျောင်းဆက်မသွားသေးပဲ ဗိုလ်ချုပ်လမ်းဘက်ကို တက်လာခဲ့တယ်။ ပြီးတော့ ချုပ်ရှင်ရုံတွေ ရှေ့ကိုဖြတ်လျှောက်၊ ဘုတာကြီးစကြံရှည်ကြီးရဲ့အဆင်းဘက် အပေါက်နားကို သွား၊ မယောင်မလည် ကြည့်။ဟား ဟား၊ ကျွန်တော် ကြောင်တာ ပြောပါတယ်။ ဟို မုန့်ဟင်းခါးဆိုင်က ညနေကျမှ ဖွင့်တာပဲ။ ဒီအချိန် ဘယ်ဖွင့်အုံးမလဲ။

ကျွန်တော်လဲ ကိုယ့်ဘာသာကိုယ် တယောက်တည်း ရှက်သွားပြီး ပန်းဆိုးတန်းအတိုင်း ပြန်ဖြတ်ဆင်း၊ အနော်ရထာကျတော့ ညာဘက်ကွေ့ပြီး ဘားလမ်းအတိုင်း အောက်ဘက်ကို ဆင်းခဲ့တယ်။ ကျွန်တော် အလုပ် လုပ်နေတဲ့ ရွှေသပြေကျောင်းက ဘားလမ်းထဲမှာလေ။ ဘားလမ်းဆိုတာက ခု...



မဟာဗန္ဓုလပန်းခြံလမ်းလို့ နာမည်ပြောင်းထားတဲ့လမ်းပေါ့။ သီရိဂေဟာ ပရိဘောဂတိုက်ရဲ့ ဘေး၊ဆရာယုန်ဝေးကျောင်းနဲ့ မျက်နှာချင်းဆိုင်က တိုက်ပထမထပ်မှာ ကျွန်တော်တို့ ကျောင်းဖွင့်ထားတယ်။ မြန်မာစာသီးသန့်ကျောင်း။

ကျွန်တော်လဲ လမ်းထဲဝင်လာပြီး ထုံးစံအတိုင်း ကိုထွန်းရဲ့ လက်ဖက်ရည်ဆိုင်မှာ ရေနွေးကြမ်း တခွက် ဝင်သောက်ပြီးမှ ကျောင်းဘက် ထွက်လာခဲ့တယ်။ လမ်းလျှောက်လာယင်းက တခု သွားသတိရမိတယ်။ ကျွန်တော်တို့ကျောင်း အောက်ထပ် လှေကားရင်းမှာလဲ မုန့်ဟင်းခါးဆိုင် တဆိုင်ရှိသေးတယ်။ ကျွန်တော် ကြည့်စရာဆိုင် တဆိုင်တိုးပြီပေါ့။ ကိုယ်နဲ့ နီးနီးနားနားဆိုင်ကို မေ့နေမိတဲ့အတွက် စိတ်ထဲကပြုံးမိသေးတယ်။ အဲဒီလိုတွေးယင်းက တိုက်ရှေ့ ရောက်လာလို့ တံခါးပေါက်ကနေ ချိုးလဲ ဝင်လိုက်ရော....

ကျွန်တော့် ခြေလှမ်း တုံ့ကနဲ ဖြစ်သွားတယ်။

ယောင်ပြီး အသံထွက်သွားတော့မလို့။

တကိုယ်လုံးလဲ ဖျင်းကနဲ ဖြစ်သွားတာပဲ။

လှေကားထစ် ပေါ်မှာ ခွေးခြေကလေးနဲ့ ထိုင်ပြီး ညှပ်ခေါက်ဆွဲ စားနေတာ သူပါပဲ။ သူ ဘာစားနေတယ်ဆိုတာ သေသေချာချာ မြင်လို့တော့ မဟုတ်။ ပထမအကြိမ် တွေ့ဖူးတုန်းက ညှပ်ခေါက်ဆွဲစားတာ သိခဲ့လို့ ညှပ်ခေါက်ဆွဲလို့ ပြောတာ။ သူကလဲ လူရိပ်မြင်လို့ ထင်တယ်။ မျက်လုံးတချက် လှန်ကြည့်ပြီး ပြန်ငုံ့စားနေတယ်။ သူကတော့ ဘယ်သူပါလိမ့်ဆိုပြီး အမှတ်တမဲ့ သဘောဖြစ်လိမ့်မယ်။ ကျွန်တော့်အဖို့တော့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်နဲ့ကိုယ် ဖြစ်နေတာ မဟုတ်လား။ သူက ဖြတ်ကနဲ ကြည့်လိုက်တဲ့အခါမှာ ကျောထဲကတောင် စိမ့်ကနဲ ဖြစ်သွားရတယ်။

စက္ကန့်ပိုင်း လောက် မှင်သက် မိနေပြီးမှ ဣန္ဒြေ မပျက်ခင် လှေကားပေါ် တက်ခဲ့ရတယ်။ သူ့ဘေးက ဖြတ်အသွားမှာ ကိုယ်ကို ယို့လိုက်မိသေးတယ်။ လှေကားကိုတဆစ်ချိုး ကွေ့လိုက်ပြီးမှ အပေါ်ကို ဆက်မတက်ပဲ လှေကားထစ်ပေါ်မှာ ရပ်နေမိပြန်တယ်။ ကျွန်တော့် စိတ်တွေက ချီတုံချတုံ။ တခုခုကို နှမြောသလိုလို၊ ရင်တွေ ခုန်နေသလိုလို၊ စိတ်ခေတ်တက်ကြွနေသလိုလို၊ ဘာဖြစ်မှန်း မသိဘူး။ အောက်ကို ပြန်ဆင်းလိုက်ချင်စိတ် ပေါက်လာတယ်။

ဟုတ်တယ်လေ။ ဒီလို အခွင့်အရေးမျိုးက နောက်တကြိမ် ပြန်ကြုံဖို့ မလွယ်။ သူ့ကို တခါ တွေ့ခဲ့ဖူးပြီးတော့ ဘယ်လိုက်ရှာရမှန်း မသိ ဖြစ်ခဲ့ရတယ်။ ခုလို တိုက်တိုက်ဆိုင်ဆိုင် ရှားရှားပါးပါး ပြန်ကြုံရတာ ဖြစ်တော့ ဖြစ်ခဲ့ပြီ။ ခုတကြိမ် ပြန်ပြီး ပျောက်သွားယင် နောက်ထပ် တွေ့ဖို့ ဖြစ်နိုင်မယ် မထင်တော့။ ကျွန်တော် လုပ်သင့်တာက သူ ပြန်တဲ့ နောက်ကနေ မယောင်မလည် လိုက်သွား၊ သူ ဘယ်သွားသလဲ ကြည့်။ ရုံးဆိုလဲ ဘယ်ရုံးလဲ။ အိမ် ဆိုလဲ ဘယ်နားလဲ။ ကျောင်း ဆိုလဲ ဘယ်ကျောင်းလဲ။

ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ အောက်ကို ပြန်ဆင်းမယ်။ အပေါ် တက်မိယင် ဆရာက တခုခု ဖမ်းခိုင်းထားမှ ဆင်းရ ခက်နေလိမ့်မယ်။ ဒါကြောင့် ကျွန်တော် ပြန်လှည့်ပြီး ဆင်း



လိုက်တယ်။ သုံးလေးထစ်လဲ ဆင်းပြီးရော လှေကားကွေ့က လူရိပ်တခု ပေါ်လာတယ်။

လွဲပြန်ပြီ။ ဖြစ်ပုံက ကျွန်တော် အောက်ကို ပြန်ဆင်းတဲ့အချိန်မှာပဲ သူက အပေါ်ကို တက်လာတာကိုး။ ဘယ်တတ်နိုင်မလဲ။ ဟန်မပျက် ဆက်ပြီး ဆင်းရတော့တာပဲ။ လှေကားအကွေ့မှာ အပေါ်ကို မသိမသာ မော့ကြည့်လိုက်သေးတယ်။ သူကတော့ ဘာမှ မသိ။ ဆက်တက်သွားတာပဲ၊ ကျွန်တော်လဲ ကြောင်တောင်တောင်နဲ့ ဆင်းခဲ့ရတယ်။

အောက်ရောက်မှ ကျွန်တော့်ကိုယ် ကျွန်တော် မကျေမနပ် ဖြစ်မိတယ်။ ကျွန်တော့် ကိုယ်က လောကြီးလွန်းပါတယ်။ အဲ့ဒါမျိုး ခဏခဏ ဖြစ်တယ်။ တခုခုကို ဆုံးဖြတ်လွယ်ပြီး လုပ်လိုက်ပြီးမှ ဟိုလိုလုပ်လိုက်ရ ကောင်းသားလို့ ပြန်စဉ်းစားမိတတ်တယ်။ ခုလဲ ကျွန်တော် ဖြစ်ပြန်ပြီ။ တကယ်ဆိုယင် သူ ဘယ်အခန်းကို သွားတာလဲလို့ လှမ်းကြည့်နေပြီးမှ အောက်ဆင်းသင့်တယ်။

မတတ်နိုင်ဘူး။ အောက်မှာပဲ မယောင်မလည်စောင့်ရတော့မှာပဲ။ ဆင်းလာယင်းနဲ့ တွက်နေမိတယ်။ သူ ဘယ်ကိုလာတာလဲ။ အပေါ်ဆုံးထပ်က ဦးကြင်မောင်တို့ဆီ လာတာလား။ ဟိုဘက်က ရှေ့နေမျိုး ရုံးခန်းကို လာတာလား။ ဗိုလ်မှူး ခင်မောင်ရဲလတ်ဆီ လာတာလား။ ဒါမှမဟုတ် ကျွန်တော်တို့ ကျောင်းကို လာတာလား။ တခုရှိတာက သူဟာ ကျွန်တော်တို့ ကျောင်းက ကျောင်းသူလေးတွေလောက်တော့ မငယ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျောင်းသူပုံလဲမဟုတ်။ မပြောနိုင်ဘူးလေ၊ တချို့လေးငါးခြောက်နှစ် ဆက်ကျတဲ့ လူတွေ ရှိချင် ရှိတာပဲ။

အောက်ကိုလဲရောက်ရော မုန့်ဟင်းခါးသည် အမေကြီးက....

"အတော်ပဲသားရေ၊ စောစောက ဆရာမြင့်မှာထားတဲ့ မုန့်ဟင်းခါး၊ အမေလဲစားမယ့်လူတွေ ပြင်ပေးနေတာနဲ့ သားပဲ သွားပို့လိုက်ပါနော်...."

ကျွန်တော်စိတ်ညစ်သွားတယ်။ ဒီနေ့အဖို့တော့မလွယ်။ အလွဲလွဲအချော်ချော်ချည်းပဲ။ မပို့နိုင်ဘူးလို့ပြောလို့လဲမဖြစ်။ ဒါကြောင့် မုန့်ဟင်းခါးပန်းကန်ကိုယူပြီးပြန်တက်ခဲ့တယ်။ စိတ်ထဲကလဲ သူနဲ့ဟာ စကထဲက လွဲနေယင် နောက်ကိုလဲ ထပ်လွဲရအုံးမှာလားလို့ အတွေးခေါင်မိတယ်။ နမိတ်ဆိုတာကို ယုံလို့တော့မဟုတ်။ ကြုံဖူးသလားမသိပါ။ တခါတလေ အဆင်မပြေယင် ဆက်တိုက်ဖြစ်တတ်တာကို။

သို့ပေမယ့်....

ကံတရားဆိုတာ ကမ္ဘာပေါ်မှာ အတော်ဆုံး လျို့ဝှက်သဲဖို ဆရာကြီးမဟုတ်လား။ အလှည့်အပတ် အကွေ့အလိမ် ဇာတ်လမ်းတွေ ဆင်တဲ့နေရာမှာ သူ့ကိုဘယ်သူမှ မမှီဘူး။

ခုလဲကြည့်။

မုန့်ဟင်းခါးပန်းကန်ကိုကိုင်ပြီး ကျောင်းခန်းထဲလှမ်းဝင်လိုက်ရော ဆရာမြင့်ရှေ့မှာ ရပ်စကားပြောနေတဲ့သူ့ကို တွေ့လိုက်ရတာပါပဲ။ ကျွန်တော်လဲ အပြည့်နီးပါးလောက် ထည့်ပေးလိုက်တဲ့ မုန့်ဟင်းခါး ပန်းကန်ထဲက ဟင်းရည်တွေဖိတ်မကျအောင် သတိထားကိုင်ပြီးဆရာ့ရှေ့မှာချပေးလိုက်ရတယ်။ ကျွန်



တော်က လက်တွေခြေတွေ တုန်ချင်သလိုလို ဖြစ်နေတာကိုးလေ။

သူက ပခုံးသိုင်း သားရေအိတ်ကလေးကို ကောက်လွယ်ပြီး သွားအုံးမယ်လို့ ဆရာ့ကို နှုတ်ဆက်ထွက်သွားတယ်။ ဆရာရှေ့မှာမို့လို့ အရမ်းကြီး စိုက်မကြည့်ရဲဘူး။ ဘယ်သူပါလိမ့်ဆိုတဲ့ သဘောမျိုးလောက် တချက်လှည့်ကြည့်ခွင့်ပဲရလိုက်တယ်။ ပါးစပ်ကတော့ မနေနိုင်ပဲ လွှတ်ကနဲ မေးမိတယ်။

"အဲဒါဘယ်သူလဲဆရာ"

"ငါ့တူမလေကွာ"

ရုတ်တရက်မို့ 'ဟာ....ဆောရီးဆရာ' လို့ယောင်ပြီးပြောမိတယ်။ ဆရာမြင့်တ တမင်လုပ်ထားတဲ့ အံ့ဩပုံမျိုးနဲ့....

"ဟကောင်ရ၊ မင်းစကားထဲမှာ ဘာမျှားအမှားပါသွားလို့ ငါ့ကိုတောင်းပန်ရတာလဲ"

ဟိုက်....သွားပြီ။ ဟုတ်လဲဟုတ်သားပဲ။ ဘယ်သူလဲလို့မေးတာ လူတိုင်းမေးခွင့်ရှိတာပဲ။ ဘာမှားမှားလို့လဲ။ ကျွန်တော့်ဖာသာ ကိုယ့်စိတ်ကို မလုံမလဲဖြစ်ပြီး ဆရာ့ကို တောင်းပန်လိုက်မိတာ။

ကျွန်တော်ရှက်သွားတယ်။

"ဟို....ဘာမှမဟုတ်ပါဘူးဆရာ၊ အဲဒီမုန့်ဟင်းခါးက ဟိုသွားဖြစ်သွားလို့"

ဆရာမြင့်က တခုခုကို နားလည်ရိပ်မိသွားသလို ပြုံးလိုက်တယ်။ ပြီးတော့....

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ၊ မုန့်ဟင်းခါးနာမည် ဘယ့်နှယ့်ခေါ်လဲဆိုတာ သိချင်လို့လား"

"ဟာ...ဆရာကလဲ"

ဆရာမြင့် ရယ်နေတယ်။ ကျွန်တော်လဲရှက်ရှက်နဲ့ ရယ်နေလိုက်ရတယ်။ ဆရာစိတ်ဆိုးသွားပုံမရလို့ သက်သာရာရသွားတယ်။

ဆရာ မျက်နှာပြန်တည်လိုက်ပြန်တယ်။ ကျွန်တော် လန့်လာပြန်ရော။ ဆရာမြင့်က မုန့်ဟင်းခါးပန်းကန်ကို ဆွဲယူပြီးစားနေတယ်။ ကျွန်တော်လဲ ဘာလုပ်ရမှန်းမသိပဲ ကြောင်ရပ်နေရာက ရေနွေးကြမ်းထည့်ပေးဖို့ သတိရသွားတယ်။ ရေနွေးကြမ်းအိုးကို မပြီး ပန်းကန်ထဲလောင်းထည့်လိုက်တယ်။ အိုးကလဲ အပြည့်ကြီး လက်ကလဲတုန်နေလို့ စားပွဲပေါ် နည်းနည်း ဖိတ်သွားတယ်။ ဒီတော့မှ ဆရာမြင့်က ပြုံးလိုက်ပြီးတော့...

"ကဲ...မင်းသိချင်တာ မေးလေကွာ..."

အမည်... ခင်အေးမိ
အသက်... ကျွန်တော်နဲ့ မတိမ်းမယိမ်း
ပညာအရည်အချင်း... ဝိဇ္ဇာတန်း(သမိုင်း)
အလုပ်အကိုင်....စဉ်းစားဆဲ
နေရပ်....မင်္ဂလာတောင်ညွန့်
မိဘအမည်... ဦးအေးမြင့်၊ ဒေါ်ကြည်စိန်
မိဘအလုပ်အကိုင်....ရွှေမားမပုံနှိပ်တိုက်

ဆရာမြင့်က ပြောပြတယ်။ ကျွန်တော်သိချင်တာတွေထက်တောင် ပိုနေသေးတယ်။ ဆရာကမေးတယ်မဟုတ်လား။ မင်းသိချင်တာမေးလို့။ ကျွန်တော်ကတော့ ဘယ်မေးရဲမလဲ။ မဟုတ်ပါဘူးဆရာ ဘယ်သူများလဲလို့မေးတာပါလို့ သိပ်အရေးမကြီးသလို ပြောရတာပေါ့။ သို့ပေမယ့် ဆရာမြင့်ကလဲ သိပ်ပါးတာပဲ။ ကျွန်တော့်အမူအရာတွေကို ရိပ်မိတယ်ထင်တယ်။ ဟိုအယင်တခါ ဘူတာကြီးနားက မုန့်ဟင်းခါးဆိုင်မှာ စတွေ့တဲ့အကြောင်းတောင် ပြောပြလိုက်ယင် ကောင်းမလားလို့ စဉ်းစားမိသေးတယ်။ ပြောရမှာရှက်လို့ မပြောလိုက်ပါ။



ဆရာမြင့်နဲ့ကျွန်တော်ဟာ ဆရာတပည့်ဆိုပေမယ့် ညီအစ်ကိုလို ပေါင်းသင်းခဲ့ကြတယ်။ ကျွန်တော်က ဆရာ့ကို ရိုသေပါတယ်။ ဆရာကတော့ ဆရာဆိုပြီး မှင်ကြီးနဲ့ နေတတ်တာမဟုတ်၊ ပျော်တတ်တယ်။ နောက်တတ်ပြောင်တတ်တယ်။ လိုက်လိုက်လျောလျောဆက်ဆံတယ်။ ကျွန်တော့်အပေါ်မှာလည်း သဘောကောင်းတယ်။ တခုတော့ရှိတယ်။ မဟုတ်တာတော့ မလုပ်မိစေနဲ့။ ဘယ်တော့မှသည်းမခံဘူး။ ကျွန်တော်အကြိုက်ဆုံးကတော့ ဆရာဟာ လူငယ်တွေရဲ့သဘောကို နားလည်တာကိုပဲ။ ခေတ်အမြင်ရှိတယ်။ ဆရာနဲ့ကျွန်တော်ဟာ လူငယ်တွေနဲ့ပတ်သက်တဲ့ကိစ္စတွေ မကြာခဏ ဆွေးနွေးဖြစ်ကြလို့ သိနေတာ။ အဲဒီအခါမှာ ဆရာဟာ ကျွန်တော့်ကို သူနဲ့ တန်းတူထားပြီးဆက်ဆံတယ်။ ဆွေးနွေးငြင်းခုံခွင့်ပေးတယ်။ ဆရာ့အယူအဆတွေက မျှတတယ်။ လူငယ်တွေကို အလကား နေယင်း အမြင်ကပ်နေတာမျိုး မဟုတ်သလို အကြောင်းမဲ့

www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပင့်ပေးနေတာလည်းမဟုတ်။ လူငယ်တွေ မှန်တဲ့ကိစ္စတွေမှာ ခပ်ရှင်းရှင်း ထောက်ခံတတ်သလို၊ မှားတဲ့အခါမှာလည်း ပြတ်ပြတ်သားသားဝေဘန်တတ်တယ်။

ခု ခင်အေးမိအကြောင်းပြောပြတာလည်း ကျွန်တော့်ကို နှားလည်စွာနဲ့ ပြောပြနေတာပေါ့။

ခင်အေးမိက ဆရာမြင့်ရဲ့တူမဝမ်းကွဲတော်တယ်။ တက္ကသိုလ်က အောင်ပြီးတာမကြာသေး၊ လောလောဆယ် အလုပ်အကိုင်လည်း မရှိသေး။ တကယ်တော့ သူက အလုပ်မလုပ်ယင်လည်း ရတယ်။ သူတို့မှာက မောင်နှမ နှစ်ယောက်တည်းရှိတာ။ (သူ့မောင်လေးနာမည်က မောင်စံရှားတဲ့)။ သူတို့မိဘတွေက အခြေအနေကောင်းတယ်။ ပုံနှိပ်လုပ်ငန်းနဲ့ပဲ မိသားစုကို ထိန်းထားနိုင်တယ်။ မောင်စံရှားကလည်း ဒေသကောလိပ် ဒုတိယနှစ်တက်နေယင်းက ပုံနှိပ်စက်မှာ ဝင်ကူနေပြီ။ ဒီတော့ သူ့အနေနဲ့ အလုပ်မလုပ်ပဲ နေလို့ဖြစ်တယ်။

သို့ပေမယ့် သူကမနေတတ်။ အလုပ်ဘာခုခု လုပ်ချင်နေတယ်။ သူ့မိဘတွေက ရုံးအလုပ်ကိုလည်း သိပ်မကြိုက်။ ဟိုတနေ့က ဆရာမြင့် သူတို့အိမ်သွားယင်း စကားစပ်မိကြတယ်။ အဲဒီမှာ ခုအစီအစဉ်ကိုတိုင်ပင်ပြီး လုပ်ဖြစ်သွားတာ။

အဲဒီအစီအစဉ်ကတော့ သူ ဆရာမြင့်ကျောင်းမှာ အလုပ်လာလုပ်ဖို့ပါပဲ။ ကျွန်တော့်လို ကျောင်းစာရေး သဘောမျိုးပေါ့။

ကဲ…ဘယ်လောက်ဝမ်းသာဖို့ ကောင်းပါသလဲ။



ကျွန်တော်တော့ဖြင့် ကံထလာပြီထင်ပါရဲ့။ ကြည့်ပါဦးတော့၊ သူ ကျောင်းမှာလာလုပ်မယ်ဆိုယင် ကျွန်တော့် အလုပ်ကို ကူလုပ်ရမှာမို့ နီးစပ်မှုလည်းရနိုင်မယ်။ ကျွန်တော်လည်း အလုပ်သက်သာမယ် မဟုတ်လား။ ဆရာမြင့်က အဲဒီအကြောင်းတွေ ပြောနေတဲ့အချိန်မှာ ကျွန်တော်လေ ထခုန်မိတော့မလို၊ မျက်နှာကျက်က နည်းနည်း နိမ့်နေလို့သာပေါ့။

ဆရာမြင့်က ကျွန်တော့်ကို ခုလိုပြောပြတာ ကျေးဇူးလည်းတင်တယ်။ ဝမ်းလည်းသာတယ်။ ဒါပေမယ့် သိပ်ဆိုသာအောင်လည်း မပျော်ရဲဘူး။ ဘာကြောင့်ဆို…သူက ဆရာ့တူမတော်တယ်မဟုတ်လား။ ဒါကြောင့် ကျွန်တော် သိပ်မေးချင်နေတဲ့ စကားတောင် မမေးဖြစ်ဘူး။ မေးလည်း မမေးရဲပါ။

အဲဒီစကားက....

"သူ့မှာ ရည်းစားရှိလား" ဆိုတာ။

* * *

ရှိမယ့်ပုံ မပေါ်ပါဘူး။

ဘယ်လိုလုပ်သိသလည်းဆိုတာတော့ ကျွန်တော်လည်း မပြောတတ်။ သူ့အလိုလို သိနေတာပဲလေ။ သမာဓိအား ကောင်းလွန်းလို့လည်း မဟုတ်ပါ။ တခါတလေ အဲဒီလိုပဲဖြစ်တတ်တယ် မဟုတ်လား။ ကိုယ့်စိတ်ထဲက ထင်တဲ့အတိုင်း သွားမှန်နေတတ်

www.burmeseclassic.com

www.burmeseclassic.com



တာမျိုး။ တဆယ်တော့ ကျွန်တော်ဟာ မိန်းမတွေအကြောင်း သိပ်သိတာမဟုတ်ပါ။ အမျိုးနဲ့အအိုတောင် သိပ်ခွဲခြားတတ်တာ မဟုတ်။ သို့ပေမယ့် သူ့ကျတော့ စိတ်ထဲက အလိုလို သိနေတယ်။

သူ ကျွန်တော်တို့ကျောင်းမှာ ပထမဆုံး အလုပ်စဝင်တဲ့နေ့မှာ ဆရာမြင့်က ကျွန်တော်တို့နှစ်ယောက်ကို မိတ်ဆက်ပေးတယ်။ ပြီးတော့ ကျွန်တော်တို့မျက်နှာတွေကို သေသေချာချာ ကြည့်ပြီး...

"ဟာ... ခုမှ ငါကြည့်မိတယ်။ မင်းတို့နှစ်ယောက်က ရုပ်ချင်း တော်တော်ဆင်တာပဲ။ မောင်နှမဆိုယင် ယုံလောက်တယ်။ အေးလေ...ခုလဲ မောင်နှမပဲပေါ့။ ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေကြ။ တယောက်နဲ့တယောက် အကူအညီပေးကြပေါ့"

ပြီးတော့ ဆရာမြင့်က အလုပ်နဲ့ပတ်သက်ပြီး သူ့ကို ရှင်းပြဖို့ ကျွန်တော့်ကို တာဝန်ပေးတယ်။

တခု ထူးခြားတာ ရှိသေးတယ်။

ကျွန်တော်တို့နှစ်ယောက်ဟာရင်းနှီးမှု မြန်မြန်ရသွားတာပဲ။ လပိုင်းလောက်အတွင်းမှာ သူငယ်ချင်း အရင်းအချာတွေလို ခင်မင်သွားမိတယ်။

သူ့မို့လို့ပြောတာ မဟုတ်ပါဘူး။ ခင်အေးမိဟာ သိပ်ရိုးသားပွင့်လင်းတယ်။ ကျွန်တော့်ကိုလဲ သူက အဲဒီလိုပဲ ထင်လိမ့်မယ်လို့ယူဆတယ်။ သူဟာ သိပ်ရဲတင်းတဲ့အစားထဲကတော့ မဟုတ်။ ဒီလိုပဲ သိပ်အရှက်အကြောက် ကြီးတာမျိုးလဲ မဟုတ်ပါ။



ဒါကတော့ရှင်းပါတယ်။ ခုခေတ်ကြီးမှာ သိပ်အရှက်အကြောက်ကြီးနေယင် ဘယ် အလုပ်ဖြစ်တော့မှာလဲ။ အလွယ်ဆုံး ဥပမာပေးရယင် ဘတ်စ်ကား တိုးစီးတာကိုပဲကြည့်။ ရှက်လို့ဆိုပြီး ယောကျ်ားသားတွေနဲ့ မတိုးမိ၊ မတိုက်မိအောင် ရှောင်နေယင် ဘယ်တော့မှ ကားပေါ်ရောက်မှာ မဟုတ်တော့ဘူး။ အမြန်ကားဆိုလို့လဲ သက်သာမယ်မထင်နဲ့။ ထိုင်စီးရတယ်ဆိုပေမယ့် ကားပေါ်မှာ နေရာလပ် မရှိအောင်တင်တာ မဟုတ်လား။ အလယ်ခုံတန်းမှာ ခွေးခြေတာလေးတွေနဲ့ ထိုင်ရယင် ပိုဆိုးသေးဗျ။ ရှေ့ကလူ (အဲ...ကားသွားတဲ့ဘက်ကို ကျောပေးပြီး ပြောင်းပြန်ထိုင်ရတဲ့အတွက် ရှေ့ကလူဆိုတာ ကားရဲ့ နောက်ဘက်ကျတဲ့လူကိုဆိုလိုတာ။) ရဲ့ ကျောက ကိုယ့်ဒူးနဲ့ထိ၊ ဘေးတန်းနှစ်ဘက်မှာ ထိုင်နေတဲ့ လူတွေရဲ့ ဒူးတွေက ကိုယ့်ပေါင် တဘက်တချက်ကိုထောက်ထိ။ ကိုယ့်နောက်ကလူရဲ့ဒူးက ကိုယ့်နောက်ဘက် (ဟိုဥစ္စာ)ကိုလာထိ။ ကဲ...လေးဘက်လေးတန် ထိခြင်းကြီးလေးမျိုးနဲ့ပေါ့ဗျာ။ အဲဒါတွေကိုသာတွေးပြီး ရှက်နေရယင် ဘယ်လိုလုပ် ခရီးသွားတော့မလဲ။ ခက်တာက အဲဒီ အမြန်ကားဆိုတဲ့ ဒတ်ဆန်း တိုယိုတာ၊ မာဇဒါတွေက သေးသေးလေးတွေ။ အလယ်က သံဇကာခြားပြီး ကျား—မ ခွဲပေးလို့လဲ မဖြစ်ဘူးလေ။

ထားပါတော့—ဒါတွေ။

ကျွန်တော် ပြောချင်တာက သူ...စိတ်ထား ရှင်းလင်းတဲ့ အကြောင်းပါ။ ရှင်းလင်းတယ်ဆိုတာက သူဟာ ကျွန်တော့် အပေါ် ငယ်သူငယ်ချင်းတယောက်လို ဆက်ဆံခဲ့တာကို ဆိုလို

www.burmeseclassic.com

www.burmeseclassic.com



တာ။ ကျွန်တော်ကလဲ ရှင်းတာပဲ။ သူ့ကိုကျွန်တော်က ချစ်နေမိတာကို ဆိုလိုတာ။ မှန်တယ်။ အဲဒီလို ချစ်နေတာဟာ သူ့အပေါ် မရိုးမသားစိတ် ထားနေတာ မဟုတ်ဘူးလို့ ယူဆပါတယ်။ ချစ်တယ်ဆိုတာ မရိုးသားဘူးလို့ ဘယ်သူ ပြောခဲ့သလဲ။ ဒါကြောင့် သူ့အပေါ်ထားတဲ့ ကျွန်တော့်စိတ်ထားဟာ ရိုးသားရှင်းလင်းတယ်....ဒါပဲ။

* * *

ကျွန်အော်က သူ့ကို ကျူရှင်လုပ်ငန်းနဲ့ ပတ်သက်ပြီး ရှင်းပြရတယ်။ ကျောင်းသားလက်ခံတာ၊ မှတ်ပုံတင်ကတ်ပြား ထုတ်ပေးတာ၊ ကျောင်းလခကောက်တာ၊ စာရင်းသွင်းတာ၊ ပြီးတော့ စစ်တင်းပလင်လို့ခေါ်တဲ့ ကျောင်းသား ကျောင်းသူတွေထိုင်တဲ့ ထိုင်ခုံပုံစံတွေအကြောင်း။

သဘောကတော့ဗျာ။ ရုပ်ရှင်ရုံတွေက စစ်တင်းပလင်သဘောပါပဲ၊ အောရိုး၊ ဘီရိုး ခွဲထားသလိုပေါ့၊ ကျွန်တော်တို့ ဆီမှာလဲ အကြီးတန်း ခကွေးတန်းခွဲထားတယ်။ တခု ကွာတာက ရုပ်ရှင်ရုံမှာဆိုယင် အတန်းတိုင်းမှာ ခုံနံပါတ်တစ်ကနေစတယ်မဟုတ်လား။ ကျွန်တော်တို့ဆီမှာကျတော့ ဒီလို မဟုတ်ဘူး။ကကြီးတန်းက ဆယ့်နှစ်ထိ။အဲ....ခကွေးကျတော့ ဆယ့်သုံးကစတယ်၊ နှစ်ဆယ့်လေးမှာဆုံးတယ်။ ဂငယ်ဆိုယင် နှစ်ဆယ့်ငါးစ သုံးဆယ့်ခြောက်ဆုံးတယ်။ ဘာဖြစ်လို့ အဲဒီလိုထားလဲတော့ အတန်းထဲမှာရှိတဲ့ လူအရေအတွက်နဲ့ အတိအကျ ဖြစ်



အောင်လို့။ ပြီးတော့ ကိုယ်ထိုင်တဲ့နံပါတ်ဟာ ကိုယ့်ခုံနံပါတ်ပဲ။ ခုံနံပါတ်ပေးတဲ့ အခါမှာလဲ တစ်၊ နှစ်၊ သုံး၊ လေး၊ ဆိုပြီး မပေးဘူး။ ကကြီးတစ်၊ ကကြီးနှစ်၊ ခကွေးဆယ့်သုံး အဲဒီလိုပေးတယ်။ ဒီတော့ ဘယ်သူ ကျောင်းမတက်ဘူးဆိုတာ ချက်ချင်း သိနိုင်တယ်လေ”

အတန်းမရှိသေးတဲ့ အချိန်တချိန်မှာ ကျွန်တော်က သူ့ကို ထိုင်ခုံတွေကြားထဲမှာ လျှောက်ပြယင်း ရှင်းပြတယ်။ ခရာမြင့်တာတော့ ဟိုးနောက်က စားပွဲမှာထိုင်ယင်း မှတ်စုတွေ ထုတ်နေတယ်။

တန်းခွဲတွေအကြောင်းကို ကျွန်တော်ဆက်ပြီးရှင်းပြရတယ်။ အစိုးရကျောင်းတွေမှာဆိုယင် တန်းခွဲတွေကို ကကြီး ခကွေးနဲ့ ခွဲတယ်။ ကျူရှင်ကျောင်းတွေမှာကျတော့ အဲဒီလိုခွဲတာလဲ ရှိတယ်။ တချို့ထွင်ပြီး တန်းခွဲသတ်မှတ် တာလဲရှိတယ်။ ထင်ရှားတဲ့ စာဆိုတော်ကြီးတွေရဲ့နာမည် ပန်းနာမည်စသည်ဖြင့်ပေါ့။နဝဒေးတန်းခွဲ၊လီယိုတော်စတ့ုင်းတန်းခွဲ၊ရာဘင်ဒြာနတ်တဂိုး တန်းခွဲဆိုတာမျိုး၊ နှင်းဆီတန်းခွဲ စပယ်တန်းခွဲဆိုတာမျိုးအချို့လဲမှန်တိုင်းတန်းခွဲ မိုးကြိုးတန်းခွဲဆိုတာမျိုးလဲရှိသေးတယ်။ ကျွန်တော်တို့ ကျောင်းကတော့ ရိုးရိုးပါပဲ။ တန်းခွဲတစ်၊ နှစ်၊ သုံး၊ လေး ဆိုပြီး ခွဲတဲ့အကြောင်း။

“ခုချိန်မှာ ကျူရှင်တွေ ခေတ်စားတယ် မဟုတ်လား။အဲဒီတော့ ကျောင်းတွေက အများကြီးပေါ်လာတယ်။ ဒီတော့ ကျောင်းသား ရဖို့အတွက် တကျောင်းနဲ့တကျောင်း အပြိုင်အဆိုင် ကြိုးစားကြရတာပေါ့။ တချို့က ရိုးရိုးသားသား

www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြိုးစားစားနည်းပဲသုံးတယ်။ တချို့ကျတော့ သူများကျောင်းကို စုတ်ခတ်တယ်၊ သိက္ခာချတယ်၊ အဲဒီနည်းနဲ့ပြိုင်တယ်။ တချို့လဲကျောင်းသားတွေ စိတ်ဝင်စားမယ့်ဟာမျိုးတွေ လျှောက်ထွင်ပြီး စည်းရုံးတယ်''

ခင်အေးမိဟာ ကျွန်တော် ရှင်းပြနေတာကို လေးလေးစားစား နားထောင်နေတာတွေ့ရလို့ အားတက်သွားမိတယ်။ ပြီးတော့ သူကပါ စကားဝင်ထောက်ပေးသေးတယ်။

''ဟုတ်တယ်နော်၊ ကျူရှင်ကြော်ငြာတွေဖတ်ယင် အဲဒါမျိုးတွေ တွေ့ရတတ်တယ်။ တခါတလေ ကြော်ငြာနှစ်ခု အပေါ်အောက် ယှဉ်ပြီးပါလာတာ။ စာသားတွေဟာ တကျောင်းနဲ့တကျောင်း ခွပ်ထားတာမျိုးတွေ''

''ဟုတ်တယ်၊ ပြီးတော့ ကျောင်းသားတွေကလဲ တမျိုးဗျ။ တချို့ဆိုယင် ဆရာတယောက်အကြောင်း စုံစမ်းတဲ့အခါ အဲဒီဆရာဟာ ရီရရွဲလားလို့ အယင်မေးတာ။ သူတို့ဘက်က ကြည့်တော့လဲ ဟုတ်တာပေါ့။ နှစ်နာရီလောက်ကြာအောင် ဆက်တိုက် ငုတ်တုတ်ကြီး ထိုင်နေရတာ နည်းနည်းတော့ အီတာပေါ့။ ဒါကြောင့် ရယ်စရာလေး ဘာလေး ကြားညှပ်ပြောပေးမှ သင်ရတာပိုပြီး အဆင်ပြေတယ်လေ။ တချို့ ဟာဒရရှင်ဆေးနားထောင်ရသလို တဝါးဝါး တဟားဟားနေပြီး စာကျတော့ ဟုတ်တိပတ်တိ မသင်တာမျိုးကျတော့လဲ မဟုတ်သေးဘူးပေါ့။ ဘာပဲဖြစ်ဖြစ် တပွဲတိုး မဟုတ်ပဲ တကယ်တတ်အောင်၊ တကယ်တော်အောင် သင်တဲ့ဆရာမျိုးတွေသာ ရေရှည်တည်တန့်နိုင်မှာပါ''



ဆရာမြင့်က အေးမောင်ရေလို့ လှမ်းခေါ်လိုက်တယ်။ ကျွန်တော် လှည့်ကြည့်လိုက်တယ်။ ဆရာဟာ ကျွန်တော်တို့ စကားစမြတ်တဲ့အထိ စောင့်ပြီးမှ လှမ်းခေါ်တာမှန်း သိသာတယ်။

''ဟုတ်ကဲ့ ဆရာ''

''အေးမိကို ရှင်းပြ ပြီးပြီလား''

''ပြီးပြီ ဆရာ''

''ဒါဆို...မုန့်ဟင်းခါးသွားဆွဲခဲ့ကွာ၊ မင်းလဲ စားခဲ့၊ ပြီးတော့...တလက်စတည်း ထွန်းရီဆိုင်မှာ လက်ဖက်ရည်သုံးခွက်မှာခဲ့....''

လို့.... ပြောပြီးမှ ခင်အေးမိ ရှိနေတာကို သတိရသွားဟန်တူတယ်။

''အော....အေးမိကော မုန့်ဟင်းခါးစားယင် တခါတည်း ဆင်းစားလိုက်....''

ဆရာမြင့်က ခင်အေးမိအတွက်ပါ ကျွန်တော့်ကို ယူခဲ့ခိုင်းယင် ကျွန်တော့်ကို နှိမ်သလို ဖြစ်မှာစိုးလို့ ထင်တယ်။ သူ့ကို အောက်မှာပဲ ဆင်းစားခိုင်းလိုက်တယ်။ ကျွန်တော့် အနေနဲ့ ဆလဲ သူနဲ့နှစ်ယောက်တည်း အတူတူ စားရမယ်ဆိုယင် စားချင်တာပေါ့။ သို့ပေမယ့်.... သူ လိုက်ရဲချင်မှ လိုက်ရဲမယ်။ ဒါကြောင့်....

''ရပါတယ် ဆရာ၊ သူ့အတွက်ပါကျွန်တော် ယူခဲ့ပါ့မယ်''

သူကလဲ ဆရာမြင့်လိုပဲ သဘောထားလို့လား မသိ။

''ကိစ္စ မရှိပါဘူး၊ မိ လဲ အောက်မှာပဲ ဆင်းစားပါ့မယ်၊ ထမင်းရည်လေး ဘာလေး သောက်လို့ ရတာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့.... ငါးပြာရည်တို့ ငရုတ်သီးမှုန့်တို့လဲ ကိုယ်ကြိုက်သလို ထည့်စားချင်တယ်”

“အေး ပြီးရော...၊ မင်းတို့ စားပြီးမှပဲ ဆရာ့ဖို့ယူခဲ့တော့”

ကျွန်တော်တို့ နှစ်ယောက် အောက်ကို ဆင်းလာကြတယ်။ သူ့စကားထဲမှာ ထူးခြားတာ တခု တွေ့လိုက်သလား။ သူ့ကိုယ်သူ မိ လို့ သုံးနှုန်းလိုက်တာ။ ဆရာမြင့်နဲ့ ပြောတာမို့လို့ ဒီလို ပြောတာလား။ ကျွန်တော့်ကိုလဲ ရင်းရင်းနှီးနှီးမို့ ဒီလို သုံးတာလား။ သူဟာ သူ့ကိုယ်သူ ဒီလိုပဲပြောနေကျ အကျင့်ပါနေတာပဲ ဖြစ်မှာပါ။

ကျွန်တော်တို့ လေ့ကားခြေရင်းက မုန့်ဟင်းခါးဆိုင်ရောက်တော့ လှေကားထစ်ပေါ်မှာ သူ့အတွက် ခွေးခြေတလုံး ချပေးလိုက်တယ်။ ကျွန်တော်ကတော့ မုန့်ဟင်းခါးသည် အမေကြီးဘေးမှာ ဝင်ထိုင်တယ်။ ပြီးတော့...

“အမေ.... ညှပ်ခေါက်ဆွဲ ဗူးသီးကြော်နဲ့ နှစ်ပွဲ၊ နံနံပင် မထည့်နဲ့နော်.... နှစ်ပွဲစလုံး”

သူ ကျွန်တော့်ကို ဖြတ်ကနဲ ကြည့်လိုက်ကြောင်း သိလိုက်တယ်၊ သူဟာ ညှပ်ခေါက်ဆွဲကို ဗူးသီးကြော်နဲ့ စားနေကျ ဖြစ်ကြောင်း၊ နံနံပင် မကြိုက်ကြောင်း ကျွန်တော် ဘယ်လိုလုပ် သိနေပါလိမ့်ဆိုပြီး သူအံ့ဩသွားမှာ အမှန်ပဲ။ ကျွန်တော်ကလဲ အဲဒီ အခွင့်အရေးကို လက်လွှတ်မခံပဲ....

“ကျွန်တော်မှာတာ ဟုတ်တယ် မဟုတ်လား”

လို့ မေးလိုက်တယ်။ သူကကြောင်တောင်တောင်လေးကြည့်



နေရာက ခေါင်းညိတ်ပြတယ်။ ပြီးတော့.... မမေးပဲ မနေနိုင်ဘူး ထင်တယ်။

“မိ အဲဒီလို စားတတ်တာ ဘယ်လိုလုပ် သိနေလဲ”

သူက မေးတယ်။ ကျွန်တော်က....

“ကျွန်တော် သိတာပေါ့၊ ကျွန်တော့် ဗိုက်ထဲမှာ စနေမောင်မောင် ရှိတယ်လေ”

သူ ပြုံးတယ်။ သူ့အကြောင်းကို ကျွန်တော် သိနေကြောင်း သူရိပ်မိသွားပါလိမ့်မယ်။ သူ့ကို ဘာလို့ ခုလိုဂရုတစိုက်ရှိတာလဲလို့ သူဆက်တွေးချင် တွေးမှာပေါ့”

အဲဒါ....သူ့ကို ပထမဆုံးအကြိမ် ရိသဲ့သဲ့ စကားပြောမိတာပါပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်က ကျောင်းကို သောင်းမော် လာသွားတယ်။ ကျွန်တော်နဲ့မတွေ့လိုက်။ ဆရာမြင့်က ကျွန်တော့်ကို ဆရာဦးအောင်သောင်းဆီ ခိုင်းလိုက်လို့ သွားနေတုန်း သူလာသွားတာ။ ကျွန်တော့်ကိုမတွေ့လို့ စာရေးသွားတယ်လို့ ခင်အေးမိကပြောတယ်။ သောင်းမော်ရေးသွားတာက ညနေကျယင် သူတို့အိမ်ဘက်လာခဲ့ပါအုံး၊ ချစ်အေးလဲ လာလိမ့်မယ်တဲ့။

သောင်းမော်တို့အိမ်ကို ကျွန်တော်ရောက်သွားတဲ့အချိန်မှာ ချစ်အေးလဲ ရောက်နေနှင့်ပြီ။ သူတို့ရှေ့မှာလဲ သောင်းမော်တို့အမေ ချကျွေးထားတဲ့ မြေပဲကြော်ပန်းကန်၊ ထန်းလျက်ပုလင်းနဲ့ ရေနွေးကြမ်းအိုးလဲ အဆင်သင့်။ ကျွန်တော်လဲဝင်



ထိုင်လိုက်ပြီး မြေပဲကြော်လေးငါးစေ့ နှိုက်ယူလိုက်တယ်။ တလုံးပြီးတလုံးပါးစပ်ထဲကိုပစ်ထည့်လိုက်ပြီး ဝါးနေယင်းက....

"ဘာတွေပြောနေကြတာလဲကွ...."

"မင်းအကြောင်းလေ"

လို့ သောင်းမော်က ပြန်ပြောပြီး ရေနွေးကြမ်းတခွက် ငှဲ့ပေးတယ်။ ကျွန်တော်က အကြမ်းပန်းကန်ကိုယူပြီး မှုတ်နေရာက ဘာလဲဆိုတဲ့သဘော မျက်စပစ်ပြလိုက်တယ်။ သောင်းမော်က....

"နေ့လယ်က မင်းတို့ကျောင်းကို ရောက်ခဲ့တဲ့အကြောင်း ပြောနေတာပါ"

"မင်းတွေ့ခဲ့တယ် မဟုတ်လား"

"အေး....အဲဒါပြောနေတာပေါ့၊ မင်းငါတို့ကိုပြောတုန်းက သိပ်မယုံဘူး၊ ခု ငါကိုယ်တိုင်တွေ့မှပဲ၊ ကောင်မလေးက မင်းနဲ့မျက်နှာချင်း တော်တော်တူတယ်"

ကျွန်တော်က ဘာမှပြန်မပြော။ ထန်းလျက်တခဲ နှိုက်ယူပြီး မြုံ့နေယင်း ကျေနပ်တဲ့အပြုံးမျိုးနဲ့ နေလိုက်တယ်။ ချစ်အေးက ဝင်ပြောတယ်။

"ငါတော့ မယုံဘူးကွာ"

"ဟေ့ကောင်၊ ဟုတ်တယ်ကွ၊ ငါကကယ်ပြောတာ"

သောင်းမော်က ထပ်ပြောပေမယ့် ချစ်အေးက ခေါင်းခါပြီး....

"ဘာပဲဖြစ်ဖြစ် မတူတာတခုတော့ ရှိရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က 'ဟော့ကောင် မင်းမယုတ်မာနဲ့နော်' လို့ ဝင်ပြောလိုက်တယ်၊ ချစ်အေးက ဟန့်လို့မရ။

"ဟုတ်တယ်လေ၊ မတွေ့တာတခုတော့ ရှိရမှာပေါ့"

"တော်စမ်းပါကွာ"

"ဟ၊ မင်းစဉ်းစားကြည့်၊ ရှင်းရှင်းလေးပဲ၊ ယောကျ်ားလေးနဲ့ မိန်းကလေးမတွေ့တဲ့ အချက်တော့ရှိတာပဲ၊ ကဲငါပြောပြမယ်၊ မင်းအနေနဲ့ ကိုယ်ဝန်ရှိပြီး ကလေးမွေးလို့ ရမလား၊ မိန်းကလေးမှရတာ မဟုတ်ဖူးလား၊ အဲဒါမတွေ့တဲ့ အချက်ပေါ့ကွ"

လို့ပြောပြီး ရယ်နေတယ်။ ကျွန်တော်တို့လဲ လိုက်ရယ်ကြတယ်။ သောင်းမော်က မျက်နှာထားကို လေးနက်တဲ့အသွင်ဆောင်လိုက်ပြီးတော့....

"ငါတခုစဉ်းစားမိတယ်ကွ"

ကျွန်တော်တို့လဲ အရယ်ရပ်လိုက်ပြီး သောင်းမော်ကို စိုင်းကြည့်လိုက်ကြတယ်။ သူတခုခုဆက်ပြောမလို့လုပ်တုန်းအတွင်းခန်းထဲက သူတို့အမေထွက်လာတာနဲ့ ဆက်မပြောသေးပဲ ဆေးလိပ်ကိုယူပြီး မီးညှိနေလိုက်တယ်။

"အမယ်၊ မောင်အေးမောင်ပါလား၊ ရောက်နေတာကြာပြီလား...."

သောင်းမော်တို့အမေက မေးတယ်။

"မကြာသေးပါဘူးဒေါ်ဒေါ်၊ ထန်းလျက်နှစ်လုံးလောက်ပဲစားရပါသေးတယ်"

ဒေါ်ဒေါ်ကပြုံးပြီး။



"အေး....စားကြစားကြ၊ သားရေ၊ မေမေ မောင်တိုးကြည့်ဘက် ခဏသွားအုံးမယ်။ ရေနွေးလိုယင် ဓာတ်ဗူးထဲမှာရှိတယ်"

လို့ပြောပြီး ဆင်းသွားတယ်။

"ကဲ....ပြောပါအုံး၊ ဘာစဉ်းစားမိတာလဲ"

"ဒီလိုလေ၊ မင်းတို့ နှစ်ယောက်၊ အဲ....ကောင်မလေးနှာမည်က ဘယ်သူ မအေးမိ ဟုတ်လား"

"ခင်အေးမိပါ၊ သူ့ကိုယ်သူတော့ မိလို့ပဲ ပြောတာပဲ၊ နာမည်နဲ့လိုက်အောင် 'မိ'တယ်ဆိုတဲ့ သဘောပေါ့"

"မမိပဲ လွတ်ထွက်သွားမှာ စိုးရတယ်ဟ"

"နေစမ်းပါအုံး ငါပြောပါရစေအုံး၊ အဲဒီခင်အေးမိနဲ့ မင်းနဲ့က ရုပ်ချင်းဆင်ရုံတွင်မကဘူး၊ နာမည်ချင်းလဲ ဆင်တယ် ဟုတ်လား"

ကြည့်စမ်း။ ဟုတ်သားပဲ။ သောင်းမော်ပြောမှ စဉ်းစားမိတယ်။ သူနဲ့ကျွန်တော်။ အေးမောင်နဲ့ ခင်အေးမိ။ အေးမောင်နဲ့အေးမိ။ နာမည်ချင်းလဲ ဆင်နေတာပါပဲလား။

"အေးကွ၊ ဟုတ်သားပဲ ငါတို့နှစ်ယောက်က အစစအရာရာတူသလို ဖြစ်နေတယ်"

ချစ်အေးက 'မတူတာတခုတော့ရှိပါတယ်'လို့ ဝင်နှောက်ယှက်တယ်၊ သောင်းမော်က မရယ်ပဲ ဆက်ပြောတယ်။

"ငါစဉ်းစားနေတာက တခြားမဟုတ်ဘူး၊ မင်းတို့နှစ်ယောက်ဟာ ရုပ်ရော၊ နာမည်ရော ဆင်နေတဲ့အတွက် မောင်နှမရင်းများ ဖြစ်နေမလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ၊ မင်းကလဲ"

"ဟာ၊ ဘယ်ပြောနိုင်မလဲကွ၊ ဒါမျိုးက ဖြစ်တတ်တာပဲ၊ မင်းပဲပြောတယ်မဟုတ်လား၊ သူ့ကိုမြင်မြင်ချင်း စိတ်ထဲမှာ တမျိုးကြီးဖြစ်သွားတယ်ဆို၊ သွေးစာ စကားပြောတာ မဖြစ်နိုင်ဖူးလား"

ကျွန်တော်တွေသွားတယ်။ တချိန်လုံးလောင်နေတဲ့ချစ်အေးတောင်မှု ငိုင်သွားသလိုပဲ။ တော်တော်ကြာအောင် နေမိကြပြီးမှ သောင်းမော်က ဟားတိုက်ရယ်လိုက်တယ်။

"ဟားဟား မင်းစိုးရိမ်သွားတယ်မဟုတ်လား၊ဟားဟား"

ဒီတော့မှ ဒီကောင် ကျွန်တော့်ကို သက်သက်မဲ့ စိတ်ဆင်းရဲသွားအောင် လုပ်လိုက်မှန်း သိသွားတယ်။

"မင်း တော်တော်နောက်တဲ့ကောင်"

ကျွန်တော် ရယ်နိုင်ပြုံးနိုင် ဖြစ်လာတယ်။ အင်းလေ၊ သူနဲ့ ကျွန်တော်က ဘာဖြစ်လို့ မောင်နှမ တော်ရမှာလဲ။ အဲ အယင်ဘဝဘဝက တော်ခဲ့တာတော့ ဖြစ်ချင်ဖြစ်မယ်။ ခုဘဝမှာတော့ ဖြစ်နိုင်တာတခုပဲရှိတယ်။

နှမနှင့်တူသော မယား။

"နေပါအုံးကွ၊ ငါမေးပါရစေအုံး၊ အဲဒီကောင်မလေးကို ဘယ်လိုသဘောရသလဲ"

ကျွန်တော်က သောင်းမော်ကို မေးလိုက်တယ်။

"မဆိုးဖူးကွ၊ စိတ်သဘောထားကောင်းမယ့်ပုံပဲပြီးတော့"

"ဘာဖြစ်သလဲ၊ လှတယ်မဟုတ်လား...."



"အမှန်အတိုင်းပြောရယင် ကောင်မလေးက မင်းနဲ့တူတယ်ဆိုပေမယ့် မင်းလိုမဟုတ်ဘူး၊ လှတယ်ကွ"

"ဟင်....အေးမောင်နဲ့ တူတယ်လဲဆိုသေးတယ်၊ သူ့လိုမဟုတ်ဖူးလဲ ပြောသေးတယ်၊ ဘယ်လိုလဲဟ"

ချစ်အေးကဝင်ပြောတော့ ကျွန်တော်က....

"ဟာ....ဒီဇိုလေကွာ၊ မင်းကြည့်ပါလား၊ သောင်းမော်နဲ့ သူ့အစ်မတွေနဲ့ ရုပ်ချင်းမဆင်ဖူးလား၊ ဒါပေမယ့် သူ့အစ်မတွေကျတော့ လှတယ်မဟုတ်လား၊ အဲဒီလိုပေါ့ ဟုတ်တယ်မဟုတ်လား သောင်းမော်"

သောင်းမော်လဲ သူ့စကားနဲ့သူမို့ 'အေး' ဆိုပြီး ခေါင်းညိတ်ပြရတယ်။

"ကဲ...သူငယ်ချင်းတို့၊ ခုလိုအားပေးဖော် ရတဲ့အတွက် ကိုယ် လက်ဖက်ရည်တိုက်မယ်...သွားကြမလား...."

"ဟား....ဘယ်ရမလဲ၊ ခုမသောက်သေးဘူး၊ မင်းနဲ့ အဲဒီကောင်မလေးနဲ့ အဆင်ပြေတဲ့အခါကျမှ ငါတို့ကိုပွဲကြီးတပွဲ ပေးရမယ်၊ ဘယ်လိုလဲ"

"ဟုတ်တယ်၊ မြန်မြန်လုပ်ကွာ အေးမောင်"

"ငါမပြောရဲသေးဖူးကွ၊ သူဆရာမြင့်ရဲ့တူမတော်တယ်မဟုတ်လား"

"ဟ....ဘာဆိုင်လဲ၊ ဆရာမြင့်ကမင်းကို ကြည်တယ်ဆို၊ မင်းနဲ့ဆိုယင် သဘောတူမှာပါကွာ"

ကျွန်တော် ပျော်နေမိပါတယ်။

● ● ●

www.burmeseclassic.com

www.burmeseclassic.com



## သိကြားလိမ်

နန်းမေရုပြာသာဒ်၊ လမ်းဖြတ်တဲ့ဂုဒ္ဒခ
ကမ်းသတ်လို့ နှိမ်ရှာတယ်၊ အလိမ္မာလွန်သား။
ထောက်လှမ်းချက် သုမမှာဝယ်၊ ခုအခါလစ်ကြသလား။
ဘုရားကသိကြားကိုမှာတယ်၊ ငှက်ထားရှိသား
သာသနာငါးထောင့်၊ မမှားအောင်စေ့ဆော်။
မကောင်းသူကောင်းသူတို့ကိုလ၊
ကြောင်းယူလို့ ဆန်းစစ်ကာမျှော်။
ဝိမလနန်းသစ်ပေါ်မှာ၊ သန်းရှစ်ဖော်ရွှေများနှင့်
ဘုရားကိုနှစ်ရစ်လိမ်၊ ညစ်တဲ့မာဃဝိန်
ပစ်ရှာမည့်ဝရဇိန်ငယ်၊ ပန်းထိမ်မှာပြင်တုန်းထဇ္ဇလေး။

ဦးပုည

“ဒီကဗျာက လွန်ခဲ့တဲ့ ဆယ်နှစ်ကျော် ၁၉၇၁ ခုနှစ်တ မေးသွားဖူးတဲ့ကဗျာပဲ၊ မေးပြီးသားမို့လို့ ပြန်မမေးတော့ဖူးလို့ ယူဆလို့မရဘူး၊ ၇၁ ခုနှစ်မှာ မေးသွားတုန်းက ကျောင်းသားကျောင်းသူတွေကို တော်တော်ဒုက္ခပေးသွားတဲ့ ကဗျာပဲ တချို့က ဒီလိုကဗျာမျိုးကြီးမေးမှာ မဟုတ်ပါဖူးဆိုပြီး ကြည့်မထားမိကြဘူး၊ တချို့ဆိုယင် ကဗျာနာမည်တောင် မသိဘူး၊ ဒီနေ့ဒီကဗျာကိုသင်မယ်....”



ဆရာမြင့်က စကားခဏရပ်ပြီး အတန်းကို ဝေ့ကြည့်လိုက်တယ်။ စောစောတုန်းကဟိုကဖျောက်ကနဲဒီကဖျောက်ကနဲမြည်နေတဲ့ကွာစေ့လှော်၊ နေကြာစေ့လှော် ကိုက်သံတွေတောင် ငြိမ်ကျသွားတယ်။ ဆရာမြင့်က သိကြားလိမ်ဆိုတဲ့ ခေါင်းစဉ်ကို အောက်က မျဉ်းတားလိုက်ပြီး။

“ဒီကဗျာဟာ တေးထပ်အမျိုးအစားပဲ၊ တေးထပ်ဆိုတာ ဘယ်လိုဟာလဲဆိုတာ အယင်က ပြောပြပြီးပြီ၊ ဒီတေးထပ်ကို သိကြားလိမ်လို့ နာမည်ပေးထားတယ်၊ ဦးပုညက ဘာဖြစ်လို့ ဒီနာမည်ကို ပေးရတာတဲ့လဲ၊ သိကြားမင်းဟာ ဘုရားကို လိမ်လို့ ညာလို့၊ ကဲ ဘယ်နှစ်ခါလိမ်သလဲ”

“နှစ်ခါ....”

ရှေ့တန်းက မိန်းကလေးတွေဆီကအသံ။ နောက်ဆုံးတန်းက ကျောင်းသားတွေက ‘နှစ်ရစ်’ လို့ အော်တယ်။

“အင်း....နှစ်ခါလိမ်တယ်၊ တခါက သိကြားမင်းဟာ ဘုရားရဲ့ သာသနာကိုစောင့်ရှောက်ပါ့မယ်ဆိုပြီးမစောင့်ရှောက်တာရယ်၊ နောက်တခါက မကောင်းသူကိုပယ်ပြီး ကောင်းသူကိုကယ်ပါ့မယ်လို့ ဘုရားကို ကတိပေးထားပြီး ကတိမတည်ဘူး၊ ဒါကြောင့် ဘုရားကို နှစ်ခါလိမ်တဲ့ သိကြားမင်းကို သိကြားလိမ်လို့ ဆိုလိုက်တယ်”

နောက်ဆုံးတန်းမှာထိုင်နေတဲ့ ကျောင်းသားတယောက်က သူ့ဘေးက ကျောင်းသားကို တတောင်နဲ့ တွက်လိုက်ပြီး....

“သိကြားမင်းက ဗိုးတွမ်တီး ရိုက်သွားတာပေါ့။ ဒီကဗျာ

www.burmeseclassic.com

www.burmeseclassic.com



ကိုသိကြားလိမ်လို့ နှာမည်ပေးတာထက် သိကြားတွမ်ဆို ပိုကောင်းမယ်”လို့ ပြောလိုက်တယ်။

ကျွန်တော်တို့ကနောက်ဆုံးခုံတန်းရဲ့နောက်မှာစားပွဲတလုံးနဲ့ ထိုင်နေတာဆိုတော့ သူပြောတာ ကြားလိုက်တာပေါ့။ မိက သူ့ပါးစပ်ကို လက်ကိုင်ပဝါကလေးနဲ့အုပ်ပြီး ရယ်နေတယ်။

အဲ....ကျွန်တော် သူ့ကို ဘယ်လို သုံးနှုန်းလိုက်သလဲကြည့်။ ‘မိက သူ့ပါးစပ်ကို’လို့နော် မှန်တယ်။ ကျွန်တော့် စိတ်ကူးထဲမှာ သူ့ကို မိလို့တောင် ခေါ်မိနေပြီ။

“တော်တော် ပေါက်တတ်ကရ ပြောတတ်တဲ့ကျောင်းသားတွေပဲနော်”

မိက ရယ်နေရာက ကျွန်တော့်ကို ခပ်တိုးတိုးပြောတယ်။

“ဟုတ်တယ်....ကျွန်တော်တို့ ကျောင်းသားဘဝတုန်းကလဲ ဒီလိုပဲ မဟုတ်လား”

ဆိုပြီး ကျောင်းမှာတုန်းက ကျွန်တော်တို့ သူငယ်ချင်းတစု လျှောက်လောင်ကြတဲ့အကြောင်းတွေ ပြန်ပြောပြလိုက်တယ်။ သူက သဘောကျလွန်းလို့လေ။ ဆရာမြင့် မျက်စိနောက်မှာစိုးလို့ တချို့အကြောင်းတွေ မပြောပဲ ထားလိုက်ရတယ်။ နောက်မှပဲ ပြောတော့မယ်လေ။ နောင်အခါ နှစ်ယောက်တည်းတွေ့ရတဲ့အခါကျမှပေါ့။

ရယ်စရာတွေ ပြောနေယင်းက သူ့အကြောင်း ကိုယ့်အကြောင်း ပြောဖြစ်သွားတယ်။ သူက သူ့အိမ်ကအကြောင်း နည်းနည်းပါးပါး ပြောပြတယ်။ သူပြောတာတွေက ကျွန်တော် သိပြီးသားတွေပါ။



ကျွန်တော်ကလဲ ကျွန်တော့်အိမ်အကြောင်း ပြောပြတယ်။ ကျွန်တော့်အဖေက အငြိမ်းစားတယောက်ဖြစ်တဲ့အကြောင်း၊ ကျွန်တော့်အမေ သဘောကောင်းကြောင်း၊ ကျွန်တော့် အစ်ကိုကြီးအကြောင်း....

“ကိုကိုက သိပ်ရိုးတာဗျ။ ပြီးတော့လဲ မိသားစုအပေါ် သိပ်အနစ်နာခံတတ်တယ်။ သူ....ဆယ်တန်းအောင်တော့ ကျွန်တော်က ရှစ်တန်း။ သူ....တက္ကသိုလ်ဆက်တက်ယင် ကျွန်တော် ဆယ်တန်းအောင်တဲ့အခါ တက္ကသိုလ်ကျောင်းသားနှစ်ယောက်တာဝန်ကို အိမ်က ထမ်းနိုင်မှာမဟုတ်ဖူးဆိုပြီး အလုပ် ထွက်လုပ်တယ်။ ပြင်ပဝိဇ္ဇာဖြေတယ်။ ပြီးတော့ ရသမျှလခ အိမ်ကို အကုန်အပ်တာပဲ”

“ကိုအေးမောင်ကကော အိမ်ကို ရသမျှ အကုန်မအပ်ဖူးလား”

သူ....မေးတာက ရိုးရိုးသားသားပါပဲ။ ကျွန်တော်ကတော့ တွေးလိုက်တာ တမျှော်တခေါ်ကြီးပေါ့။ နောက်နောင်မှာ ကျွန်တော် ရသမျှငွေအားလုံး တပြားမကျန် မိကိုပဲအပ်ပါ့မယ်လို့ တောင်မှ ပြောလိုက်ချင်တယ်။ သို့ပေမယ့်....။

“အကုန်တော့ မအပ်ဖြစ်ဘူး။ ဒါပေမယ့် တလနှစ်ရာမှန်မှန်ပေးပါတယ်”

“ဟင်....ဒီကရတာ လခက နှစ်ရာမဟုတ်လား၊ အဲဒါအကုန်အပ်တာပဲပေါ့”

“မဟုတ်သေးဖူးလေ၊ ကျွန်တော်က ဖယောင်းရေးခ ရှိသေးတယ် မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"အော်...."

"အဲဒါက ကျွန်တော့်အသုံးစရိတ်ပေါ့။ အဲ....ခုန ပြောတာ အစ်ကိုကြီးက သိပ် သိတတ်တယ်။ ပြီးတော့လဲ ခုထိ အိမ်ကို လုပ်ကျွေးဖို့ကလွဲပြီး ဘာမှ စိတ်ထဲမှာ မရှိဘူး။ အိမ်ထောင်ပြုဖို့လဲ စိတ်မကူးသေးဘူး"

အဲဒီလိုပြောလိုက်တဲ့အတွက် ကျွန်တော်ကတော့ အိမ်ထောင်ပြုဖို့ စိတ်ကူးနေပြီလို့ မိထင်ချင်ထင်သွားပါစေ။ သို့ပေမယ့် သူကတော့ ဘယ်လိုမှ ထင်ပုံမရပါ။ ဘာပြန်ပြောသလဲဆိုတော့....

"ကိုအေးမောင်တို့ ညီအစ်ကိုက သိပ် လိမ္မာကြတာပဲနော်"တဲ့။

ကျွန်တော် မြောက်သွားတယ်။ မြောက်သွားတယ်ဆိုတာက အပေါ်ကို မြောက်တက်သွားပြီး လေထဲမှာ တွဲလောင်းကြီး ဖြစ်နေတာကိုပြောတာမဟုတ်ပါ။ သူကကျွန်တော့်ကိုချီးကျူးလိုက်သို့ စိတ်ထဲမှာ ကျေနပ်ပြီး ဘဝင်မြင့်ချင်သလိုလို ဖြစ်သွားတာကို ပြောတာပါ။ ကဲ....မြောက်လက်စနဲ့ပဲဆက်ပြီး ပြောရတော့မှာပဲ။

ကျွန်တော့်ရဲ့ ရှေ့ရည်မှန်းချက်တွေ ပြောပြမိတယ်။ ဆရာ့ဆီမှာ အလုပ်လုပ်ယင်းနဲ့ ပညာယူပြီး တချိန်ချိန်မှာ ကျူရှင်ဆရာ ဖြစ်အောင်လုပ်မယ်။ ဖြစ်နိုင်ယင် ကိုယ်ပိုင်ကျောင်း တကျောင်းထောင်မယ်။ ဆရာကလဲ ကူညီမယ်လို့ ပြောထားတဲ့ အကြောင်း....။



"ကောင်းပါတယ်လေ။ အဲဒီလို ရည်မှန်းချက်ထားပြီး ကြိုးကြိုးစားစား လုပ်တဲ့လူဟာ တိုးတက်တတ်တာပဲ"

ကျွန်တော်တော့ ပြန်ကို မကျတော့ပါ။ မြောက်ပြီးယင်း မြောက်ယင်းပဲ။ သူ....ကျွန်တော့်ကို အထင်ကြီးသွားသလား မသိ။ အမှန်က သူ အထင်ကြီးအောင်လို့ လျှောက်ကြွားပြီး ပြောနေတာ မဟုတ်ပါ။ ကျွန်တော် တကယ်လဲ ကြိုးစားမယ်ဆိုတာ သူ သိစေချင်တယ်။ သူ့ပုံ ကြည့်ရတာဏလဲ ကျွန်တော့်ကို အသလွတ် ပင့်ပေးနေတဲ့ပုံ မပေါ်ပါ။ ရိုးရိုးသားသား အားပေးတဲ့သဘော။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ဝမ်းသာတယ်။ သူ....ကျွန်တော့် အရည်အချင်းကို အသိအမှတ်ပြုလို့ပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ရင်းနှီးမှုကို အခွင့်ကောင်း ယူချင်တာမျိုးတော့ မဟုတ်။ စိတ်ထဲက ရိုးရိုးသားသား ဖြစ်ပေါ်လာတဲ့ ဆန္ဒပါ။ ကျွန်တော် သူ့ကို ဖွင့်ပြောလိုက်ချင်ပြီ။ သူနဲ့ ကျွန်တော်ရဲ့ ရင်းနှီးမှု အတိုင်းအတာဟာ ပြည့်စုံသလောက် ရှိနေပြီ။ ဒီထက် ပိုလို့ မောင်နှမသဖွယ် ဖြစ်ကုန်ယင် ပိုပြီးပြောရခက်လာလိမ့်မယ် ထင်တယ်။ အဲဒါမျိုးက ဖြစ်တတ်တယ်လေ။ တယောက်နဲ့ တယောက် သိပ်ခင်မင်ရင်းနှီးလာပြီးတော့ ဆိုးတိုင်ပင် ကောင်း တိုင်ပင်ဆိုတဲ့ အဆင့်ထိ ရောက်လာတဲ့အခါ မပြောဖြစ်တော့ပဲ ဖြစ်သွားတတ်တယ်လေ။ လူသားဘဝကလဲ တမျိုးပါပဲလား။ လုံးဝ မသိပြန်တော့လဲတမျိုး။ သိပ် သိလာပြန်တော့လဲတမျိုး။



အော်....ခင်မင် ရင်းနှီးမှုဆိုတာတောင် သိပ်လွန်ကဲလို့ မရတဲ့ သဘောပါလား။

ကျွန်တော့် အခြေအနေက ခုချိန်ဟာဖွင့်ပြောလို့အကောင်းဆုံး အခြေအနေ။ ကျွန်တော်အနေနဲ့ အစိမ်းသက်သက် ဝင်လုံးရမယ့်သဘောလဲ မဟုတ်။ နောက်တခုက သူဟာ ကျွန်တော်နဲ့ ပတ်သက်ပြီး တိတိကျကျ သတ်မှတ်နိုင်သေးပုံ မရဘူး။ ဆိုလိုတာက ကျွန်တော်ဟာ သူ့အပေါ်မှာ ရိုးရိုးပဲလား။ တခြားနည်းနဲ့ စိတ်ဝင်စားနေသလားဆိုတာ သူမခွဲခြားတတ်သေး။ ရိုးရိုးခင်တာပဲလို့ သူထင်နေတဲ့အချိန်မှာ ပြောလိုက်ယင် သိပ်အံ့သြသွားပြီး တမျိုးဖြစ်သွားနိုင်တယ်။ သူ့ကို စိတ်ဝင်စားနေကြောင်း သေသေချာချာ သိသွားခဲ့ပြီဆိုယင်လဲ ဖွင့်ပြောရတဲ့အခါ တန်ဖိုးမရှိတော့။ နောက်....ကြိုတင်ကာကွယ်ဖို့ စီစဉ်ထားနှင့်နိုင်လိမ့်မယ်။ ဒီတော့ ခုလိုအချိန်မှာ ဖွင့်ပြောတာ အကောင်းဆုံး။

ဒါတွေက ကျွန်တော်တတ်လို့ သိလို့ ပြောနေတာမဟုတ်ပါ။ ချစ်အေးတို့ သောင်းမော်တို့ရဲ့ သင်တန်းက တတ်လာတာပါ။

ခက်နေတာက မိဟာ တခြားလူမဟုတ်။ ဆရာမြင့်ရဲ့တူမ တော်နေတာပဲ။ ဆရာမြင့်ဟာ ကျွန်တော့်အပေါ်မှာ သိပ်ကောင်းတယ်။ သိပ်အရေးပေးတယ်။ ကျွန်တော့်ကို ငွေရေးကြေးရေးကအစ စိတ်ချယုံကြည်တယ်။ ကျူရှင်လုပ်ငန်းနဲ့ပတ်သက်လို့လဲ ပညာကုန် သင်ပေးတယ်။ လူမှုရေး စီးပွားရေးနဲ့ ပတ်သက်လို့လဲ အကူအညီပေးတယ်။ အဲဒီလို ဆရာရင်း

www.burmeseclassic.com



ထယောက်အပေါ် ကျွန်တော်က ကမ်းတက်တဲ့သဘောမျိုး ဖြစ်သွားမလားလို့ စိုးရိမ်မိတယ်။

ချစ်အေးက ပြောတယ်။ ဆရာမသိအောင်လုပ်ပေါ့ကွတဲ့။ ဘယ်ဖြစ်မလဲ။ ဆရာနဲ့ဒီလောက် အမြဲတမ်းတွေ့နေရတာ။ ဘယ်လောက်ကြာအောင် လျှို့ဝှက်ထားနိုင်မှာလဲ။ ဆရာကလဲ သိပ်ပါးတာ။ ပြီးတော့ ဆရာမြင့်ဟာ သူ့ကိုလိမ်ညာယင် လုံးဝသည်းခံတတ်တာ မဟုတ်ဘူး။

သောင်းမော်က အကြံပေးတယ်။ ဆရာမြင့်ကို ဖွင့်ပြောပြလိုက်ပေါ့တဲ့။ ဒါလဲ မဖြစ်သေးဖူး ထင်ပါတယ်။

ကျွန်တော်မပြောရဲဘူး။ ဆရာမြင့်ဟာ ကျွန်တော့်ကို ဘယ်လောက်ကြည်ဖြူတယ်ပဲ ဆိုဆို သူ့ ဆွေမျိုးနဲ့ ပတ်သက်လာယင် ကျေနပ်နိုင်ပါ့အုံးမလား။

မိကို ဆရာမြင့်နဲ့ပတ်သက်နေမှန်း စပြီးသိရတဲ့အချိန်က အနေနီးရတော့ မဟဲ့လို့ ဝမ်းသာခဲ့မိတာ မှားများမှားနေပြီလားမသိ။

× × ×

"ငိုင်လှချည်လား အေးမောင်ရ၊ ဘာတွေစဉ်းစားနေတာလဲကွ"

ဆရာက ရုတ်တရက်မေးလိုက်လို့ ကျွန်တော်လန့်သွားမိ



တယ်။ ဟုတ်တယ်လေ။ ကျွန်တော်က ဆရာနဲ့မိတို့အကြောင်း စဉ်းစားနေတုံးကြီးကိုး။

"ဘာမှမဟုတ်ပါဖူးဆရာ"

လို့ပြောပြီး ကျွန်တော် ကယောင်ကတမ်းနဲ့ လက်ဖက်ရည်ပန်းကန်ကိုယူပြီး မော့သောက်မယ်လုပ်လိုက်ပြီးမှ ရှက်သွားမိတယ်။ ပန်းကန်ထဲမှာ လက်ဖက်ရည်မှမရှိတော့တာ။ ဆရာက ပြုံးလိုက်တယ်။

"ဘာတွေဖြစ်နေတာလဲကွ၊ အယောင်ယောင်အမှားမှားနဲ့"

"မဖြစ်ပါဖူးဆရာ"

ကျွန်တော်လဲ အရှက်ပြေသဘောမျိုးရေနွေးကြမ်းပန်းကန် ငှဲ့ပြီး သောက်နေလိုက်ရတယ်။

"ဘာမှ မဖြစ်ဖူးသာဆိုတယ်၊ မင်းကြည့်ရတာတမျိုးပဲကွ"

ကျွန်တော့်ဆရာကို ဘာပြန်ပြောရမှန်းမသိ။ ကျွန်တော် ဘာမှ မပြောတော့ ဆရာကထပ်ပြောပြန်တယ်။

"ဒီမှာအေးမောင်မင်းဆရာ့ကိုဘာမှအားမနာနဲ့၊ ကြောက်လဲမကြောက်နဲ့၊ ရဲရဲသာပြော"

"ခင်ဗျာ...."

"မင်း ဆရာ့ကို ပြောစရာတခုခုရှိနေတယ် မဟုတ်လား"

ဆရာ့ကို ဖြတ်ကနဲ လှမ်းကြည့်မိတယ်။ ဆရာကလဲ ကျွန်တော့်ကို ခပ်တည်တည် စိုက်ကြည့်နေတယ်။ ကျွန်တော်လန့်သွာပြီ။ ဆရာဟာ တခုခုသိထားနှင့်ပြီလားမသိ။

"ပြောသာပြောပါကွာ၊ စိတ်ဆိုးစရာဖြစ်ယင်တောင် ဆရာ ဆိုးဖြစ်အောင် သတိထားပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ပါဘူး။ ဆရာ့ကို ကျွန်တော်မပြောရဲပါ။ မိန့်ပတ်သက်ပြီး ဆရာ့ကို ဖွင့်ပြောဖို့ဆိုတာ မဖြစ်နိုင်ပါဖူးလို့ စိတ်ထဲမှာ ထင်လာမိပြန်တယ်။

"ပြောစရာမရှိပါဖူးဆရာ၊ ဘာမှမဟုတ်ပါဘူး"

ခေါင်းငုံ့ထားယင်းကပဲ ပြောမိတယ်။

"မင်းဆရာ့ကို ညာနေတာလားကွ"

ဆရာ့လေသံကတမျိုးပဲ။ ဆရာ စိတ်ဆိုးသွားသလားလို့ စိုးရိမ်ပြီး မရဲတရဲကြည့်မိတယ်။ ဆရာ့မျက်နှာက တည်နေတယ်။ ဆရာက သူ့ကို လိမ်တာ မကြိုက်ဖူးလို့ဆိုတယ် မဟုတ်လား။ သို့ပေမယ့် "ကျွန်တော် မပြောချင်ဖူးဆရာ"လို့ အသံတုန်တုန်နဲ့ ပြန်ပြောမိတယ်။ ဆရာက ကျွန်တော့်ကို သနားသွားလို့လား။ မျက်နှာထားကို လျှော့ချလိုက်ပြီး....

"ကဲ....မင်းပြောရမှာခက်နေယင် ဆရာပဲပြောမယ်"

ဆရာက ကျွန်တော်ပခုံးကို လှမ်းပုတ်လိုက်တယ်။

"ဒီမှာအေးမောင်၊ မင်းအခုလုပ်ချင်နေတဲ့ကိစ္စကို ဆက်သာလုပ်။ ဆရာခွင့်ပြုတယ်"

"ခင်ဗျာ...."

ကျွန်တော် အရမ်းအံ့ဩသွားတယ်။ တကိုယ်လုံးလဲ တုန်ပြီး ဖိန်းကနဲဖြစ်သွားတယ်။ အထစ်ထစ်အငေါ့ငေါ့....

"ဆရာ....ဆရာ....အဲဒီဟာ သိနေပြီလား၊ ဘယ်လို"

ဆရာက တချက်ပြုံးလိုက်ပြီး....

"သိတာပေါ့ကွ၊ ငါဟာ မင်းဆရာပဲဟာ၊ တပည့်ဆိုတာ ဆရာ့ရဲ့မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး နေတတ်သလို ဆရာဆိုတာလဲ တပည့်ကို အရိပ်တကြည့်ကြည့်နေရတာပဲ မဟုတ်လား၊ မင်းမှာ ဘယ်လိုဆန္ဒမျိုးတွေ ဖြစ်နေတယ်၊ ဘာအခက်အခဲတွေနေတယ်ဆိုတာ ဆရာ အမြဲတမ်း အကဲခတ်နေခဲ့တာပဲ"



ကျွန်တော်ဝမ်းနည်းသလို ဖြစ်သွားမိတယ်။ ဆရာက ကျွန်တော့်ကို ဒီလောက် ဂရုစိုက်မှန်းသိရလို့ပါ။ ဆရာကခွင့်ပြုတယ်ဆိုလို့လဲ ဝမ်းသာမိတယ်။ ဝမ်းနည်းဝမ်းသာ ဖြစ်ရလို့ ကျွန်တော့်ရင်ထဲက စကားတွေ ဖွင့်ပြောဖြစ်လိုက်ပါတယ်....

'ဆရာရယ် ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဆရာက မျက်နှာသာပေးလို့ ကမ်းတက်တဲ့သဘော မဟုတ်ပါဘူး၊ ကျွန်တော် အပျော်သဘောထားတာလဲ မဟုတ်ပါဘူး၊ တကယ်လေးလေးနက်နက် စဉ်းစားပြီးမှ ဆုံးဖြတ်ချက်ချခဲ့တာပါ။ ကျွန်တော် သူ့အပေါ်မှာ တကယ်ရိုးသားတဲ့ မေတ္တာနဲ့...."

"ဟေ"

ဆရာမျက်နှာဟာ အရမ်းအံ့ဩသွားသလို ဖြစ်သွားတယ်။

"ဘာ....ဘာပြောတယ်၊ ဆရာမင်းကိုပြောတာက အဲဒါ မဟုတ်ဘူး၊ မင်း တခါပြောဖူးတဲ့ မင်းတို့ရပ်ကွက်ထဲမှာ မင်းကိုယ်ပိုင် ကျူရှင်ကလေး ထောင်ချင်တယ်ဆိုတဲ့ ကိစ္စကို ခွင့်ပြုတယ်လို့ပြောတာ...."

"ခင်ဗျာ....ဟာ... ဆရာ....ကျွန်တော်....ကျွန်တော်"

မှားပြီ။ ကျွန်တော်သွားပြီ။ ကျွန်တော် အရမ်းရှက်သွားတယ်။ ဆရာ့ကိုလဲ တခုခုပြစ်မှားမိသလို ခံစားရတယ်။ ကျွန်တော် ထရပ်လိုက်တယ်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လှည့်ထွက်လာခဲ့တယ်။ 'ဟေ့၊ အေးမောင်'လို့ လှမ်းခေါ်လိုက်တဲ့ ဆရာ့အသံကြားရတယ်။ ကျွန်တော် မရဲတရဲ လှည့်ကြည့်ဘယ်။ ဆရာက ကျွန်တော့်ကို ခပ်တည်တည် စိုက်ကြည့်နေရာက....

"ခင်းပြောတဲ့ကိစ္စကိုလဲ ဆရာမကန့်ကွက်ပါဖူးကွ"

"ဆရာက ပြုံးလိုက်တယ်။ ကျွန်တော်ကတော့ မပြုံးဘူး။ မပြုံးနိုင်သောက်အောင်ကို အံ့သြဝမ်းသာသွားလို့ပါဗျာ။

* * *

ဒီတော့ကာ....

ခုချိန်မှာ ကျွန်တော့်အနေနဲ့ ဖွင့်ပြောမယ်ဆိုယင် ပြောလို့ရသွားပြီပေါ့။ ဆရာမြင့်က မကန့်ကွက်ဖူးလို့ဆိုတယ် မဟုတ်လား။ သို့ပေမယ့် တမျိုးကြီးပဲပေါ့။ ဘယ်လိုမှန်းတော့မသိ။ ဆရာ့တူမဖြစ်တဲ့ မိကို ကျွန်တော်က ကြိုက်နေတဲ့အကြောင်း ဆရာကသိနေတယ်ဆိုတော့၊ ဒီမျက်နှာတွေကလဲ နေ့တိုင်းကြီးမြင်နေကြရတာမဟုတ်လား။ သိပ်မျက်နှာပူဖို့ကောင်းတာပဲ။ ကျွန်တော်ဖြင့် အဲဒီနောက်ပိုင်းရက်ဘွေမှာ သိပ်စကားမပြောဖြစ်အောင် နေမိဘယ်။ ဆရာနဲ့ မျက်နှာချင်းဆိုင်မိတဲ့အခါ အားနာသလိုကြီး ဖြစ်နေရလို့။

မိအပေါ်မှာလဲ ဒီလိုပဲ။ သူကတော့ ဘာမှမသိသေး



လူဆိုတော့ ကျွန်တော့်ကို ခါတိုင်းလို ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံနေဆဲပဲ။ ကျွန်တော်ကသာ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ သူနဲ့စကားပြောရတဲ့အခါ သူ့ကို စေ့စေ့မကြည့်ရဲပဲ ဖြစ်နေရပါတယ်။

ဒီနေ့လဲ ကျောင်းကို စရောက်ကထည်းက ဘယ်သူနဲ့မှ စကားဟဟ မပြောတော့ပဲ၊ အလုပ်ကိုသာ ဖိလုပ်နေလိုက်တယ်။ တကယ်ဆိုယင် အလုပ်က သိပ်များများရှိတာမဟုတ်။ ကောက်ပြီးသမျှ ကျောင်းလခတွေကို စာရင်းနဲ့ပြန်တိုက်ပြီး စစ်ဆေးဖို့ပဲရှိတယ်။ သိပ်ကြာကြာ လုပ်စရာမလိုဘူး။ သို့ပေမယ့် အဲဒါကိုပဲအချိန်ဆွဲပြီး အကြာကြီးလုပ်နေမိတယ်။ မိက 'ဘာကူလုပ်ပေးရအုံးမလဲ'လို့ လာမေးသေးတယ်။ ကျွန်တော်က 'ရပါတယ်'လို့သာပြောပြီး လုပ်မြဲလုပ်နေလိုက်တယ်။ သူ့ကို မော့တောင်မကြည့်ဖြစ်ပါ။ ခါတိုင်းလို စကားသိပ်မပြောတော့ပဲ အမူအရာတမျိုးပြောင်းနေတဲ့အတွက် သူ့စိတ်ထဲမှာ ထူးခြားချင် ထူးခြားနေမယ်။ သူ ဘယ်လိုထင်မလဲမသိ။

အဲဒီအချိန်မှာပဲ ဆရာစာသင်တာပြီးသွားဘယ်။ တခန်းလုံးမှာ ကျောင်းသားကျောင်းသူတွေရဲ့ အသံတွေ ဆူညံလာပြန်ဘယ်။ ကျောင်းသား ကျောင်းသူ လေးငါးယောက် ကျောင်းလခလာပေးကြဘယ်။ မိကပဲ လက်ခံလိုက်တယ်။ ဆရာက ကျောင်းခန်းနောက်ဘက်မှာရှိတဲ့ အိမ်သာဘက်ဝင်ပြီး ပြန်ထွက်လာတယ်။ ကျွန်တော်လည်း ခေါင်းငုံ့ပြီး စာရင်းစာက

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းထားပြီးသား စာရင်းကိုပဲ နောက်တခါထပ်ပြီးပေါင်းနေလိုက်ပါတယ်။

ဆရာက ကျွန်တော်တို့ထိုင်နေတဲ့ စားပွဲနားမှာလာရပ်ပြီး ရေနွေးကြမ်းတခွက် ငှဲ့သောက်တယ်။ ဆရာ ကျွန်တော့်ကို အကဲခတ်ကြည့်နေသလားမသိ။ ကျွန်တော်ကတော့ အလုပ်များနေတဲ့ဟန်မျိုးနဲ့ ဆရာ့ကိုမော့မကြည့်တော့ပဲ နေလိုက်ပါတယ်၊ ခဏကြာတော့ ဆရာက....

"အေးမောင်ရေ၊ ဆရာ အောက်ဆင်းလိုက်အုံးမယ်ကွာ"

"ဟုတ်ကဲ့ဆရာ" လို့ပြောပြီး ဆရာ့ကို မော့ကြည့်လိုက်တယ်။ ဆရာက ကျွန်တော့်ကိုတချက်စိုက်ကြည့်ပြီး ထွက်သွားတယ်။ ဆရာ့ကြည့်ပုံက တမျိုးပဲ။ အဓိပ္ပါယ်တခုခုပါတယ်လို့ ထင်ရဘယ်။ ကျွန်တော့်စိတ်ထဲကလည်း ထူးခြားတယ်လို့ပဲ ထင်မိတယ်။ ဘာကြောင့်ဆို ဆရာဟာ ခါတိုင်းလက်ဖက်ရည်ဆင်းသောက်ပြီဆိုယင် ကျွန်တော့်ကိုခေါ်နေကျ။ ဒီနေ့ကျမှ ဘာလို့မခေါ်ရတာလဲ။ ကျွန်တော် အလုပ်များနေတယ်ဆိုပြီး မခေါ်တာလား၊ မဖြစ်နိုင်။ ဒီအလုပ်က ခဏချထားခဲ့လို့လဲ ဘာမှအရေးမကြီး။

သားတော့။ ခုလောလောဆယ်မှာ ဆရာကခေါ်မသွားတဲ့ အတွက်ပဲဝမ်းသာရမလိုလိုထင်မိတယ်။ ဘာကြြောင့်ဆို ဆရာနဲ့ အတူတူ လက်ဖက်ရည် လိုက်သောက်ရမယ်ဆိုယင် မလွဲသာ မရှောင်သာပဲ စကားပြောရအုံးမယ်။ နှစ်ယောက်ထဲ လက်ဖက်ရည်သောက်ယင် က မျက်နှာပူရအုံးမယ်။ ခုတော့....အဲ—



ခုတော့ကော မျက်နှာမပူရတော့ဘူးလား။ တကယ်ဆိုယင် ပိုတောင်ဆိုးတယ်လို့ ပြောရမှာပါ။

ခုချိန် ကျောင်းခန်းထဲမှာ ကျွန်တော်နဲ့ မိနဲ့ နှစ်ယောက်တည်း ကျန်ခဲ့တယ် မဟုတ်လား။ အယင်ကလည်း ခုလို နှစ်ယောက်တည်း ကျောင်းခန်းထဲမှာ ရှိနေခဲ့ဖူးတာပါပဲ။ အဲဒီအခါတွေတုန်းကတော့ နည်းနည်းပါးပါး ရှုံးတိုးရှုန့်တန့် လောက် ဖြစ်ခဲ့ဖူးပါရဲ့။

ခုလောက်ထိတော့ တခါမှမဖြစ်ဖူးပါ။ တော်တော် အနေရ ခက်ပါတယ်။ သူ့ကို ကြည့်လဲ မကြည့်ရဲ။ စကားလဲ မပြောရဲ။ ဆရာထွက်သွားပြီးတဲ့နောက် သူနဲ့ ကျွန်တော် စကား တခွန်း နှစ်ခွန်းလောက်ပဲ ပြောဖြစ်သေးတယ်။ သူက ဒီနေ့ ကောက်လို့ ရတဲ့ ကျောင်းလခ ငွေလေးဆယ် လာပေးပြီးတော့ 'စာရင်း တွေ တခါတည်းလုပ်မလား' လို့ မေးတော့ ကျွန်တော်က 'ကိစ္စ မရှိဘူး၊ ကျွန်တော်ပဲ လုပ်လိုက်မယ်' လို့ ပြန်ပြောလိုက်တာ လောက်ပဲ ရှိတယ်။

သူဟာ ဆရာ့တူမ ဖြစ်ပေမယ့် လုပ်ငန်းနဲ့ ပတ်သက်ယင် ကျွန်တော့် စကားကို နားထောင်ရတယ်။ တကယ် ဆိုယင် သူက ငွေကိုင်သင့်တာပေါ့။ သို့ပေမယ့် ဆရာက ကျွန်တော့် ကိုပဲ ငွေသိမ်းခိုင်းတယ်။ အပြီးသတ် စာရင်းကို ကျွန်တော်ပဲ လုပ်ရတယ်။ မိကိုတော့ အကူသဘောလောက်ပဲ ခိုင်းတာ တယ်။ ဆရာ့ အနေနဲ့က သူ့တူမ ရောက်လာလို့ ကျွန်တော့် ရဲ့ အခွင့်ကို လျှော့ချတာယ်လို့ ထင်မှာ စိုးလို့နဲ့ တူတယ်။ ကျွန်တော့် အနေနဲ့ကတော့ ဘယ်လိုနေရမှာတာ့သား ကျေ

www.burmeseclassic.com

www.burmeseclassic.com



နှပ်ပါတယ်။ တကယ်ဆို မိဆိုတာကလဲ တခြားလူမှ မဟုတ်ပဲ မိကလဲ ကျွန်တော့်လိုပါပဲ။ ငါ့ဦးလေးရဲ့ကျောင်းဆိုပြီး ထင်သလို မလုပ်ဘူး။ ကျွန်တော့်ကို မေးပြီး ကျွန်တော်က ခွင့်ပြုမှ လုပ်တယ်။ ကျွန်တော့်ကို ဦးစားပေးတဲ့ သဘော။

ခုလဲ ကျွန်တော်က ကိုယ့်ဘာသာလုပ်မယ်လို့ ပြောလိုက်တော့ သူ ဘာမှ မပြောတော့။ 'ကူစရာရှိယင် ပြောနော်' လို့သာ ပြောပြီး စာအုပ်တအုပ်ကို ဖတ်နေလိုက်တယ်။ သူ့စိတ်ထဲကတော့ ကျွန်တော်ဟာ အလုပ်ရှုပ်နေလို့ သူနဲ့ သိပ်စကားမပြောတာလို့ ထင်မလား။ စိတ်အခန့်မသင့်စရာ တခုခုကြုံလို့ ဘယ်သူနဲ့မှ စကားမပြောချင် ဖြစ်နေတာလို့ ထင်မလား။ ဒါမှမဟုတ် ကျွန်တော့်စိတ်ထဲမှာ ရှိနေတဲ့အကြောင်းအရာတွေကို သူ ရိပ်မိလို့ နေလိမ့်မလား။ အဲဒီလို ရိပ်မိနေမယ်ဆိုယင် သူကတော့ ဖတ်နေတဲ့ စာအုပ်ထဲမှာ စိတ်ဝင်စားနိုင်ပါ့မလား။ သူ့ဘက်ကို မသိမသာ ငဲ့ကြည့်လိုက်တော့၊ စာအုပ်ကို ဖွင့်လျက်သား စားပွဲပေါ်မှာ မှောက်ဘင်ထားတာတွေ့ရတယ်။ပြီးတော့ သူ ကျောက်သင်ပုံးဆီ ငေးကြည့်နေတယ်။ ကျွန်တော်လဲ ကျောက်သင်ပုံးဆီ လိုက်ကြည့်မိပြန်ရော။ ကျောက်သင်ပုံးပေါ်မှာ ဘာမှ ရေးမထားပါ။ ပြောင်နေအောင် သုတ်ထားပြီးသား။ အမှန်က သူစာဖတ်နေယင်း မျက်စိညောင်းလို့ စာအုပ်ခဏချထားတာ ဖြစ်ရမယ်။

ခဏကြာတော့ သူလဲ စာအုပ်ကို ပြန်ယူပြီး ဖတ်နေတယ်။ ကျွန်တော်လဲ စာရင်းတွေ ပြန်ပေါင်းနေလိုက်တယ်။ ပေါင်းလို့ ပြီးသွားတော့လဲ ဒီအတိုင်းကြီး ထိုင်နေရမှာ ကြောင်တာနဲ့



မပြီးသေးတဲ့ ပုံစံမျိုး၊ ဟိုခြစ် ဒီခြစ် လျှောက်ရေးနေမိတယ်။ အောက်ဆင်းပြီး လက်ဖက်ရည်ဆိုင် လိုက်သွားယင် ကောင်းမလားလို့ စဉ်းစားမိသေးတယ်။ သို့ပေမယ့် ဆရာနဲ့တွေ့ယင် မျက်နှာပူရအုံးမယ်ဆိုပြီး မသွားချင်တော့ပြန်ပါ။

အခန်းထဲမှာ ထူးထူးခြားခြားငြိမ်သက်တိတ်ဆိတ်နေတယ်။ ဘယ်လောက်ထိ တိတ်ဆိတ်နေသလဲဆိုတော့ သူ့စာတမျက်နှာဖတ်ပြီးလို့ နောက်တမျက်နှာကို လှန်လိုက်တဲ့ အသံကို ရှဲကနဲ နေအောင် ကျယ်ကျယ်လောင်လောင် ကြားနေရတယ်။ ကျွန်တော် စာရွက်ပေါ်မှာ ဟိုခြစ်ဒီခြစ် လျှောက်ရေးလိုက်တဲ့အခါ၊ ဖောင်တိန်နှစ်နဲ့ စာရွက်နဲ့ခြစ်ဆွဲတဲ့ အသံဟာ တဂျစ်ဂျစ် မြည်နေသလိုပဲ။

အခန်းထဲမှာ အရမ်းတိတ်ဆိတ်နေတော့ ကျွန်တော့် စိတ်ထဲမှာ ကယောင်ချောက်ချား ဖြစ်လာတယ်။ ဒီနေ့အဖို့ တခုခု ဖြစ်မလား မသိ။ ခုန ဆရာမြင့် ကျွန်တော့်ကို စိုက်ကြည့်သွားတာဟာ၊ တစုံတရာ တိုက်တွန်း အားပေးသွားတာလားလို့ ထင်လာမိပြန်တဲ့ အချိန်မှာ....

သူ စာအုပ်ကို စားပွဲပေါ် ဖုတ်ကနဲ ပစ်ချလိုက်တဲ့ အသံကြောင့် ကျွန်တော် ဆတ်ကနဲ တုန်သွားမလောက် လန့်သွားမိတယ်။ သူ ထရပ်လိုက်ပြီး ကျောင်းခန်း နောက်ဘက်ကို လျှောက်သွားတယ်။ ခုံတန်းတွေကြားထဲက သူလျှောက်သွားပုံကို ကျွန်တော်လှမ်းကြည့်နေမိတယ်။ ကျောင်းခန်းတခုလုံးမှာ သူ့ခြေသံတရှပ်ရှပ်က ပဲ့တင်ထပ်သံတွေလို ထင်မိတယ်။ မှသူ နောက်ဘက် အခန်းထဲဝင်သွားပြီးတဲ့အခါ ကျွန်တော်

www.burmeseclassic.com



စိတ်တွေအရမ်းလှုပ်ရှားလာတယ်။ ယောက်ယက်ခတ်နေတာပဲ။ ဘာလုပ်ရမလဲ။ ကျွန်တော် ဘာလုပ်ရမလဲ။ တခုခုတော့ လုပ်လိုက်မှ ဖြစ်မယ်လို့ ကျွန်တော့် စိတ်ထဲက ဆန္ဒပြင်းပြနေမိတယ်။

မတ်တတ် ထရပ်လိုက်တယ်။ ကျောက်သင်ပုန်းဆီ လျှောက်သွားတယ်။ မြေဖြူခဲကို ယူတယ်။ ကျောက်သင်ပုန်းပေါ်မှာ....

မိ ကို ကျွန်တော် ချစ်တယ်။

ကျွန်တော့်ကို လက်ခံနိုင်ယင် ဒီစာကို ဖျက်ပစ်လိုက်ပါ။

* * *



ကျွန်တော် မှားသွားပြီ ထင်တယ်။

ကျွန်တော်လုပ်လိုက်ပုံက တဘက်သတ် အနိုင်ယူရာကျတယ်။ မတရားအကျပ်ကိုင်ရာကျတယ်။ ကျွန်တော့်ကို တကိုယ်ကောင်းဆန်တဲ့လူ.... တဘက်သားကို အခွင့်အရေးမပေးပဲ၊ ကိုယ်လိုချင်တာ တခုပဲ နားလည်တဲ့ လူလို့ သူ ထင်သွားပေတော့မယ်။

စဉ်းစားကြည့်။ ကျောက်သင်ပုန်းပေါ်မှာ ကျွန်တော် ရေးခဲ့တာက ကျွန်တော့် အချစ်ကို လက်ခံယင် အဲဒီ စာကို ဖျက်ပစ်လိုက်ပါတဲ့။ သူက ကျွန်တော့်ကို မချစ်နိုင်လို့ အဲဒီစာကို မဖျက်ပဲထားယင်ဆရာမြင့်ပြန်ကက်လာ ကဲ့အ[illegible] တာ့မှာပေါ့။ ဘာပဲဖြစ်ဖြစ် မိန်းကလေးဆိုတာ [illegible] ရှုမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှက်တတ်ကြတာပဲ။ ဆရာမြင့်ကို ဘယ်တွေ့စေချင်ပါမလဲ။ ကောင်းပြီ။ ဒီတော့ အဲဒီစာကို ဖျက်ပစ်မလား။ ဖျက်ပစ်ယင်လဲ ကျွန်တော့်ကို လက်ခံရာ ကျသွားမှာပေါ့။ နောက်ပြီး သူတာ ကျွန်တော့်အပေါ် လက်ခံနိုင်တဲ့ စိတ်ထားမျိုး ရှိနေယင်တောင် မိန်းကလေးတယောက်အနေနဲ့ ချက်ချင်းကြီး ဘယ်အဖြေပေးချင်ပါ့မလဲ။

သူဟာ အဲဒီစာကို တွေ့လိုက်ရတဲ့ အချိန်မှာ ဘာလုပ်လို့ လုပ်ရမှန်း မသိအောင် တော်တော် စိတ်ရှုပ်သွားရှာမှာပဲ။ ကျွန်တော့်ကိုလဲ တော်တော် စိတ်ဆိုးသွားလိမ့်မယ်ထင်တယ်။ ကျွန်တော့် လုပ်ပုံကလဲ ဟုတ်မှ မဟုတ်ပဲ။ တကယ် မညာမတာ ပြောရမယ် ဆိုယင်၊ ကျွန်တော့် လုပ်ရပ်ဟာ မတရားရုံတင် မက၊ ကြောင်လဲ ကြောင်တယ်၊ အောက်တန်း ကျတယ်လို့တောင် သူ ထင်သွားမလား မသိ။

ကျွန်တော့်ကိုက အသုံးမကျပါဘူး။ သိပ် ဆန္ဒလောကြီးတတ်လွန်းတယ်။ တကယ်ဆိုယင် ဖြစ်လာနိုင်တဲ့ ပြဿနာတွေကို စဉ်းစားပြီးမှ ဆင်ဆင်ခြင်ခြင် လုပ်သင့်တာပေါ့။ ခုတော့ ကျွန်တော့်ရဲ့ ရှေ့လောကြီးမှုကြောင့်ဒုက္ခတွေများကုန်ရတော့မယ် ထင်တယ်။

ကျွန်တော်ဟာ သူ့ကို ခုလို အကျပ်ကိုင်ပြီး ကိုယ်လိုချင်တဲ့ အဖြေကို ဇွတ်ဆွဲယူဖို့ စိတ်ကူး မရှိခဲ့ပါ။ ရှိလို့လဲ မရပါ။ အ... ဆိုတာ အဓမ္မနည်းနဲ့ ရယူလို့ ဖြစ်တာမှ မဟုတ်ပဲ။ စိတ်... အရှမ်းလှုပ်ရှားပြီး ဘာလုပ်ရမှန်း မသိလို့ မရည်ရွယ်ပဲနဲ့ ခုလို ဖြစ်သွားရတာပါလို့ သူ သိစေချင်လိုက်တာ။ ပြောပြ



ပြီး တောင်းပန်ချင်တယ်။ သို့ပေမယ့် ခုချိန်လောက်ဆို သူဟာ ကျွန်တော့်ကို အထင်သေးပြီး မုန်းနေနှင့်ရော့မယ် ထင်ပါရဲ့။

* * *

အဲဒီနေ့တုန်းက အဖြစ်အပျက်ကို ပြန် စဉ်းစားမိတယ်။ ကျောက်သင်ပုန်းပေါ်မှာ ဒါကိုရေးပြီးတာနဲ့ အောက်ကို... တည်း ပြေးဆင်းမိတော့တာပဲ။ လှေကားတဆစ်ချိုးရောက်မှ ရပ်လိုက်တယ်။ အပေါ်ထပ်နဲ့ လှေကားရဲ့ အလယ်တဆစ်ချိုး ဘာမှ မဝေးပါဘူး။ အလွန်ဆုံးရှိမှ လှေကားအထစ်နှစ်ဆယ်။ သို့ပေမယ့် မိုင်ပေါင်းများစွာ မရပ်မနား ပြေးလွှားခဲ့ရသလို အရှမ်းမောနေတယ်။ ကျွန်တော်ရေးခဲ့ရတာ စာလေး နှစ်ကြောင်းထဲ။ သို့ပေမယ့် စွယ်စုံကျမ်းအတွဲ အားလုံးကို ဆက်တိုက် ကူးရေးခဲ့ရသလို ပင်ပန်းနွမ်းနယ်နေတယ်။ ကျွန်တော်... ဆိုင်ခဲ့ရတာ မြေဖြူခဲလေးတချောင်း။ သို့ပေမယ့် တန်ချိန်များစွာ လေးလံတဲ့ဝန်ကို ထမ်းခဲ့ရသလိုပဲ။ ကျွန်တော့် တကိုယ်လုံး ချွေးတွေ ရွှဲနစ်နေတယ်။ တကယ်တော့ အဲဒီဒဏ်တွေ အားလုံးကို ခံခဲ့ရတာက ကျွန်တော့်စိတ်။ ကျွန်တော်ဟာ စိတ်တွေ အရှမ်းလှုပ်ရှားခဲ့ရတာကိုး။

နောက်ပြီး ခုလို အောက်ထပ်ကို ရှောင်ထွက်လာတဲ့အတွက် အဲဒီစိတ်ပင်ပန်းမှုကနေ လွတ်မြောက်ပြီလား။ သ...လာရာရပြီ

www.burmeseclassic.com

www.burmeseclassic.com



လား။ မဟုတ်သေးပါ။ ကျွန်တော်အောက်ထပ်ကို ဆက်ဆင်းသွားပြီးယင် ဘယ်ကိုသွားရမလဲ။ ဆရာမြင့်ဆီကို သွားရမယ်။ ဆရာမြင့်ကို ရှောင်ချင်ယင် လက်ဖက်ရည်ဆိုင်ရှိတဲ့ ညာဘက်ကို မချိုးပဲဗယ်ဘက်ချိုးပြီးလစ်ထွက်မှရမယ်။ သို့ပေမယ့်မဖြစ်သေး။ ဆရာမြင့်နဲ့ မတွေ့ပဲ ပြန်သွားလို့မှ မရတာ။ ငွေသိမ်းထားတဲ့ အံဆွဲသော့က ကျွန်တော့်ဆီမှာ။

ခုမှ ကျွန်တော့်အတွက် တကယ့်ပြဿနာဆိုတာ တွေးမိတော့တယ်။ ညှပ်ပူးညှပ်ပိတ်ဖြစ်နေပြီပဲ။ အပေါ်ပြန်တက်ယင်လဲ မိနဲ့ မျက်နှာချင်းဆိုင်ရမှာ မရဲဘူး။ အောက်ဆင်းပြီး ဆရာနဲ့ သွားတွေ့ယင်လဲ ကိုယ့်ဘာသာ လိပ်ပြာမလုံပဲ မျက်နှာထားတတ်မှာ မဟုတ်ဘူး။ အဲဒီလိုနဲ့ လှေကားတဝက်လောက်မှာ အခတ်ကြာအောင် ရပ်နေမိတယ်။ ကြာကြာရပ်နေလို့လဲ မဖြစ်သေးပါ။တကယ်လို့ဆရာမြင့်ပြန်တက်အလာတွေ့သွားယင် ဘာလုပ်နေတာလဲဆို အခက်။

ကျွန်တော် တခုခုကို ရွေးရမယ်။ အပေါ်တက်မလား။ အောက်ဆင်းမလား။ ခုလို တို့လို့တန်းလန်း ရပ်နေလို့တော့ မဖြစ်ဘူး။ မိနဲ့ ပြန်တွေ့ဖို့ဆတော့ မဖြစ်နိုင်။ ဒါကြောင့် အရဲစွန့်ပြီး အောက်ဆင်းခဲ့တယ်။ လက်ဖက်ရည်ဆိုင်ကို သွားတယ်။ နည်းနည်းတော်သွားတာက ကျွန်တော် လက်ဖက်ရည်ဆိုင်နားအရောက်မှာ ဆရာမြင့်ကလဲ ဆိုင်ကအထနဲ့ သွားဆုံတယ်။ ဆရာမြင့်က....

"လက်ဖက်ရည် အောက်အုံးမလား"



"မသောက်တော့ဘူး ဆရာ။ ကျွန်တော်အိမ်မှာ လုပ်စရာလေးရှိလို့ပြန်မလို့ဆရာ"

"အေး....ပြန်လေကွာ။ အော်....ဒါနဲ့ မင်းကိစ္စ ပြီးခဲ့ရဲ့လား"

ကျွန်တော် 'ခင်ဗျာ'လို့ ယောင်ပြီး လန့်မိတော့မလို့။ နောက်....ဆရာမေးတာက စာရင်းတွေ လုပ်ပြီးပြီလားလို့မေးကြောင်း သတိရလိုက်တော့မှ....

"ပြီးပြီဆရာ၊ ငွေတွေတော့ အံဆွဲထဲထည့်ပြီး သော့ခတ်ပစ်ခဲ့တယ်။ စာရင်းတွေလဲ အံဆွဲထဲမှာပဲ။ သော့....ဒီမှာဆရာ"

လို့ ပြောပြီး ဆရာ့လက်ထဲ သော့ထည့်ပေးခဲ့ပြီး အမြန်ထွက်လာခဲ့ရတယ်။

နောက်တနေ့မှာ ကျွန်တော့်ထပ်ပြီး အခက်တွေ့ရပြန်တယ်။ ဘာလဲဆိုတော့ ကျောင်းကို မသွားရဲတဲ့အကြောင်းပဲ။ ကျွန်တော် ထွက်လာခဲ့ပြီးတဲ့နောက် ကျောင်းမှာ ဘာတွေ ဖြစ်ကျန်ခဲ့သလဲမသိ။ မိက ကျွန်တော်ရေးခဲ့တဲ့စာကို မဖျက်ပဲ ထားလိုက်မလား။ ဆရာက တွေ့သွားပြီး ကျွန်တော့်ကို စိတ်ဆိုးနေမလား။ ဘာပဲဖြစ်ဖြစ် ကျောင်းကိုသွားပြီး ဆရာတို့ မိတို့နဲ့ မျက်နှာချင်း မဆိုင်ရဲတာတော့ အမှန်ပါ။

မတတ်နိုင်။ လမ်းထိပ် လက်ဖက်ရည်ဆိုင်ကနေ ဆရာ့အိမ်ကို လှမ်းဆက်လိုက်ရတယ်။ ကျွန်တော်နည်းနည်း နေမကောင်းလို့ ခိုနေမဖော်ယင် ဖြစ်မလားလို့ မေးကြည့်တယ်။ ဆရာကတော့ ခွင့်ပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အေး....နေမကောင်းယင် မလာနဲ့လေကွာ။ နက်ဖြန်လဲ ကိစ္စမရှိဘူး။ နေ့ကောင်းမှလာ၊ မကောင်းသေးယင် မလာနဲ့။ သန်ဘက်ခါတော့ လာဖြစ်အောင်လာခဲ့ပါကွ။ ဘာဖြစ်လို့လဲ ဆိုတော့ သန်ဘက်ခါ သုံးဆယ်တစ်ရက်နေ့ မဟုတ်လား၊ မင်းကို ဆရာ လခထုတ်ပေးချင်လို့။ အဲ....မလာနိုင်လဲ ကိစ္စမရှိပါဘူး ကွာ။ ဆရာတယောက်ယောက် ပို့ခိုင်းလိုက်မယ်"

ကျွန်တော် ဆရာ့ကို အားနာသွားတယ်။ ကျွန်တော်က ဘာမှ မဖြစ်ပဲနဲ့ နေမကောင်းဘူးလို့ ညာနေပေမယ့် ဆရာ ကတော့ ကျွန်တော်လခထုတ်ဖို့ကိစ္စကို သတိတရနဲ့ ပြောနေ တယ် မဟုတ်လား။ ဒါကြောင့်....

"ရပါတယ်....ဆရာ။ သန်ဘက်ခါထိမနေပါဘူး။ ကျွန်တော် နက်ဖြန်လာနိုင်မှာပါ"

လို့ ပြန်ပြောလိုက်ရတယ်။ တယ်လီဖုန်းထဲမှာတော့ ဆရာ့ လေသံက ထူးခြားမှု မရှိပါ။

* * *

ကျွန်တော့်အပြစ်နဲ့ ကျွန်တော် ခံရတာပါ။

ဖြစ်မှုတခုခု ကျူးလွန်ထားတဲ့ တရားခံတယောက်လိုပဲ။ ကိုယ့်အကြောင်းကို လူတွေရိပ်မိကုန်ပြီလားလို့ တထိတ်ထိတ် နေရတဲ့ အဖြစ်မျိုး မဟုတ်လား။



ကျွန်တော် ခွင့်တရက်ပဲယူတယ်။ နောက်တနေ့ ကျောင်းကို သွားတော့ မီကို မတွေ့ရပါ။ ဆရာမြင့်က ပြောတယ်။

"မနေ့ကကွာ၊ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ချင်တော့ မင်းကလဲ မလာ၊ အေးမီကလဲမလာ။ ငါတယောက်တည်းနဲ့ကျောင်းသား တွေနဲ့ ချာလပတ်ကိုလည်နေတာပဲ။ မင်းတို့နှစ်ယောက်ကလဲ တိုင်ပင်ထားသလား အောက်မေ့ရတယ်"

ကျွန်တော်ဆရာ့ကို မသိမသာ ဖြတ်ကနဲ ကြည့်လိုက်မိ ဆရာ ကျွန်တော့်ကို ထေ့လိုက်တာလားလို့ အကဲဖ မရဘူး။ ဆရာ့မျက်နှာက အပြောင်းအလဲ မရှိ။

"အေးကွာ၊ ဒီကောင်မလေး ဒီနေ့လဲ မလာဘူး။ နေ မကောင်းလို့လား၊ ဒါမှမဟုတ် ငါ့ကိုပဲ တခုခုစိတ်ဆေ သွားတာလား မသိဘူး၊ ညနေ သူတို့အိမ်ဘက်လှည့်သွား ထင်ပါရဲ့"

ဆရာ့အာနေနဲ့ တကယ်ပဲ ဘာမှ မသိသေးတာလား။ သားနဲ့ ကျွန်တော် အနေခက်မှာစိုးလို့ မသိချင်ယောင်ဆော နေတာလား။ ကျွန်တော်ကတော့ မှုမပျက်အောင် တော်တော် သတိထား နေရတယ်။

နောက်တခုလဲ ကျွန်တော် စိုးရိမ်နေမိတယ်။ မီဟာ ကျွန် တော် ရေးလိုက်တဲ့စာကြောင့် ရှက်သွားလို့ပဲဖြစ်ဖြစ်၊ စိတ်ဆိုး သွားလို့ပဲဖြစ်ဖြစ် ကျောင်းကိုနောက်မလာတော့ယင် ပြဿနာ ပဲ။ ကျွန်တော်အတွက် မျှော်လင့်ချက်လုံးဝ ဝေးသွားပြီလို့ မယ်။ အဲဒီလို မှုပင်မိရာက ကျွန်တော့်ကို ကျွန်တော် ဘယ် နှစ်ကြိမ်မြောက်မှန်းမသိ အပြစ်တင်လိုက်မိပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သောင်းမော်ဇလဲ ကျွန်တော့်ကို အပြစ်တင်ခဲ့တာပါပဲ။ ကျွန်တော် ခွင့်ယူတဲ့နေ့က သူတို့နဲ့တွေ့တော့ ကျောက်သင်ပုန်းပေါ်က စာအကြောင်း ပြောပြလိုက်တယ်။ သောင်းမော်က ကျွန်တော့်ကို ဘွဲ့ရပြီးတဲ့ လူတယောက် ဖြစ်လျက်သားနဲ့ ဒီလောက်တောင် အစဉ်းစား အဆင်ခြင် ကင်းမဲ့ရသလား၊ ကလေးကလား အလုပ်တွေ လုပ်ရသလားလို့ ပြောတယ်။ ကျွန်တော်လုပ်ခဲ့တာဟာ အဆန်း ထွင်တာကလွဲပြီး ဘာမှ အနှစ်သာရ မရှိဘူး။ အကျိုးသက်ရောက်မှု မရှိဘူးလို့လဲဆိုတယ်။ ချစ်အေးကတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော် သူ့ကို ချစ်နေကြောင်း သူသိသွားပြီဖြစ်တဲ့အတွက် ဒါ အမြတ်ပဲလို့ ပြောပြန်ရော။

မြတ်ပဲမြတ်မလား။ ဟက်တက်ပဲကွဲမလားတော့ မသိ။ လောလောဆယ်တော့ သူ ကျောင်းကိုမလာတော့တာနဲ့ ကြုံနေရပါပြီ။ ဘာတွေဆက်ဖြစ်မလဲဆိုတာတော့ ကျွန်တော် မတွေးရဲသေး။

* * *

ဘာပဲဖြစ်ဖြစ်...သူ ကျောင်းကို ပြန်ရောက်လာခဲ့ပါတယ်။ သုံးရက်လောက် မလာပဲနေပြီးမှ ပြန်လာတာ။



သူဟာ ဆရာမြင့်တူမို့လားတော့ မဆိုနိုင်ပါ။ သူ့အမူအရာကို အကဲခတ်ရခက်လှတယ်။ သူရှက်နေသလား၊ စိတ်ဆိုးနေသလား ခွဲခြားလို့မရ။ ဆရာမြင့်လည်း သည်လိုပဲ။ သူကသာ ကျွန်တော့်အကြောင်းကို မပြောပဲနဲ့ သိသွားတတ်ပေမယ့် သူ့စိတ်ထဲမှာ ဘာရှိတယ်ဆိုတာတော့ အသိရခက်တယ်။ ဆရာကတော့ လူကြီးမို့ အတွင်းစိတ်ကို မျက်နှာအမူအရာပေါ်မှာ မထင်ဟပ်လာအောင် ထိန်းသိမ်းထားနိုင်တာဖြစ်ချင်ဖြစ်မယ်။ မိကျတော့ ဘယ်လိုလဲ။ သူဟာ ဟန်ဆောင်တတ်တဲ့ သူမို့လို့လား။ မဖြစ်နိုင်။

အကောင်းဆုံးကတော့ ကိုယ့်စိတ်နဲ့ နှိုင်းယှဉ်ကြည့်ဖို့ပဲလို့ထင်တယ်။ အဲဒါမှန်တယ်။ သူလဲ ကျွန်တော့်လိုပဲနေမှာပေါ့။ တကယ်လို့ ကျွန်တော်တို့ကိစ္စကို ဆရာမြင့်မသိသေးဘူးဆိုယင် ဆရာ့ရှေ့မှာ ဣန္ဒြေမပျက်အောင် သူနေရမှာပဲ။ ပြီးတော့... ကျွန်တော့်အပေါ်။ စိတ်ဆိုးနေသလား၊ မဆိုးဘူးလား၊ စိတ်ဝင်စားမှုရှိနေသလား၊ မရှိဘူးလား၊ ဒါတော့ သိနိုင်ဖို့ မလွယ်။ သူ့စိတ်ထဲမှာပဲ ရှိနေမယ့်ကိစ္စ။

တခုသေချာတာကတော့ သူဟာလဲ ကျွန်တော့်လိုအနေရခက်နေမှာပဲဆိုတာ။ ပြီးတော့ မိန်းကလေးဖြစ်တဲ့အတွက်ပိုပြီး ရှက်နေမှာပဲ။

ကျွန်တော် စိတ်သက်သာရာရသွားတဲ့ အချက်တချက်ကတော့ အခြေအနေဟာ ကျွန်တော်ထင်ထားသလောက် မဆိုးခဲ့တာကိုပါ။ စိုးရိမ်ခဲ့ရတာက အမြင်းအထန် ပေါက်ကွဲလိမ့်မယ်လို့။ ဆရာမြင့်ကလဲ ခုလိုလုပ်ရပါ့မလားခင်ဗျား ဆိုမယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကလဲ ပက်ပက်စက်စက်ပြောလိမ့်မယ်လို့ လန့်နေခဲ့တာ။ ခု ဒီလောက်ထိမဟုတ်။

အဲ...တခုရှိပြန်တာက အခြေအနေ မတင်းမာခဲ့တဲ့အတွက် လုံးဝ စိတ်အေးနေလို့မရသေးဘူး။ ဥပမာပြောရယင် ဆူညံလွန်းတဲ့အခါ အထိတ်တလန့်ဖြစ်ရသလို တိတ်ဆိတ်လွန်းတဲ့အခါမှာလဲ တစိမ့်စိမ့်တွေးပြီး ကြောက်ရသလိုမျိုးပေါ့။ ခုအခြေအနေက အေးစက်စက်ကြီး။ အချိန် အတော်ကြာအောင် ဇာတ်မျောနေမယ့် သဘောရှိတယ်။

သူနဲ့ကျွန်တော်ဟာ လိုအပ်တဲ့စကားလောက်ပဲ ပြောဖြစ်ကြတယ်။ အယင်လို ဟိုအကြောင်း ဒီအကြောင်းပြောတာတို့ နောက်ယင်းပြောင်ယင်း ရယ်မောမိကြတာတို့ မရှိသလောက်ပဲ။ ဆရာမြင့်ဟာ ခုချိန်မှာ ကျောင်းသားတွေ စာမေးပွဲနီးလာလို့ အလုပ်များနေတာကြောင့် ကျွန်တော်တို့ ခုလိုအနေအထိုင်မျိုး ဖြစ်နေတာ မရိပ်မိသေးတာဖြစ်မယ်။ ခုတိုင်းချည်း ဆက်သွားလို့ကတော့ တနေ့နေ့မှာ ဆရာလဲသိချင်သိလာမှာပဲ။

အဲဒီ သုံးယောက်ထဲမှာ ကျွန်တော်ဟာ ဒုက္ခအဖြစ်ဆုံးဆိုတာတော့ သေချာတယ်။ ကျွန်တော့်မှာ မိကိုအကဲခတ်ရ၊ ဆရာ့ကိုအကဲခတ်ရ။ စကားပြောမမှားအောင်၊ အမူအရာမပျက်အောင်နေရ။ ဒီကြားထဲမှာ ဟိုကိစ္စက ပဟေဠိလိုဖြစ်နေတယ်။

မိဟာ ကျောက်သင်ပုန်းပေါ်က စာကို ဘယ်လိုလုပ်ပစ်ခဲ့သလဲ။ ဖျက်သလား၊ မဖျက်ဘူးလား။ ဖျက်တာလဲမဖြစ်အောင် မဖျက်ပဲထားတာမျိုးလဲ မဖြစ်အောင် တခြားတနည်းနည်း



သုံးခဲ့သလား။ အဲဒီနည်းကတော့ ဘာလဲ။ ကျွန်တော် သိပ်သိချင်တယ်။ သို့ပေမယ့် သိခွင့်လဲမရ။ သူ့ကိုလဲမမေးရဲ။

ခက်တာက ကျွန်တော့်ဟာ့ဒီအရွယ်ဟာ ဆယ်ကျော်သက်အရွယ်တွေလို ရှက်ကြောက်ချင်တဲ့အခါ အရမ်းရှက်ကြောက်ပြီး တချို့နေရာတွေမှာ အလွန်ရဲရင့်လှိုလဲမရ။ အဲပြီးတော့... အသုံးဆယ်ကျော်သက်တွေလို အချစ်ကိုသိပ်အရေးမပါတဲ့ အစိတ်အပိုင်းကလေးလောက် သဘောထားဟန်ဆောင်ပြီး စကတည်းက လက်ထပ်ခွင့်ပေးဖို့က စပြောလို့လဲ မဖြစ်သေး။

တကယ်တော့ ကျွန်တော်ဟာ ကိုယ်ဆင်ခဲ့တဲ့ ဇာတ်ကွက်တခုထဲ ကိုယ့်ဘာသာကိုယ် မဖြေရှင်းနိုင်တော့တဲ့ လျှို့ဝှက်သည်းဖိုဇာတ်လမ်းရေးသူတယောက်လို ဖြစ်နေခဲ့ပါပြီ။ ဇာတ်ကြောင်းဟာ ရှေ့ဆက်ပြီး ဘာဖြစ်မယ်ဆိုတာ ကိုယ်ကိုယ်တိုင်တောင် မသိတော့ပါခင်ဗျား။

*　*　*

www.burmeseclassic.com



ကျွန်တော့်အတွက် ထွက်ပေါက်တခုလို့ ဆိုရမလားမသိ။ ကျွန်တော်အလုပ်တခု လုပ်ကြည့်ဖို့ ဖြစ်လာခဲ့တယ်။ ကျူရှင်အလုပ်ပါပဲ။ ကျွန်တော်တို့ မြို့နယ်ထဲမှာ စာမေးပွဲအနီးကပ်သင်တန်းတခု ဖွင့်ဖို့ကိစ္စပါ။

တနေ့...ကျွန်တော်ရယ်၊ သောင်းမော်ရယ်၊ ချစ်အေးရယ် စကားပြောကြယင်း အကြံတခုရလာတယ်။ ကျွန်တော်တို့သုံးယောက်ပေါင်းပြီး ကျူရှင်ကျောင်းကလေးတကျောင်းထောင်ယင် ကောင်းမယ်လို့။ ကျွန်တော့်အနေနဲ့တော့ အဲဒီစိတ်ကူးမျိုးရှိခဲ့တာ ကြာပါပြီ။ သူတို့ကိုလဲ ပြောပြခဲ့ဖူးပါတယ်။ အဲဒီနေ့ကမှ စကားစပ်မိကြတာ။



ကျွန်တော်တို့သုံးယောက်ဟာငယ်ငယ်ကတည်းက ခင်ခဲ့ကြတဲ့သူငယ်ချင်းတွေ။ ဆယ်တန်းကိုပြိုင်တူအောင်ပြီး တက္ကသိုလ်ရောက်ခဲ့ကြတယ်။ ကျွန်တော်က မြန်မာစာ၊ သောင်းမော်က သင်္ချာ၊ ချစ်အေးကရူပဗေဒ။ ဘွဲ့ရတော့လဲ တနှစ်တည်းပဲ။ တခုပဲကွာခြားတယ်။ အဲဒါက ဒီသုံးယောက်တည်းမှာ ကျွန်တော်တယောက်ပဲ ရည်းစားမရှိသေးတာ။ သောင်းမော်က ဝင်းဝင်းသိန်းနဲ့။ ချစ်အေးက သန်းသန်းနဲ့။

ဘွဲ့ရပြီးတဲ့နောက် ကျွန်တော်တို့ ကိုယ်စီကိုယ်ငှ အလုပ်ရှာကြတယ်။ ချစ်အေးက အရောင်းအဝယ် လုပ်ငန်းကို လုပ်ဖြစ်တယ်။ ကြီးကြီးကျယ်ကျယ်မဟုတ်။ ဟိုစပ်စပ်ဒီစပ်စပ်လောက်ပဲ ဖြစ်ဖြစ်မြောက်မြောက် ဝင်ငွေရတာလဲမဟုတ်။ သူ့အသုံးစရိတ်လောက်ပဲ ထာမိတယ်။

သောင်းမော်ကတော့တမျိုး၊ အလုပ်တခုခုလုပ်မယ်ဆိုယင် အရမ်းမလုပ်ဘူး။ လောမကြီးတတ်ဘူး။ အချိန်ယူတယ်။ အကွက်စေ့အောင် အယင်စိစဉ်တယ်။ ပြီးမှ လုပ်တတ်တယ်။ ပြီးတော့ သူ့အယူအဆက အလုပ်တခုကို စိုက်လိုက်မတ်တတ်လုပ်ချင်တယ်။ တခုလုပ်ကြည့်လိုက်၊ မဟန်ယင် နောက်တခုပြောင်းလိုက်၊ သိပ်မဟုတ်သေးယင် နောက်တခုလုပ်ကြည့်လိုက်နဲ့ဆိုယင် ဘယ်ဟာမှ မအောင်မြင်ပဲ ယောင်ခြောက်ဆယ်ဖြစ်သွားတတ်တယ်လို့ ယူဆထားတယ်။ ချစ်အေးကတော့ သောင်းမော်ကို လှောင်တတ်တယ်။

"ပိုင်မှလုပ်မယ်ဆိုပြီး စောင့်နေယင် ဘယ်တော့မှလဲ [illegible] မင်းဟာက လုပ်မလို့ချိန်နေတာနဲ့ပြီးနေတာပဲ" တဲ့

www.burmeseclassic.com



သောင်းမော်ကတော့သူ့အသူအဆကို မလျှော့ဘူး။ သူ့အစိုးရရုံးတရုံးမှာ အလုပ်လုပ်ချင်တယ်။ အလုပ်ခေါ်ယင် လျှောက်တယ်။ စာမေးပွဲတွေဝင်ဖြေတယ်။ ဘာမဆိုလုပ်မယ် ဆိုတာမျိုးတော့မဟုတ်။ သူ့စိတ်ကြိုက်ခတ္တတဲ့ အလုပ်မျိုးမှ လျှောက်ဖြစ်တာပါ။ သူတခါမှ အရွေးမခံရဘူး။ နှစ်ခါလား သုံးခါလားတော့ ရေးဖြေအောင်လို့ လူတွေ့စစ်ဆေးတဲ့အထိ ရောက်ခဲ့သေးတယ်။ သို့ပေမယ့် စစ်ဆေးတဲ့လူကြီးတွေက မေးတဲ့ မေးခွန်းတွေကို ဖြေချင်မှဖြေတယ်။ မဖြေတဲ့အပြင် တခါ တလေ သူကတောင် မေးခွန်းတွေ ပြန်ထုတ်လိုက်သေးတယ်တဲ့။ ကဲ...ဒီတော့ ဘယ်လိုလုပ်ပြီး အရွေးခံရပါ့မလဲ။

အဲဒီလိုအခြေအနေမျိုးမှာ ကျွန်တော်ကသုံးယောက်ပေါင်းပြီး ကျူရှင်ထောင်ဖို့ အကြံဉာဏ် ပေးလိုက်တာပဲ။ ချစ်အေးကတော့ ချက်ချင်းသဘောတူတယ်။ သောင်းမော်ကတော့ စဉ်းစဉ်းစားစားလုပ်တာကောင်းတယ်၊ လုပ်ပြီးမှ မအောင်မြင်ဘူးဆိုယင် ကိုယ့်အတွက်လဲ မကောင်းဘူး၊ လာတက်တဲ့ ကျောင်းသားတွေအတွက်လဲ နစ်နာတယ်လို့ ဆိုတယ်။

ကျွန်တော်ကတော့ အောင်မြင်မယ်လို့ပဲ ထင်နေတယ်။ ချစ်အေးကလဲ ဒီလိုပဲ ထင်တယ်။ ကျွန်တော်တို့နှစ်ယောက်က သောင်းမော်ကိုဝိုင်းပြီး တိုက်တွန်းကြတယ်။ ကျူရှင်လုပ်ယင်းနဲ့ အလုပ်စာမေးပွဲတွေလဲ ဝင်ဖြေပေါ့။ရယင်လဲ ဝင်လုပ်ပေါ့။အဲဒီ အခါ ရုံးချိန်နဲ့တိုက်တဲ့ ကျောင်းချိန်တွေကို ကျွန်တော်တို့ နှစ်ယောက်က မျှယူမယ်။ရုံးပိတ်ရက်နဲ့ ရုံးချိန်မဟုတ်တဲ့ အချိန်တွေမှာ သူဝင်သင်ပေါ့လို့ ပြောကြတော့ ဒီတော့ နည်းနည်း



စိတ်ပါလာတယ်။ သူကလုပ်မယ်ဆိုယင်လဲ ဖြစ်ပြီးရောဆိုပြီး အရော်ကမည်တော့ မလုပ်ချင်ဘူး။သေသေချာချာစနစ်တကျ စီစဉ်ပြီး လုပ်ချင်တယ်လို့ ပြောတယ်။ အဲဒါကိုတော့ကျွန်တော် နဲ့ ချစ်အေးကလဲ သဘောတူကြတယ်။

ကျွန်တော်တို့လဲ ဆရာမြင့်ကို ဖွင့်ပြောပြီး တိုင်ပင်ကြည့် တယ်။ ဆရာကလဲ ဝမ်းမြောက်ဝမ်းသာ အားပေးပါတယ်။ အကြံဉာဏ်လဲ ပေးတယ်။ ဆရာပြောတာက နောက်စာသင်နှစ် ထိ မစောင့်ပဲ ဒီနှစ်မှာပဲ စလုပ်ဖို့ပါ။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ နှစ်လမှာ စာမေးပွဲ အနီးကပ်သင်တန်း ဖွင့်ဖို့ ပြောတယ်။

"မင်းတို့ အရည်အချင်းကိုတော့ ယုံကြည်ပြီးသားပဲ၊ မင်း တို့ ကောင်တွေ စာသင်တတ်ကြလိမ့်မယ်၊ စာသင်ကောင်းကြ လိမ့်မယ်ဆိုတာ သေချာပါတယ်။ ဒီတော့ နောက်နှစ်အတွက် အချိန်ရအောင် အားယူတဲ့သဘောမျိုးနဲ့ ဒီအိပ်ဇမ်းစပယ်ရှယ် ကလပ်စ် ဖွင့်ခိုင်းတာပဲ၊ ကြိုးကြိုးစားစားလုပ်ယင် မအောင်မြင် စရာ မရှိပါဘူး၊ ဆရာလဲ တတ်နိုင်သလောက် ကူညီပါ့မယ်"

ကျွန်တော်တို့ သုံးယောက် အလုပ်များကြတော့တာပေါ့။ အရေးအကြီးဆုံးပြဿနာကတော့ ကျောင်းခန်းအတွက် နေရာ ရဖို့ရယ်၊ ထိုင်ခုံ၊ စားပွဲ၊ ကျောက်သင်ပုန်း၊မြေဖြူ စတဲ့ ပရိ ဘောဂတွေ ရှိဖို့ရယ်။ အဲဒါတွေအတွက် ကျွန်တော်တို့မှာ ငွေ ရှိ။ ဆရာမြင့်ဆီ အကူအညီတောင်းယင်တော့ ဖြစ်နိုင်တယ်။ သို့ပေမယ့် ထောင်ဂဏန်းလောက် ရှိမယ့် ငွေကို အကူအညီ တောင်းချင်ဘူး။ ပြီးတော့ မတော်တဆ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဟာ ခြေချော်လက်ချော် ဖြစ်သွားခဲ့ယင် ဒီငွေတွေ ဘယ်လိုလုပ် ပြန်ရပါမလဲ။

ကျွန်တော်တို့ တော်တော် ခေါင်းပူကြရတယ်။ ကျွန်တော်တို့ အိမ်တွေကလဲ ဒီလောက် ငွေထုတ်ပေးနိုင်ကြမှာ မဟုတ်။ နောက်မှ အကြံတခုသွားရတယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ဆရာတယောက် ရှိတယ်။ ခု ဆရာက လုပ်သက်ပင်စင်ယူပြီး အင်္ဂလိပ်စာကျူရှင်ကျောင်းကလေး ထောင်ထားတယ်။ ဆရာ့ကို အကူအညီတောင်းမယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။

ကျွန်တော်တို့ ဆရာဦးစိုးထွန်းဆီ သွားကြတယ်။ ကျွန်တော်တို့ရဲ့ အကြံကို ပြောပြတယ်။ ကျွန်တော်တို့ရဲ့ အခက်အခဲကို တင်ပြတယ်။ ဆရာနဲ့ အဆင်ပြေပါတယ်။ ဆရာဦးစိုးထွန်း ဆိုတာကလဲ ကျွန်တော်တို့ ကိုးတန်း ဆယ်တန်း နှစ်နှစ်ဆက်တိုက် သင်ခဲ့ရတဲ့ ဆရာ မဟုတ်လား။ တပည့်တွေ အပေါ် သံယောဇဉ် ရှိရှာတာပေါ့။

သူ့ ကျောင်းခန်းကို အသုံးပြုခွင့်ပေးမယ်လို့ ပြောတယ်။ အခန်းလခတွေ ဘာတွေလဲ ပေးစရာ မလိုဘူးတဲ့။ ဒါ့အပြင် တခြား အကူအညီလိုယင်လဲ ပေးမယ်လို့ ဆရာက ပြောတယ်။ ကျွန်တော်တို့ သိပ်ဝမ်းသာသွားကြပါတယ်။ ကျွန်တော်တို့မှာ ရှိနေတဲ့ နောက် ပြဿနာတခုပါ ပြေလည်သွားလို့ပါပဲ။ ဘာလဲဆိုတော့ အင်္ဂလိပ်စာသင်ဖို့ ကိစ္စ။ ကျွန်တော်တို့ သုံးယောက်ထဲက ဘယ်သူမှ အင်္ဂလိပ်စာ မသင်ချင်ကြဘူး။ မှန်လဲမှန်တယ် အင်္ဂလိပ်စာက တော်ရုံတန်ရုံတတ်သလောက်နဲ့ သင်လို့ဖြစ်တာ



မဟုတ်။ ဒီတော့ ဆရာဦးစိုးထွန်းကို အင်္ဂလိပ်စာ သင်ပေးဖို့ တောင်းပန်ကြည့်တယ်။ နှစ်လပဲ သင်ရမှာမို့ သိပ်အပန်းမကြီးနိုင်တဲ့အတွက် ဆရာက သဘောတူတယ်။

ကျောင်းနာမည်ကိုတော့ ဆရာဦးစိုးထွန်းရဲ့ ကျောင်းနာမည် 'ပညာဂုဏ်' ဆိုတာပဲ သုံးလိုက်တယ်။ သင်တန်းရဲ့ နာမည်ကိုတော့ 'အရေးပေါ်သင်တန်း' လို့ နာမည်ပေးလိုက်တယ်။

ပြီးတော့ ကျွန်တော်တို့ စတင် လှုပ်ရှားကြရတော့တယ်။ စာရွက်ကြီးတွေပေါ်မှာ ကြော်ငြာပိုစတာတွေရေးပြီး လက်ဖက်ရည်ဆိုင်တို့၊ ဘူတာရုံတို့၊ ဈေးအဝင်ဝ တို့မှာ လိုက်ကပ်၊ လိုက်ချိတ်ကြတယ်။ လက်ကမ်း ကြော်ငြာစာရွက်ကလေးတွေ ရိုက်ပြီး လိုက်ဝေရတယ်။

အဲဒီ ကိစ္စတွေလုပ်ဖို့ ဆရာမြင့်က ကျွန်တော့်ကို ခွင့်တပတ် ပေးလိုက်တယ်။ သင်တန်းဖွင့်တဲ့ အခါကျယင်လဲ ကျွန်တော် သင်ရမယ့် အတန်းရှိတဲ့ နေ့တွေမှာ ဆရာမြင့် ကျောင်းကို နောက်ကျမှ လာဖို့၊ စောပြီး ပြန်ဖို့လဲ ခွင့်ပြုတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ သင်တန်းဖွင့်ဖြစ်ခဲ့ကြတယ် ဆိုပါစို့။ အဲဒီလို စာမေးပွဲအနီးကပ်သင်တန်းမျိုးက ကျွန်တော်တို့ မြို့နယ် အတွင်းမှာ မရှိဖူးသေး။ ကျောင်းသား ကျောင်းသူတွေ လေးစားတဲ့ ဆရာကြီး တယောက်က ဦးဆောင်ပြီး လူငယ် ဆရာလေးတွေက တက်တက်ကြွကြွသင်ကြတဲ့အတွက် ကျောင်းသားမိဘတွေကပါ သဘောကျကြတယ်။

ကျောင်း စဖွင့်ပြီး ဆယ်ရက်လောက်အတွင်းမှာ ကျောင်းသားကျောင်းသူ သုံးဆယ်လောက်ရတယ်။ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်လိုနေရာမျိုးမှာ စဖွင့်ဖွင့်ချင်း လူ ဒီလောက်ရတာ နည်း
တယ်လို့ မဆိုနိုင်ဘူး။ အခြေအနေ မဆိုးဘူးလို့ ဆိုရမယ်။
ကျောင်းစဖွင့်တဲ့နေ့က စာသင်တဲ့အခါ အတွေ့အကြုံ မရှိသေးလို့
နည်းနည်း အခက်အခဲတွေကြုံတယ်။ နောက်တော့လဲ အဆင်
ပြေသွားကြပါတယ်။ ဘာပဲဖြစ်ဖြစ် ခုသင်တန်းဟာ ငွေရေး
ကြေးရေးအရ များများစားစား မရခဲ့ကြပေမယ့် နာမည်
တော့ ရလိုက်တယ်။ နောက်စာသင်နှစ်မှာ ကျောင်းဖွင့်မယ်ဆို
ဖွင့်လို့ ရလောက်တဲ့ ထောက်ခံမှုကိုလဲ ကျောင်းသားတွေဆီ
ကရော၊ ကျောင်းသားမိဘတွေဆီကပါ ရလိုက်တယ်။ ကျွန်
တော်တို့ အောင်မြင်တယ်လို့ ဆိုရမှာပါ။

စောစောတုန်းက ပြောခဲ့တဲ့ ကျွန်တော့်အတွက် ထွက်
ပေါက်တခု ဆိုတာက အဓိပ္ပာယ်နှစ်မျိုး ရပါတယ်။ ကျွန်တော်ရဲ့
ရည်မှန်းချက်ဖြစ်တဲ့ ကိုယ်ပိုင် ကျူရှင်ကျောင်း တကျောင်း
ထောင်ပြီး ကျူရှင်ဆရာလုပ်ဖို့ လမ်းစကို နင်းမိတာကတခု။
ပြီးတော့....ကျွန်တော်တို့ ကျောင်းနဲ့ပတ်သက်ပြီး လုံးပမ်းနေ
ရလို့ ဆရာမြင့် ကျောင်းမှာနေရတဲ့အချိန် နည်းသွားတယ်။
အဲဒီအခါ ဆရာမြင့်ကို မျက်နှာပူရတဲ့၊ မိရွှေ့မှာ အနေခက်ရတဲ့
အချိန်တွေလဲ လျော့သွားတယ်လို့ ဆိုရလိမ့်မယ်။ ဒါကြောင့်
ထွက်ပေါက်လို့ ဆိုရတာပါ။

ဒီ ဒုတိယ ထွက်ပေါက်မျိုးကို မတတ်သာလွန်းလို့သာ
ထွက်ပေါက်လို့ ဆိုလိုက်ရတာပါ။ တကယ်ဆိုယင် ကျွန်တော်
မိအနားမှာပဲ အမြဲနေချင်ပါတယ်လေ။

* * *



ကျွန်တော် လမ်းလျှောက်ယင် မြေကြီးနဲ့ မထိတော့ဘူး။
ကိုယ့်ကိုယ်ကိုလဲ သတိထားပြီးချုပ်တည်းထားရတယ်။ ထသွားပြီး
မိမှာစိုးလို့။ ခုန်လိုက်ယင် ကမ္ဘာ့လေထုကိုလွန်ပြီး ဟိုး....
ဟာ နယ်ထဲ ရောက်သွားနိုင်တယ်။ ကျွန်တော့် အခြေအနေ
အဲဒီလောက်အထိတော့ 'မြောက်'ဖို့ကောင်းတဲ့ အခြေ
အနေပဲ။ လူတွေဟာ တခုခုအောင်မြင်ပြီဆိုယင် မြောက်ကြွ
မြောက်ကြွ ဖြစ်တတ်တယ် မဟုတ်လား။ တချို့ဆို ကိုယ့်ကိုယ်ကို
မထိန်းနိုင်လို့ မြောက်ပြီးယင်း မြောက်ယင်းက လေထဲမှာ
လောင်းကြီး ဖြစ်နေတတ်ကြတာပဲ။ အဲ....တဲ့လောင်းကြီး
ဟာ ကြိုးပေးခံရတာကို ဆိုလိုတာ မဟုတ်ပါ။ စကားအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါ။ ဘဝင်မြင့်တယ်၊ အောက်ခြေလွတ်တယ်လို့လဲ ခေါ်ကြတယ်။ အဲဒါကို ပြောတာ။

ထားပါတော့။ ခု…ကျွန်တော့်ရဲ့ အောင်မြင်မှုကတော့ တော်တော် ကြီးမားပါတယ်။ အောက်ခြေလွတ်သွားယင် တောင်မှ ခွင့်လွှတ်သင့်တဲ့ အောင်မြင်မှုမျိုးပါ။ စီးပွားရေးဘက်၊ ပညာရေးဘက်၊ နိုင်ငံရေးဘက်တွေမှာ အောင်မြင်တာတော့ မဟုတ်ပါ။ စာမေးပွဲအနီးကပ် အရေးပေါ်သင်တန်းဖွင့်လို့ အောင်မြင်တာကို ဆိုလိုတာလဲ မဟုတ်ပါ။ လူတယောက်ရဲ့ဘဝ၊ တနည်းအားဖြင့် လူငယ်တယောက်ရဲ့ဘဝမှာ အလွန်တောင့်တလေ့ရှိကြတဲ့ အောင်မြင်မှုမျိုးသာ ဖြစ်ပါတယ်။

ဘာလဲဆိုတော့….။

ကျွန်တော်….မိရဲ့ အချစ်ကို ရရှိခဲ့ပါပြီ။

* * *

ပြန်စဉ်းစားကြည့်လိုက်တော့ သိပ်ထူးထူးခြားခြားဖြစ်ပျက်ခဲ့တာ မတွေ့ရပါ။ ကျွန်တော်ဟာ စိတ်လောကြီးပြီး ထင်ရာတွေလျှောက်လုပ်။ ပြီးမှ….ကိုယ့်ဟာကိုယ်ကြောက်ပြီး ဆရာမြင့်နဲ့ရော၊ မိနဲ့ပါ မျက်နှာချင်းဆိုင်ရခက်နေ၊ တချိန်တည်းမှာ ကျောက်သင်ပုန်းပေါ်မှာ ရေးခဲ့တဲ့စာ ဘာဖြစ်သွားသလဲ ဆိုတာ သိချင်၊ အတက်ဆန်းတွင်မိုးပိုက်ကိုယ့်ဒုက္ခနဲ့ကိုယ် ဖြစ်နေရတာ သိပြီးကြပါပြီ။

တကယ်ဆို ကျွန်တော့်ကြောင့်မိလဲ အနေကျပ်ခဲ့ရတာပါပဲ။ သူဟာ….ကျွန်တော့်ထက်စွာယင်တော့ ပိုပြီး ရှက်ရွံ့ရတယ်လို့ ဆိုရလိမ့်မယ်။ သိပ်ဟန်အမူအရာမပျက်ခဲ့။ ဒါပေမဲ့ သူက မိန်းကလေးကိုး။ သူ့ကြောင့်ဖြစ်ရတဲ့ကိစ္စလဲ မဟုတ်ဘူး မဟုတ်လား။ ဘာပဲဖြစ်ဖြစ် သူလဲ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရမှာ အမှန်ပဲ။

အဲဒီအချိန်မှာ ကျွန်တော်တို့ အရေးပေါ်သင်တန်းဖွင့်ဖြစ်ခဲ့လို့ ဆရာမြင့်တို့၊ မိတို့နဲ့ မျက်နှာချင်းဆိုင်ရတဲ့အချိန် လျော့ပါးသွားရတဲ့အတွက် နည်းနည်း အနေချောင်သွားတယ်လို့ ပြောခဲ့ပြီးပြီ။

ဆရာမြင့်ရဲ့သင်တန်း ဒီနှစ်အတွက် နောက်ဆုံးဖြစ်တဲ့အတန်းချိန်မှာတော့ ကျွန်တော်တနေ့လုံး ကျောင်းမှာသွားနေပေးလိုက်တယ်။ ကျောင်းနဲ့ပတ်သက်တဲ့ စာရင်းတွေရှင်းဖို့လုပ်၊ သိမ်းစရာရှိတဲ့ပစ္စည်းတွေသိမ်းစတဲ့ ကိစ္စတွေလုပ်ဖို့ပေါ့။ နောက်နေ့တွေမှလာလုပ်ယင်လဲ ရပါတယ်။ သို့ပေမယ့် နောက်ပိုင်း ကျွန်တော်မလာနိုင်တော့ဘူး။ ကျွန်တော်တို့သင်တန်းက ဆရာမြင့်တို့လို ဖေဖော်ဝါရီလကုန်လောက်မှာ ရပ်လို့မရ။ စာမေးပွဲအနီးကပ်သင်တန်းဆိုတော့ စာမေးပွဲနောက်ဆုံးနေ့အထိ သင်ပေးရမှာ။ ဒါကြောင့် နောက်ပိုင်း ကျွန်တော်အားရတော့မှာ မဟုတ်တဲ့အတွက် အဲဒီနေ့က ဆရာမြင့်ကျောင်းမှာ လုပ်စရာရှိတာ အကုန်လုပ်ပေးနေရတယ်….။

www.burmeseclassic.com



အဲဒီနေ့က မိလဲရှိနေတယ်။ သူဟာ ကျွန်တော်နဲ့ ဟန်မပျက် ဆက်ဆံနေရပေမယ့် စိတ်ထဲကတော့ ကျွန်တော့်ကို ဒေါသ ဖြစ်ကောင်း ဖြစ်နေလိမ့်မယ်။ မျက်နှာထား သိပ်ဘင်းမာနေ တာတော့မတွေ့ရ။ မျိုသိပ်ချုပ်တည်းထားရတာ ဖြစ်ချင်လဲ ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် သူ့ကို ကျွန်တော်တောင်းပန်ရမယ်၊ သူဘယ်လိုဆုံးဖြတ်ခဲ့တယ်ဆိုတာလဲ သိပ်သိချင်နေတယ်။ အဲဒီ နေ့က မေးမယ်ဆို မေးလို့ကောင်းနေပြီ။ ဘာကြောင့်ဆို အဲဒီနေ့က သင်တန်းနောက်ဆုံးနေ့။ ပြီးယင် အနည်းဆုံးနှစ်လ လောက် သူနဲ့တွေ့စရာ အကြောင်းမရှိတော့။ နွေရာသီကျောင်း ပိတ်ရက်ရောက်ပြီမဟုတ်လား။ဆရာ စာသင်နေတုန်းအချိန်မှာပဲ သူ့ကို ကျွန်တော် မေးဖြစ်သွားပါတယ်။

"ကျွန်တော့်ကို စိတ်ဆိုးနေသလား"

သူကပြန်မေးတယ်။ စိတ်ဆိုးမယ်ဆိုယင် မဆိုးသင့်ဘူး လားတဲ့။

"ဟုတ်ပါတယ်၊ ဆိုးသင့်ပါတယ်၊ ကျွန်တော်လုပ်ပုံဟာ သိပ် ကလေးကလားနိုင်လွန်းတယ်၊ အကျပ်ကိုင်တဲ့သဘောမျိုး ဖြစ် သွားတယ်။ တခုတော့ရှိပါတယ်ဗျာ၊ ကျွန်တော် အဲဒီလိုလုပ် မိတာက မရည်ရွယ်ပဲ ဖြစ်သွားတာပါ၊ သက်သက်မဲ့ နိုင်ထက် စီးနင်းသဘောမျိုး မဟုတ်ပါဘူး၊ အခွင့်အရေးယူတဲ့ သဘော မျိုးလဲမဟုတ်ပါဘူး၊ ကျွန်တော့်ကိုခွင့်လွှတ်နိုင်ပါ့မလားဟင်"

ကျွန်မ မပြောတတ်ဘူးလို့ သူကပြောတယ်။ကျွန်တော်သာ လှဲ မေးလက်စနဲ့ ကျောက်သင်ပုန်းပေါ်က စာအကြောင်းမေး လိုက်တယ်။



"အဲဒီစာကို မိ ဘယ်လိုလုပ်လိုက်သလဲဟင်၊ ဖျက်ပစ်လိုက် သလား...."

သူ ခေါင်းညိတ်ပြတယ်။

"ဟင်....ဒါဆိုယင်...."

ကျွန်တော့်စကားမဆုံးခင်မှာပဲ သူခေါင်းခါပြီး ကျွန်မ အနေနဲ့ အဲဒီစာကိုမဖျက်ပဲထားလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဦးဦး တက်လာလို့ တွေ့သွားယင် ဘယ်ကောင်းမလဲ၊ ဒါကြောင့် ဖျက်ပစ်လိုက်တာ၊ တခြားအကြောင်းမရှိပါဘူးတဲ့။

"မိရဲ့ သဘောကတော့ မဖျက်ပဲထားချင်တယ်ဆိုပါတော့"

ကျွန်တော့်အမေးကို သူမဖြေပဲနေတယ်။ သဘောကတော့ သူဟာ ကျွန်တော့်ရဲ့အချစ်ကိုလက်ခံတယ်လဲမဟုတ်၊လက်မခံဘူး လဲမဟုတ်ဆိုတဲ့ သဘောပါပဲ။ အဲဒီလိုနဲ့ နွေကျောင်းပိတ်ရက် ရောက်သွားတယ်။

* * *

ကျောင်းတွေပြန်ဖွင့်ပြီး

တနေ့ကျတော့

သူကျွန်တော့်ကို

ချစ်ပါတယ်လို့

အဖြေပေးပါတယ်။

* *

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် ပထမဆုံးအကြိမ် ချိန်းတွေ့ကြတဲ့အကြောင်း ပြောရအုံးမယ်။ ကျွန်တော်တို့ နှစ်ယောက်ဟာ သမီးရည်းစား ဖြစ်သွားကြပြီဆိုတော့ ချိန်းတွေ့ချင်ကြတာက ဓမ္မတာပါပဲ။ သို့ပေမယ့် ကျွန်တော်တို့က ဆယ်တန်းကျောင်းသား ကျောင်းသူကလေးတွေလို ကျူရှင်လစ်ပြီး ချိန်းတွေ့တာမျိုးလဲ လုပ်လို့မရ။ တက္ကသိုလ်ထဲကလို ကံ့ကော်တွေ၊ အင်းလျားတွေ၊ အခန်းလွတ်တွေလဲ အားကိုးလို့မရ။ နောက်ပြီး ခုမှချစ်ကာစဆိုတော့ ဟိုဟိုဒီဒီ လူရှင်းတဲ့နေရာမျိုး သွားဖို့မပြောရဲသေး။



ဒီတော့ ကျွန်တော်တို့ ဘာလုပ်ရသလဲဆိုတော့ အိမ်ကနေ ဆရာမြင့်ရဲ့ကျောင်းကိုအလာ တနေရာရာမှာဆုံဖို့ သဘောတူကြတယ်။ တနေရာရာဆိုတာကလဲ မြို့ထဲက တနေရာရာပါ။ လမ်းလျှောက်ယင်း စကားလေးဘာလေးပြောဖို့ပေါ့။ ဒါနဲ့ အိမ်က နည်းနည်းစောထွက်လာခဲ့ဖို့ရယ်။ ဘိုကလေးဈေးမှတ်တိုင်မှာ ဆုံမယ်ဆိုတဲ့အကြောင်းရယ် ပြောလိုက်တယ်။

ကျွန်တော်က ချိန်းထားတဲ့အချိန်ထက် ဆယ့်ငါးမိနစ်လောက် စောပြီးရောက်တယ်။ သူက ဆယ်မိနစ်လောက် နောက်ကျပြီးရောက်တယ်။

ကျွန်တော်တခုသတိထားမိတာဟာ ခါတိုင်းနေ့တွေထက် နည်းနည်း မသိမသာ ပိုပြီး ပြင်ဆင်လာတာကိုပဲ။ အဝတ်အစားတွေက အယင်မဝတ်ဖူးသေးတဲ့ဟာတွေ။ အစကတည်းက ရှိနေတာလား၊ ခုမှ ထပ်ချုပ်ထားတာလားတော့ မသိ။ နှုတ်ခမ်းနီ ပါးပါးကလေးဆိုးလာတယ်လို့လဲ ထင်တယ်။

ကျွန်တော်ကတော့ အယင်ဝတ်နေကျ အဝတ်အစားတွေနဲ့ပါပဲ။ တခြားလဲဝတ်ချင်လို့ မရပါဘူး။ ကျွန်တော့်မှာ ဒါပဲရှိတာပဲ။ တခုပဲထူးခြားတယ်။ အယင်ကဆိုယင် ပုဆိုးကိုမီးပူတိုက်လေ့မရှိ။ အင်္ကျီတွေတိုက်ယင် အောက်ကခံတာလောက်ပဲ။ ဒီနေ့တော့ ဝတ်မယ့်ပုဆိုးကို အပေါ်ဆုံးကထားပြီး ကျကျနန သီးသန့်တိုက်ပြီး ဝတ်လာခဲ့တယ်။

ကျွန်တော်တို့နှစ်ယောက် မှတ်တိုင်မှာ ဆုံပြီးတော့ ဗိုလ်အောင်ကျော်လမ်းအတိုင်း အထက်ဘက်ကို လျှောက်ခဲ့ကြတယ်။ အစက စိတ်ကူးကတော့ လမ်းလျှောက်ယင်း စကားတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြောကြမယ်လို့၊ တကယ်တမ်းကျတော့ မပြောဖြစ်၊ တိတ်တိတ်ဆိတ်ဆိတ်ပဲ နှစ်ယောက်ယှဉ်ပြီး လျှောက်လာ မိကြတယ်။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်ပျော်ပါတယ်။ မျက်နှာချင်းဆိုင် လျှောက်လာတဲ့လူတွေ၊ ဘေးကဖြတ်ကျော်တက်သွားတဲ့လူတွေက ကျွန်တော်တို့နှစ်ယောက်ကို လိုက်ဖက်ညီတဲ့ အတွဲအနေနဲ့ စောင်းငဲ့ကြည့်သွားကြတဲ့အခါ ကျွန်တော့်ကိုယ် ကျွန်တော် တယ်ဟုတ်တဲ့ငါပါလားလို့ 'မြောက်' သွားမိတယ်။ မိဘက်ကို လှည့်ကြည့်ပြီး တော်တော်လှတာပဲလို့လဲ ကျေနပ်တဲ့စိတ် ဖြစ်မိတယ်။ အဲ တချို့လူတွေကျတော့ ဘေးမှာ ကျွန်တော်တယောက်လုံး ပါလာတာတောင် ဂရုမစိုက်ပဲ မိကို ပြုံးပြုံးပြီး ကြည့်တတ်ကြတယ်။ အဲဒီအခါတော့လဲ စိတ်ထဲက ကသိကအောက် ဖြစ်ရပြန်ရော။

မိကို ကျွန်တော်တယောက်တည်းပဲ မြင်ရအောင်လုပ်လို့ ရယင်ကောင်းမယ်။ ကာတွန်းထဲက ဖိုးဆိတ်ဖြူတို့၊ ဦးတာတီးတို့၊ ဒေါက်တာထွင်တို့၊ ဦးသိပ္ပတို့၊ မောင်တီထွင်တို့သာ အပြင်မှာ တကယ်ရှိယင်လဲ သွားအပ်ခိုင်းရကောင်းသားပေါ့။

ကျွန်တော်တို့နှစ်ယောက် အဲဒီလို တိတ်တိတ်ဆိတ်ဆိတ် လျှောက်လာကြယင်းက မဟာဗန္ဓုလလမ်းနဲ့ဆုံတဲ့ နေရာရောက်လာတယ်။ ဒီဘက်ခြမ်းက နေပူနေလို့ လမ်းကိုဖြတ်ကူးလိုက်ပြီးမှ ဗယာဘက်ကိုချိုးပြီး မဟာဗန္ဓုလလမ်းတလျှောက် ဆန်တက်ခဲ့ကြတယ်။ သူ့ကိုစကားပြောဖို့ အကြောင်းတခုသွားရလိုက်တယ်။

"ဘယ်နှစ်နာရီထိုးပြီလဲ"



ကျွန်တော့်မှာ နာရီမပါလို့ သူ့ကိုမေးရတာ။ သူက 'ရှစ်နာရီဆယ့်ငါး'လို့ ပြန်ဖြေတယ်။ ကျွန်တော့်စိတ်ထဲက တွက်ကြည့်လိုက်တယ်။ အတန်းချိန်က ကိုးနာရီမှာစမယ်။ ဆယ်မိနစ်ကြိုရောက်ယင်ပြီးရော။ ဒီကနေ ကျောင်းအထိ လမ်းလျှောက်ယင် ငါးမိနစ်လောက်ပဲကြာမယ်။ နာရီဝက်လောက် အချိန်ဖြုန်းလို့ ရသေးတယ်။ ဒါကြောင့်....

"အအေးသောက်မလား"

"ဟင့်အင်း၊ မနက်စောစော အအေးမသောက်ချင်ဘူး"

"ဒါဆို လက်ဖက်ရည်သောက်ပါလား၊ အချိန်ရပါသေးတယ်....ခုမှ...."

အဲဒီအချိန်မှာပဲ သူမျက်နှာ ကွက်ကနဲပျက်သွားတာတွေ့လိုက်ရတယ်။ တခုခုပြောတော့မလိုပဲ။ ပြီးတော့မှ ကျွန်တော့်ကို ဖြတ်ကနဲ မော့ကြည့်ပြီး တနေရာကို ပြန်ကြည့်လိုက်ပြန်တယ်။ တခုခု အထိတ်တလန့်ဖြစ်စရာ ကြုံရလို့ စကားတောင် မပြောနိုင်သလိုမျိုး။ ကျွန်တော်လဲ ဘာမှန်းမသိပဲ ယောင်နေပြီးတော့ သူကြည့်တဲ့နေရာကို လိုက်ကြည့်မိတယ်။

"ဟာ....ဆရာမြင့်...."

ကျွန်တော်ကတော့ အသံထွက်သွားအောင်တောင် လန့်သွားမိတယ်။ ခြေလှမ်းတွေလဲ တုံ့ကနဲရပ်သွားတယ်။ ဘာလုပ်ရမလဲ။ ဆရာမြင့်ကတော့ ကျွန်တော်တို့ကို မြင်ပုံမပေါ်သေးဘူး။ နည်းနည်းတော့ လှမ်းသေးတယ်။ သို့ပေမယ့် ဒီအတိုင်းဆက်နေယင် ဆရာမြင့်ကလဲ တည့်တည့်ကြီး လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ထားနေပြီး ကျွန်တော်ဘေးကို ကြည့်လိုက်တော့ ဆိုင်တဆိုင်။ ဘာဆိုင်မှန်းတော့မသိ။

"လာ..."

ဆိုပြီး အပေါက်ကနေ စွတ်ဝင်လိုက်တယ်။ ထောင့်ဆုံးကျတဲ့ ကျောက်စားပွဲတခုမှာ ဝင်ထိုင်လိုက်ကြတယ်။ ကုလားလေး တယောက်အနားမှာ လာရပ်ပြီးတော့.....

"ဘာစားမလဲ၊ ဘာသောက်မလဲ ဆရာ"

'ဆရာ'လို့ ခေါ်လိုက်တဲ့အတွက် လန့်မလို ဖြစ်သွားသေးတယ်။ နောက် ကျွန်တော့်ကိုခေါ်တာမှန်း သိတော့မှ....

"ဟိုဒင်း....ရေ....ရေ....တခွက်လောက်"

"ရမယ်ဆရာ"

ဖန်ခွက်တခွက်လာချပေးပြီး စားပွဲပေါ်က ပလတ်စတစ် ရေချိုင့်ထဲက ရေငှဲ့ထည့်ပေးတယ်။ ရေသောက်ယင်းက ဆိုင် အခြေအနေကို အကဲခတ်လိုက်တယ်။ ဆိုင်မှာချိတ်ထားတဲ့ ပန်းချီကားတွေကို ကြည့်ရတာတော့ ချစ်တီးထမင်းဆိုင်လို့ ယူဆရတာပဲ။ ဟိုဘက်စားပွဲမှာတော့ တရုတ်ကြီးတယောက် တိုရှေ့နဲ့ အာလူးဟင်းစားနေတာတွေ့ရတယ်၊ တဘက်တော့ အဲဒါတွေ သေသေချာချာကြည့်နိုင်တာ မဟုတ်။ အပေါက်ဝ ဘက်ကို လှမ်းလှမ်းကြည့်ယင်းက တွေ့မိတာပါ။ ဆိုင်ထဲရောက် နေပေမယ့် စိတ်မချရသေးဘူး။ နောက်တော့မှ ဆရာမြင့် ဆိုပ်ကမ်းသာလမ်းထဲ ချိုးဝင်သွားတာကို သံသန်းတွေကာထား တဲ့ ပြတင်းပေါက်ကနေ လှမ်းမြင်လိုက်ရတယ်။ အဲဒီတော့မှ သက်ပြင်းချနိုင်ပြီး မိဘက်ကို လှည့်ကြည့်လိုက်တော့ စောစော



က လာမေးတဲ့ကုလားလေးဟာ စားပွဲဘေးမှာ ရှိရှိသေသေ ရပ်စောင့်နေတာ တွေ့လိုက်ရတယ်။ ဟုတ်သားပဲ။ ရေတခွက် သောက်ရုံနဲ့တော့ ဘယ်ရမလဲ။ တခုခုမှာရမှာပေါ့။

ကျွန်တော်လဲ ဆရာမြင့်ကိစ္စ စိတ်အေးသွားရတာမို့ ခပ် တည်တည်ပဲ....

"ဘာရမလဲဟေ့"

"ထမင်းရမယ်၊ ပူရီရမယ်၊ ချပါတီရမယ်၊ ဒိုဆေရမယ်၊ ပလာတာရမယ်၊ ဘယာကြော် မတ်ပဲကြော်ရမယ်၊ လက်ဖက်ရည် ကော်ဖီရမယ်"

"အားဟုတ်ပြီ၊ လက်ဖက်ရည်နှစ်ခွက်"

"ဘာစားအုံးမလဲဆရာ"

"အဲ....မိ ဘာစားမလဲ"

လို့ မိဘက်ကိုလှည့်ပြီးမေးလိုက်တယ်။ မိက ဘာပဲဖြစ်ဖြစ် ရပါတယ်လို့ပြန်ပြောလို့ အာလူးပူရီနှစ်ပွဲပါ မှာလိုက်တယ်။ ကုလားလေးလှည့်ထွက်သွားတော့ ဆရာမြင့်လမ်းထဲဝင်သွားပြီ ဆိုတဲ့အကြောင်း ပြောပြလိုက်တယ်။ အဲဒီတော့မှ သူလဲ ရယ်နိုင် ပြုံးနိုင် ဖြစ်လာတော့တယ်။

အာလူးပူရီနဲ့ လက်ဖက်ရည်နဲ့ လာချသွားတဲ့အခါ မိကို ကျွန်တော်မေးလိုက်တယ်။

"မိ ကုလားအစားအစာ ကြိုက်ရဲ့လား"

"ကြိုက်တာပေါ့၊ လမ်းသုံးဆယ်မှတ်တိုင်နားက မဆလာ ဘူရှင်ဆိုယင် ကြုံတဲ့အခါတိုင်း ဝင်စားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော်၊ အဲဒီဆိုင်က ဘယာကြော်သုပ် သိပ်ကောင်းတယ်"

"အင်း....ထမင်းစားသလို အဝစားမယ်ဆိုယင် တရုတ်အစားအစာက စားလို့ကောင်းတယ်၊ အဆာပြေစားယင်တော့ ကုလားအစားအစာက ပိုကောင်းတယ်"

မိနဲ့ကျွန်တော်နဲ့ အကြိုက်ချင်းသွားတူနေကြတယ်၊ တခုတော့ ပြောစရာရှိတာပေါ့လေ။ ဗမာလူမျိုး အများစုဟာ စားလို့ကောင်းယင် ကြိုက်တတ်ကြတာပဲ မဟုတ်လား။ ဗမာလူမျိုးရဲ့ပါးစပ်က အင်တာနေရှင်နယ်ပါးစပ်လို့ ဆိုရမယ်။ ဗမာအစားအစာဖြစ်တဲ့ မုန့်ဟင်းခါးတို့၊ ကောက်ညှင်းပေါင်းတို့ဆိုလဲ စားလိုက်တာပဲ။ ကုလားအစားအစာဖြစ်တဲ့ ဘယာကြော်တို့ ပူရီတို့လဲကြိုက်တာပဲ၊ တရုတ်အစားအစာ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ပေါက်ဆီဆိုလဲ တွယ်တာပဲ။ အနောက်တိုင်းက ပေါင်မုန့်ထောပတ်သုတ်၊ ရေခဲမုန့်၊ ကိတ်မုန့်ဆိုလဲ ကြိုက်တာပဲ။

"ကဲ....စားလိုက်အုံးလေ။ ပူရီဟင်းက ပူတုန်းစားမှ ပိုကောင်းတာ"

မိက ပူရီစားယင်းနဲ့ "ဦးဦးများ တွေ့သွားမလားမသိဘူး၊ မပြောနိုင်ဘူးလေ၊ ဦးဦးက သိပ်လျင်တာသိလား"လို့ ပြောတယ်။

"ဟာ....မတွေ့နိုင်ဘူးထင်တယ်၊ တို့တွေကသာ ကျီးကန်းတောင်းမှောက် ကြည့်လာလို့ ဆရာ့ကိုတွေ့တာပါ၊ ဆရာက



တော့ တွေ့မယ်မထင်ပါဘူး။ နည်းနည်းလဲ လှမ်းတာပဲ၊ လူတွေလဲ ရှုပ်နေတာမဟုတ်လား"

"အမယ်....သူတွေ့တာကျနေတာပဲ။ ဒီကပြောလို့ သိရတာများ"

အဲဒီစကားဟာ သူ ကျွန်တော့်အပေါ် ပထမဆုံးအကြိမ်ကန့်ကလန့်ပြောလိုက်တာပဲ။ သိပ်ချိုတဲ့ လေသံမျိုးမဟုတ်ပေမယ့် ချစ်ဖို့ကောင်းတယ်။ သူ့အပြုံးက ကျွန်တော့်နှုတ်ခမ်းကို လာထိသလိုပဲ။ သူ့မျက်စောင်းကလေးကတော့ကျွန်တော့်နှဖူးကို ခပ်ဖွဖွကလေး လာထုတယ်လို့ ထင်နေရတယ်။

စားသောက်ပြီးထွက်လာကြတော့ သူက 'ပူရီကကောင်းသားပဲ'လို့ ပြောတာနဲ့ ဆိုင်နာမည်သိရအောင် ဆိုင်းဘုတ်ကိုမော့ကြည့်လိုက်တယ်။

ကျွန်တော် တော်တော်သဘောကျသွားတယ်။ တခြားဆိုင်တွေက စိန်ကဖီး၊ ရွှေလမင်းတီးယောက်စ် စသည်ဖြင့်နာမည်တိုတိုရှင်းရှင်းတွေ မှည့်နေတဲ့အချိန်မှာ ဒီဆိုင်ရဲ့နာမည်ကအရှည်ကြီး။

"ဂျေယဘတ်ရတာဘန်ဒုကော်ဖီဟိုတယ်" တဲ့။

စာရေးဆရာ ငြိမ်းကျော်ဟာ ဒီဆိုင်ကို အားကျပြီးတော့ သူ့ဝတ္ထုတွေကို နာမည်အရှည်ကြီးတွေပေးထာ ဖြစ်ရမယ်။ အဲ....ပြောတော့မပြောနိုင်ဘူး။ ငြိမ်းကျော်ဆိုတာ ဒီခေတ်ရသစာပေရေးတဲ့အထဲမှာ ထိပ်တန်းစာရင်းဝင်တဲ့ လူဆိုတော့ နောင်ဆိုယင် ဆိုင်တွေနာမည်ပေးတဲ့အခါ ငြိမ်းကျော်ရဲ့ဝတ္ထုနာမည်မျိုး ရှည်ရှည်လျားလျား ရှုပ်ရှုပ်ထွေးထွေးတွေပေး

www.burmeseclassic.com

www.burmeseclassic.com



ချင်ပေးကြမှာ။ အတိတ်လွင်ပြင်ကို ဖြတ်သန်း လာသော အကြင်နာတီးဟောက်စ်။ ချစ်ခြင်းတရား၏ ကျေးဇူးမဲ့စကားကို ထာဝရမဆိုတတ်သော ဇာတော်လီ။

စသည်ဖြင့်ပေါ့။

* * *

အဲဒီလိုပေါ့။ မနက် ကျောင်းကို လာပြီ ဆိုယင် မှတ်တိုင်တခုခုမှာ ချိန်း။ စကားပြောယင်း လမ်းလျှောက်ပြီး ကျောင်းကို လာ။ အချိန်ရယင် လက်ဖက်ရည်လေး ဘာလေး ဝင်သောက်။ ကျောင်းနား ရောက်ပြီ ဆိုယင် လမ်းခွဲ။ သူက တလမ်းက သွား။ ကျွန်တော်က တနေရာရာမှာ ခဏဝင်ခိုပြီးမှ တခြားလမ်းကနေ သွား။ သူနဲ့ ကျွန်တော် တွဲတူလာတယ် ဆိုတာ ဆရာမြင့် မသိအောင်ပေါ့။

ပထမဆုံး အဲဒီလို တွေ့တဲ့နေ့က ဆရာမြင့်နဲ့ သွားတိုးတော့ မလို့ သိသိလေးလိုတယ် မဟုတ်လား။ ကျွန်တော်တို့အဖြစ်ကလဲ တော်တော် ရယ်စရာကောင်းတယ်။ တခါခိုး တခါမိဖြစ်တော့ မလို့ပဲ။ ဆရာမြင့်နဲ့ ကျွန်တော်နဲ့က တမျိုးပဲ။ ကျွန်တော် တခုခု လုပ်တော့မယ်ဆိုယင် ဆရာမြင့်က ကြိုတင်ပြီး သိသိသွားတတ်တယ်။ မိကို ကျွန်တော် ကြိုက်နေတယ်ဆိုတာလဲ ဆရာမြင့် သိသွားခဲ့တာပဲ။ ခုကိစ္စလဲ ဘယ်တော့ သိမလဲ မပြောတတ်။



နောက်ပိုင်းကျတော့ ကျောင်းအနီးတဝိုက်မှာ မချိန်းရဲတော့ဘူး။ မိကို ရထားနဲ့လာခိုင်းရတယ်။ ကျွန်တော် ဘူတာကြီးကနေ သွားကြိုတယ်။ အဲဒီနေရာကတော့ စိတ်ချရတယ်။ ဆရာမြင့်က ဘူတာဘက် လာလေ့ မရှိပါ။ ဘူတာကြီးစကြံတလျှောက် လမ်းလျှောက်ယင်း စကားပြော၊ ပန်းဆိုးတန်းဘက်ရောက်ယင် မိက ကျောင်းကို ဆက်သွား၊ ကျွန်တော်က တိုနားဒီနား လျှောက်သွား၊ အချိန်ဖြုန်းပြီးမှ လိုက်သွားရတယ်။

တခါတလေတော့ ပဒေသာစားသောက်ဆိုင်မှာ လက်ဖက်ရည် ဝင်သောက်ကြတယ်။ အဲဒီနေရာမှာ မိ အလိုက် သိတတ်တယ်ဆိုတာ သိလိုက်ရပြန်တယ်။ ကျွန်တော်ဟာ ဆရာမြင့်ဆီကရတဲ့ လခနှစ်ရာကို အိမ်ကို အကုန် ပြန်ပေးပြီးတော့ ကျွန်တော့် အသုံးစရိတ်ကို ဖယောင်းစက္ကူရေးလို့ ရတဲ့ ငွေနဲ့ သုံးတယ်ဆိုတာ ဟိုးအယင်က သူ့ကို ပြောပြထားခဲ့ဖူးတယ်။ အဲဒါကို သူ မမေ့ဘူး။ ကျွန်တော်ဟာ သိပ်သုံးစွဲနိုင်တဲ့လူ မဟုတ်ဘူးဆိုတာ သူသိနေတယ်။

ကျွန်တော်တို့က တပတ်ကို နှစ်ခါသုံးခါလောက်ပဲ ပဒေသာစားသောက်ဆိုင်မှာ ထိုင်ဖြစ်ကြတာပဲ။ အဲဒီအခါ များသောအားဖြင့် စမူဆာနဲ့ လက်ဖက်ရည်။ စမူဆာလေးခုက နှစ်ကျပ်၊ လက်ဖက်ရည်နှစ်ခွက်က တကျပ်ခြောက်ဆယ်၊ အားလုံးပေါင်း သုံးကျပ်နဲ့ ခြောက်ဆယ်။ အမှန်အတိုင်း ပြောရယင် အဲဒီလောက် ပိုက်ဆံကို မကြာခဏသုံးရမယ်ဆိုယင် ကျွန်တော့်အတွက် ထိတာ အမှန်ပဲ။ ဒါကိုလဲ သူက သိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အစပိုင်း တခါနှစ်ခါလောက်တော့ ကျွန်တော် ပိုက်ဆံထုတ်ပေးတာကို သူ ဘာမှ မပြောဘူး။ နောက်ကျတော့ သူက ထုတ်ပေးရော။ ကျွန်တော်က မပေးပါနဲ့လို့ တားတော့ သူက တခါတလေ သူကျွေးပါရစေတဲ့။ သူက တခါတလေ လို့သာ ပြောတယ်၊ အဲဒီလို တခါတလေတွေ မကြာခဏ ဖြစ်လာတော့ ကျွန်တော် စိတ်မကောင်း ဖြစ်ရတယ်။

"စားသောက်ဆိုင်တခုမှာ ထိုင်ကြပြီ ဆိုယင် ငွေရှင်းဖို့က ယောကျာ်းလေးရဲ့တာဝန်ပါ မိရယ်"

ကျွန်တော် သူ့ကို ပြောတယ်။ သူက....

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ အဲဒီ အယူအဆက ဟိုးအယင် တုန်းက အယူအဆပါ၊ ခုခေတ်မှာ ဒါတွေ မရှိတော့ပါဘူး၊ ဘယ်သူကပဲ ငွေရှင်းရှင်း တူတူပါပဲ"

"ဘာပဲဖြစ်ဖြစ်လေ၊ နောက်ကို စားကြသောက်ကြတဲ့အခါ မိ ငွေမရှင်းပါနဲ့"

ကျွန်တော်က အဲဒီလို ပြောပြီး နောက်တနေ့ ဘူတာကြီးဘေး ဆင်းအလာ ကုန်တိုက်နားရောက်တော့ လက်ဖက်ရည်သောက် မလားလို့ ကျွန်တော်မေးတယ်။ မိက....

"ဟင့်အင်း....မသောက်ချင်ဘူး၊ အိမ်က...."

ကျွန်တော် သူ့ကို ဆတ်ကနဲ လှည့်ကြည့်လိုက်တယ်။ သူက လဲ ချက်ချင်း နားလည်သွားတယ်။

"မိ တကယ် မသောက်ချင်လို့ပါ၊ အိမ်က သောက်လာ ပြီးပြီ"

ကျွန်တော် ဘာမှမပြောတော့ပဲ ဆက်လျှောက်လာခဲ့တယ်။



ကျွန်တော် စိတ်မကောင်း ဖြစ်သွားတာကို သူ သိသွားတယ်။ မိတကယ် မသောက်ချင်တာပါ ဆိုတဲ့ စကားကို နှစ်ခါလောက် ထပ်ပြောတယ်။

"မိ....ကံဆိုးတာပဲနော်၊ လက်ဖက်ရည်ကလေးတောင် မှန်မှန် မတိုက်နိုင်တဲ့ လူနဲ့မှ လာပြီး ကြုံရတယ်"

"အို....အဲဒါတွေ မပြောပါနဲ့လား၊ စဉ်းလဲ မစဉ်းစားစေချင်ဘူး၊ မိ အစကတည်းက အဲဒါတွေ တွက်ပြီးမှ လက်ခံခဲ့တာမှ မဟုတ်တာ"

"မဟုတ်သေးဘူးလေ"

"တော်ပါတော့.... မိ ဝမ်းနည်းလာပြီ"

သူလဲ တော်တော် စိတ်မကောင်းဖြစ်သွားတာ သိသာပါတယ်။ မျက်နှာလေးငယ်နေရှာတယ်။

"ဆောရီးပဲ မိ ရယ်၊ မိ စိတ်မကောင်းဖြစ်အောင် ပြောလိုက်မိတယ်၊ ကဲ.... ဒီနေ့ မိ ကို လက်ဖက်ရည် တိုက်၊ ဟုတ်လား၊ လာ...."

ကျွန်တော်က ပဒေသာ စားသောက်ဆိုင်ဘက် ပြန်လှည့်လိုက်တယ်။ အဲဒီတော့မှ မိ ရဲ့ မျက်နှာ ကြည်လင်လာပြီးတော့....

"ဒါပဲ၊ နောက်ကို စားကြ သောက်ကြတဲ့အခါ ဘယ်သူကပဲ ရှင်းရှင်း မပြောရဘူး၊ နှစ်ယောက်စလုံးမှာ ရှိတဲ့ ပိုက်ဆံ နှစ်ယောက်စလုံးနဲ့ ဆိုင်တယ်လို့ သဘောထားရမယ်၊ အဲဒီ ပြဿနာ ဒီမှာတင် ရှင်းပြီနော်၊ နောက်ကို အဲဒါတွေ ခေါင်းထဲ ထည့်မထားနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



၅

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ သူ ကျေနပ်အောင်လို့သာ ခေါင်းညိတ်ပြတာပါ။ သူက အဲဒါတွေ ခေါင်းထဲထည့်မထားနဲ့ ဆိုပေမယ့် ဘယ်ရပါ့မလဲ။ နောင်တချိန်မှာ အိမ်ထောင်တခုရဲ့ အဓိက ဝင်ငွေကို ကျွန်တော်က ရှာရမှာ မဟုတ်လား။

ဒီတော့ တခု စွဲစွဲမြဲမြဲ မှတ်ထားလိုက်တယ်။ ကျွန်တော် ကြိုးစားရမယ်။

* *

တခု သတိထားမိမလား မသိ။ ကျွန်တော်တို့ နှစ်ယောက် စကားပြောကြတဲ့အခါ 'မိ'ဆိုတာက လွဲပြီး တခြား အခေါ်အဝေါ် အသုံးအနှုန်းတွေ မပါအောင် ရှောင်ပြီး ပြောနေကြတာ။ ဟုတ်တယ်။ သူက ကျွန်တော့်ကို ဘယ်လို ခေါ်မလဲ။ ကျွန်တော့်ကိုယ် ကျွန်တော်လဲ ဘယ်လို သုံးနှုန်းမလဲ ဆိုတာ တော်တော် အခက်အခဲ တွေ့ရပါတယ်။ 'ကျွန်တော်' လို့လဲ မပြောချင်။ 'ကိုယ်'တို့၊ 'မောင်'တို့လဲ ပြောမထွက်။ အဲဒါကြောင့် အဲဒီ စကားလုံးတွေ သုံးရမယ့် စကားမျိုး မပြောမိအောင် နေ နေရတာ။ မပြော မဖြစ် ပြောရတော့မယ့်အခါ သိပ်ပြဿနာတက်တာပဲ။ တခါတလေတော့လဲ 'ကျွန်တော် အလေ' ဆိုပြီး ပြောဖြစ်သွားတာပဲ။ ခါတိုင်း ပြောနေကျ



'ကျွန်တော်' ဆိုတဲ့ အခေါ်အဝေါ်ဟာ ခုခါကျတော့ နားထဲမှာ ကိုးလိုးကန့်လန့်ကြီး ဖြစ်နေသလိုပါပဲ။ သူကလဲ ကျွန်တော့်ကို ကျွန်တော်နဲ့ ပတ်သက်တဲ့ နာမ်စားသုံးရတော့မယ့်အခါမှာ ရုတ်တရက် ပြောမထွက်ပဲ ဖြစ်နေတတ်ပါတတ်။ တခါတလေ ကျွန်တော့်ကို လက်ညှိုးထိုးပြီးတော့ပဲ ပြောစရာ စကားကို ဆက်ပြောသွားတယ်။ တခါတလေကျတော့ 'သူရော မစားဘူးလား' ဆိုတာမျိုး လွှတ်ကနဲပြောလိုက်တတ်တယ်။

နောက်တော့လဲ အဆင်ပြေသွားပါတယ်။ ကျွန်တော်တို့ နှစ်ယောက် ညှိလိုက်ကြတယ်။ တဖြည်းဖြည်း အလေ့အကျင့် လုပ်ယူကြတယ်။ တခွန်းပြော နှစ်ခွန်းပြောနဲ့ ကြာတော့လဲ ပါးစပ်က ရဲသွားတာပါပဲ။

ကျွန်တော်က သူ့ကို 'မိ့' လို့ ခေါ်တယ်။

သူက ကျွန်တော့်ကို 'မောင်' လို့ ခေါ်ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အခုစာသင်နှစ်မှာ ကျွန်တော်တို့ရဲ့ 'ပညာဂုဏ်' ကျောင်းကလေးကို မှုံမှန် သင်တန်းဖွင့်ဖို့ တိုင်ပင်ကြတယ်။ ဆရာဦးစိုးထွန်းရယ်၊ သောင်းမော်၊ ချစ်အေး၊ ကျွန်တော်တို့ သုံးယောက်ရယ်ပေါ့။

မနှစ်က စာမေးပွဲအနီးကပ် အရေးပေါ်သင်တန်းဖွင့်ခဲ့တာ အခြေအနေ မဆိုးဘူးလို့ ဆိုရမယ်။ ကျောင်းသားကျောင်းသူတွေကလဲ သဘောကျကြပါတယ်။ စာမေးပွဲကျတော့လဲ ကျွန်တော်တို့ကျောင်းကလူတွေ ဖြေနိုင်ကြတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ ဆယ်တန်းအောင်စာရင်း ထွက်ပြီးတဲ့အချိန်ကစပြီး ပုံမှန်သင်တန်းဖွင့်ဖို့ စီစဉ်ကြတာပါ။



ကျောင်းအခြေအနေကောင်းယင် ဆရာ့ကို ကျောင်းခန်းငှားခသဘော ထပ်ပေးမယ်။ ဆရာက ကြည့်လုပ်တာပေါ့လို့ ပြောတယ်။ ကျွန်တော်တို့ကတော့ ကျောင်းခန်းလခကို ပေးဖြစ်အောင် ပေးမယ်လို့ ရည်ရွယ်ပြီးသား။

ဒီလိုနဲ့ ပိုစတာတွေရေး၊ လူစည်းကားတဲ့ နေရာတွေမှာ နံကျောက်ချိတ်တန်ချိတ်၊ ကပ်တန်ကပ် လုပ်ကြတယ်၊ အဲဒီတာဝန်ကိုတော့ ကျွန်တော်တို့ သုံးယောက်ကပဲ ယူလိုက်ကြတယ်။ ဒီလိုနဲ့ ဆယ်တန်းအောင်စာရင်း ထွက်တဲ့နေ့ ရောက်လာသုံးဝင်။ မနှစ်က ကျွန်တော်တို့ရဲ့ အရေးပေါ် သင်တန်းမှာ တားတက်ခဲ့ကြတဲ့ ကျောင်းသားကျောင်းသူ သုံးဆယ့်ငါးယောက်ထဲက နှစ်ဆယ့်ကိုးယောက်အောင်တယ်။ သုံးဘာသာ ဂုဏ်ထူးကထယ်...ဘက်၊ နှစ်ဘာသာဂုဏ်ထူးက သုံးယောက်၊ တဘာသာ "ထူးက ငါးယောက်။ အဲဒါလောက်ဆိုယင် အခြေအနေ အကောင်းတယ်လို့ ဆိုရမယ်။

အဲဒါကြောင့် အောင်စာရင်းထွက်ပြီး တပတ်လောက်အကြာ ကျွန်တော်တို့ကျောင်းကို ဖွင့်လိုက်တယ်။ ကျောင်းစဖွင့်တဲ့ နေ့တွေမှာ ကျွန်တော်တို့ မှန်းထားသလောက် ကျောင်းသားတွေ ရောက်မလာဘူး။ ဆယ်တန်းက ခုနစ်ယောက်လောက်၊ ကိုးတန်းက ငါးယောက်လောက်ပဲရှိတယ်။ ဆရာဦးစိုးထွန်းက မော်ကြည်းဖြည်းတော့ လာမှာပေါ့ကွာလို့ နှစ်သိမ့်စကား ပြောခဲ့ပြီတယ်။ ကျွန်တော်တို့ကတော့ တော်တော် စိတ်မခတ်ကျသွားတယ်။

သုံးရက်မြောက် ဆရာမြင့်ဆီမှာ အကြံဥာဏ်တောင်းရတယ်။ ဆရာမြင့်က

www.burmeseclassic.com



န်းက

ကျော

ျှန်တာ

ဘယ်။

အခုစာသင်နှစ်မှာ ကျွန်တော်တို့ရဲ့ 'ပညာဂုဏ်' ကျောင်းမား ကလေးကို မှုံမှုန် သင်တန်းဖွင့်ဖို့ တိုင်ပင်ကြတယ်။ ဆရာယ် ဦးစိုးထွန်းရယ်၊ သောင်းမော်၊ ချစ်အေး၊ ကျွန်တော်တို့ထား သုံးယောက်ရယ်ပေါ့။

အား

မနှစ်က စာမေးပွဲအနီးကပ် အရေးပေါ်သင်တန်းဖွင့်ခဲ့တာတွေလဲ အခြေအနေ မဆိုးဘူးလို့ ဆိုရမယ်။ ကျောင်းသားကျောင်းသူတာ တွေကလဲ သဘောကျကြပါတယ်။ စာမေးပွဲကျတော့လဲ ကျွန်ုပ်၏ တော်တို့ကျောင်းကလူတွေ ဖြေနိုင်ကြတယ်။ ဒါကြောင့် ဒီနှ မှာတော့ ဆယ်တန်းအောင်စာရင်း ထွက်ပြီးတဲ့အချိန်ကစပြီး ကာ ပုံမှန်သင်တန်းဖွင့်ဖို့ စီစဉ်ကြတာပါ။

ယ်လို



ကျောင်းအခြေအနေကောင်းယင် ဆရာ့ကို ကျောင်းခန်းငှားခ သဘော ထပ်ပေးမယ်။ ဆရာက ကြည့်လုပ်တာပေါ့လို့ ပြောတယ်။ ကျွန်တော်တို့ကတော့ ကျောင်းခန်းလခကို ပေးဖြစ်အောင် ပေးမယ်လို့ ရည်ရွယ်ပြီးသား။

ဒီလိုနဲ့ ပိုစတာတွေရေး၊ လူစည်းကားတဲ့ နေရာတွေမှာ လျှောက်ချိတ်တန်ချိတ်၊ ကပ်တန်ကပ် လုပ်ကြတယ်၊ အဲဒီတာဝန်ကိုတော့ ကျွန်တော်တို့ သုံးယောက်ကပဲ ယူလိုက်ကြတယ်။ ဒီလိုနဲ့ ဆယ်တန်းအောင်စာရင်း ထွက်တဲ့နေ့ ရောက်လာတယ်။ မနှစ်က ကျွန်တော်တို့ရဲ့ အရေးပေါ် သင်တန်းမှာ တက်ခဲ့ကြတဲ့ ကျောင်းသားကျောင်းသူ သုံးဆယ့်ငါးယောက်ထဲက ဆယ့်ကိုးယောက်အောင်တယ်။ သုံးဘာသာ ဂုဏ်ထူးက တယောက်၊ နှစ်ဘာသာဂုဏ်ထူးက သုံးယောက်၊ တဘာသာ ဂုဏ်ထူးက ငါးယောက်။ အဲဒါလောက်ဆိုယင် အခြေအနေကောင်းတယ်လို့ ဆိုရမယ်။

ဒါကြောင့် အောင်စာရင်းထွက်ပြီး တပတ်လောက်အကြာမှာ ကျွန်တော်တို့ကျောင်းကို ဖွင့်လိုက်တယ်။ ကျောင်းစဖွင့်တဲ့ရက်တွေမှာ ကျွန်တော်တို့ မှန်းထားသလောက် ကျောင်းသားတွေ ရောက်မလာဘူး။ ဆယ်တန်းက ခုနစ်ယောက်လောက်၊ ကိုးတန်းက ငါးယောက်လောက်ပဲရှိတယ်။ ဆရာဦးစိုးထွန်းက တဖြည်းဖြည်းတော့ လာမှာပေါ့ကွာလို့ နှစ်သိမ့်စကား ပြောပါတယ်။ ကျွန်တော်တို့ကတော့ တော်တော် စိတ်ဓာတ်ကျသွားတယ်။

ဆရာမြင့်ဆီမှာ အကြံဉာဏ်တောင်းရတယ်။ ဆရာမြင့်က

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကျောင်းရဲ့ လုပ်ပုံကိုင်ပုံတွေကိုမေးတယ်။ ကျွန်တော်တို့က ပြောပြတော့ ဆရာက မင်းတို့ကျောင်းမှာကြော်ငြာ အင်အားနည်းနေတယ်။ ကျောင်းကို ကျောင်းသားတွေ သိပ်မသိကြသေးတာ ဖြစ်မယ်လို့ ပြောတယ်။

ဆရာမြင့်ရဲ့ အကြံဉာဏ်အတိုင်း ကြော်ငြာကို ဖိလုပ်ဖို့ စီစဉ်ကြရပြန်တယ်။ ကျွန်တော်တို့ကျောင်းကိုဝင်တဲ့ လမ်းကြားလေးနဲ့ထိပ်မှာ ဆိုင်းဘုတ်တခုထောင်တယ်။ နောက် လက်ကမ်းကြော်ငြာတွေရိုက်တယ်။ အဲဒီကြော်ငြာကို သာမန်မဟုတ်ပဲ အရောင်သုံးရောင်နဲ့ ရိုက်တယ်။ ဘလောက်တုံးတွေ လုပ်ပြီး သပ်သပ်ရပ်ရပ် ဖြစ်အောင် လုပ်တယ်။ အတွင်းမှာပါတဲ့ စာသားတွေကိုလဲ ဆရာမြင့်ပဲ ရေးပေးတယ်။ အထဲမှာ မနှစ်က အရေးပေါ်သင်တန်းတုန်းကအောင်တဲ့ ကျောင်းသားတွေ၊ ဂုဏ်ထူးထွက်တဲ့ ကျောင်းသားတွေရဲ့ နာမည်လဲထည့်ရိုက်တယ်။ အဲဒီ ကြော်ငြာရိုက်ဖို့ မိက အကူအညီ ပေးပါတယ်။ သူတို့ ပုံနှိပ်တိုက်မှာ ရိုက်ပေးတယ်။ စက္ကူကိုလဲ သူတို့ပုံနှိပ်တိုက်ကပဲ စိုက်တယ်။ ဘလောက်ဖိုးကို ဆရာမြင့်က တာဝန်ယူတယ်။ မိက သူ့အိမ်ကို ဆရာမြင့်တပည့်ရဲ့ကြော်ငြာမို့ အလကား ရိုက်ပေးဖို့ ပြောထားတယ်တဲ့။

ဒီလိုနဲ့မိတို့အိမ်ကိုနှစ်ခေါက်သုံးခေါက်ရောက်ဖူးသွားတယ်။ မိတို့ရဲ့ ပုံနှိပ်တိုက်က သူတို့အိမ် အောက်ထပ်မှာ မဟုတ်လား။ မိတို့ အဖေရော၊ အမေရော သဘောကောင်းကြပါတယ်။ အဘိုးကြီးက စကားပြောတာ ခပ်ပြတ်ပြတ် ခပ်ရှင်းရှင်းပဲ။ အဘွားကြီးကတော့ လေအေးကလေးနဲ့ ချိုချိုသာသာ ပြောတတ်တယ်။ နှစ်ယောက်စလုံး စိတ်သဘောထား ပြည့်ဝတဲ့ ပုံပါပဲ။ ကိုယ့်ယောက္ခမလောင်းမို့ပြောတာ မဟုတ်ပါ။

ပြီးတော့....အဲဒီမှာ ယောက်ဖလောင်းကိုလဲ တွေ့ခဲ့ရသေးတယ်။ မိရဲ့မောင်လေးဆိုတဲ့ စံရှားလေ။ ကြည့်ရတာတော့ ရှုးပေါပေါလေးပဲ။ စိတ်ထားတော့ ကောင်းလိမ့်မယ်ထင်ပါတယ်။ စံရှားက သူ့အမေနဲ့တူတယ်။ အသားညိုညို၊ ခပ်တုတ်တုတ်။ မိက အဖေနဲ့တူတယ်။ အသားလတ်လတ် ခပ်သွယ်သွယ်။

သူတို့ မိသားစုအားလုံး ကျွန်တော်တို့ကို ဖော်ဖော်ရွေရွေ ဆက်ဆံပါတယ်။ အဲ....မိနဲ့ ကျွန်တော်နဲ့ အကြောင်းကို မသိသေးလို့သာ ဒီလောက်သဘောကောင်းနေတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့။ စံရှားကလဲ ကျွန်တော်တို့ရဲ့ ကြော်ငြာကို သူကိုယ်တိုင် ဝင်ပြီး ကျကျနန စီစဉ်ပေးပါတယ်။ ဒီလိုနဲ့ကျွန်တော်တို့ရဲ့ ကျောင်းကြော်ငြာဟာ သပ်သပ်ယပ်ယပ် လှလှပပဖြစ်သွားပါတယ်။

ဆရာမြင့်ရဲတွက်ကိန်းမှန်တယ်။

ဘာကြောင့်ဆို အဲဒီကြော်ငြာကို ဝေလိုက်ပြီးတော့ နှစ်ပတ်လောက်လဲကြာရော။ ကျွန်တော်တို့ကျောင်းမှာ ကျောင်းသားကျောင်းသူတွေ သိသိသာသာကြီး တိုးလာတော့တာကြောင့်ပါပဲ။

ဆရာမြင့်ရော၊ စံရှားရော၊ သူတို့အမေ အဖေတွေရော ကျေးဇူး အရမ်းတင်မိတယ်။

အထူးသဖြင့်တော့ မိ....ကိုပေါ့ဗျာ။

*　　　　*



www.burmeseclassic.com

www.burmeseclassic.com



ဆရာမြင့်ရှေ့ကျယင် မှင်သေသေ နေရတယ်။ အလုပ်ကိစ္စက လွဲပြီး တခြားအကြောင်းတွေ သိပ်မပြောကြဘူး။ ဆရာမြင့် ထကြီးဆိုတာနဲ့ ကျွန်တော်တို့နှစ်ယောက် ကဲကြတော့တာပဲ။ အဲ...ကဲတယ်ဆိုလို့ သိပ်တော့လဲအထင်မကြီးကြပါနဲ့။ ကဲတယ် ဆိုတာ စကားတွေပြောကြတာကို ဆိုလိုတာပါ။ တမျိုးပဲလေ။ ကျွန်တော်တို့နှစ်ယောက်ဟာ လူသိပ်ရှင်းတဲ့နေရာတွေမှာ ချိန်း တွေ့ဖို့ အခွင့်အရေး သိပ်မရကြလို့လားတော့မသိ။ နှစ်ယောက် ချင်း တွေ့တဲ့အခါကျယင် စကားတွေပြောကြတာပါ။ တခါ တလေ ပြောစရာစကား ရှာမရယင်လဲ တယောက်နဲ့တယောက် အကြာကြီး စိုက်ကြည့်နေတတ်ကြပါတယ်။ အဲဒါသန့်ရှင်းတဲ့ အချစ်ပဲလို့ မဆိုချင်ပါ။ ဘာကြောင့်ဆိုတော့ ပြောစရာမလို လို့ပါပဲ။ ‘အချစ်’ လို့ ဆိုလိုက်ကတည်းကသူ့ပင်ကိုယ်သဘာဝ ကိုက သန့်ရှင်းပြီးသား မဟုတ်လား။

အော်....တခု ပြောရပါအုံးမယ်။ ဆရာမြင့်ကျောင်းမှာ ကျွန်တော်ဆက်ပြီး အလုပ်လုပ်ဖြစ်နေတဲ့ကိစ္စ။ ကျွန်တော်က ‘ပညာဂုဏ်’ ကျောင်းဖွင့်ပြီး စာသင်နေရပြီဆိုတော့ ဆရာမြင့် ကျောင်းက အလုပ်တွေကို အယင်လိုပြည့်ပြည့်ဝဝ လုပ်ပေး နိုင်မှာ မဟုတ်တော့။ ဒါကြောင့် ကျွန်တော်လဲ အားနာပြီး အလုပ်က ထွက်ခွင့်ပေးဖို့ ဆရာ့ကို မရဲတရဲ ပြောလိုက်တယ်။ ဆရာက ခွင့်မပြု။

“ဟေ့ကောင်ရ။ မင်းတို့ကျူရှင်ကျောင်းက လုံးဝပြည့်စုံ ခိုင်မာနေပြီလို့ ပြောနိုင်သေးလို့လားကွ။ အခြေအနေဆိုတာ ပြောနိုင်တာ မဟုတ်ဘူးနော်။ မင်းတို့ကျောင်းဟာ တချိန်ချိန် မှာ တကယ်ဖြစ်လာမယ်ဆိုတာတော့ ဆရာယုံပါတယ်။ ခု... လောလောဆယ်မှာတော့အောင်မြင်စပြုနေပြီဆိုတာလောက်ပဲ ပြောနိုင်သေးတာ။ အဲဒီတော့ ဆရာ အကြံပေးချင်တာက မင်းကျောင်းမှာလဲသင်၊ ဆရာ့ဆီမှာလဲဆက်လုပ်အုံး။ ပြီးတော့ ဒယောင်းစက္ကူရေးတဲ့ အလုပ်ကိုလဲလုပ်၊ နည်းနည်းတော့ ပင်ပန်းမှာပေါ့ကွာ။ ဒါပေမယ့် ခုအရွယ်မှာ ကြိုးကြိုးစားစား လုပ်ထားမှ မဟုတ်လား”



ဒီလိုနဲ့ ဆရာမြင့် ကျောင်းမှာ ဆက်လုပ်ဖြစ်သွားတယ်။ တကယ်ဆိုယင် ကျွန်တော်ကလဲ ဒီကျောင်းက ဘယ်ခွာချင်ပါ့ မလဲ။ ကျွန်တော့်အတွက် အတွေ့အကြုံရော၊ ပညာရော၊ ငွေကြေးရော ရတဲ့နေရာ မဟုတ်လား။ အဲဒါတွေထက် ပိုပြီး မက်စရာကောင်းတာက မိနဲ့ နီးနီးကပ်ကပ် နေခွင့်ရနိုင်တာ ပါပဲ။

ဆရာမြင့်က ကျွန်တော့်အတွက် အလုပ်ချိန်ကိုလဲ ဒီလို သတ်မှတ်ပေးထားတယ်။

“မင်း လာချင်တဲ့အချိန်လာပြီး ပြန်ချင်တဲ့အချိန်ပြန်” တဲ့။

ကဲ....ဒီလောက် အဆင်ပြေတဲ့အလုပ် ဘယ်မှာ ရှိနိုင်ပါ တော့မလဲ။ ဆရာ့ကို သိပ်ကျေးဇူးတင်မိတယ်။ နောက်ပြီး အားလဲနာတယ်။ ကျွန်တော်က ဆရာ့ဆီက ပညာလဲယူတယ်။ ငွေလဲယူတယ်။ အခွင့်အရေးလဲယူတယ်။ အဲ်....ပြီးတော့ ဆရာ့ သမီးကိုလဲယူဖို့ ကြိုးစားနေတယ် မဟုတ်လား။

ဆရာမြင့်က ကျွန်တော်....မိကို ကြိုက်နေတဲ့အကြောင်း သိတော့သိတယ်။ ခုလို အဆင်ပြေနေကြပြီဆိုတာကတော့ မသိ

www.burmeseclassic.com

www.burmeseclassic.com



သေးဘူးထင်တယ်။ သိသိကြီးနဲ့ မသိဟန်ဆောင်နေတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့။ ဟိုတခါ ဆရာမြင့်နဲ့ စကားပြောယင်း မိကို...ကျွန်တော် ကြိုက်နေတဲ့အကြောင်း လွတ်ကနဲ ပြောလိုက် မိတုန်းက ဆရာက....မကန့်ကွက်ပါဘူးကွာလို့ နောက်သလို ပြောင်သလို ပြောခဲ့တယ် မဟုတ်လား။ ဆရာ့အနေနဲ့ မိနဲ့ ကျွန်တော့်ကို သဘောတူလိမ့်မယ်ဆိုတာတော့ ကျွန်တော် ခန့်မှန်းလို့ ရပါတယ်။ သို့ပေမယ့် သိသာသိစေ။ မမြင်စေနဲ့ ဆိုတာမျိုးလိုပေါ့။ ကျွန်တော်တို့အနေနဲ့ ဆရာ့ရှေ့မှာ သေသေ ဝပ်ဝပ် နေသင့်တယ်။ မျက်စိနောက်စရာ မဖြစ်သင့်ဘူး။ ဒါကြောင့် ဆရာက သိနေသည်ဖြစ်စေ၊ မသိသေးဘူးပဲဖြစ်စေ ဆရာ့ရှေ့မှာ မှင်သေသေ နေခဲ့ကြတာပါ။

အဲဒီလို နေယင်းနဲ့ ဆရာ့ အလစ်ကျမှ ခုနပြောသလို ကဲကြ ရတယ်။ တခါတလေ ဆရာ စာသင်နေယင်းက ကျောက်သင် ပုန်းပေါ်မှာ စာလှည့်ရေးနေတုန်း မိနဲ့ကျွန်တော် တယောက်နဲ့ တယောက် ဖြတ်ကနဲကြည့်ပြီး လှစ်ကနဲ မသိမသာ ပြုံးပြကြ နောက်...ချက်ချင်း ဣန္ဒြေပြန်ဆည်ပြီး နေကြရတာ ပျော်စရာ တော့ အကောင်းသား။

ကျောင်းချိန်လဲမဟုတ်။ ဆရာမြင့်လဲ ကိစ္စတခုခုနဲ့ အပြင် သွားတဲ့ အခါမျိုးကျယင်တော့ အေးအေးဆေးဆေး စကား ပြောလို့ ရကြပါတယ်။

တခုရှိသေးတယ်။ ဆရာမြင့်ကနေ့လယ်ဆိုယင် လက်ဖက်ရည် သောက် ဆင်း လေ့ ရှိတယ်။ ကျွန် တော့် ကို လဲ အမြဲ ခေါ်သွားနေကျ။ ကျွန်တော်တို့ လမ်းထိပ်နားက ကုလားထိုင်



လမ်းဘေးဆိုင်မှာ ခွေးခြေကလေးတွေ ချပြီး ထိုင်ယင်း လက်ဖက်ရည်သောက်လိုက်၊ ထွေရာလေးပါး စကားပြောလိုက် လုပ်ရတာ အရသာတမျိုးပဲ။ ခုကျတော့ ဆရာမြင့်က လက်ဖက် ရည်သောက်ခေါ်တဲ့အခါ သိပ်မလိုက်ချင်တော့။ မိနဲ့ပဲ စကား ပြောယင်း နေရစ်ခဲ့ချင်တယ်။ သို့ပေမယ့် ကျွန်တော် မလိုက် ဘူးလို့ ငြင်းလို့ ဘယ်ဖြစ်ပါ့မလဲ။ ခါတိုင်းတုန်းကတော့ လိုက်ပြီး ခုကျမှ မလိုက်ဘူးဆိုယင် သိပ် သိသာသွားမှာ မဟုတ်လား။ ဒါကြောင့် ဆရာခေါ်ယင် ဟန်မပျက်လိုက်လိုက် သွားရတယ်။ အဲဒါ တခုတော့ နည်းနည်း ကျွတ်တယ်။

ဒီနေ့လိုမျိုး ကျပြန်တော့လဲ မဆိုးပါ။ မနက်ပိုင်း အတန်း ပြီးသွားတော့ နောက်တတန်း စ ဖို့ အချိန်တနာရီလောက် ရှိသေးတယ်။ ဆရာမြင့်က ‘ငါ ကိုအောင်သောင်းဆီ ခဏ သွားအုံးမယ်’ ဆိုပြီး ဆင်းသွားရော။ အဲဒီတော့မှ ကျွန်တော်နဲ့ မိလဲ လွတ်လွတ်လပ်လပ် စကားပြောကြရတာပေါ့ဗျာ။

“မောင့်ကို ပြောစရာ တခု ရှိသေးတယ်”

လို့.... သူက စကား စ တယ်။ ကျွန်တော်တို့ နှစ်ယောက်က တော့ အဲဒီလိုပဲ။ မောင့်ကို မိ ကို ပြောစရာ တခုရှိသေးတယ် စကား စ တတ်ကြပါတယ်။

“အဲဒီ စကားကိုချည်းပဲ ခဏ ခဏ ပြောနေရတာ မငြီးငွေ့ သွားလား ဟင်.... မိ”

“ဘာလဲ....မိ ဘာပြောတယ်ဆိုတာ သိလို့လား”

“အင်းလေ၊ မောင့်ကို သိပ်ချစ်တာပဲလို့ ပြောမလို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သူက ရယ်ပြီးတော့.... "မောင် မကြားချင်ယင်လဲ မပြောတော့ပါဘူး၊ တခြား အကြောင်းကိုပဲပြောတော့မယ်"လို့ ပြောတယ်။ ကျွန်တော်က....

"တခြား အကြောင်းဆိုတာကတော့ မိ ကို ချစ်ရဲ့လားလို့ မေးမလို့ မဟုတ်လား"

"မဟုတ်ဘူး၊ မိကို ဘယ်တော့မှ မမုန်းရဘူးလို့ ပြောမလို့...."

"အဲဒီ စကားမျိုးတွေ နောက်ထပ် ပြောဖို့ မလိုတော့ဘူး ထင်တယ်"

"ဟင်....ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီ စကားတွေက မိ မပြောပေမယ့်လဲ မောင့်နားထဲမှာ အမြဲ ကြားယောင်နေတာပဲ"

"ဘာလဲ....ဒီဘက် နားက ဝင်ပြီး ဟိုဘက် နားက ပြန်ထွက်တာကို ပြောတာလား"

"မိကလဲ နား ဆိုတာ အသံကို လက်ခံလို့ပဲ ရတယ်၊ ပြန်ထုတ်လို့ မရဘူး၊ အဝင်သာ ရှိတယ်၊ အထွက် မရှိဘူး"

"ဒါဆိုယင် နှာခေါင်းကနေ အသက်ရှုထုတ်ယင်းနဲ့ ပြန်ထွက်သွားတာ ဖြစ်မယ်"

"မဟုတ်ဘူး မိ ရဲ့၊ အဲဒီစကားတွေကို မောင်က မျိုချပစ်လိုက်တာ၊ အဲဒါနဲ့ မိရဲ့ စကားတွေက မောင့် အစာအိမ်ထဲ ရောက်သွားရော၊ အဲဒီကနေတဆင့် အူသိမ်အူမတွေထဲရောက်၊ အစာခြေရည်တွေနဲ့တွေ့ပြီး ဓာတ်ပြောင်းသွားလို့ မိရဲ့အသံက ဘယ်လို ပြောင်းလဲပြီး ပြန်ထွက်လာသလဲ သိလား"



"မောင်နော်....မညစ်ပတ်နဲ့ သိလား"

"ဩော်.... တကယ် ပြောတာ မိ ရဲ့၊ အမယ်....တခါတလေတော့ မိ ရဲ့ အသံက ရှက်လို့ ထင်တယ်၊ တိုးတိုးကလေးဟ်....ဆိုတာလောက်ပဲ မြည်တယ်"

"အာ.... တော်ပြီ၊ တော်ပြီ၊ မောင် သိပ်ပေါက်ကရ ပြောတယ်"

"ကဲပါ.... ပြော ပြော၊ ခုန မိ ပြောစရာရှိတယ် ဆိုတာ"

"ဟင့်အင်း.... မပြောတော့ဘူး၊ မောင်က နောက်တယ်" သူက စိတ်ဆိုးချင်ဟန်ဆောင်လိုက်တယ်။

"မပြောတော့ဘူး ဆိုပြီး ဘာဖြစ်လို့ ပြောတာလဲ"

"အမယ်....ဘယ်မှာ ပြောလို့လဲ"

"မိရဲ့ မျက်လုံးတွေက ပြောနေတာ"

သူက ရယ်လိုက်ပြီး ကျွန်တော့်ဘက်ကို ကိုယ်ကို လှည့်ပြီး ထိုင်လိုက်တယ်။ တခုခုကို ကျကျနန ပြောတော့မယ့် ဟန်ပေါ့။

"မိ ပြောမယ်ဆိုတာက ဒီလိုပါ၊ မောင့်ကို ဒီမှာ ပထမဦးဆုံး အကြိမ် မြင်ဖူးတုန်းက မိ စိတ်ထဲမှာ အံ့ဩသလို ဖြစ်သွားတယ်၊ ပြီးတော့လဲ မောင့်ကို အယင်က တနေရာရာမှာ မြင်ဖူးတယ်လို့လဲ ထင်တယ်"

"ဟုတ်တယ်လေ၊ မိ မောင့်ကို တနေရာရာမှာ မြင်ဖူးတာပေါ့၊ မောင် အဲဒါ မပြောရသေးဘူး"

ကျွန်တော်က သူ့ကို မှန်ဟင်းခါးဆိုင်မှာ ပထမဦးဆုံး အကြိမ် မြင်ဖူးတဲ့အကြောင်း ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်....ဟုတ်ပြီ၊ ဒါကြောင့် မိ နံနံပင် မကြိုက်ဘူးဆိုတာ မောင် သိနေတာကိုး၊ ဟိုတခါ အောက်ထပ်က မုန့်ဟင်းခါး ဆိုင်မှာ စားတော့ မောင်က ညှပ်ခေါက်ဆွဲချည်းပဲ မှာပြီး နှစ်ပွဲ စလုံး နံနံပင် မထည့်နဲ့လို့ ပြောလိုက်တော့ မိ တောင် အံ့သြ သွားတယ်၊ မောင် ဘယ်လိုလုပ် သိနေပါလိမ့်လို့"

"အင်းလေ၊ မောင်က မှတ်ထားတာပဲဟာ၊ အဲဒီတုန်း ကတည်းက မောင်က ကြိုက်နေတာ သိလား"

"သိသားပဲ"

"မိ ကကော မောင့်ကို ဘယ်တုန်းက ကြိုက်သွားတာလဲ"

"ဘယ်တုန်းကမှ မကြိုက်ပါဘူး၊ ခုလဲ မကြိုက်ဘူး"

"အင်း.... ဟုတ်ပါတယ်၊ မိက မောင့်ကို ကြိုက်တာမှ မဟုတ်ပဲ၊ ချစ်တာနော်"

"မောင်က တော်တော် လည်တယ်" လို့ မိ က ပြော တယ်။

* * *

နံပါတ်နှစ် ဘတ်စ်ကားပေါ်က ဆင်းပြီး အိမ်ဘက်ကို လျှောက်လာယင်းနဲ့ မနက်တုန်းက မိ နဲ့ ကျွန်တော် ကုန်တိုက် ကြီးပေါ် တက်ကြည့်ကြတဲ့ အကြောင်း စဉ်းစားလာမိတယ်။



ထုံးစံအတိုင်း မနက်က မိကို ဘူတာကြီးမှာ သွားကြို တယ်။ စကားတပြောပြောနဲ့ လျှောက်လာကြပြီး ကုန်တိုက် နားရောက်တော့ 'လက်ဖက်ရည် သောက်အုံးမလား'လို့ ကျွန် တော်က မေးလိုက်တယ်။ မိက 'ပြီးမှ သောက်တာပေါ့၊ ကုန်တိုက်ပေါ် တက်ကြည့်ရအောင်' ဆိုလို့ တက်ကြည့်ကြ တယ်။

ပထမထပ်က စားသောက်ကုန်တွေကိုတော့ မိက သိပ်စိတ် မဝင်စားပါ။ သာမန်သဘောလောက်ပဲ လျှောက်ကြည့်တာပဲ။ အဲ....အထည်အလိပ်အထပ်ကို ရောက်တော့မှ မိက သေသေ ချာချာ စေ့စေ့စပ်စပ် ကြည့်တော့တာကိုး။ စုံလဲ တော်တော် စုံပါတယ်။ ပြည်တွင်းဖြစ်တင်ဓမ္မကား၊ ဂျပန်တက်ထရက်၊ တရုတ် အိပ်ရာခင်း၊ ကိုးရီးယား ပိတ်စတွေပါ ရှိတယ်။

မိက လျှောက်ကြည့်ပြီး တနေရာရောက်တော့....

"မောင်ရေ....ဒီမှာ ကိုင်ကြည့်စမ်း အသားလေးက အိခနေ တာပဲ"

လို့ ပြောပြီး ပိတ်စတမျိုးကို ပြတာနဲ့ ကိုင်ကြည့်လိုက်တယ်။ ဟုတ်တယ်....အသားက အိအိကလေး။ ပျော့ဖတ်ဖတ်ကြီးလဲ မဟုတ်။ ကိုရီးယားတွေတဲ့။ တကိုက်ကို နှစ်ဆယ့်တကျပ် ကျော် ရှိလေး။ အနံကြီးဆိုတော့ တတောင့်ထွာပဲ ဝယ်ရမယ်လို့ ဆိုပြောတယ်။ ဝယ်ယင်ကောင်းမလားလို့ မိက မေးတော့ ကျွန်တော်ကလဲ ကောင်းသားပဲလို့ ပြောလိုက်တယ်။

"ဘာအရောင် ယူရမလဲ"

www.burmeseclassic.com



မိကမေးတယ်။ ကျွန်တော်က အရောင်တွေလျှောက်ကြည့် မောင်တော့မရမ်းစေ့ရောင်ကြိုက်တယ်လို့ ပြန်ပြောလိုက်တယ် ဒါနဲ့မိက....ကျွန်တော့်ကို ပြုံးပြပြီး မရမ်းစေ့ရောင် တထော ထွာ ဖြတ်ခိုင်းလိုက်တယ်။ ပြီးတော့သူ့ ပုခုံးသိုင်းသားရေလွ အိတ်ရဲ့ဇစ်ကို ဆွဲဖွင့်ပြီး အထဲကပိုက်ဆံထုတ်မလို့ လုပ်နေတု ကျွန်တော်က အိတ်ထဲကပိုက်ဆံဆယ်တန်နှစ်ရွက်ထုတ်ပြီး အယ ဦးအောင် ပေးလိုက်တယ်။

"အို... မပေးပါနဲ့၊ မိဘာသာ ပေးပါမယ်"

ဆိုပြီး အ စိတ် တန် တစ် ရွက် ထုတ်ပြီး ပေးနေပြန်တယ် အရောင်းစာရေးမကြီးလဲ ယောင်ပြီး သူ့အစိတ်တန်ကိုပါ လိုက်မိတယ်။ ကျွန်တော်ကလဲ 'အစ်မကြီး....နေပစေ။ အစိ တန် ပြန်ပေးလိုက်။ ဟိုပိုက်ဆံကိုယူ' လို့ ပြောတော့ မိက 'အစ်မ....အစိတ်တန်ယူလိုက်' ဆိုပြီး ပြောနေတယ်။ အ အစ်မကြီးလဲ ဆယ်တန်နှစ်ရွက်ကို တဘက်ကကိုင်၊ အစိတ်တ တရွက်ကို တဘက်ကကိုင်ပြီး ဘာလုပ်ရမှန်းမသိပဲ ကြောင် တယ်။ နောက်မှ ရယ်လိုက်ပြီး....

"ကဲ....ကဲ၊ ငါ့ညီမက ရှပ်အင်္ကျီစ တစ ပြန်ဝယ်ပေးလို ပေါ့။ ဟိုဘက်မှာ တက်ထရွန် အင်္ကျီဆန်းလေးတွေရှိတယ်

လို့ပြောပြီး မိရဲ့ အစိတ်တန်ကို ပြန်ပေးလိုက်တယ်။ ပိုက် ပြန်အမ်း။ ပိတ်စကိုယူပြီး ပြန်ထွက်လာကြတော့ မိက 'ဟုတ်တယ်....မောင့်ကို အင်္ကျီစ တစ ပြန်ဝယ်ပေးရမယ် မောင်....မငြင်းရဘူး' လို့ ပြောပြီး တက်ထရွန် အင်္ကျီ တစ ပြန်ဝယ်ပေးတယ်။



ပြီးတော့....ကျွန်တော်က 'ဝယ်စရာတခု ရှိသေးတယ်' လို့ ပြောပြီး အပေါ်ဆုံးထပ်ကို ခေါ်သွားတယ်။ အပေါ်ရောက် တော့ မိက မေးတယ်။

"ဝယ်မလို့ဆို.... ဘာဝယ်မှာလဲ"

"ဟိုမှာလေ"

ကျွန်တော်က လက်ညှိုးညွှန်ပြလိုက်တယ်။ အခန်းကလေး ကန့်ပြီး ပြထားတဲ့ ခုတင်ရယ်၊ စပရိန်မွေ့ရာရယ်၊ မိက ရှက် သွားပြီး ကျွန်တော့်လက်မောင်းကို မသိမသာ ဆွဲဆိတ်တယ်။

ကုန်တိုက်ပေါ်က ပြန်ဆင်းလာပြီးတော့ အချိန်နည်းနည်း ရသေးတာနဲ့ ပဒေသာ စားသောက်ဆိုင်မှာ လက်ဖက်ရည် ဝင်သောက်ကြတယ်။ စမူဆာနှစ်ခုပါ မှာလိုက်တယ်။ ကျွန် တော်ကပဲ ပိုက်ဆံပေးလိုက်တယ်။ လက်ဖက်ရည်နဲ့ စမူဆာ ရောက်လာတော့ မိက....ကျွန်တော့်ကို စမူဆာတခု ယူပေး ပြီးမှ သူက တခုကိုယူ၊ အချဉ်ရေနဲ့တို့ တကိုက်ကိုက်ဝါးယင်း ကျွန်တော့်ကို အကဲခတ်သလို ကြည့်နေတယ်။ ပြီးမှ....

"မောင်....ခုန စိတ်ထဲမှာ တမျိုးမျိုး ဖြစ်သွားသလား မသိဘူး"

"ဘာကိုလဲ....မိ"

"မောင်က မိအတွက် အင်္ကျီစဖိုး ပေးလိုက်လို့ မိက.... မောင့်အတွက် အင်္ကျီပြန်ဝယ်ပေးပြီး ချေလိုက်တဲ့သဘောလို့ မောင်ထင်သွားသလားလို့ပါ"

ကျွန်တော်က ဘာမှပြန်မပြော။ သူကပဲဆက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



“အဲဒီလို သဘောမျိုး မဟုတ်ဘူးနော်။ မိက အဲဒီအဆင်မျိုးလေး တွေ့တာကြာပြီ၊ ကြိုက်လဲကြိုက်တယ်။ မောင့်ကို လက်ဆောင် ပေးချင်နေတာ။ ဒါပေမယ့် မြန်မာဖြစ်မို့ လို့ စဉ်းစားနေတာ”

“အို…ဘာဖြစ်လဲ၊ မြန်မာဖြစ်ကကောင်းယင် ပိုပြီးတော့တောင် ဝတ်သင့်သေးတယ်။ ခု ဒီအစဆိုယင် တော်တော်ကောင်းတာပဲ။ မောင်…ဝတ်ဝတ်နေတဲ့ တက်ထရွန်အဖြူ လက်တိုကလေး တွေ့တယ်မဟုတ်လား။ အဲဒါ ဘားမားတက်ထရွန်ပေါ့။ လေးနှစ်လောက်ရှိပြီ။ ခုထိ ကောင်းသေးတယ်။ လျှော်လေ အသားညက်လေပဲ။ အရောင်က သိပ်မရွှင်တာနဲ့ အမွေးနည်းနည်းထွက်တာ တခုပဲ ပြောစရာရှိတယ်”

ကျွန်တော်က သူ့အင်္ကျီစ ဝယ်ပေးတဲ့အတွက် ဘယ်လိုမှ သဘောမထားဘူးဆိုတာ သိရလို့ သူ ကျေနပ်သွားပုံရတယ်။

“ပြီးတော့…မိကို ပြောစရာတခု ရှိသေးတယ်။ မောင်လဲ မိကို အင်္ကျီစ တစဝယ်ပေးချင်နေတာ။ ဘာကြောင့်လဲဆိုတော့ မနေ့က မောင်တို့ကျောင်းက လခထုတ်တယ်လေ”

“မောင် ဘယ်လောက် ရလဲဟင်”

“တစ်ရာနဲ့ငါးကျပ်ရတယ်။ နောက်ပြီး ဒီနေ့လဲဆရာဦးရဲ့စိုးဆီက ဖယောင်းစက္ကူရေးခ ခြောက်ဆယ်ကျော်လောက် ရစရာရှိသေးတယ်။ ဒါကြောင့် မိကို တခုခုလဲကျွေးမယ်၊ အင်္ကျီစ ကလေးလဲ တစလောက် ဝယ်ပေးမယ်လို့ စိတ်ကူးထားတာ”

စားသောက်ပြီးလို့ ပန်းဆိုးတန်းလမ်းအတိုင်း လျှောက်လာကြယင်း ကျွန်တော်က ပြောပြတယ်။ ရန်ကုန်မြို့က တချို့



လူတွေဟာ ကုန်တိုက်ကြီးပေါ် တက်ကြည့်ရကောင်းမှန်း မသိသေးတဲ့အကြောင်း၊ တချို့က ကုန်တိုက်က ရောင်းသော ပစ္စည်းဆိုလျှင် မြန်မာဖြစ်တွေပဲဆိုပြီး အထင်သေးတတ်ကြကြောင်း၊ တချို့လဲ ကုန်တိုက်မှာ ဈေးသက်သက်သာသာနဲ့ ရနိုင်မယ့်ပစ္စည်းကို ရှိမှန်းမသိကြလို့ အပြင်ဆိုင်တွေမှာဈေးကြီးပေးဝယ်ကြတဲ့အကြောင်း၊ အကွက်မြင်တဲ့ လူတချို့ကျတော့ ကုန်တိုက်က ပစ္စည်းတွေ သိမ်းကြုံးဝယ်တတ်တဲ့အကြောင်း ပြောပြတယ်။

“ဟုတ်တယ်နော်…တချို့လူတွေက ပြည်တွင်းဖြစ်ဆိုယင် ဘယ်လောက်ကောင်းကောင်း အထင်မကြီးတတ်ကြဘူး။ တချို့ကျတော့ ဈေးသက်သာတယ်ဆိုယင် မကောင်းလို့ပဲလို့ ထင်တတ်ကြတယ်၊ ဒါကြောင့်လဲ သူတို့ပဲ အလိမ်ခံကြရတာ။ အခု မိဝယ်လာတဲ့ ကိုးရီးယားတွေ ဆိုတဲ့ အစကို တချို့စီးပွားရေး သမားတွေက အပေါ်က အဆင်တွေထပ်ရိုက်၊ နာမည်ဘာမျိုးပြောင်းပြီး တကိုက်ကို လေးဆယ်၊ လေးဆယ့်ငါးကျပ်နဲ့ ရောင်းကြတယ်။ အမယ်…အဲဒါကျတော့ ဝယ်လိုက်ကြတာ။ မိကတော့ ကုန်တိုက်ပေါ်ကြုံယင် တက်တက်ကြည့်တာပဲ”

“ဒါနဲ့ နေပါအုံး။ မိကို မေးရအုံးမယ်။ ဟိုပေါ်မှာ ပိတ်စ ဝယ်ယင်းနဲ့ ကိုယ်က မရမ်းစေ့ရောင် မကောင်းဘူးလားလို့ မေးတော့ မိက ဘာဖြစ်လို့ ပြုံးတာလဲ”

“အော်…ဒီလိုပါ။ မိကြိုက်တဲ့အရောင်ကို မောင်မကြိုက်မှာ စိုးလို့ မေးကြည့်တာ။ မိကြိုက်နေတဲ့ အရောင်ကလဲ မရမ်း

www.burmeseclassic.com

www.burmeseclassic.com



စေ့ဆောင်ပဲလေ။ အဲဒါ မောင်နဲ့ အကြိုက်ချင်း သွားဆုံနေလို့ ပြုံးတာပါ”

မိနဲ့ တွေ့ခဲ့တဲ့ အကြောင်းတွေ အစဉ်းစားလွန်သွားလို့ ကျွန်တော်တယောက်ထည်း လမ်းလျှောက်ယင်း ပြုံးမိမလို့ တောင် ဖြစ်သွားတယ်။ ပါးစပ်ကိုမနည်းထိန်းပြီး ရှေ့ကိုကြည့်လိုက်တော့ ကျွန်တော့်ရှေ့ ခပ်လှမ်းလှမ်းမှာ လူတယောက် သံပုံးဝိုင်းနှစ်လုံးကို တဖက်ဆီဆွဲပြီး ကျွန်တော်တို့ အိမ်ဝင်း ကလေးထဲ ဝင်သွားတာ တွေ့လိုက်ရတယ်။

ကိုကို ရေခပ်နေတာပါလား။

ကျွန်တော်စိတ်မကောင်းဖြစ်သွားတယ်။ အိမ်ထဲမြန်မြန် ဝင် အဝတ်အစားမြန်မြန်လဲ၊ လုံချည် အဟောင်းတထည်ပဲ ကောက်ဝတ်ပြီး မြန်မြန်ထွက်လာခဲ့တယ်။ ကျွန်တော်တို့အိမ်မှာက ရေတွင်းမရှိဘူး။ ရပ်ကွက်ဘုံဘိုင်ကလဲ နည်းနည်းလှမ်းတယ်။ ဒါကြောင့် အိမ်အတွက် သုံးရေနဲ့ လူကြီးတွေအတွက် ချိုးရေကို သုံးအိမ်ကျော်က ရေတွင်းမှာ သွားခပ်ရတယ်။

ကျွန်တော်လဲ ရေတွင်းကိုလိုက်သွားပြီး ကိုကိုနဲ့တွေ့တော့ ‘ကိုကိုအိမ်ပြန်တော့လေ၊ မောင်အေးခပ်လိုက်မယ်’ လို့ ပြောလိုက်တယ်။ တအိမ်လုံးက ကျွန်တော့်ကို မောင်အေးလို့ ခေါ်ကြပြီး ကျွန်တော့်ကိုယ်ကျွန်တော်လဲ အဲဒီလိုပဲ ပြောတတ်တယ်။

“ရတယ်လေကွာ၊ နှစ်ခေါက်လောက်ပဲ ကျန်တော့တာပဲ ကိုကိုပဲ ခပ်လိုက်ပါ့မယ်၊ မောင်အေးက ခုမှပြန်လာတာ အေးအေးဆေးဆေး နားလိုက်ပါအုံး”



ကိုကိုကပြန်ပြောတယ်။ ကျွန်တော်က ရေပုံးကို အတင်းလုပြီးခပ်ရတယ်။ ဒီတော့မှ ကိုကိုလဲ ငိုက်စိုက်ငိုက်စိုက်နဲ့ ထွက်သွားတော့တယ်။

✲ ✲ ✲

ကျွန်တော်တို့ညီအစ်ကို တယောက်နဲ့တယောက် ဘာမှ မပြောပဲ တော်တော်ကြာအောင် ထိုင်နေမိကြတယ်။ ကျွန် တော်တို့ရပ်ကွက်ထိပ်က လက်ဖက်ရည်ဆိုင်မှာပေါ့။ ဒီဆိုင်မှာ ညတိုင်း ထိုင်နေကျတော့မဟုတ်ပါ။ ညဘိုင်းလက်ဖက်ရည်ဆိုင် ထိုင်သောက်နိုင်လောက်အောင်လဲ တတ်နိုင်ကြသူတွေ မဟုတ် ပါ။ တခါတလေ သူငယ်ချင်းတွေနဲ့ ထိုင်ဖြစ်တာလောက်ပဲ။ ဒီညတော့ ကျွန်တော်ကပဲ ကိုကို့ကို ပြောစရာရှိတယ်ဆိုပြီး တမင်ခေါ်လာတာ။ ကိုကိုကတော့ သောက်မနေပါနဲ့တော့ ကွာ၊ အိပ်ခါနီးပြီပဲလို့ ပြောသေးတယ်။ ကျွန်တော်က ဒီနေ့ ပိုက်ဆံရလာလို့ ကိုကို့ကို လက်ဖက်ရည်လဲ တိုက်ချင်သေးတယ် လို့ ပြောရတယ်။ လက်ဖက်ရည်သောက်ပြီးသို့ အကြွမ်းနှစ်ပန်း ကန်စီလောက်ကုန်ပြီ။ စကားမစဖြစ်သေး။

ကျွန်တော့်စိတ်ထဲမှာ အလိုလိုနေယင်း ကိုကို့ကို အားနာ နေမိတယ်။ ဘာကြောင့်ဆို....

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဟာ ကျွန်တော့်ထက်ပိုပြီး ချောတယ်။ ကိုယ်ခန္ဓာ အချိုးအစားလဲပိုပြီး ပြေပြစ်တယ်။ ဒါပေမယ့် ရည်းစားမရှိ သူကို ကြိုက်မယ့်လူမရှိလို့မဟုတ်။ ကျောင်းတုန်းကဆို ဝိုင်းဝိုင်းလည်နေခဲ့တာ။ ကိုကိုဟာ ငယ်ငယ်ကတည်းက တည်တည်တံ့တံ့နေလာခဲ့လို့ အားလုံးက လေးစားရတယ်။ ကိုကို့လို လူမျိုးကို မိန်းကလေးတွေက ချစ်ချင်ကြမှာအမှန်ပဲ။ ဟုတ်လဲ ဟုတ်တယ်။ တချို့မိန်းကလေးတွေကို ကိုကိုစကားစနိုင်အောင် လမ်းခင်းပေးတဲ့အထိ။ သို့ပေမယ့် ကိုကိုက မတုန်မလှုပ်နေခဲ့တယ်။ ကိုကို့မှာချစ်တတ်တဲ့စိတ်မျိုး မရှိလို့လားဆိုတော့ မဟုတ်။ ဘာကြောင့်သိရသလဲဆိုတော့ ကိုကိုဆယ်တန်းအောင် [illegible] အသုပ်ခွင်ထဲဝင်တဲ့အချိန်မှာ မိန်းကလေးတယောက်ကို တွေ့ခဲ့တယ်။ မိန်းကလေးကလဲ ကိုကို့ကို စိတ်ဝင်စားတယ်။ ကိုကိုကလဲ စိတ်ဝင်စားတယ်။ သို့ပေမယ့် ဖွင့်မပြောဖြစ်ဘူး။ ဒီလိုပဲနေလာကြယင်းက တနေ့ကျတော့ မိန်းကလေးက ကိုကို့ကို ဖွင့်ပြောတယ်။ သူ့အိမ်က သူ့ကို အရာရှိကလေးတယောက်နဲ့ လက်ထပ်ဖို့ စီစဉ်နေတဲ့အကြောင်း။ သဘောကတော့ ကိုကို့ကို နောက်ဆုံးအကြိမ်ဖွင့်ပြောဖို့ အခွင့်အရေးပေးတာပဲ။ ကိုကိုက မပြောဘူး။ စွန့်လွှတ်လိုက်တယ်။ ဘာကြောင့်လဲဆိုတာ သူ့သူငယ်ချင်းတယောက်ကို ကိုကိုကပြောပြတယ်။ အဲဒီအချိန်က ကျွန်တော်တက္ကသိုလ် ပထမနှစ်။ အိမ်ရဲ့စီးပွါးရေးကို ကိုကိုက တဖက်တလမ်းက ရှုန်းကန်နေရတဲ့အချိန်။ ဒီအချိန်မျိုးမှာ အိမ်ထောင်ပြုဖို့ မသင့်ဘူးလို့ ကိုကိုဆုံးဖြတ်ခဲ့ပါသတဲ့။ ကိုကို ဘယ်လောက်ခံစားရမယ်ဆိုတာ ကျွန်တော်သိပါတယ်။



အဲဒီနောက်ပိုင်းမှာတော့ ကိုကိုဟာမိသားစုအရေးကိစ္စကိုပဲ လုံးဝ ဦးစားပေး ကြိုးပမ်းလာခဲ့တာ ခုထိပါပဲ။ ရသမျှလခ အကုန်လုံးအိမ်ကိုအပ်တယ်။ လမ်းစရိတ် သာသာလောက်ပဲ အိမ်ကပြန်တောင်းတယ်။ အလုပ်ကပြီးတာနဲ့ အိမ်ကိုတန်းပြန်တယ်။ အိမ်မှာ လုပ်စရာရှိတာ အကုန်လုပ်ပေးတယ်။ ကိုကိုဟာ အဲဒီလို ကိုကို"

ကျွန်တော်ကကျတော့ကော။ တက္ကသိုလ်ပညာကို လွတ်လွတ်လပ်လပ် သင်ခွင့်ရခဲ့တယ်။ ပြီးတော့ ကျွန်တော်ဝါသနာပါရာ အလုပ်ကိုလုပ်ယင်း အိမ်ကို ထောက်ပံ့ခဲ့တယ်။ ဒါတွေထားပါတော့။ ခု ကျွန်တော့်မှာ ရည်းစားရှိနေပြီ။ ဒီနေ့ဆိုယင် ရည်းစားကို အင်္ကျီစတစတောင် ဝယ်ပေးခဲ့သေး။ ကိုကိုက ခုထိ အိမ်ထောင်ရေးကို စိတ်မကူးသေးဘူး။ အဲဒါ ကျွန်တော် မတရားဘူးလို့ဆိုနိုင်သလား။ ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်ရှိတယ်လို့တော့ တိတိကျကျ မပြောချင်ဘူး။ သို့ပေမယ့် စိတ်ထဲမှာ အပြစ်တခုခု လုပ်ထားမိသလို ခံစားနေရတယ်။ မိကို ကျွန်တော်ချစ်မိတာဟာ အပြစ်မဟုတ်တာတော့ သေချာပါတယ်။ တမျိုးပဲလေ။ ကျွန်တော့်အနေနဲ့ မိအကြောင်း ကိုကို့ကို ဖွင့်ပြောလိုက်ချင်တယ်။ အဲဒီလိုပြောလိုက်ယင် ရင်ထဲကပေါ့သွားသလိမ့်မယ်လို့ ထင်နေတယ်။

"မောင်အေး၊ ပြောစရာရှိတယ်ဆို၊ ပြောလေကွာ"

ကိုကိုက ကျွန်တော်အပြောရခက်နေတယ်လို့ ထင်လို့လားသိ။ စကားစပေးဘယ်။ ကျွန်တော်လဲ တိုတိုရှင်းရှင်းပဲ ပြောပြလိုက်ပါတယ်။ ကျွန်တော်နဲ့ မိနဲ့ ချစ်နေကြတဲ့အကြောင်း

www.burmeseclassic.com



ပြောလို့ပြီးတဲ့အခါ ကိုကို့မျက်နှာ ဘယ်လိုများ ပြောင်းလဲသွားမလဲလို့ စောင့်ကြည့်နေတယ်။ ဘာမှမထူးခြားဘူး။ ခေါင်းကို ဆတ်ကနဲတချက် ညိတ်လိုက်ပြီး....

"အေး....ဆိုစမ်းပါအုံး၊ အဲဒီတော့...."

"ဟို.... ဘာမှ မဟုတ်ပါဘူး ကိုကိုရ၊ အဲဒါ ပြောချင်တာပါပဲ"

"မင်းနှယ်ကွာ....ဒါများ...."

ကိုကို့ ပုံစံက သိပ်အရေးမကြီးတဲ့ ကိစ္စကို နားထောင်နေရတဲ့ ပုံမျိုး။ ပြီးတော့ အေးစက်နေလောက်ပြီဖြစ်တဲ့ အကြွမ်းပန်းကန်ကို ယူပြီး တချက်တည်း မော့ချလိုက်တယ်။ သဘောထ ထပြန်တော့မယ့် ဟန်။

"မဟုတ်သေးဘူးလေ ကိုကို၊ ပြောစရာက မပြီးသေးဘူး"

"ကဲ...ဒါဖြင့် ဆက်ပြော"

ကျွန်တော် ဘာပြောရမှန်းမသိ၊ စိတ်ထဲကတော့ သိတယ်။ ခုကိစ္စအတွက် ကိုကို့ကို အားနာနေတဲ့ အကြောင်း ပြောချင်တယ်။ ဘယ်လို စကားလုံးမျိုးနဲ့ ပြောရမလဲ။

"ဒီလိုပါ ကိုကို၊ မောင်အေး အနေနဲ့ ခု အချိန်မျိုးမှာ ဒီလို ကိစ္စမျိုးဟာ သင့်တော်ပါ့မလား လို့...."

"ဘာဖြစ်လို့ မသင့်တော်ရမှာလဲ"

"မဟုတ်ဘူးလေ၊ ကိုကို့တုန်းက...."

ကျွန်တော် ဆက်မပြောပဲ နေမိတယ်။ ကိုကိုက ပြုံးလိုက်တယ်။ အလွန် နားလည်စွာ ပြုံးတဲ့ အပြုံးမျိုး။ ကိုကို မကြာ



ထာ ပြုံးလေ့ရှိတဲ့ အပြုံးမျိုး။ ပြီးတော့ ထုံးစံအတိုင်း လေသံ ခပ်အေးအေးနဲ့ ပြောတယ်။

"ကိုကို့တုန်းက ရည်းစားမထားခဲ့လို့၊ မောင်အေးလဲ ထားသင့်ဘူးလို့ ဆိုလိုတာလား၊ အဲဒါဆိုယင် မှားမှာပေါ့ကွာ၊ တခြား ကိစ္စတွေ ဖယ်ထားပြီး ရိုးရိုးလေး တွေးကြည့်ယင် လူဆိုတာ အချိန်တန် အရွယ် ရောက်တဲ့အခါ ရည်းစားထားသင့်တာပေါ့၊ မောင်အေးဆိုယင် ရည်းစားထားတာ နောက်တောင်ကျနေပြီလို့ ဆိုယင်တောင် ရတယ်၊ ဘာလို့လဲဆိုတော့ မောင်အေးဟာ တက္ကသိုလ် ပထမနှစ်ကတည်းက ရည်းစားထားမယ်ဆို ထားခွင့်ရှိခဲ့ပြီပဲ"

ကျွန်တော် တခုခုပြောအုံးမလို့ပဲ။ မပြောတတ်လို့ ငြိမ်နေလိုက်တယ်။ ကျွန်တော် မပြောပေမယ့်လဲ ပြောချင်တဲ့ စကားကို ကိုကို နားလည်လိုက်တယ်ထင်တယ်။

"မောင်အေးဟာ စာကြိုးစားတယ်၊ ဆယ်တန်းကို တနှစ်တည်းနဲ့ အောင်တယ်၊ တက္ကသိုလ်မှာ ရည်းစား မရှာခဲ့ဘူး၊ ဘွဲ့ရပြီးတော့ အလုပ်ကို ကြိုးစားလုပ်တယ်၊ ရတဲ့ လခ အိမ်ကို အပ်တယ်။ ကိုယ့်အသုံးစရိတ်အတွက် တခြားနည်းနဲ့ရှာတယ်။ အဲဒါကြောင့် မောင်အေးဟာ အိမ်အပေါ်မှာ တာဝန်ကျေတယ်လို့ ဆိုရမယ်။ ဒီတော့.... ခုချိန်မှာ မောင်အေး ချစ်သူရှာတာဟာ အပြစ်မဟုတ်ဘူး၊ ရှာသင့်တဲ့အချိန်မို့ ရှာတာပဲ"

"ကိုကို့တုန်းကတော့ မရှာခဲ့ဘူး မဟုတ်သား" လို့ ကျွန်တော် လွှတ်ကနဲ မေးမိတယ်။ ပြီးမှ.... ကိုကို့ စိတ်မကောင်းများ ဖြစ်သွားသလားလို့ စိုးရိမ် လိုက်မိတယ်။ သူ... ငယ်စဉ်က

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ ပြန်အစဖော်ပေးသလို ဖြစ်သွားသလား။ သို့ပေမယ့် ကိုကိုဟာ ဆွေးဆွေးမြေ့မြေ့ ဖြစ်သွားပုံ မရပါ။ ဟိုတုန်းက သူ ဆုံးဖြတ်ခဲ့တာ မှန်တယ်လို့ ခုထိ ယုံကြည်စိတ်ချနေတဲ့အတွက် မတုန်မလှုပ်ပဲ ရှိတာလား မသိ။

"မရှာခဲ့တာ မဟုတ်ပါဘူးကွာ၊ ဖွင့်မပြောခဲ့တာပါ။ ဖွင့်ပြောလို့လဲမဖြစ်တဲ့ အခြေအနေမဟုတ်လား။ ပြောလိုက်တာနဲ့ တပြိုင်နက် လက်ထပ်တဲ့ အဆင့်အထိ ချက်ချင်းရောက်သွားနိုင်တယ်လေ။ အဲဒီလောက်လဲ အခြေအနေက မပေးခဲ့ဘူး။ အေးကွာ....ဒါတွေက ပြီးခဲ့ပါပြီ။ အဲ ဟိုအခါတုန်းက ကိုကို့ ဆုံးဖြတ်ချက်မျိုးကို ခုချိန်မှာ မောင်အေး အတုယူဖို့ မလိုပါဘူး။ အခြေအနေချင်း တူမှ မတူတာ။ ခုဆိုယင် တို့မိသားစု အခြေအနေက ကောင်းပါတယ်ကွာ"

ကိုကိုကော အိမ်ထောင်ပြုဖို့ စိတ်မကူးသေးဘူးလားလို့ မေးလိုက်ချင်တယ်။ သို့ပေမယ့်.... မမေးရဲ။ တခုတော့ စိတ်ထဲမှာ ဆုံးဖြတ်ထားလိုက်တယ်။ တကယ်လို့ ကိုကို အိမ်ထောင်ပြုတော့မယ်ဆိုယင် ကျွန်တော်အတတ်နိုင်ဆုံးကူညီမယ်။ အနစ်နာ ခံစရာရှိယင်လဲ အနစ်နာခံမယ်လို့ ။

"ကိုကို့ကို ကြိုတင်ပြီး မတိုင်ပင်ခဲ့တဲ့အတွက်တော့ မောင်အေး တောင်းပန်ပါတယ်"

"ဟာ....မဟုတ်တာ၊ညီအစ်ကို ဆိုပေမယ့် နေရာတကာတိုင်းတိုင်ပင်လို့ ဖြစ်တာမှ မဟုတ်တာ၊ ဥပမာ.... မိန်းမခိုးမယ့် ကိစ္စမျိုးကို မိဘကိုတိုင်ပင်လို့ မဖြစ်သလိုပေါ့ကွာ။ အဲ....တခုတော့ ပြောချင်တယ်ကွာ....၊ မင်းတို့ လက်ထပ်ဖို့ ကိစ္စကိုတော့ သိင်



မလောစေချင်ဘူး၊ ကိုယ့်ဘဝ အခြေ ခိုင်မာအောင် အထောင်ကြိုးစားပြီးမှ စီစဉ်စေချင်တယ်"

"ဒါတော့....စိတ်ချပါ ကိုကိုရာ"

ကိုကိုက ကျွန်တော့် ပခုံးပေါ် လက်တင်လိုက်တယ်။ ကျွန်တော့် မျက်နှာကို စေ့စေ့ကြည့်ပြီး....

"ငါ့ညီတို့ရဲ့ အချစ်ခရီး သာယာ ဖြောင့်ဖြူးပါစေကွာ"

ကျွန်တော့် ရင်ထဲက လှိုက်ကနဲ ဖြစ်သွားတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနဲ့ ကျွန်တော်နဲ့ ဆွေးနွေးခဲ့တဲ့အကြောင်း မိ ကို ပြန်ပြောပြလိုက်တယ်။ မိက ဝမ်းသာသွားပုံရပါတယ်။

"မောင့် ကိုကိုက မောင့်အပေါ် သိပ်ညှာတာပဲနော်"

"ဟုတ်တယ်၊ ငယ်ငယ် ကတည်းကပဲ၊ ငယ်ငယ်ကဆိုယင် အမေက မုန့် တယောက်တခုစီ ပေးလိုက်ယင် မောင်က အယင် မြန်မြန်ကုန်အောင် စားပစ်လိုက်ရော၊ မောင် စားလို့ ကုန်တဲ့ အချိန်မှာ ကိုကိုက မုန့်ကို ဟိုနား နည်းနည်း ဖဲ့စားလိုက်၊ ဒီနား နည်းနည်း ဖဲ့စားလိုက်လုပ်တုန်း၊ အဲဒီအခါ မောင်က ကိုကို စားနေတာကို ဘေးကနေ မျက်နှာငယ်လေးနဲ့ သွားရပ်ကြည့်နေလိုက်ယင် ကိုကိုမနေနိုင်တော့ဘူး၊ သူ့မုန့်ထဲက တဝက် ဖြစ်ဖြစ် ဖဲ့ပြီး မောင့်ကို ပေးတာပဲ"



"မောင့် ကိုကို ကို မိ တွေ့ဖူးချင်လိုက်တာ"

"တွေ့ရမှာပေါ့၊ နောက်ဆိုယင် တသက်လုံး တွေ့နေရမှာပေါ့ဟာ၊ မောင်နဲ့ လက်ထပ်ပြီးတဲ့ နောက်ပေါ့"

"မောင့် မိဘတွေနဲ့လဲ တွေ့ချင်တာပဲ"

"တွေ့ရမှာပေါ့၊ ယောက္ခမလောင်းတွေပဲဟာ၊ ဟုတ်ဘယ်ဟုတ်လား"

"မောင့် အိမ်က မိ ကို ကြည်ပါ့မလား ဟင်...."

"ဟာ....ဘာလို့မကြည်ရမှာလဲ၊ အိမ်မှာက ကိုကိုကျေနပ်တယ်ဆိုယင် အားလုံးပြီးတာပဲ။ ပြီးတော့ မောင်တို့အိမ်က လူတွေက အားလုံးသဘောကောင်းကြတယ်"

"မောင်ကလွဲယင်ပေါ့"

"အင်း....ဟုတ်တယ်။ သဘောမကောင်းဘူးဆိုတဲ့ မောင် တောင် ဒီလောက်သဘောကောင်းနေယင် ကျန်တဲ့လူတွေဆို ဘယ်ပြောကောင်းမလဲနော်"

မိက ပြုံးတယ်။ ထုံးစံအတိုင်း "မောင် တော်တော်လည်တယ်" လို့ ပြောတယ်။ ကျွန်တော်က....

"မောင့်ဘက်ကတော့ ဘာမှပြဿနာတက်စရာ မရှိပါဘူး"

မိက ကျွန်တော့်ကို ဖြတ်ကနဲလှမ်းကြည့်တယ်။ ကျွန်တော်က ဆက်ပြီး....

"မိတို့ဘက်ကရော မောင့်ကိုကျေနပ်ကြပါ့မလား"

"ကျေနပ်ရမှာပေါ့ မောင်ရယ်"

မိက အဲဒီလို ပြောလိုက်ပေမယ့် မိမျက်နှာထားက တမျိုးပဲ၊ မိအသံကလဲ သိပ်တက်ကြွလှတယ် မထင်ဘူး။ ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အမေးကို ပြန်ဖြေတဲ့အခါမှာ နည်းနည်းတုံ့ဆိုင်းနေပုံရတယ်။ စိတ်ထဲက နည်းနည်းတော့ ထင်သွားမိတယ်။ မိပြောတာ တကယ်ဟုတ်ရဲ့လားလို့ မေးလိုက်ဖို့ စိတ်ကူးသေးတယ်။ သို့ပေမယ့် ခုလိုအချိန်မျိုးမှာ မေးလို့မကောင်းသေး။ ကျွန်တော်နဲ့ မိတို့အကြောင်းကို သူ့အိမ်ကသိ၊ မသိ မသေချာသေးဘူး။ မိအနေနဲ့ သဘောတူပါ့မလားလို့ စိတ်ထဲက ကျိတ်ပြီးစိုးရိမ်နေရှာလောက်ပဲ ဖြစ်ချင်လဲ ဖြစ်နိုင်တာပဲ။ သူ့အိမ်က သဘောမတူပါဘူးလို့ ယတိပြတ်ပြောပြီးတာ ဟုတ်ချင်မှဟုတ်မယ်။ သမီးရည်းစားတို့ ထုံးစံအတိုင်း ကြိုတင်ခန့်မှန်းပြီး ပူပင်နေတာ ဖြစ်ချင်လဲဖြစ်မှာပေါ့။ တနေ့နေ့မှပဲ တိတိကျကျမေးတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ မိကလဲ တကယ်ပြတ်ပြတ်သားသား သိလာယင် ကျွန်တော့်ကို ပြောမှာပါ။

ခု လောလောဆယ်တော့ စကားလွှဲပြောတာပဲ ကောင်းလိမ့်မယ်ထင်တယ်။ ဒါကြောင့် ကျွန်တော်တို့ပညာဂုဏ်ကျောင်းကလေးအကြောင်း ပြောပြလိုက်တယ်။

ကျွန်တော်တို့ကျောင်းကလေးရဲ့ အခြေအနေဟာ တဖြည်းဖြည်း ပိုပြီး တိုးတက်လာခဲ့တယ်။ ခုဆိုယင် ကျောင်းသား ငါးဆယ်နီးပါးရှိနေပြီ။ တလတလကို အခန်းလခနဲ့ တခြားစရိတ်စကနုတ်ပြီးယင် တယောက် တရာကျော်ရပြီ။ စာမေးပွဲရာသီနားရောက်ယင် ထပ်တိုးလာဦးမှာ သေချာတယ်။

ကျွန်တော်တို့ ဆရာတွေဘက်ကလဲ တာဝန်ကျေအောင်သင်ကြတယ်။ ဆရာဦးစိုးထွန်းဆိုယင် နဂိုကတည်းက စာသင်



ကောင်းတဲ့ ဆရာဆိုတော့ ပြောစရာမလို။ ကျွန်တော်တို့ အိုးယောက်ထဲမှာ သောင်းမော်က စာသင်တာ နည်းနည်းလေးတယ်။ သို့ပေမယ့် ပျင်းစရာတော့မကောင်းဘူး။ သူသင်ပုံက တကြိမ်တည်းနဲ့မှတ်မိသွားအောင် စနစ်တကျအချိန်ယူပြီး သင်ပုံမျိုး။ ချစ်အေးကတော့ စာသင်တာသွက်တယ်။ သူ့အချိန်ဆိုယင် ကျောင်းသားကျောင်းသူတွေ မြူးကြွနေတာပဲ။ သူနဲ့ သူ့ကျောင်းသားတွေဟာ ပုစ္ဆာတွေအများကြီးကို ပျော်ပျော်ပါးပါးတွက်ကြတယ်။ များများလေ့ကျင့်မှုရအောင် သင်တဲ့နည်းပဲ။ ကျွန်တော်ကတော့ စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းအရာတခုခုကိုပြောပြီးကျောင်းသားတွေကျွန်တော့် အပေါ် အာရုံစူးစိုက်မှု ရှိလာအောင်လုပ်တယ်။ အဲဒီအခါကျမှ အပိုင်သင်တယ်။

သင်ပုံနည်းစနစ်ခြင်း မတူကြပေမယ့် တတ်အောင်သင်နိုင်တဲ့ချင်းတော့ တူကြတယ်။ ကျောင်းသားတွေကလဲ ကျွန်တော်တို့ကို သဘောကျကြတယ်။ ကျွန်တော်တို့ကလဲ မခိုမကပ်ဘူး။ အရမ်းကြိုးစားတယ်။ ကျွန်တော်တို့ဝေတဲ့ ကြော်ငြာစာသားထဲကအတိုင်း တပွဲတိုးမဟုတ်၊ တကယ်တတ်အောင် သင်ကြတယ်။

ကျွန်တော်တို့ကျောင်း အောင်မြင်ရတဲ့ အကြောင်းတခုရှိသေးတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့က စာချည်းသက်သက်သင်တာ မဟုတ်ဘူး။ လူမှုရေးနဲ့ အထွေထွေဗဟုသုတတွေပါ ကြိုယင်ကြုံသလို ညှပ်ပြီးသင်ပေးတယ်။ တချို့အချိန်တွေကျတော့ စာလုံးဝမသင်တော့ပဲ နောက်ဆုံးပေါ် သိပ္ပံတီထွင်မှု

www.burmeseclassic.com



အကြောင်းတွေ၊ ကမ္ဘာ့စိတ်ဝင်စားစရာ အရေးအခင်းတွေ ဆရာတွေက အလှည့်ကျ ဟောပြောပွဲသဘောမျိုး လုပ် တယ်။

ပြီးတော့ ကျွန်တော်တို့ကျောင်းဟာ ကျောင်းသားမိဘ တွေကြားမှာလဲ နာမည်ကောင်းရတယ်။ ဆရာလေးတွေ ယဉ်သာငယ်တယ်၊ ဂုဏ်ခြေသိက္ခာရှိကြတယ်။ လူကြီးလေးတွေ ကျနေတာပဲ’လို့ မိဘအချင်းချင်းပြောကြတယ်။ ဆရာဦး ထွန်း လက်အောက်ကဆရာလေးတွေမို့ သူတို့သမီးပျိုကလေး တွေကို စိတ်ချလက်ချ အပ်နှံကြတယ်။ ကျွန်တော်တို့က ကျောင်းသူလေးတွေအပေါ်မှာ ကိုယ်နှမကလေးတွေလို ထိန်း သိမ်းစောင့်ရှောက်ကြတယ်။

ကျွန်တော်တို့ဟာ သဘောကောင်းတယ် ဆိုပေမယ့် စည်း ကမ်းကြီးတယ်။ ကျောင်းပျက်ယင် မိဘဆီကခွင့်တိုင်စာ ယူ ရတယ်။ လစဉ်စစ်ဆေးတဲ့ စာမေးပွဲငယ်လေးတွေမှာ ကြိုးစား မရှိကြောင်းတွေ့ရယင် အိမ်ကိုတိုင်စာပို့တယ်။ သိပ်ညံ့နေတဲ့ ကျောင်းသား ကျောင်းသူမျိုးဆို ကိုယ်တိုင် အိမ်အထိလိုက် သွားပြီး မိဘနဲ့ဆွေးနွေးတယ်။ ဒါတွေကြောင့်လဲကျွန်တော်တို့ ကျောင်း အောင်မြင်တာပဲ။

ကျွန်တော်က မိကို ကျွန်တော့်ရဲ့ ဝင်ငွေအခြေအနေ ပြောပြလိုက်တယ်။

ခုဆိုယင် မောင့်ပုံမှန်ဝင်ငွေက တလကို သုံးရာငါးဆ လောက်ရှိနေပြီ။ ရှေ့ဆက်ပြီး ဒီထက်ပိုရအောင် မော ကြိုးစားမယ်။ ဒါမှ မိနဲ့ မြန်မြန်လက်ထပ်နိုင်မှာ မဟုတ်လား



အဲဒီအခါကျတော့ မိရဲ့မျက်နှာလေးက ပြုံးလို့ပျော်လို့ ရွှင်လန်းနေလို့ပေါ့။

* * *

“ဟယ်....မောင်ရယ်....ဘယ်လိုဖြစ်လာတာလဲ”

လို့ ပြောပြီးတော့ သူရယ်တယ်။ ကျွန်တော့်မျက်နှာကို ကြည့်လိုက်၊ ရယ်လိုက်နဲ့ တော်တော်ကြာတယ်။ ကျွန်တော်လဲ မလုံမလဲဖြစ်ပြီး ရှက်ကိုးရှက်ကန်းနဲ့လိုက်ရယ်ယင်းက ‘ဘာဖြစ် လို့လဲ မိရဲ့’လို့ ပြောလိုက်တယ်။

“မောင့်ဆံပင်က ဘယ်လိုဖြစ်လာတာလဲ”

“အော်....ဒါလား၊ မောင်လှင်ပေါ့ကွာ။ သူ့ဆိုင်သွား ညှပ်တာ စကားတပြောပြောနဲ့ ညှပ်လိုက်တာ ဒီပုံဖြစ်သွား တာပဲ။ ဘာလဲ သိပ်တိုသွားလို့လား”

သူက ခေါင်းညိတ်ပြပြီး....

“ဟုတ်တယ်၊ ဆံပင်တိုသွားတော့ မောင့်ရုပ်က ပြောင် ချော်ချော်ဖြစ်သွားတယ်”

သူ့ ရယ်ပြန်ရော။ မောင်လှင်နှိပ်စက်တာလို့ ကျွန်တော် ပြောလိုက်တယ်။

“အဲဒီမောင်လှင်ဆိုတာ တခါတုန်းကမိတို့ လက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com



သောက်နေတုန်း အတင်းဝင်ထိုင်ပြီး လက်ဖက်ရည်ကပ်သောက်သွားတာ မဟုတ်လား”

“အင်းပေါ့”

“ဟင်....သူကများ ဆံပင်ညှပ်ဆရာတဲ့၊ သူ့ကိုယ်သူတောင် ဖုံ့ကျအောင်မညှပ်နိုင်ပဲနဲ့။ အဲဒီ မောင်လွင်ဆံပင်ကို ကြည့်ပါလား။ ရုပ်မြင်သံကြားထဲက လူရွှင်တော်ကြီး သုံးယောက် ဇာတ်လမ်းတွေထဲက လူဝကြီးဆံပင်ပုံမျိုးနဲ့။ ဒါနဲ့များ သူက ဆံပင်ညှပ်ဆရာ လုပ်နေသေးတယ်”

“ဟာ....မိကလဲ သူ့ကိုယ်သူတော့ ဘယ်ညှပ်လို့ရပါ့မလဲ၊ သူများတွေကို ညှပ်ပေးတာတော့ ကောင်းပါတယ်။ မောင်လဲ အယင်က သူ့ဆီမှာပဲညှပ်တာပဲ၊ ဒီတခါ နည်းနည်းလက်လွန်သွားလို့နေမှာပါ”

မောင်လွင်ဆိုတာက ကျွန်တော်တို့ သူငယ်ချင်းထဲကပဲ။ လောင်လှဲသိပ်လောင်တယ် စကားလဲသိပ်များတယ်။ ဘယ်လောက်ထိ စကားများလဲဆိုတော့ လမ်းသွားယင်း သူနဲ့ဆုံမိလို့ ခဏတဖြုတ် ရပ်စကားပြောမိယင်တောင် ဆယ့်ငါးမိနစ်လောက်ကြာအောင် ပြောတတ်တာ။ ဒါကြောင့်သူငယ်ချင်းတွေက သူ့ကို ဝေးဝေးရှောင်ကြတယ်။ အဲဒီအခါကျတော့ မောင်လွင်အနေနဲ့ စည်းရုံးရေးလုပ်ရတာပေါ့။ သူ့ဆိုင်မှာ ဆံပင်လာညှပ်ယင် လက်ဖက်ရည်တိုက်မယ်လို့။ တကယ်ဆိုယင် သူရှုံးတယ်။ သူတို့ဆိုင်က သမဝါယမက ဖွင့်ထားတာဆိုတော့ ဆံပင်ညှပ်ခ တစ်ကျပ်ပဲယူတယ်။ အဲဒီထဲက တခေါင်းကို မောင်လွင်က ပြားခြောက်ဆယ်ရတယ်။ သူငယ်ချင်းတွေက



ညှပ်တဲ့အခါ ရတာကပြားခြောက်ဆယ်။ လက်ဖက်ရည် မြန်တိုက်ရတာက တစ်ကျပ်။ ဒါပေမယ့် အရေးမကြီးဘူး။

ဘာကြောင့်ဆို....သူငယ်ချင်းတွေက လက်ဖက်ရည်နဲ့ မျှားခေါ်လို့ သူ့ဆိုင်ဆံပင်သွားညှပ်ရော။ အဲ...ဆံပင်အညှပ်ခံနေရပြီဆိုကတည်းက ထထွက်သွားလို့ ဘယ်ရတော့မလဲ။ အဲဒီတော့မှပဲ မောင်လွင်က စိတ်ရှိလက်ရှိ စကားပြောနိုင်တော့တာကိုး။

“တခုတော့ရှိတယ် မိရဲ့။ သူပြောချင်တဲ့ အကြောင်းအရာက နည်းနည်းတိုယင် ဆံပင်ရှည်ရှည်ညှပ်ပေးတယ်။ အဲ...သူပြောချင်တာက အရှည်ကြီးဆိုယင်တော့ သွားပြီ။ ဆံပင်တိုသွားပြီသာမှတ်တော့။ မောင်လဲ အဲဒါမျိုး ခံခဲ့ရတာပေါ့။ သူပြောချင်တဲ့စကားက မဆုံးနိုင်သေးတော့ ဟိုနားလေးတိလိုက် ပြောလိုက်၊ ဒီနားလေးဖြတ်လိုက် ပြောလိုက်နဲ့ သူ့စကားလဲဆုံးရော ဒီပုံဖြစ်သွားတာပါပဲ”

မိက “သူက ဘာတွေပြောလို့လဲ”ဆိုပြီး စကားထောက်ပေးတယ်။

“မောင်တို့ သူငယ်ချင်းဘဲကပါပဲ။ လင်းပိုင်ဆိုတဲ့ကောင် အကြောင်းပြောပြတာ”

“ဟယ်....နာမည်ကလဲ လင်းပိုင်တဲ့လား၊ ရေဝက်ဆိုတော် သေးတယ်”

ဆိုပြီး ရယ်ပြန်ရော။

“အေးဟာ၊ သူ့မိဘကလဲ ဘာသဘောနဲ့မှည့်တာလဲ မသိပါဘူး။ ဒီနာမည်ကို”

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ...သူ့အကြောင်းပြောပါအုံး"

"ဒီလိုကွ၊ လင်းပိုင်က ဓာတုဗေဒနဲ့ဘွဲ့ရပြီးပြီ၊ ဒါပေမယ့် ခုထိ အလုပ်မလုပ်သေးဘူး"

"အင်းပေါ့လေ၊ အလုပ်အကိုင်ကလဲ ရှာရခက်တာကိုး"

"မဟုတ်ဘူး၊ သူကိုယ်တိုင်ကမလုပ်ချင်တာ"

"ဟင်...ဘာဖြစ်လို့မလုပ်တာလဲ"

"နေအုံး ပြီးမှပြောပြမယ်၊ အဲဒါကို၊ ဒီကောင်က အဲဒီလိုဟိုအလုပ်လဲမလုပ်ချင်၊ ဒီအလုပ်လဲမလုပ်ချင်၊ ဖြစ်နေတာကို သူ့အဖိုးကြီးကလုံးဝ မကြည်ဘူး။ သူ့အဖိုးကြီးကလဲတမျိုးကွ၊ တော်ရုံတန်ရုံလောက်ကို အထင်ကြီးတာမဟုတ်ဘူး၊ မောင်လွင်တို့လို ဆံပင်ညှပ်တာလောက်၊ မောင့်တို့လို ကျူရှင်ပြတာလောက်ကို အလုပ်လို့ ထင်တာမဟုတ်ဘူး၊ လင်းပိုင်ကိုလဲ အလုပ်ရှေးရကောင်းလားဆိုပြီး အမြဲကောနေတာပဲ၊ ပြီးတော့ ပြီးတော့၊ မင်းသူငယ်ချင်းတွေကရော အလကားကောင်တွေပဲ ဘာမှ အဖြစ်ရှိတဲ့ကောင်တွေမဟုတ်ဘူး၊ ယောင်ခြောက်ဆယ်တွေဘာညာနဲ့ ခဏခဏ ပြောတတ်တယ်။ လင်းပိုင်အနေနဲ့ကလဲ သူ့ကို ဘယ်လောက်ပြောပြော ခံနိုင်တယ်၊ သူငယ်ချင်းတွေကိုတော့ မပြောစေချင်ဘူး။ ဒါနဲ့ သူငယ်ချင်းတွေထဲက သူ့အဖေ အထင်ကြီးလောက်တဲ့လူကို စဉ်းစားလိုက်တော့...."

"ဘယ်သူ့သွားတွေ့လဲ"

"ဇော်ကြီးဆိုတာကွ၊ သူကစစ်ဗိုလ်ဖြစ်နေပြီ၊ ဒါနဲ့ လင်းပိုင်ကသူ့ကိုအကူအညီတောင်းရတာပေါ့။ ဘယ်လိုလဲဆိုတော့ တနေ့မှာ ချိန်းထားတဲ့အတိုင်း ဇော်ကြီးက သူ့မှာရှိတဲ့ စစ်-



ဗိုလ်ယူနီဖောင်းတွေထဲက အသစ်ဆုံးကိုဝတ်ပြီး လင်းပိုင်တို့အိမ်ကိုသွားတယ်၊ အဲဒီမှာ လင်းပိုင်က ဟာ ဟေ့ကောင်ကြီး၊ မင်းဘယ်တုန်းကရောက်သလဲ၊ ခွေးကောင် ဘာညာဆိုပြီး ပြောရော၊ သူ့အဖိုးကြီးက အကဲခတ်နေတာတွေ့တော့လင်းပိုင်က အဖေ ဒါ ကျွန်တော့်သူငယ်ချင်းလေ၊ ငယ်ငယ်တည်းက တတန်းထဲ တခုံထဲ ထိုင်ခဲ့ကြတာပေါ့သို့ ခပ်ကြွားကြွားပြောတာပေါ့"

"ဒီတခါတော့ အဖိုးကြီးက လင်းပိုင်သူငယ်ချင်းကို အထင်ကြီးသွားမှာပေါ့နော်"

"အေးပေါ့၊ ဒါပေမယ့် ဇော်ကြီးလဲ ပြန်သွားရော အဖိုးကြီးက လင်းပိုင်ကို ကောတော့တာပဲ"

"ဟင်....ဘယ်လိုကောတာလဲ"

"လင်းပိုင်က သူ့သူငယ်ချင်းတွေကို အဖိုးကြီးက အထင်သေးတတ်လွန်းလို့ ဒီတခါတော့ အထင်ကြီးရောဟဲ့ဆိုပြီး ကြွားတာ၊ တကယ်လဲ အဖိုးကြီးက အထင်ကြီးသွားတာပါပဲ၊ အဲဒီမှာပိုဆိုးတာ၊ ဟင်....မင်းနဲ့ ငယ်ငယ်ထဲကသည်ပင်းဖက် ပေါင်းလာတယ်ဆိုတဲ့ကောင်ကတောင် စစ်ဗိုလ်ဖြစ်နေပြီ မင်းကတော့ ခုထိ ယောင်ခြောက်ဆယ် လုပ်တုန်းပဲလားဆိုပြီး ကောတော့တာပဲ၊ အဲဒီအကြောင်းကို မောင်လွင်က ပြောယင်း ညှပ်လိုက်တာ မောင့်ဆံပင် ဒီပုံဖြစ်သွားရတာပဲ"

မိုက ရယ်ပြန်ရော။ ပြီးတော့မှ....

"ဒါနဲ့ မောင်ခုနပြောတာ ဘာလဲ၊ လင်းပိုင် အလုပ်အမကြောင်းနောက်မှပြောမယ်ဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး...ဟုတ်သားပဲ၊ ဒီလိုဟ၊ ဒီကောင်ကပြောတယ်။ တော်ရုံတန်ရုံအလုပ်မျိုးကို မလုပ်ချင်ဘူးတဲ့၊ သူက ဓာတုဗေဒနဲ့ အောင်ခဲ့တာဆိုတော့ ခု ဆေးတမျိုး သုတေသန လုပ်နေသတဲ့။ သူ့စမ်းသပ်မှုသာ အောင်မြင်ယင် တချီတည်းနဲ့ သန်းကြွယ် သဌေးဖြစ်ရုံတင်မကဘူး၊ ကမ္ဘာ့တောင် ကျော်ဦးမှာတဲ့"

"သူစမ်းသပ်တာက ဘာဆေးလဲ"

"ဆံပင်ဖြောင့်ဆေးတဲ့"

"ဘာ...ဆံပင်ဖြောင့်ဆေး ဟုတ်လား"

"အေးလေ၊ သူပြောတာလဲ ဟုတ်သလိုလိုပဲ။ ခုချိန်မှာ ဆံပင်ကိုကောက်အောင်သာ လုပ်နိုင်တယ်၊ ဖြောင့်အောင်မ လုပ်နိုင်သေးဘူးတဲ့၊ သူ့ဆေးက ကောက်နေတဲ့ဆံပင်ကိုဖြောင့်အောင်လုပ်ပေးမှာတဲ့၊ အဲဒါအောင်မြင်ယင် ဆံပင်ကောက်လို့ စိတ်ညစ်နေတဲ့လူတွေ တအားဝယ်ကြမှာပဲတဲ့၊ အမယ် အာဖရိကတိုက်မှာတင်ဆေးပုလင်းပေါင်းသန်းနဲ့ချီပြီးရောင်းရမှာတဲ့"

မိဆိုတာ ရယ်လိုက်တာမှ မရပ်တော့။ မျက်ရည်တွေတောင် လည်လာတယ်။ မိ အရမ်းရယ်နေတာကြည့်ပြီး ကျွန်တော်ဖြင့် ကြောက်လို့တောင်လာမိတယ်။ ရယ်ရလွန်းယင် ဝိုရတတ်တယ်လို့ဆိုကြတယ်မဟုတ်လား...."

* * *



ကျွန်တော်တို့ နှစ်ယောက်မှာ ချိန်းတွေ့တဲ့ ကံဇာတာမပါဘူး ထင်တယ်။ ကျွန်တော်တို့ နှစ်ယောက် တနေရာရာမှာ လွတ်လွတ်လပ်လပ် တွေ့ခွင့်ရဖို့က သိပ်ရှားပါးတယ် မဟုတ်လား။ မနက် ကျောင်းလာယင်း တနေရာမှာ ဆုံပြီး ခဏတဖြုတ် စကားပြောရတာ၊ ဆရာမြင့် အလစ်မှာ ပြောရတာလောက်ပဲ။ ဟိုးအယင် မိ နဲ့ ကျွန်တော် ချစ်ခါစက ကားမှတ်တိုင်မှာ ချိန်းတွေ့ပြီး တွဲလျှောက်အလာ ဆရာမြင့်နဲ့ သွားတိုးလို့ မနည်း လှည့်အောင် ပုန်းခဲ့ရတာ မဟုတ်လား။ အဲဒီလို ကျွန်တော်တို့အတွက် ချိန်းတွေ့ဖို့အခွင့်အလမ်းနည်းနေတဲ့အချိန်မှာ ဒီနေ့တော့ အခွင့်ကောင်းတခု ရလိုက်တယ်။

ဆရာမြင့် နေမကောင်းဖြစ်လို့ပါပဲ။ အဲ.... ဆရာမြင့် နေမကောင်းဖြစ်တာ ကျွန်တော့် အတွက် အခွင့်ကောင်း တခုလို့ ပြောလိုက်ရတာ သိပ်တော့ မကောင်းဘူး။ ဘာကြောင့်ဆို ဆရာမြင့် ခဏခဏ နေမကောင်းဖြစ်ပါစေလို့ ဆုတောင်းရမလို ဖြစ်နေလို့ပါ။ ကျွန်တော်က အဲဒီလို အခွင့်အရေးမျိုးများများ ယူချင်တယ်လေ။

ဘယ်လိုလဲဆိုတော့.... ဒီနေ့ မနက်ပိုင်းတချိန်ပဲ ကျောင်းရှိတယ်။ ဆယ်တစ်နာရီမှာ အတန်း ပြီးသွားတော့ ဆရာမြင့် နေမကောင်း ဖြစ်လာတယ်။ ဒါနဲ့ နေ့လည် အတန်းကို ဖျက်ဖို့ ပြောပြီး ဆရာပြန်သွားတယ်။ မိကလဲ ဆရာနဲ့တူတူ ဆင်းလိုက်သွားတယ်။ သို့ပေမယ့် ကျွန်တော် သိပါတယ်။ မိ တနေရာရာကနေ ကျွန်တော့်ကို စောင့်နေလိမ့်မယ်ဆိုတာ။ မိ က ဆင်းခါနီး ဆရာ မမြင်အောင် မျက်စိမှိတ်ပြသွားတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတို့ ဆင်းသွားပြီး ငါးမိနစ်လောက် ကြာတော့ 'ယနေ့ကျောင်းမရှိပါ' ဆိုတဲ့ စာတမ်းကို သံတံခါးမှာ ချိတ်ပြီး ဆင်းလာခဲ့တယ်။ ဘားလမ်းထိပ်ရောက်တော့ အထည်ဆိုင်မှာ ဟိုအစ ကိုင်ကြည့်၊ ဒီအစ ကိုင်ကြည့်လုပ်နေတဲ့ မိ ကို တွေ့ရတယ်။ ကျွန်တော်လဲ ဘေးနားမှာ ဝင်ရပ်ပြီး ခပ်တည်တည်နဲ့....

"မိ လိုချင်တဲ့ အရောင် တွေ့လား"

လို့.... မေးလိုက်တယ်။ မိ ကလဲ ကျွန်တော် နောက်လိုက်တာကို သိတယ်။ 'အရောင်တွေက သိပ် မလှဘူး' လို့ ပြန်ပြောတယ်။ ဆိုင်ရှင်မိန်းမကြီးကလဲ တကယ် ဝယ်မှာမို့ ကြည့်နေတာ မှတ်လို့....

"အီရှန်တွေထဲက ကြည့်ပါလား၊ အရောင်စုံ ရှိတယ်"

"ဟင့်အင်း ... အီရှန်က ရှိပြီးသားတွေ...."

လို့....ပြောပြီး ထွက်လာခဲ့ကြတယ်။ ခပ်လှမ်းလှမ်းရောက်မှ ဘယောက်နဲ့တယောက် ကြည့်ပြီး ရယ်မိကြတယ်။ ကျွန်တော်က....

"မိ....ဆရာမြင့်ကို ဘယ်လို ပြောပြီး နေခဲ့ဘာလဲ"

"ဦးဦးကအိမ်ကို သူ့ကားနဲ့ လိုက်ပို့မယ်ပြောသေးတယ်။ မိလဲ ကားတံခါးကို ဆွဲဖွင့်ပြီးမှ....ဦးဦး နေမကောင်းယင် တန်းပြန်လိုက်ပါတော့လို့ မိတို့အိမ်ဆိုယင် တပတ်ကြီး ပတ်နေရအုံးမယ်လို့၊ မိလဲ အစသေးဘာသေး ဝယ်မလား စိတ်ကူးတယ်လို့ ပြောပြီး နေခဲ့ဘာပေါ့"

"အေးကွာ၊ ဆရာမြင့်ကိုခုလိုပတ်ပတ်နေရတာ မောင်တော့



စိတ်မလုံမလဲတောင်ဖြစ်လာပြီ။ တခါတလေ မျက်နှာပူလို့ ဖွင့်ပြီးတော့ ပြောလိုက်မယ်တောင် စိတ်ကူးတယ်"

"ဟာ....မလုပ်ပါနဲ့ မောင်ရာ"

ကျွန်တော်....မိကို တဘက်သတ်စိတ်ဝင်စားနေမိတဲ့အချိန်က ဆရာမြင့် ရိပ်မိခဲ့တဲ့အကြောင်း မိကို မပြောမပြရသေး။ ပြောလိုက်ယင် ဆရာမြင့်ရှေ့မှာ မိအနေရခက်နေမှာစိုးလို့ မပြောပဲနေတာ။

"ဦးဦးက ရိပ်မိချင်ရိပ်မိနေမလား မသိဘူး"

လို့ သူ မေးတယ်။ ကျွန်တော် စဉ်းစားနေတာနဲ့ သူမေးတာနဲ့ အကြောင်းအရာချင်းတူနေလို့ ရယ်လိုက်မိတော့မလို့။ "ဒါတော့ မပြောနိုင်ဘူး၊ ရိပ်မိချင်လဲ ရိပ်မိနိုင်တာပဲ၊ လုံးဝ မသိပဲလဲ ဖြစ်နိုင်တာပဲ" လို့ ပြန်ပြောလိုက်တယ်။

"မောင်...ဘယ်လိုထင်လဲ"

"ဘာကိုလဲ"

"ဦးဦးက မောင်နဲ့ မိကို ကျေနပ်မယ်ထင်လား"

"မောင်တော့ ဆရာမြင့်သိယင် သဘောတူမယ်လို့ပဲ ထင်တယ်၊ ဆရာကမောင့်ကို သိပ်ချစ်တာ မဟုတ်လား"

သူ ခဏတွေတွေကလေး ဖြစ်သွားတာ ကျွန်တော် ရိပ်မိလိုက်တယ်။

"အင်းလေ၊ ဦးဦးကို အားကိုးရမှာပဲ"

ကျွန်တော် သူ့ကို လှည့်ကြည့်လိုက်တယ်။ သူကလဲ ကျွန်တော့်ကို တချက်ပြန်ကြည့်တယ်။ ကျွန်တော် တခုခုမေးမယ် လုပ်နေတုန်းမှာပဲ သူ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခု ဘယ်သွားကြမှာလဲ"

"တခုခု စားမလား"

"ဟင့်အင်း....သိပ်တော့မဆာဘူး၊ မောင် ဆာလို့လား"

"မဆာပါဘူး၊ အတန်းမစခင်ကမှ မုန့်ဟင်းခါးစားထားတာပဲဟာ"

"အအေးသောက်ရယင်ကောင်းမယ်၊ အိုက်စပ်စပ်နဲ့"

"ဒီလိုလုပ်ပါလား....မိရဲ့၊ တိရစ္ဆာန်ရုံ သွားရအောင်။ မောင်တို့ တခါမှ လျှောက်မလည်ရဖူးသေးဘူး။ ဟိုကျမှ အအေးသောက်ပေါ့"

"ဖြစ်ပါ့မလား၊ တော်တော်ကြာ တယောက်ယောက်တွေ့သွားယင် မကောင်းဘူး"

"ခုလဲ တွေ့နိုင်တာပဲ"

"ခုလိုနေရာက အရေးမကြီးဘူးလေ။ သူငယ်ချင်းပါ။ လမ်းကြုံလို့ ကားမှတ်တိုင် လိုက်ပို့တာ ဘာညာ ပြောလို့ရတယ်။ ဟိုလိုနေရာမျိုးကျတော့ ဘယ်ယုံမလဲ"

"အိမ်က သိသွားတော့လဲ ဘာဖြစ်လဲ။ နောက်လဲ သိမှာပဲဟာ။ စောစောသိသွားတော့ ဖွင့်ပြောနေစရာတောင်မလိုတော့ဘူးပေါ့"

သူ....ခဏ စဉ်းစားသလိုလုပ်ပြီးမှ 'ဒါဆိုလဲ သွားချင်သွားလေ'လို့ ခပ်ဘိုးတိုးပြောတယ်။ ဆူးလေ ဘုရားလမ်းအတိုင်း ဗယ်ဘက်ကွေ့၊ ကားမှတ်တိုင်ကိုသွား။အမှတ် ခုနစ်ကားစီးပြီး ကျောက်တိုင် မှတ်တိုင်မှာဆင်း တိရစ္ဆာန်ဥယျာဉ်ထဲ ဝင်ခဲ့ကြတယ်။



အစတော့ မိက ကြောက်နေသေးတယ်။ ကျွန်တော်နဲ့က ဒီလို နေရာမျိုးတွေကို မသွားဖူးသေးဘူးမဟုတ်လား။ မျက်လုံးလေး ကလယ်ကလယ်နဲ့ ဖြစ်နေတာ သနားစရာတောင်ကောင်းသေးတယ်။ ပြောသာပြောရတယ်။ ကျွန်တော်ကလဲ မိနဲ့ သိပ်ထူးပါဘူး။ မိလိုကြောက်နေတာတော့မဟုတ်။ တမျိုးပဲ....ရှိ တိုးရှန့်တန့် ဖြစ်နေတယ်။

တကယ်ဆို ကျွန်တော်တို့ ဒီထဲလာကြတာဟာ တိရစ္ဆာန်တွေ ကြည့်ချင်လို့ မဟုတ်ပါ။ မြို့လယ်နဲ့ နီးနီးနားနား သွားလို့ လာလို့ လဲလွယ်၊ လူလဲရှင်းတာဆိုလို့ ဒီတနေရာပဲ ရှိလို့ လာကြတာမါ။ ကျွန်တော့်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ အေးအေး ဆေးဆေးရှိတဲ့ တနေရာရာမှာထိုင်ပြီး စကားပြောဖို့။

ဒီမှာရှိတဲ့ တိရစ္ဆာန်တွေကို ဝတ်ကျေတန်းကျေ လျှောက်ကြည့်နေရပေမယ့် စိတ်မပါလှပါ။ လျှောက်ကြည့်ယင်းနဲ့ ကျွန်တော်က ဦးကျော်ဝင်းဆိုတဲ့ လူကြီးတယောက်အကြောင်း ပြောပြတယ်။ သူက ဆရာမြင့်ရဲ့ သူငယ်ချင်း။ နှစ်ဆယ့်လေးနာရီလုံးလုံး အရက်မူးနေတတ်တယ်။ သူ ဆရာမြင့်ဆီ လာပြီဆိုယင် သိပ်ရယ်ရတာပဲ။ စကားပြောယင်လဲ တိုးတိုးလေး။ ပြီးတော့ ဘာအကြောင်းကို ပြောနေမှန်းလဲမသိဘူး။ 'ငါကွာ ဆောင်းဆို ဆော်ထည့်လိုက်တာ ကားကနဲပဲ။ ဟင်း ဟင်း.... သံပရာရည်လေးနဲ့၊ ဆားလေးနဲ့၊ မင်း....တော်ရုံတန်ရုံ မဟုတ်ဘူး' ဆိုတာမျိုး။ အဲဒါ ဆရာမြင့်က ဟေ့ကောင်၊ မင်းဘာကို ပြောတာလဲဆိုတော့မှ သူ အမဲပစ်တုန်းက ဂျီတကောင်ရတဲ့ အကြောင်း။ ဂျီသားကင်ကို သံပရာရည်ညှစ်ပြီးအရက်နဲ့မြည်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ဟိုတစ အည်တခွန်း ထပ်ပြောလို့ ဆက်စပ်ယူရ တယ်။ ပြီးတော့လဲ သူ အရက်နဲ့မြည်းတဲ့ အစားအစာတွေ ကလဲ အထူးအဆန်းတွေချည်းပဲ။ ဖွဲ့ကောင် ကြပ်တင်ထား တာတို့၊ သင်းခွေချပ်စွပ်ပြုတ်တို့၊ မြွေပွေးသားကို စင်းကော လုပ်ပြီး အရေခွံထဲ ပြန်သွတ်ပြီး ပေါင်းထားတာတို့ အဲဒါမျိုး တွေချည်း။

အဲဒီလို မဟုတ်တရုတ်တွေ လျှောက်ပြောနေရပေမယ့် ကျွန်တော့်မျက်လုံးတွေကတော့ ဟိုကြည့်ဒီကြည့်ပဲ။ အေးအေး ဆေးဆေး ထိုင်စကားပြောလို့ရမယ့်နေရာ ရှာတာလေ။ လူရှင်းတဲ့ နေရာလေးတွေတော့ တွေ့တတ်ပါတယ်။ ဆင်ရုံ နောက်ဘက်က သစ်ပင်နားတို့၊ လမ်းမကြီးဘက်က ခြံစည်းရိုး အစပ်တို့၊ ငုက်ရုံတွေနားက ထိုင်ခုံလေးတွေတို့၊ ရေကန်ကြီး ဘောင်ပေါ်တို့၊ သို့ပေမယ့် ထိုင်ရအောင်လို့ ပါးစပ်က ပြော မထွက်။ ပြောရမှာ ရှက်ကြောက်နေတာမျိုးလဲ မဟုတ်ဘူး။ တမျိုးပဲလေ အဲဒီလို တခါမှ မထိုင်ဘူးလို့လားမသိ။ ထိုင် ရမှာ ကြောင်တောင်တောင်နိုင်သလိုပဲ။

တိရစ္ဆာန်ဥယျာဉ်က ဖွင့်ထားတဲ့ ဆိုင်တဆိုင်မှာ သံပရာဆိုဒါ တပုလင်းစီ သောက်ယင်းပဲ ထိုင်စကားပြောဖြစ်ကြပြန်တယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ ရန်ကုန်မြို့လယ်ခေါင်က လူတွေ ရှုပ်ယှက်ခတ်နေတဲ့ လမ်းတွေပေါ်မှာပဲတွဲလျှောက်ဖူးပြီးတော့၊ ကက်ဆက်သံတွေ အပြင်က ကားသံတွေဆူညံနေတဲ့ လက်ဖက် ရည်ဆိုင်၊ အအေးဆိုင်တွေမှာပဲ ထိုင်ကြဖူးလို့ နှလို တိတ်ဆိတ်



ရှင်းလင်းတဲ့ ပတ်ဝန်းကျင်မျိုးမှာ နေသားမကျပဲ ဖြစ်နေကြ တာ ထင်ပါရဲ့။

အအေးသောက်ပြီးတော့ တခါလမ်းလျှောက်ကြပြန်ရော။ ကျွန်တော်ကလဲ ဘယ်နေရာထိုင်ယင်ကောင်းမလဲလို့ ကြည့်မိ ပြန်ရော။ ဒီတိရစ္ဆာန်ရုံထဲမှာ ကျွန်တော် သိပ်မကျွမ်းပါ။ မရောက်တာကလဲ ဆယ်နှစ်လောက်တောင် ရှိခဲ့ပြီထင်တယ်။ ကလေးဘဝကို လွန်မြောက်ပြီးကတည်းက ဆိုပါတော့။ မိရော မရောက်တာ ဘယ်လောက်ကြာပြီလဲ မသိ။

"မိ ဒီထဲကို မရောက်တာ ဘယ်လောက်ကြာပြီလဲဟင်"

"ဘယ်လောက်ကြာမှန်းတောင်မသိတော့ပါဘူး။ ငယ်ငယ် ကပဲ ရောက်တာပဲ။ ခု ကြီးမှတော့ တခါမှ မရောက်သေးဘူး။ မောင်နဲ့လာတာ ပထမဆုံးပဲ။ မောင်ကတော့ ခဏခဏရောက် မှာပေါ့နော်။ အယင့်အတွဲနဲ့တုန်းက...."

ကျွန်တော်က ရယ်ပြီး....

"ဟုတ်တယ် မောင်အတွဲနဲ့ တခါရောက်ဖူးတယ်။ ရှစ်ဘန်း တုန်းကပေါ့။ အဲဒီတုန်းက မောင့်အတွဲက သောင်းမော်နဲ့ ချစ်အေးလေ"

"ကျောင်းပြေးပြီး လာတာလား"

"မဟုတ်ပါဘူး ကျောင်းပိတ်ရက်ပါ"

"မောင် ကျောင်းပြေးဖူးလားဟင်"

"တခါပဲ ပြေးဖူးတယ်"

"ဘယ်နှစ်တန်းတုန်းကလဲ"

"ဆယ်တန်းတုန်းက"

www.burmeseclassic.com

www.burmeseclassic.com



“ရှုပ်ရှင်ကြည့်တာလား”

“ဟင့်အင်း....ဘောလုံးပွဲသွားတာ။ သိပ်ရယ်ရတယ်။ အဲဒီတုန်းက မောင်ပြောပြမယ်။ ထုံးစံအတိုင်း မောင်ရယ်၊ ချစ်အေးရယ် မုန့်စားကျောင်းဆင်းပြီးတော့ လစ်ကြတာ။ အဲဒီနေက နိုင်ငံခြားကအသင်း၊ အနောက်ဂျာမဏီနဲ့လားမသိဘူး။ ဘောလုံးပွဲရှိတယ်။ မောင်တို့က ဘောလုံး ဝါသနာအိုးတွေဆိုတော့ သိပ်ကြည့်ချင်တာပေါ့။ အဲဒါနဲ့လစ်ပြီးသွားကြတာ ကျောင်းလဲ တခါမှ မပြေးဖူးတော့ ရေရေလည်လည် ကြောက်ဒူးတုန်နေကြတာပေါ့။ ဖြစ်ချင်တော့လဲကြည့်အုံး။ တခါခိုးတခါမိ ဆိုသလိုပေါ့။ ဘောလုံးကွင်းထဲရောက်လို့ ထိုင်စရာနေရာ လိုက်ရှာတုန်းမှာ ကဲ....ဘယ်သူနဲ့ သွားတိုးတယ်ထင်သလဲ”

“မောင့် အဖေလား”

“ဘယ်ဟုတ်မလဲ၊ မောင်တို့ အတန်းပိုင်ဆရာကြီး၊ သူကလဲ ဘောလုံးဝါသနာအိုးကြီး”

“မောင်တို့ အဆူခံရရောပေါ့”

“မခံရဘူးဟ၊ ဆရာကလဲ ကျောင်းက လစ်ပြီး လာကြည့်တာကိုး၊ ဒီတော့....မောင်တို့ကို မမြင်ချင်ယောင် ဆောင်သွားရတာပေါ့”

စကားပြောယင်း လျှောက်လာကြတာ အပေါက်ဝဘက် ပြန်ထွက်တဲ့ လမ်းပေါ် ရောက်လာတယ်။ နေ့လည်ကြီးပေမယ့် နေမပူဘူး။ မိုးအုံ့နေတယ်။ လမ်းလျှောက်ရတာ မပင်ပန်းဘူးပေါ့။



တနေရာ ရောက်တော့ ဝါးရုံပင်ကလေးတွေ စီတန်းပြီး ပေါက်နေတာ တွေ့လိုက်ရတယ်။ ဝါးရုံပင်တချို့အောက်မှာ အတွဲ နှစ်တွဲလောက် ထိုင်နေတာ တွေ့ရတယ်။ ကျွန်တော်လဲ သူတို့လို ထိုင်ချင်လာပြန်တယ်။ အဲဒီ နေရာကလေးတွေက သိပ်ပြီး ချောင်ကျတဲ့ နေရာလဲ မဟုတ်ဘူး။ လူသွားလူလာလဲ မပြတ်ဘူး။ လမ်းနဲ့လဲ မလှမ်းဘူး။ ပြီးတော့....လူမြင်ကွင်းမှာ ပြောင်ပြောင်ကျကျ ဖြစ်နေတာလဲ မဟုတ်ဘူး။ အေးအေးဆေးဆေး ထိုင်စကားပြောမယ်ဆို ဖြစ်နိုင်တယ်။

“ဘယ်နှစ်နာရီထိုးပြီလဲ” လို့ မိ ကို မေးလိုက်တော့ သူက “နှစ်နာရီ ထိုးတော့မယ်” လို့ ပြန်ပြောတယ်။ မဆိုးဘူး။ ဒီနေရာမှာ တနာရီလောက် ထိုင်လို့ရတယ်။

“အဲဒီ ဝါးရုံပင်တွေ နားမှာ ခဏလောက် ထိုင်လိုက်ရအောင်နော်”

မိ က ခဏ စဉ်းစားပြီးတော့.... ‘သဘောပဲလေ’ လို့ ပြောတယ်။ လမ်းဘက်ကို နည်းနည်းကွယ်နေတဲ့ ဝါးရုံပင်ကလေး တရုံအောက်မှာ ဝင်ထိုင်ကြတယ်။ ဒီနေရာမှာ ကျွန်တော်တို့ထက် အယင်ဦးတဲ့ အတွဲတတွဲဟာ မကြာခင်ကပဲ ထိုင်သွားကြတယ် ဆိုတာ သိသာတယ်။ မြေပေါ်မှာ ဗလာစာအုပ်ထယ် မျက်နှာက ဆွဲဆုတ်ပြီး ခင်းထားတဲ့ စာရွက်လေးနှစ်ရွက်က လတ်လတ်ဆတ်ဆတ်ကြီးရှိသေး။ ပြီးတော့.... မြေထောင့်စောင် မကြေသေးတဲ့ စီးကရက်တိုကလေးက တလိပ်။ နေကြာစေ့လှော် အခွံတွေရော။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ စက္ကူပေါ်မှာပဲ ကျွန်တော်တို့ ထိုင်လိုက်ကြတယ်။ ထိုင်ပြီး ခဏကြာတဲ့အထိ စိတ်မလုံသေး။ လမ်းမဘက် လှည့်ကြည့်လိုက်၊ ပတ်ဝန်းကျင်ကို လျှောက်ကြည့်လိုက် လုပ်နေ မိတယ်။ မိကတော့ နည်းနည်း ရှက်နေတာ သိသာပါတယ်။ ဒီအတိုင်း ထိုင်နေတာထက်စာယင် စကား တခုခု ပြောနေတာ က အကြောင်း သက်သာမယ် ဆိုပြီး သူ့ဘက် လှည့်လိုက်တဲ့ အခါ သူကလဲ ကျွန်တော့်ဘက် လှည့်တာနဲ့ သွားဆုံတယ်။ ပြီးတော့.... မိ ကို မောင် ပြောစရာ တခုရှိသေးတယ်လို့ ကျွန် တော်က ပြောလိုက်တာနဲ့ တပြိုင်တည်းပဲ၊ မိကလဲ မောင့်ကို မိ ပြောစရာတခု ရှိသေးတယ်လို့ ပြောလိုက်ရော၊ နှစ်ယောက် စလုံး ပြိုင်တူပြောမိကြလို့ ရယ်ရသေးတယ်။

"ကဲ....ကဲ.... မိ အယင် ပြော"

"မောင် အယင် ပြောပါ"

"ဟို....ဉစ္စာပါ၊ မောင် ငယ်ငယ်က ဒီတိရစ္ဆာန်ရုံထဲ လာတဲ့ အကြောင်း ပြောမလို့...."

အဲဒီလို ပြောလိုက်တော့ မိ က ရယ်ပြန်ရော။

"ဘာရယ်တာလဲ မိရဲ့"

"ဟုတ်ပါဘူး....၊ တိုက်ဆိုင်တာကို ရယ်ချင်လို့၊ မိကလဲ ငယ်ငယ်က ဒီထဲ လာဖူးတဲ့ အကြောင်း ပြောမလို့၊ မောင် အယင် ပြောတော့...."

"ဟိုဟာလေ.... မောင် ငယ်ငယ်တုန်းက ခုနစ်နှစ်၊ ရှစ်နှစ် သားလောက်ပဲ ရှိမယ် ထင်တယ်။ အဖေရယ်၊ အမေရယ်၊ ကို



ရယ်၊ ပြီးတော့.... နယ်က လာတဲ့ ဧည့်သည်တွေလဲ ပါတယ်။ လျှောက်ကြည့်ကြပြီးတော့ ကုန်းကလေးတခုပေါ်က သစ်ပင် အောက်မှာ ထမင်းချိုင့်ဖွင့်ပြီး စားပြီး နားနေကြတုန်းပေါ့၊ မောင်က လျှောက်ဆော့ယင်းနဲ့ တော်တော်ဝေးဝေးကိုရောက် သွားပြီး လူကြီးတွေ ရှိတဲ့ နေရာ မောင် မပြန်တတ်တော့ဘူး။ မောင်လဲ အရမ်း ကြောက်ပြီးတော့ ငိုလဲငို.... ဟိုပြေးလိုက် ဒီပြေးလိုက် လုပ်နေတာပေါ့။ လူကြီးတွေက ကုန်းမြင့်ပေါ်မှာ ဆိုတော့ မောင့်ကို မြင်နေရတယ်။ ဒါပေမယ့်....ခပ်ဝေးဝေး မှာ ဆိုတော့ မောင် လျှောက်ပြေးပြီး ဆော့နေတယ်လို့ပဲ ထင် ကြပြီး ဒီအတိုင်းပဲ ကြည့်နေကြတာပေါ့လေ။ မောင်လဲ မော လာတော့ တနေရာမှာ ထိုင်ငိုနေတာပေါ့။ အဲဒီ အချိန်မှာ လူကြီးတယောက်က ဘာဖြစ်လို့ ငိုနေတာလဲလို့ လာမေး တော့မှ မောင်လဲ လူကြီးတွေရှိတဲ့နေရာကို မပြန်တတ်ကြောင်း ပြောပြတာပေါ့။ နောက်တော့မှ ကိုကို လာခေါ်တယ်"

မိက မောင် သိပ်ဆော့တာပဲနော်လို့ ပြောပြီး သူငယ်ငယ် က အကြောင်းကို ပြောပြန်တယ်။

"မိ တုန်းကကျတော့ တမျိုး။ အင်း.... သိပ်တော့ မထူးပါ ဘူး။ အဲဒီလိုပဲ သစ်ပင်ရိပ်ကောင်းကောင်းမှာ ထမင်းစားကြ ပြီး ထိုင်စကားပြောနေကြတာ။ အဲဒီ အချိန်မှာ မိ လဲ ဗိုက် လေးလေးနဲ့ အိပ်ပျော်သွားတယ်။ မိ အိပ်ရာက နိုးတော့ ဘေးနားမှာ ဘယ်သူမှ မရှိတော့ဘူး။ လူကြီးတွေက ဟိုနား ဒီနား လမ်းလျှောက်ကြတာလေ။ ဒါပေမယ့်.... မိ စိတ်ထဲမှာ တော့ ငါ့အိမ်မှာ ခဏ ခဏ စိတ်ကောက်လို့ လူကြီးတွေက

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ဒီမှာ ထားခဲ့ပြီး ပြန်ကုန်ကြသာ ဖြစ်မယ်လို့ တွေးပြီး ငိုတာပေါ့၊ မောင်နဲ့ သိပ်တော့ မထူးပါဘူး”

အဲဒါတွေပြောပြီးကြတော့ ခဏ စကားပြတ်သွားကြပြန်တယ်။ ဝါးရုံပင်တွေကြားကို လေတိုးသံကြားရတယ်။ ပတ်ဝန်းကျင်ကတော့ တိတ်ဆိတ်နေတယ်။ လူသွားလမ်းပေါ်မှာလဲ လူရှင်းနေပြီ။ သိပ်ငြိမ်သက်လွန်းတဲ့ အခါကျတော့ ကျွန်တော် အနေရခက်လာပြန်တယ်။ ဘာလုပ်ရမလဲ။ တကယ်ဆို ခုချိန်မှာ သူ့လက်ကလေးကို ဖွဖွလေးဆုပ်ကိုင်၊ သူ့ပခုံးကလေးကို အသာဖက်၊ သူ့နဖူးကလေးကို ထိရုံကလေး နမ်းဖို့ကောင်းနေပါပြီ။

အဲဒီလိုအတွေးမျိုး ပေါ်လာတဲ့အခိုက်မှာပဲ ပတ်ဝန်းကျင်မြင်ကွင်းဟာ ညို့ကနဲ ဖြစ်သွားတယ်။ အသင်းရောင် အားနည်းသွားသလိုပဲ။ ခလကပိုအေးလာတယ်။ ကျွန်တော့်ဆန္ဒကို အားပေးအားမြှောက် လုပ်ပေးလိုက်တဲ့ အငွေ့အသက်လား”

မဟုတ်ပါ။ ဝါးရုံပင်တွေကြားကို လေတချက် ရှဲကနဲ တိုက်လိုက်ပြီးတဲ့နောက် မိုးဖွားတွေကျလာတာပါပဲ။

“ဟော… မိုးတောင်ရွာပြီ”

“ရပါတယ်၊ ဖွဲဖွဲလေးပဲဟာ….”

လို့ပြောပြီး ကျွန်တော်က ထီးဖွင့်ဆောင်းလိုက်တယ်။ ခဏကြာတော့ ဝါးရုံပင်ကြားက စီးကျလာတဲ့ ရေတွေကြောင့် ထိုင်နေတဲ့စက္ကူတွေစိုကုန်တယ်။ ကျွန်တော်တို့နှစ်ယောက် မတ်တပ်ရပ်လိုက်ကြရတယ်။ မိုးကနည်းနည်း ပိုသည်းလာတယ်။ လေတော့ သိပ်မပါတော့။ ထီးပေါ်ကို မိုးစက်တွေကျတဲ့အသံ



က တဖောက်ဖောက်မြည်နေတယ်။ ခုလိုမိုးရွာထဲမှာ မိန့်တူတူ နှစ်ယောက်တွဲပြီး ထီးဆောင်းဖူးတာ ဒါပထမဆုံးအကြိမ်ပါပဲ၊ အဲဒီအရသာကလဲ တမျိုးပဲနော်။

“ပျော်စရာကြီး”

လို့ ကျွန်တော်က ပြောလိုက်တဲ့အခါ မိက….

“အင်း….ပျော်နေ….ဟိုမှာကြည့်ပါအုံး”

ဆိုလို့ ကြည့်လိုက်တော့ ဟိုက် ဝါးရုံပင်တွေ ကြားကနေ စီးကျလာတဲ့ရေတွေကြောင့်နေရာအတော်များများမှ ဗွက်တွေ ပေါက်ကုန်ပြီ။ ခုမှသိတော့တယ်။ မိုးပြတ်သွားတာ လေးငါးရက်ရှိသွားလို့သာ ဒီနေရာမှာ မြေမာဖြစ်နေတာ။ ခုလိုမိုး သည်းသည်းလဲရွာလိုက်ရော ချက်ချင်းလိုလို ရွှံ့ညွန်ပြင်ကြီးဖြစ်သွားပါရောလား။ ကျွန်တော်တို့ ရပ်နေတဲ့ နေရာအောက်က မြေကြီးဟာလဲ တဖြည်းဖြည်းနဲ့ ပျော့စိစိဖြစ်လာတော့တယ်။ နောက်ဆုံးတော့ ကျွန်တော်တို့နှစ်ယောက်ဟာ ရွှံ့တွေဗွက်တွေ ကို ကျော်ဖြတ်ပြီး လမ်းပေါ်ရောက်အောင် ခဲခဲယဉ်းယဉ်း တက်ခဲ့ကြရတယ်။ ကျွန်တော်ကတော့ ကျွဲရိုင်း ရာဘာဖိနပ်နဲ့မို့ ကိစ္စမရှိပါဘူး။ မိန့်ဒေါက်မြင့်ဖိနပ် အညိုလေးကတော့ ရွှံ့တွေ သိုးလုံးဖုံးသွားတော့တာပါပဲ။

ကဲ….အဲဒါပြောတာပေါ့။ ကျွန်တော်တို့နှစ်ယောက်မှာ ချိန်းတွေ့ဖို့ကံဇာတာ မပါဘူးထင်တယ်ဆိုတာ။

တခုတော့ ဖြေသာပါသေးတယ်လေ။ မိုးတဖွဲဖွဲအောက်မှာ ထီးကလေးတချောင်းတည်းကို နှစ်ယောက် ပူးဆောင်းပြီး လှမ်းလျှောက်ရတာ ခံစားမှုတမျိုးပဲ။ ကျွန်တော်က ထီးကို

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်လုံအောင် ငိုက်ပြီးဆောင်းပေးတော့ ကျွန်တော့်တဘက်ပခုံးက စိုကုန်တယ်။ သူကတခါမှောင့်ဘက်ကိုထီးဆောင်းအုံးလေဆိုပြီး ကျွန်တော့်ဘက် ငိုက်ဆောင်းပေးတဲ့အခါကျတော့ သူ့တဘက်ပခုံးက စိုပြန်ရော၊ ထီးကို ကျွန်တော်က သူ့ဘက်ငိုက်လိုက် သူကကျွန်တော့်ဘက်ငိုက်လိုက်နဲ့ နောက်ဆုံးတော့ နှစ်ယောက်စလုံး ပခုံးတဘက်စီ စိုရွှဲကုန်တာပပါပဲ ပေါ့....။

လမ်းတလျှောက်လုံးမှာ ရှင်းနေတာပဲ။ ကျွန်တော်တို့နှစ်ယောက်တည်းရှိတယ်။ လေတချက်ဝှေ့တဲ့အခါ စိမ့်ကနဲ အေးသွားတတ်တယ်။ ကျွန်တော် သူ့ပခုံးကလေးကို အသာကလေးဖက်တယ်။ ရေစိုနေတဲ့ ဖေါ့ရှန်အင်္ကျီစကလေးက သူ့လက်မောင်းသားမှာ ကပ်နေလို့ သို့ပေမယ့် နွေးနေတယ်။ ကျွန်တော့်လက်ကအေးနေလို့ ဖြစ်မှာပေါ့။ သူကလဲ ထီးကိုင်ထားတဲ့ ကျွန်တော့်လက်ပေါ်ကို အုပ်ပြီး ဆုပ်ကိုင်လိုက်တယ်။ သူ့လက်ကလေးက အေးနေတယ်။ ဒါဆိုယင် ကျွန်တော့်လက်က နွေးနေလို့ဖြစ်မှာပေါ့။

နှစ်ယောက်စလုံးရဲ့ရင်ထဲမှာ နွေးထွေးနေမှာတော့ သေချာတယ်။ မိုးက ပိုသည်းလာသလား၊ စဲသွားတာလားမသိတော့။ မိုးသံလေသံတွေကော ကျွန်တော်တို့ ကြားမှကြားမိပါစ။

သိပ်ပျော်တဲ့အခါ နားလေးသွားတတ်သလား မသိဘူးနော်။

* * *



သူ့မှာ ကလေးတယောက်ရှိတယ်။ သားကလေး။ သူ့ယောကျ်ားက လေတပ်မတော်က သူရဲကောင်းလေယာဉ်မှူး၊ ရန်သူဂျာမန်တပ်တွေကို ရှုပ်ရှုပ်ချချ တိုက်ခိုက်ယင်း ကျဆုံးခဲ့ရတယ်။ ဒါပေမယ့် သားကလေးကိုတော့ သူ့အဖေကျဆုံးသွားကြောင်း မပြောခဲ့။ တနေ့နေ့ကျယင် အဖေဟာ ရန်သူတွေကို အပြီးသတ်ချေမှုန်းပြီး ပြန်လာလိမ့်မယ်လို့ပြောပြထားခဲ့တယ်။ သားကလေးဟာ သူ့အဖေကိုမျှော်ယင်း ကာလကြာလာတဲ့အခါ လွမ်းဖျား လွမ်းနာကျလို့ နေမကောင်းဖြစ်နေရရှာတယ်။ တနေ့မှာ သူဟာ သူ့ခင်ပွန်းသည်နဲ့ ရုပ်ချင်းအတော်တူတဲ့ လူတယောက်ကို တွေ့လိုက်ရတယ်။ အဲဒီလူက

www.burmeseclassic.com



တော့ ဂျာမန်တွေရဲ့ ရိက္ခာပစ္စည်းတွေကို ခိုးပြီး မြို့သူမြို့သားတွေကို ပြန်ဝေငှပေးတဲ့ အဖွဲ့ထဲက ခေါင်းဆောင်တယောက်ပဲ။ အမျိုးသမီးဟာ အဲဒီလူနောက်ကို တကောက်ကောက် လိုက်ကြည့်မိတယ်။ ပထမတော့ ဟိုလူက အကြောင်းမသိသေးလို့ ရှောင်ထွက်ဖို့ ကြိုးစားသေးတယ်။ နောက်အကြောင်းစုံသိတဲ့အခါ သူတို့နှစ်ယောက် သဘောတူညီမှုတခု ရခဲ့ကြတယ်။ အဲဒီလူကလေးရဲ့အဖေအဖြစ် ဟန်ဆောင်ပေးဖို့။

ဒီလိုနဲ့ ကလေးငယ်ဟာ ကျန်းမာလာတယ်။ ဟိုလူကိုလဲ သူ့အဖေလို့ပဲထင်နေတယ်။ ပျော်လဲသိပ်ပျော်နေတယ်။ လူကြီးနှစ်ယောက်မှာတော့ ပြဿနာ။ ကလေးရှေ့မှာ လင်မယားဟန်ဆောင်ပြီး နေပြနေရတယ်။ ဒီလိုနေကြယင်းနဲ့ လူသုံးဦးဟာ သံယောဇဉ်နှောင်ဖွဲ့မိကြတယ်။ ဒါပေမယ့် ဟိုလူအနေနဲ့ ဒီမှာကြာကြာနေလို့မဖြစ်။ သူ့မှာ ရိက္ခာဝေငှပေးဖို့ တာဝန်ရှိသေးတယ်။ ပြီးတော့.... သူအယောင်ဆောင်နေရတဲ့ လူဟာ သာမန်လူမဟုတ်ဘူး။ သူရဲကောင်းတယောက်။ သူ့ကို ဟန်ဆောင်နေသူ တယောက်အနေနဲ့မဟုတ်ပဲ တကယ့်သူရဲကောင်းစစ်ဗိုလ်လို့ ဂျာမန်တွေက ထင်သွားခဲ့ယင် အန္တရာယ်ဟာမသေးဘူး။ ဟိုသားအမိအတွက်ပါ ဒုက္ခရောက်လာနိုင်တယ်။ ဒါကြောင့် ဒီအိမ်ကိုစွန့်ခွာဖို့ သူဆုံးဖြတ်လိုက်တယ်။

သူမရှိတဲ့အခါ ကလေးငယ်ဟာ မပျော်ရွှင်တော့ပြန်ဘူး။ သံယောဇဉ်တွယ်မိပြီဖြစ်တဲ့ မိခင်ကိုယ်တိုင်ကပါ သူ့ကို မျှော်လင့်နေမိပြန်တယ်။ သူကိုယ်တိုင်ကလဲ တကယ်ဆိုယင် ကလေး



ယ်ရော မိခင်ကိုပါ သံယောဇဉ်ငြိနေခဲ့မိပြီ။ ဒီလိုနဲ့ တနေ့မှာ သူပြန်ရောက်လာရပြန်တယ်။

သူဟာ သူ့အလုပ်တွေကို လျှို့ဝှက်စွာ လုပ်ကိုင်နေယင်းက တနေ့မှာ ဂျာမန်တွေဝိုင်းတိုက်တာကို ခံလိုက်ရတယ်။ သူ့ ငယ်ချင်း ဒဏ်ရာရတယ်။ သူတို့ထွက်ပြေးကြယင်း လွတ်မြောက်ဖို့ လမ်းတခုပဲရှိတယ်။ သူနေတဲ့အိမ်မှာ ဝင်ပုန်းဖို့။ လိုနဲ့ အိမ်မှာဝင်ခိုနေကြရတယ်။ ဂျာမန်တွေက သတင်းအစ နေပြီဖြစ်လို့ သူတို့အိမ်ကိုလာဝိုင်းကြတော့တယ်။ အမျိုးသမီး ဂျာမန်စစ်ဗိုလ်က စစ်ဆေးတယ်။ ဂျာမန်တွေစိတ်ထဲမှာ သူ့ကို သူရဲကောင်းစစ်ဗိုလ်လို့ပဲ ထင်နေတယ်။ အမျိုးသမီး လဲ သူ့ယောကျ်ား တိုက်ပွဲမှာကျသွားပြီလို့ပဲ ပြောနေတယ်။ ဒီအချိန်မှာ ဂျာမန်စစ်ဗိုလ်က တစုံတခုကို တွေ့လိုက်ရတယ်။ မ်းပေါ်မှာကျနေတဲ့ သွေးစက်တွေ။ ဂျာမန်စစ်ဗိုလ်ဟာ မျိုးသမီးကို သေနတ်နဲ့ချိန်လိုက်တယ်။

အဲဒီအချိန်မှာပဲ မမျှော်လင့်တဲ့ဖြစ်ရပ်တခု ပေါ်ပေါက် တယ်။ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာ၊ သူရဲကောင်းစစ်ဗိုလ်ရဲ့ ဂုဏ် ကို ဆယ်တဲ့သဘော၊ အမျိုးသမီးနဲ့ ကလေးငယ်ရဲ့ က်ကို ကယ်တဲ့သဘောပါပဲ။ ဘာလဲဆိုတော့ ဟိုလူဟာ ကောင်းစစ်ဗိုလ် ဝတ်လေ့ရှိတဲ့ စစ်ဝတ်စုံကိုဝတ်ပြီး လှေ းပေါ်က တည်ငြိမ်ခန့်ညားစွာ ဆင်းလာခဲ့တာပါပဲ။

အမျိုးသမီးက ဟိုလူဟာ သူ့ယောကျ်ားမဟုတ်ပါဘူးလို့ တယ်။ ဟိုလူကလဲ ဟုတ်ပါတယ်လို့ပြောနေတယ်။ ဂျာမန် ဟုတ်မဟုတ်သိရအောင် သေယာဉ်နဲ့ပတ်သက်တဲ့အချက်

www.burmeseclassic.com

www.burmeseclassic.com



အလက်တွေမေးတယ်။ ဟိုလူကလဲ ကြိုတင်လေ့လာထားပြီးဖြစ်လို့ မှန်အောင်ဖြေနိုင်တယ်၊ သူ့အဖို့ကတော့ မထူးဘူး။ သေလူပဲ။ ဒါကြောင့် သူဟာ သူ့ရဲ့ကောင်းစစ်ဗိုလ်အဖြစ်နဲ့ပဲ အဲဒီစစ်ဗိုလ်အတွက် ဂုဏ်သိက္ခာတက်မယ့် လုပ်ရပ်တခုကို လုပ်လိုက်တယ်။ ဂျာမန်တွေကိုတိုက်ခိုက်ပြီး အချုပ်ခန်းတွေကို ဖွင့်ပေးလိုက်နိုင်တယ်။ အဲဒီတိုက်ပွဲမှာပဲ သူကျဆုံးသွားရှာတယ်။

ကျွန်တော်တို့နှစ်ယောက် ကြည့်ခဲ့တဲ့ မစ်ဝေးဂလိုရီ ဆိုတဲ့ကားရဲ့ဇာတ်လမ်းပဲ။ ကျွန်တော် သိပ်ကြိုက်သွားတယ်။ ရုပ်ရှင်ပြခန်းထဲကထွက်ပြီး အောက်ထပ်ကို ဆင်းလာယင်းနဲ့ မိကို ကျွန်တော်က ပြောလိုက်တယ်။

"ဒီလိုကားမျိုးတွေ များများပြယင် ကောင်းမှာပဲနော်"

"ဟုတ်တယ်၊ စစ်ကားဆိုပေမယ့် အလွမ်းလဲပါတယ်။ ပြီးတော့ ရည်ရွယ်ချက်လဲကောင်းတယ်"

"အေးကွ၊ ဒီကားကို တို့ဆီကရုပ်ရှင်စာရေးဆရာတွေကြည့်ကောင်းတယ်"

"ဟင်....ဘာဖြစ်လို့လဲမောင်ရဲ့"

"စဉ်းစားကြည့်ပါလား၊ ဒီကားထဲကမင်းသားကလဲ ရုပ်ရှင်မဟုတ်လား။ သူက သူ့ရဲ့ကောင်းစစ်ဗိုလ်ရဲ့နေရာမှာဝင်ပြီး ရုပ်ရှင်လုပ်ရတာမဟုတ်လား။ ဒါပေမယ့် သူ့ရုပ်ရှင်လုပ်ပုံကဂုဏ်ရှိတယ်။ ပြီးတော့...."

ကျွန်တော်က ပြောနေယင်းနဲ့ မိကို လှမ်းကြည့်လိုက်တော့ မိဟာ ကျွန်တော်ပြောနေတဲ့ စကားကို နားထောင်နေပေမဲ့



သူ့မျက်လုံးက တခြားတနေရာကိုရောက်နေတယ်။ ပြီးတော့ သူ့မျက်နှာကလဲ တမျိုးပဲ။ အမှုအရာပျက်နေသလို ထင်ရတယ်။ သူကြည့်နေတဲ့နေရာကို ကျွန်တော်လှမ်းကြည့်လိုက်တော့ လူတယောက်ဟာကျွန်တော်တို့ကို ကွက်ကြည့်ကွက်ကြည့်လုပ်ပြီး ရုပ်ရှင်ရုံအပြင်ဘက် ထွက်သွားတာတွေ့လိုက်ရတယ်။

"မိ....ဘာဖြစ်လို့လဲ"

ကျွန်တော်ကမေးတော့ မိက "ဟင့်အင်း....ဘာမှမဟုတ်ပါဘူး"လို့ ပြာပြာသလဲပြန်ပြောတယ်။ သို့ပေမယ့်ကျွန်တော်သိလိုက်တယ်။ မိမှာ ပြဿနာတခုခုရှိနေပြီ။ ကျွန်တော် သတိထားမိနေတာကြာပြီ။ သူတခုခု ဖုံးကွယ်ထားတယ်ထင်တယ်။ ဘာလဲဆိုတာ ကျွန်တော်သိချင်တယ်။ ဖွင့်မေးဖို့ကောင်းပြီ။ တကယ်လို့ ကျွန်တော်နဲ့ပါ သက်ဆိုင်တဲ့ ကိစ္စဆိုယင်ပေါ့လေ။

* *

စကားပုံတခုရှိတယ်။

အချစ်စစ် အချစ်မှန်တို့၏ ခရီးလမ်းမည်သည် သာယာဖြောင့်ဖြူးခြင်းမရှိကြချေ....တဲ့။

အဲဒီတော့ ကျွန်တော်တို့အချစ်ဟာ မေတ္တာစစ်မေတ္တာမှန်ဖြစ်စေချင်ယင် မသာယာ မဖြောင့်ဖြူးအောင် လုပ်ပေးရမလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ။ အင်းလေ...တကယ်တော့လဲ ကျွန်တော်တို့ အထူး လုပ်နေစရာမလိုပါ။ ခုပဲ ပြဿနာတခုကစလာခဲ့ပြီမဟုတ်လား။

ကျွန်တော်က မိကို ဖွင့်မေးတယ်။ မိမှာ ဘာပြဿနာ ရှိသလဲလို့....။ မိက ဘာမှ မရှိပါဘူးလို့ ပြောတယ်။

"မောင့်ကို ဘာဖြစ်လို့ ညာရတာလဲ ဟင်"

မိ တွေသွားတယ်။ ပြီးတော့.... ခေါင်းခါတယ်။

"မသိချင်ပါနဲ့ မောင်ရယ်"

"ဘယ်ဟုတ်မလဲ မိ၊ မောင်လဲ သိသင့်တာပေါ့။ အဲ....တခု တော့ ရှိတယ်လေ။ မိတို့ အိမ်တွင်းရေးပြဿနာ ဆိုယင်တော့ မောင်နဲ့ မဆိုင်ပါဘူး"

"အိမ်တွင်းရေးပြဿနာဆိုတာတော့ မှန်ပါတယ်။ မောင်နဲ့ သက်ဆိုင်နေတာလဲ မှန်ပါတယ်"

"မောင်နဲ့ သက်ဆိုင်တယ် ဟုတ်လား"

"ဟုတ်တယ် မောင်၊ ဒါပေမယ့်.... မောင်စိတ်မကောင်း ဖြစ်မှာစိုးလို့ မပြောခဲ့တာပါ။ သိပ်ကြီးကျယ်တဲ့ ပြဿနာ တော့လဲ မဟုတ်သေးပါဘူး"

"ဘာမို့လို့လဲ"

သူ ပြောပြတော့မယ်ဆိုတာ သိလိုက်ရပြီ။ သူ သက်ပြင်းချ လိုက်တာ တွေ့ရလို့ပါ"

"မောင့်ကို အယင်ကတည်းက ပြောမယ်လို့တော့ စိတ်ကူး ခဲ့ပါသေးတယ်။ ဒါပေမယ့်.... မောင် သိယင် သိပ်စိုးရိမ်သွား မှာ ကြောက်လို့၊ တခုတော့ ကြုံပြီး ပြောလိုက်ချင်တယ်



[library stamp]

င်၊ ခု ပြောမယ့် ကိစ္စဟာ သိပ်အရေးကြီးတဲ့ အဆင့်ကို ရောက်သေးဘူး ဆိုတာပါပဲ"

* *

မိနဲ့လူကြီးချင်းသဘောတူထားကြတဲ့ လူတယောက်ရှိတယ်။ သဘောတူထားတယ် ဆိုပေမယ့် တရားဝင် စေ့စပ်ထားတာ တော့ မဟုတ်သေးဘူး။ လူကြီးတွေ စကားစပ်မိထားကြတာ လောက်ပဲလို့ ဆိုတယ်။ မိကိုလဲ နင်နဲ့ ပေးစားမယ့်သူပဲလို့ တိကျကျ ပြောထားတာမျိုးလဲ မဟုတ်ဘူးတဲ့။ တဘက် တတွေက စကား ကမ်းလှမ်းထားတယ်။ မိတို့ မိဘတွေက တော့ ကျေနပ်တယ်လို့ စကားတုံ့မပြန်ရသေး။ တခုတော့ တယ်။ အဲဒီ လူဟာ မိရဲ့ မိဘတွေ မျက်စိကျလောက်တဲ့ အဆင့်မှာ ရှိတယ်။

သူ့နာမည်က ကိုမျိုးဝင်းစိန်တဲ့။ သူ့ မိဘလုပ်ငန်းကို ဦးစီး လုပ်နေတယ်။ သူတို့ကလဲ ပုံနှိပ် လုပ်ငန်းပဲ။ ပုံနှိပ်စက် လုံးလောက် ရှိတယ်။ မော်တော်ကားလဲ ရှိတယ်။ အသက် တော့ နည်းနည်းကြီးတယ်။ သုံးဆယ်ကျော်လောက်ရှိပြီ။ ချင်းကလဲ ခင်မင်၊ လုပ်ငန်းချင်းကလဲ အဆက်အသွယ် တော့ လူကြီးတွေ သဘောကျတယ် ဆိုတာ ဖြစ်နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မိဆီက သိထားတဲ့ အချက်တွေကို ပြန်ပြောပြလိုက်တယ်။ သောင်းမော်နဲ့ ချစ်အေးတို့က တော်တော်ကြာအောင် ဘာမှပြန်မပြောပဲ နေကြသေးတယ်။ သူတို့ကို အဲဒီအကြောင်း ပြောပြချင်လို့ ကျွန်တော့် အတန်းပြီးတဲ့ အချိန်လောက် ပညာဂုဏ်ကျောင်းကိုလာခဲ့လို့ ချိန်းခဲ့ပဲတာ။

"အေးမိက ဘာပြောသေးလဲ"

သောင်းမော်က မေးတယ်။

"သူကလား၊ အဲဒီလူကို သူလုံးဝ စိတ်မဝင်စားပါဘူးလို့ပြောဘယ်"

"ဒါကတော့ ဟုတ်တာပေါ့ကွ၊ သူမှ မကြိုက်တာ၊ ငါတို့မေးတာက အခြေအနေ ဘယ်လောက်ထိ ဖြစ်နေသလဲ၊ ဘယ်လောက်ထိ ဖြစ်လာနိုင်သလဲဆိုတာကို ပြောတာ"

လို့.... ချစ်အေးက ဝင်ပြောတယ်။

"မိ ပြောတာက ခုလောလောဆယ်မှာတော့ ဘာပြဿနာမှ မရှိသေးဘူး။ အိမ်ကလဲ အဲဒီ ကိစ္စကို သိပ်အလေးသုံးဆယ်ဖြစ်မနေဘူး။ မိ ကိုတောင် ပြောင်ဖွင့်ပြောတဲ့ အဆင့်မှာ မရှိသေးဘူး။ စိတ်အေးအေးနေပါလို့ ပြောတယ်။ သူ့နည်းနဲ့ သူရှင်းပါ့မယ်တဲ့။ အိမ်ကလဲ သူ သဘောမတူပဲနဲ့ အတင်းတော့စီစဉ်မယ် မထင်ပါဘူးတဲ့"

"နေအုံးကွ၊ မင်း ခုန ပြောတာ တခုရှိသေးတယ်။ မင်းတို့ရုပ်ရှင်ရုံကအထွက်မှာ ဟိုလူ့သူငယ်ချင်းက မင်းတို့နှစ်ယောက်ကို တွေ့သွားတယ်ဆို၊ ဒါဆို မင်းတို့အကြောင်း ဟိုလူ သိသွားပြီပေါ့။ ဒီတော့.... အေးမိရဲ့ အိမ်က သိသွားအောင် ဟိုလူက



တနည်းနည်းနဲ့ ပြောတော့မှာပေါ့၊ အဲဒီအခါ အေးမိတို့ အိမ်က အေးမိကို ချုပ်ချယ်လာလိမ့်မယ်၊ ပြီးတော့.... ဟိုလူနဲ့ကိစ္စကို မြန်မြန် စီစဉ်ချင် စီစဉ်လာလိမ့်မယ်"

သောင်းမော် ပြောတာ ဖြစ်နိုင်တယ်။ ကျွန်တော် နည်းနည်းစိုးရိမ်သွားတယ်။

"အဲဒါ ငါ ဘာလုပ်ရမလဲဆိုတာ မင်းတို့ကို တိုင်ပင်ချင်လို့ခေါ်တာပဲကွာ"

"ဘာမှ လုပ်မနေနဲ့ ဟေ့ကောင်....ခိုးပြေးကွာ"

ချစ်အေးက ပြောတယ်။ သောင်းမော်က 'ဟာကွာ... ဟေ့ကောင် ဝင်မထောင်စမ်းပါနဲ့၊ ဒီလောက်လဲ မဟုတ်သေးပါဘူး' လို့ ဝင်ပြောလိုက်တယ်။ ကျွန်တော်က....

"မင်းတို့ပြောသလို တနေ့နေ့မှာ သူ့အိမ်က ငါနဲ့ မိနဲ့အကြောင်း သိတော့မှာပဲ၊ သိပ်မကြာခင် သိလိမ့်မယ်ကွ၊ အဲဒီအခါမှာ ဘယ်လောက်ထိ အခြေအနေဆိုးလာမလဲ"

"ဒါနဲ့....နေအုံး ဟေ့ကောင်၊ အရေးကြီးတာတခု ပြောရအုံးမယ်။ မင်းတို့ကိစ္စ ဆရာမြင့် သိလား"

"မသိသေးဘူး ထင်တာပဲ"

"သိယင်ကော....ဘာဖြစ်မယ် ထင်သလဲ"

"ဆရာမြင့်က ငါ့ကို ကြည်တာတော့ အမှန်ပဲ။ မိ ကို ငါ စိတ်ဝင်စားနေကြောင်းလဲ သိတယ်။ သူ သဘောတူတယ်လို့တော့ နောက်သလို ပြောင်သလို ပြောဖူးတယ်။ ဒါပေမယ့် သိတိကျကျတော့ ပြောလို့ မရဘူး။ ပြီးတော့.... ဆရာမြင့်က ဦးလေးပဲ။ သူ့မိဘရဲ့ သဘောထားသာ အတည်ဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမြင့်ကို ဖွင့်ပြောပြီး အကူအညီ တောင်းကြည့်ပါလားကွ"

ချစ်အေးရဲ့ အကြံကိုသောင်းမော်က ကန့်ကွက်တယ်။

"နေအုံးလေ၊ မဟုတ်သေးဘူး။ သိပ်လောမကြီးပါနဲ့အုံး။ ဆရာမြင့်ဆိုတာကသူတို့အမျိုးအရင်းကြီးကွ။ အရေးအကြောင်းဆို မင်းဘက်ကပါမယ်လို့ တပ်အပ်ပြောနိုင်ပါ့မလား"

"တခုတော့ ရှိပါတယ်ကွာ၊ ခုကိစ္စက အချိန်ရပါသေးတယ်၊ နောက်ဖြစ်လာတဲ့ပြဿနာကို ရှင်းနိုင်ဖို့သာ ကိုယ့်ဘက်က အဆင်သင့်ဖြစ်ဖို့လိုတယ်"

"မှန်တယ်ကွ....အေးမောင်ပြောတာ"

"သိပ်အေးနေလို့လဲ မဖြစ်ဘူးနော်။ မင်းတို့နှစ်ယောက် အကြောင်း သူတို့အိမ်က သိတာနဲ့တပြိုင်နက် ပြဿနာ စမှာပဲ"

ချစ်အေးက ဝင်ပြောပြန်တယ်။ သောင်းမော်က....

"ဒါလဲ ဟုတ်တာပဲ။ ဒီမှာအေးမောင်။ ပြဿနာ ဖြစ်လာတဲ့အခါ ပြဿနာရဲ့ အတိမ်အနက်ကိုကြည့်ပြီး လုပ်သင့်တာ လုပ်ရမယ်ကွ။ လောလောဆယ် အေးမိကိုတော့ မင်း သေသေချာချာပိုင်အောင်စည်းရုံးထား။ ပြီးတော့ ခုကစပြီး မင်း ငွေစုတော့။ တကယ့်တကယ် သေရေးရှင်ရေး ဖြစ်လာယင်တော့ ခိုးသင့်ယင်ခိုးရမှာပဲ။ အဲဒီအခါ ငါတို့လဲ အဆုံးစွန်ထိ ကူညီမယ်ကွာ"

ကျွန်တော် အားတက်သွားမိတယ်။ ဟုတ်တယ်။ ကျွန်တော့်မှာ သူငယ်ချင်းတွေ ရှိသားပဲ။ ပြီးတော့ ပြဿနာက ကျွန်တော်တို့ ခန့်မှန်းသလောက် ကြီးထွားလာလိမ့်မယ်လို့ သေချာ



တိကျ မပြောနိုင်သေးပါဘူး။ ဖြစ်လာတော့လဲ ဘာဖြစ်သလဲ။ မိကို....ကျွန်တော် ယုံတယ်။ ကျွန်တော့်ဘက်က မပါလာမှာပဲ။ ဘာဖြစ်သလဲ ခိုးပြေးရုံပေါ့။

အဲဒီလိုစဉ်းစားလိုက်တဲ့အခါမှာ ကိုကို့မျက်နှာကို ဖြတ်ကနဲ မြင်ယောင်မိပြန်တယ်။ ကိုကို ပြောခဲ့တဲ့စကား၊ သိပ်မလောစေချင်ဘူး၊ ကိုယ့်ဘာဝ အခြေခိုင်မာအောင် အယင်ကြိုးစား ဆိုတဲ့စကား။ အဲဒါနဲ့တပြိုင်ထဲ သတိရလိုက်တာက ကိုကိုဖြစ်ခဲ့တဲ့ အဖြစ်အပျက်။ ကိုကိုဆုံးရှုံးခဲ့ရတဲ့ အချစ်။ အဲဒါမျိုး ကျွန်တော် ဖြစ်သွားမှာ စိုးရိမ်နေမိတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တခါမှ မမြင်ဖူးသေးတဲ့ လူတယောက်ကို မုန်းတီးပစ်ဖို့ ဆိုတာ လွယ်တဲ့ကိစ္စတော့မဟုတ်။ သို့ပေမယ့် ကျွန်တော်.... သူ့ကို မုန်းရမယ်။ သူဟာ....စိတ်ထားကောင်းသလား၊ ဆိုးသလား မသိရသေးပါ။ သို့ပေမယ့် သူ့ကိုမုန်းရမယ်။ ဘာကြောင့်ဆို သူဟာ ကျွန်တော့် ချစ်သူကို လုယူဖို့ ကြိုးစားနေလို့ပါပဲ။ ကိုမျိုးဝင်းစိန်ဆိုတဲ့လူကို ပြောတာပါ။

မိ....ပြောတဲ့အတိုင်းဆိုယင် အဲဒီလူဟာ ရုပ်ရည် သန့်သန့်ပြန့်ပြန့်ပဲ။ အပြောအဆို အမူအရာကလဲ မှန်မှန်ရည်ရည်ရှိသတဲ့။ ထားတော့။ သူဟာ တခြားကိစ္စတွေမှာ လေးစားစရာကောင်းချင်ကောင်းနေမယ်။ ဥပမာ....ဆေးရုံးတို့၊ ကျောင်းတို့



ဆောက်ဖို့ ငွေလှူတာတို့ ဘာတို့ လုပ်ချင်လုပ်မယ်။ လူတာဘက်ဆားကို ကူညီတတ်တဲ့သူဖြစ်ချင်ဖြစ်မယ်။ အဲဒါနဲ့ပဲ ကျွန်တော်က သူ့ကို မေတ္တာတွေ ထားရတော့မှာလား။

မဆိုင်ဘူး။ ခု သူနဲ့ ကျွန်တော် ဖြစ်နေပုံက နည်းနည်းတော့ ဂွအကျသား။ သူနဲ့....ကျွန်တော်ဟာ လူချင်းလဲ မသိကြ၊ မြင်လဲ မမြင်ဖူးကြ၊ ရန်လဲ မဖြစ်ဖူးကြ။ သူသာ မိ ကို ရယူဖို့ ကြိုးစားတာဟာ ကျွန်တော့်ကို မုန်းလို့မဟုတ်။ အညိုးကြီးနဲ့ ဆန့်ကျင်ဘက် လုပ်နေတာလဲမဟုတ်။ သို့ပေမယ့် သူ့ကို.... ကျွန်တော်က ဘယ့်နှယ်လုပ် အလျှော့ပေးလို့ ရပါ့မလဲ။ ပမာအားဖြင့်ဆိုရယင် သူနဲ့....ကျွန်တော်ဟာ စစ်မြေပြင်မှာ ရင်ဆိုင်တွေ့ကြတဲ့ စစ်သားတွေလိုပါပဲ။ ကိုယ်က....သူ့ကို မပစ်ယင် သူက....ကိုယ့်ကို ပစ်လိမ့်မယ်။ ဒီတော့ ကိုယ်ကအယင်ဦးအောင် ပစ်ရမယ်။

အဲဒီတော့ ကျွန်တော် ဘာလုပ်မလဲ။ လောလောဆယ်တော့ ဘာမှ မလုပ်တတ်သေး။ အခြေအနေကို စောင့်ကြည့်ရုံပဲရှိတယ်။ စောစောကပြောသလို 'ကိုယ်က အယင်ဦးအောင် ပစ်ရမယ်' ဆိုယင် မိကို....ကျွန်တော် ခိုးပြေးပေတော့။ သို့ပေမယ့် ခုအချိန်မှာ ခိုးပြေးဖို့ ကျွန်တော်မှာ အဆင်သင့်မဖြစ်သေး။ ပြီးတော့ ပြဿနာကလဲ ခိုးပြေးရလောက်တဲ့ အဆင့်ထိ ဖြစ်မလာသေး။ အဲဒီလို ဖြစ်မလာသေးလို့ ပေါ့ပေါ့ဆဆ နေလို့လဲမဖြစ်။ ဘာကြောင့်ဆို ကျွန်တော်တို့နှစ်ယောက် ချစ်ရှင်ရုံထဲကို ထွက်လာတာကို ကိုမျိုးဝင်းစိန်ရဲ့ သူငယ်ချင်းဆိုတဲ့လူက တွေ့သွားပြီ။ ခုလောက်ဆို ကိုမျိုးဝင်းစိန်လဲ သိနေ

www.burmeseclassic.com

www.burmeseclassic.com



သောက်ပြီ။ အဲဒီအခါ မိအိမ်ကသိအောင် ဒီလူလုပ်တော့ ... ဒါဆိုယင် မိတို့အိမ်က ဘာလုပ်မလဲ။ ကျွန်တော်ကကော ... လုပ်မလဲ။

တခုတော့ရှိတယ်။ လက်ရှိ အခြေအနေမှာ ကျွန်တေ... ဘက်က သာတာတခု။ ဘာလဲဆိုတော့... မိဟာ ကျွန်တေ... ဘက်မှာရှိတယ်။ တကယ် အရေးဟဲ့ အကြောင်းဟဲ့ ဆို... မိ....ကျွန်တော့်ဘက်က ရပ်နေနိုင်ဖို့ အရေးကြီးတယ်။

အဲဒါကိုလဲ ကျွန်တော် ယုံတယ်။

မိကို....ကျွန်တော် ယုံတယ်။

မိ....ကျွန်တော့်ကို ချစ်တာကို ကျွန်တော် ယုံတယ်။

* * *

ကျွန်တော် အလုပ်သိပ်များတဲ့ အချိန်ကိုရောက်လာတယ်... ဒီဇင်ဘာကျောင်းပိတ်ရက်မတိုင်ခင် ဒုတိယအစမ်းစာမေးပွဲ... စစ်ခါနီးပေါ့။ ဆရာမြင့် ကျောင်းမှာကတော့ ပုံမှန်အချိန်... အတိုင်း သင်တာပါပဲ။ ကျွန်တော်တို့ကျောင်းလေးမှာကျတော့ ... အချိန်ပိုတွေခေါ်ပြီး သင်ရတယ်။ ခါတိုင်း တနာရီသင်... အတန်းတွေကို တနာရီခွဲ နှစ်နာရီလောက် အချိန်တိုးရတယ်... ခါတိုင်း တပတ်နှစ်ရက်လောက်ယူတဲ့အချိန်ကို သုံး လေးရက်... ယူရတယ်။ ကျွန်တော်တို့မှာ အားလပ်ချိန်မရှိသလောက်ပါပဲ။



ဒီကြားထဲ ခု ဒီဇင်ဘာ ကျောင်းပိတ်ရက်ပြီးလို့ ကျောင်း ပြန်ဖွင့်တဲ့ အချိန်ကစပြီး အလျှိုအလျှို ထွက်လာကြတော့မယ့် စာမေးပွဲ အထူးထုတ်တွေအတွက် ဖယောင်းစက္ကူ ရေးဖို့လဲ စအပ်နေကြပြီ။

ကျွန်တော်ဆိုတာ တယောက်တည်းကိုလည်နေတာပဲ။ မနက်ကို အစောကြီးထပြီး ဖယောင်းရေး။ နောက် ဆရာမြင့် ကျောင်းကိုသွား။ ကျွန်တော်တို့ကျောင်းကလေးမှာ သင်စရာ ရှိလဲသွား။ နေ့လယ်ကျတော့ ဆရာမြင့်ကျောင်းမှာ။ ညနေ ကျောင်းကလေးဆီ တိုက်ရိုက်သွားစာသင်။ အချိန်ပိုယူရတော့ အိမ်ပြန်နောက်ကျတယ်။ အိမ်ရောက်တာနဲ့ ရေမိုးချိုးပြီး ထမင်းစား။ ပြီးတာနဲ့ ဖယောင်းရေး။ ညဥ့်နက်မှအိပ်ရတယ်။ အလုပ်ကများပြီး အချိန်ကနည်းနေလို့ အိပ်ချိန်ထဲက ဖဲ့ယူရ တယ်။ ဒါတောင် အိမ်က ရေခပ်ဖို့ကိစ္စ တခြားတောက်တို မယ်ရကိစ္စလေးတွေကို ကိုကိုက ဝင်လုပ်နေလို့။

ဘာပဲဖြစ်ဖြစ် အဲဒီလိုပင်ပန်းရတာကို ကျွန်တော်စိတ်မညစ် ပါ။ အလုပ်များများလုပ်ရသလို အကျိုးလဲ များများရှိတယ် မဟုတ်လား။ ကျွန်တော်တို့ ကျောင်းကလေးမှာ အားကြိုး မာန်တက် သင်တဲ့အတွက် နာမည်ပိုရလာတယ်။ ဒီတခါ ကျောင်းပြန်ဖွင့်လို့ရှိယင် ကျောင်းသားကျောင်းသူတွေ ထပ် တိုးလာမှာသေချာတယ်။ ပြီးတော့ ဖယောင်းရေးခငွေက ရေး နိုင်သလောက်ကို ရအုံးမှာ။

ကျွန်တော့်ကို ငွေစုထားဖို့ သောင်းမော်တို့က အကြံပေး ခဲ့ကြတယ် မဟုတ်လား။ ခုဆိုယင် ကျွန်တော်ပိုပြီး ငွေစုနိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့မယ်။ ဒါမှ မိနဲ့ကျွန်တော်တို့အတွက် အရေးကြုံလာယင် အဆင်သင့်ဖြစ်မှာပေါ့။

ကျွန်တော်ဟာ အလုပ်ရှုပ်လွန်းလို့ ဆရာမြင့်နဲ့တောင်စကား အေးအေးဆေးဆေး ပြောချိန်မရဘူး။ ကျွန်တော် ရောက်တဲ့အချိန်ဆို အများအားဖြင့် ဆရာမြင့်စာသင်နေပြီ။ နောက်ဆုံးအတန်းပြီးတာနဲ့ ဟိုးအယင်ကလို ဆရာနဲ့ လက်ဖက်ရည်ဆိုင်လိုက်ထိုင်ပြီး အချိန်မဖြုန်းနိုင်တော့။ ကျောင်းကလေးဆီ အချိန်မီပြေးရတယ်။ တခုတော့ကောင်းတာပေါ့လေ။ ဆရာမြင့်နဲ့ သိပ်မျက်နှာချင်းမဆိုင်ရတော့ မိနဲ့ကိစ္စအတွက် မျက်နှာအပူရ သက်သာတာပေါ့။

အဲ....မိနဲ့တော့ စကားပြောချိန်ရပါတယ်။ ဘယ်အချိန်လဲဆိုတော့....ထုံးစံအတိုင်း ဆရာမြင့်စာသင်နေတုန်း အချိန်ပေါ့။ မိ ကျောင်းကိုအလာမှာတော့ ဘူတာက သွားမကြိုဖြစ်တာကြာပြီ။ ကျွန်တော် အချိန်လုပြီး ပြေးနေရတာကတကြောင်း၊ မိကလဲ ခုလိုအချိန်မှာ နည်းနည်းဆင်ဆင်ခြင်ခြင် နေဖို့ပြောတာကတကြောင်းပေါ့။

ကျွန်တော်တို့က ဘယ်လောက်ပဲဆင်ခြင်ဆင်ခြင်၊ ထူးတော့ သိပ်မထူးပါဘူး။ ဟိုလူက ကျွန်တော်တို့အကြောင်း သိသွားခဲ့ပြီပဲ။ တနည်းနည်းနဲ့တော့ မိရဲ့အိမ်ကသိအောင်....

အင်း....ထင်တဲ့အတိုင်း ဖြစ်လာတာပါပဲ။

တနေ့ ကျွန်တော် ဆရာမြင့်ကျောင်းကိုအလာ နှစ်ကားပေါ်ကဆင်းပြီး ဒီဘက်လမ်းကို ကူးလိုက်တဲ့ချိန်မှာ မိတို့နဲ့ သွားဆုံတယ်။ 'မိတို့'လို့ပြောရတာက မိတယောက်ထဲ မဟုတ်



ဘူးပါပဲ။ မိရဲ့မောင်လေးစံရွှားပါ ပါလာတယ်။ ကျွန်တော်က နှစ်ယောက်စလုံးကိုပြုံးပြီး နှုတ်ဆက်လိုက်တော့ စံရွှားက စပ်ဖြဲဖြဲနဲ့ "ကိုအေးမောင်လဲ ကျောင်းသွားမှာပဲ မဟုတ်လား"လို့ မေးတယ်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်တယ်။ ခုနကျွန်တော်ပြုံးပြီးနှုတ်ဆက်တုန်းက မိက ပြန်ပြုံးပြပုံဟာ တမျိုးပဲ။ သူ့မောင်လေးရှေ့မှာမို့ ဟန်ဆောင်သလားတော့ မဆိုနိုင်ဘူး။ အဲဒီလိုဟန်ဆောင်တာလဲ မဖြစ်နိုင်ဘူးလို့ စိတ်ထဲထင်လိုက်မိတယ်။

စံရွှားက....

"ဒါဆိုအတော်ပဲ မမလိုက်သွားတော့၊ ကျွန်တော် ဒီကပဲလှည့်ပြန်တော့မယ်"

လို့ ပြောတယ်။ မိက....ဟိုအထိလိုက်ခဲ့စမ်းပါလို့ ခပ်ဆတ်ဆတ် ပြန်ပြောတယ်။ ဘာတွေဖြစ်နေသလဲမသိ။ စံရွှားကို မိက ကျောင်းပေါ်ထိလိုက်ခဲ့ဖို့ ခေါ်တဲ့သဘောက ဘာလဲ။ ကျွန်တော်နဲ့ မိနဲ့ နှစ်ယောက်တည်း တက်သွားယင် ဆရာမြင့်အမျိုးထင်မှာစိုးလို့လား။ ပြီးတော့ စံရွှားက ဒီနေရာက လှည့်ပြန်မယ်လို့ ပြောတဲ့အတွက် သူဟာ ဆရာမြင့်နဲ့တွေ့ဖို့ကိစ္စရှိလို့ လိုက်လာတာ မဖြစ်နိုင်တော့။ ဒါဆို မိနဲ့ ဘာလို့ လိုက်လာသလဲ။ တခုပဲဖြစ်နိုင်တယ်။ မိကိုလိုက်ပို့တာ ဖြစ်ရမယ်။ ဘာကြောင့် လိုက်ပို့တာလဲ မသိသေး။ ဘာပဲဖြစ်ဖြစ် မိရဲ့မျက်နှာအား တမျိုးဖြစ်နေတာရယ်၊ စံရွှားက မိကိုလိုက်ပို့တာရယ်ကို ကြည့်ခြင်းအားဖြင့် ပြဿနာတခုခုတော့ စလာပြီဆိုတာ ခန့်မှန်းလို့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သုံးယောက် ကျောင်းပေါ် တက်လာတော့ ဆရာစာသင်နေပြီ။ စံရှားက ဆရာမြင့်ကို လက်ဟန်ခြေဟန်နဲ့ နှုတ်ဆက်တယ်။ ပြီးတော့ ကျွန်တော့်ကိုပါနှုတ်ဆက်ပြီး ဆင်းသွားတယ်။ ဆရာစာသင်လို့ တော်တော်လေးအချိန်ရ အချိန်ကျမှ မိက တိုးတိုးလေးပြောတယ်။

"အိမ်ကသိသွားပြီ မောင်"

ကျွန်တော် မအံ့သြ၊ အစကတည်းကထင်ပြီးသား။ ဘယ် နည်းနဲ့ သိသွားတာလဲဆိုတာတော့ မေးချင်တယ်။ ကျွန်တော် က မမေးခင်ပဲ မိကဆက်ပြောတယ်။

'ဟိုလူကြီးကြောင့်ပဲ သိသွားတာ"

"သူက အိမ်ကိုသွားပြောတာလား"

"ဟင့်အင်း....သူလုပ်ပုံက တော်တော်ပိုင်တယ်။ အိမ် မိနာမယ်နဲ့ စာတစောင်ထည့်လိုက်တာ"

ဆိုပြီး....ရှမဝမဂ္ဂဇင်းတအုပ် ကျွန်တော့်ဘက်တိုးပေးလို တယ်။ မဂ္ဂဇင်းထဲမှာ စာတစောင်ညှပ်ထားတယ်။ ကိုမျိုးဝင်း စိန်က မိဆီရေးလိုက်တဲ့စာ၊ မသိမသာ ဖွင့်ပြီးဖတ်ကြည့်တော့ မိမှာ ချစ်သူရှိနေတဲ့အကြောင်းကို သူသိရလို့ ဝမ်းနည်းကြောင်း အကြောင်းကို လွမ်းလောက်အောင် ရေးထားတာ တွေ့ တယ်။

သူထွင်လိုက်တဲ့အကွက်ကို ကျွန်တော်သိတယ်။ တခါ မိကို ကျွန်တော်မေးဖူးတယ်။ မိဆီကို စာထည့်ယင်ရမလားလို့ မိကပြောတယ်။ သူ့ဆီကိုလာတဲ့ စာတွေထဲက စာအိတ်ပေါ် ...



... ယောကျ်ားလေးလက်ရေးနဲ့ဆိုယင် သူ့အိမ်ကဖောက်ဖတ်၊ ... ရှိလို့ မရေးပါနဲ့တဲ့။

အဲဒီအချက်ကို ဟိုလူက တနည်းနည်းနဲ့ သိနေပုံရတယ်။ ဒါကြောင့် မိဆီကို စာထည့်လိုက်တာ။ ဒီတော့မှ မိတို့ ... စာကိုဖောက်ဖတ်၊ မိမှာ ချစ်သူရှိနေမှန်း အိမ်ကသိ၊ လူ ... တွေက စိုးရိမ်ပြီး သူနဲ့ကိစ္စကို မြန်မြန်စီစဉ်၊ ဒီလိုမဟုတ် ....။

"အဲဒီတော့ အိမ်က ဒီစာကိုတွေ့သွားရော ဆိုပါတော့"

မိက ခေါင်းညိတ်ပြတယ်။

"ဘာတွေဖြစ်သေးလဲ...."

"အမေကတော့ ထုံးစံအတိုင်းဘာမှ မပြောဘူး၊ အဖေက ... တယ်၊ မိလဲမတတ်နိုင်ဘူး။ ပြောင်လိမ်ရတော့တာပေါ့၊ ရုပ် ကြည့်တုန်းက တခြားသူငယ်ချင်းတွေလဲ ပါတယ်လို့၊ တွဲနေ ... မဟုတ်ဘူး ဘာဘူးပေါ့၊ အိမ်ကမိပြောတာ သိပ်ယုံကြည်ပုံ ... ပါဘူး"

"မောင်နဲ့ဆိုတာကော သိသွားလား"

"မသိလို့ပေါ့၊ လူတယောက်လို့သာ သိတာ၊ ဘယ်သူမှန်း ... ကြဘူး၊ အမလေး မောင်နဲ့ဆိုတာသာသိယင် ဒီကျောင်း ... လာရမှာ မဟုတ်ဘူး"

"အဲဒီမျိုးဝင်းစိန်နဲ့ သဘောတူထားတဲ့အကြောင်း ဆရာ ... ရော သိလား"

"ဟင့်အင်း၊ ဦးဦးမသိသေးဘူး၊ ဦးဦးကလူဘမျိုး ... ... တယ်မဟုတ်လား၊ မိသဘောမတူပဲ မစီစဉ်ပါနဲ့ ဘာညာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြောမယ့်လူမျိုးမဟုတ်လား၊ ဒါကြောင့် ဖေဖေတို့က ဦးဦး
တိုင်ပင်ပဲထားတာ”

“အင်း ဒါဆိုဘချိန်ချိန်တော့ ဆရာမြင့်ကိုအားကိုးရမှာပဲ”

“ဟုတ်တယ်...”

“ကဲ...ပြောပါအုံး ဘာဆက်ဖြစ်သေးလဲ၊ မိန့်ဟိုလူနဲ့ကို
ကို အတည့်အလင်း ဖွင့်ပြောပြီးပြီလား”

“အဲဒီလိုတော့ မပြောသေးပါဘူး၊ မိရဲ့ အိမ်ထောင်ရေး
ကိစ္စကို ဖေဖေတို့ကိုယ်တိုင် စိတ်တိုင်းကျ စီမံပေးဖို့ အစီအစဉ်
တယ်ဆိုတာလောက်ပဲ ပြောသေးတယ်”

“ဒီနေ့ စံရှားပါလာတာကဘာလဲ၊ လိုက်ပို့ခိုင်းလို့လား”

“ဟုတ်တယ်၊ ဒီကိုအလာရော၊ အပြန်ရော၊ မောင်လေးကို
လိုက်ပို့လိုက်ကြို လုပ်ခိုင်းထားတာ....”

“ဒါဆို ဆရာမြင့်က မေးတော့မှာပေါ့”

“အိမ်က မောင်လေးကို မှာထားတယ်လေ၊ ဦးဦးမေးယင်
လူတယောက်က လိုက်နှောက်ယှက်နေလို့ လိုက်ပို့နေတာလို့ပဲ
ပြောလို့”

“ဝါးကနဲ ရယ်သံတွေကြားလို့ ခဏ စကားပြတ်သွား
ကြတယ်။ ဆရာမြင့်ရယ်စရာပြောလို့ ကျောင်းသား ကျောင်း
သူတွေ သဘောကျသွားကြတာ။ ဆရာမြင့်က ကျွန်တော်တို့
နှစ်ယောက်ကို လုံးဝ သတိပြုနေပုံမရပါဘူး။ သူ့ကျောင်း
သားတွေနဲ့ပဲ တက်တက်ကြွကြွ သင်နေတယ်။ ကျွန်တော်က
မိကို စကားဆက်ဖို့ ထောက်ပေးလိုက်တယ်”

“စံရှားကကော ဘယ်လိုသဘောရသလဲ”



“သူလဲ ကိုမျိုးဝင်းစိန်ရဲ့ကိစ္စကိုတိတိကျကျတော့မသိသေး
ပါဘူး၊မောင်လေးကတော့ သဘောကောင်းတယ်မဟုတ်လား၊
အားလုံးနဲ့တည့်အောင် ပေါင်းတတ်တာပဲ၊ ကိုမျိုးဝင်းစိန်
အိမ်ကိုလာယင်လဲ သူကတော့ ရောရောနှောနှော ဆက်ဆံ
တတ်တာပဲ”

“မောင်နဲ့အကြောင်းရော သူသိလား”

“မသိဘူးထင်တယ်၊ ပြောလို့တော့မရဘူး၊ နည်းနည်း
ပါးပါးတော့ ရိပ်မိချင် ရိပ်မိမှာပေါ့”

“သူက အိမ်ကိုပြန်ပြောယင်ကော”

“ဒါတော့ မောင်စိတ်ချ၊ မောင်လေးက မိပြောယင်
ရတယ်”

“တခုတော့ စိုးရိမ်ရတယ်မိ၊ အိမ်ကမိကို စိတ်မချလို့ ဆရာ
မြင့်ဆီမှာ အလုပ်လာလုပ်မခိုင်းတော့ယင်ကော”

“အဲဒီလောက်ထိတော့ တင်းကျပ်မယ်မထင်သေးဘူး၊ဦးဦး
က သူ့ဆီမိမလာယင် ဘာဖြစ်လို့ မလာဘာလဲဆိုတာ အိမ်ကို
မေးမှာပေါ့၊ မိကိုအိမ်ထဲကအိမ်ပြင် မထွက်ခိုင်းလောက်အောင်
တော့ အခြေအနေမဆိုးနိုင်သေးပါဘူး”

“မောင်တို့ ဘာလုပ်ကြမလဲ”

“လောလောဆယ်တော့ အခြေအနေ စောင့်ကြည့်ရမှာပဲ
မောင် မပူပါနဲ့လေ၊ မိဖာသာကြည့်ရှင်းပါ့မယ်၊ မိသဘော
မတူပဲနဲ့တော့ ဘာမှလုပ်လို့ မရပါဘူး၊ မိစိတ်ကြီးတာကို
ဖေဖေတို့လဲ နားလည်မှာပါ”

ကျွန်တော်တို့ စကားစပြတ်သွားကြပြန်တယ်။ ဆရာမြင့်

www.burmeseclassic.com



စာသင်နေတဲ့ဆီကို ငေးကြည့်နေမိကြတယ်။ ဘာတွေသင်နေသလဲဆိုတာတော့မသိ။ မျက်စိကသာ ကြည့်နေတာ စိတ်ကတခြားမဟုတ်လား၊ ခဏကြာမှ မိက....

"မောင် မိကို ယုံတယ်မဟုတ်လား"

"ယုံပါတယ်"လို့ ခပ်လေးလေး ပြန်ပြောလိုက်ပါတယ်။

* * *

ဒုတိယ အစမ်းစာမေးပွဲတွေ စစ်နေလို့ ကျွန်တော်တို့ ကျူရှင်ကျောင်းတွေ တပတ်လောက် ပိတ်ထားလိုက်တယ်။ ကျွန်တော်တို့ ပညာဂုဏ်ကျောင်းကလေးကတော့ အင်္ဂလိပ်စာမဖြေခင်နေ့နဲ့ သင်္ချာမဖြေခင်နေ့တို့မှာ စာမေးပွဲအတွက် အထူးသင်တန်းတချိန်စီဖွင့်ပြီး သင်ပေးလိုက်သေးတယ်။ အဲဒီတချိန်လောက် သင်ရတာရယ်၊ ရေးလက်စ ဖယောင်းစက္ကူတွေရေးတာရယ်ကလွဲယင် ကျွန်တော်အားလပ်နေတယ်လို့ ဆိုရမယ်။

လူကသာ အားနေတာပါ၊ စိတ်ကတော့ ,မအားလပ်နိုင်အောင်ပါပဲ၊ မှန်တယ်။ မိကို့စွပဲပေါ့။

ကျွန်တော်ရယ်၊ သောင်းမော်ရယ်၊ ချစ်အေးရယ်၊ အားလပ်ချိန်ကလေးတွေ ရနေကြလို့ လက်ဖက်ရည်ဆိုင်မှာ တခါတလေထိုင်ယင်း၊ တယောက်ယောက်ရဲ့ အိမ်ရှေ့ ကွက်လပ်ထဲက ခုံတန်းလျားမှာ တခါတလေထိုင်ယင်း၊ တခါတလေလမ်းလျှောက်ယင်း၊ တခါတလေကျတော့ လမ်းဆုံလမ်းဆောင့်က အုတ်ခုံကလေးတွေမှာထိုင်ယင်း စကားပြောဖြစ်ကြတယ်....။



ကျောင်းသားဘဝတုန်းက ဆိုယင် နေ့စဉ်လိုပဲ တယောက်ယောက်အိမ်မှာ ဆုံနေကျ။ ပြီးယင် ကျောင်းစာ အကြောင်းပြောယင် ပြော၊ တခြား ထွေရာလေးပါး ပြောယင် ပြော၊ တခါတလေ လမ်းလျှောက်ထွက်ကြ၊ ပျော်စရာ သိပ်ကောင်းတယ်။

တက္ကသိုလ်ကျောင်းမှာ တနှစ် နှစ်နှစ်လောက် ကြာတဲ့အခါ သောင်းမော်နဲ့ ချစ်အေးနဲ့ဟာ ပြောစရာစကားအသစ်အဆန်းတခု ရလာကြတယ်။ သူတို့ရဲ့ အချစ်အကြောင်းပေါ့။

သောင်းမော်က ဝင်းဝင်းသိန်းကို လိုက်တဲ့ အကြောင်း၊ ချစ်အေးနဲ့ သန်းသန်းတို့ ဆယ်တန်းတုန်းက ကျူရှင်တက်ယင်းရင်းနှီးမိပြီး တက္ကသိုလ်မှာ 'မမျှော်လင့်ပဲ ပြန်ဆုံတဲ့အကြောင်းပြောခဲ့ကြတယ်။ သောင်းမော်ဆီကို ဝင်းဝင်းသိန်း ပထမဆုံးပြန်ကြားလိုက်တဲ့ စာကို ကျွန်တော်တို့ သုံးယောက် ဘုရားပေါ်မှာ သွားဖတ်ကြပြီး ထင်မြင်ချက်တွေ အမျိုးမျိုးပေးခဲ့ကြတယ်။ ချစ်အေးကို သန်းသန်းက အဖြေပေးတဲ့နေ့မှာ ကျွန်တော်တို့ အောင်ပွဲခံတဲ့ အနေနဲ့ အရက်သောက်ကြမယ် ဆိုပြီး မြေနီကုန်းကို သွားခဲ့ကြတယ်။ တခါမှလဲ သောက်ဖူးကြတာမဟုတ်။ မင်းသမီး ဆိုတဲ့ ပျော်ပွဲစားရုံထဲရောက်တော့မှ အရက်မမှာရဲကြလို့ ခေါက်ဆွဲကြော်နဲ့ လိမ်မော်ရည် တယောက်တပုလင်းစီ သောက်ပြီး ပြန်ခဲ့ကြတာရော။

www.burmeseclassic.com



ဘွဲ့ရပြီးကြတဲ့အခါကျတော့ ဘာလုပ်ကြမလဲဆိုတာ ညထို လို ခေါင်းချင်းဆိုင်ခဲ့ကြပြန်တယ်။ တကယ့် လက်တွေ့ အ အနေက ကျွန်တော်တို့ ကျောင်းတုန်းက စိတ်ကူးခဲ့ကြတ တခြားစီပဲ။ ဘာတွေ လုပ်လိုက်မယ်၊ ဘယ်အလုပ်မျိုးလုပ် ဘယ်လို ကြိုးစားလိုက်ယင် ရှေ့တက်လမ်းက ဘာဖြစ်လာမ လို့ ပြောခဲ့ကြပေမယ့် တကယ်လုပ်ရမယ့် အချိန် ရောက်ေ ထင်သလောက် မလွယ်မှန်း သိခဲ့ကြတယ်။ သို့ပေမယ့်လေ ကျွန်တော်တို့က လူငယ်တွေပဲ။ အလုပ်အကိုင်ရှာရတာ မလွ ကူတဲ့ အကြောင်းကိုပဲ ပျော်ရွှင်စရာတခုအခနနဲ့ ရယ်ရယ်မေ မော ပြောဖြစ်ခဲ့ကြတယ်။

အဲဒီလို အခြေအနေမျိုးကို ခုတခါ အားလပ်ရက်တွေ နည်းနည်းပြန်ရတယ်။ ညတိုင်းလိုလို ဆုံပြီး ဟိုဒီလျှောက်သွ ယင်း တနေရာရာမှာ ထိုင်ယင်း စကားပြောကြတာပေါ့။ တခါ အဓိကထား ဆွေးနွေးကြတဲ့ အကြောင်းကတော့ ကျွန်တော်နဲ့ မိနဲ့ အကြောင်းပေါ့ပဲ။

ကျောင်းသားဘဝတုန်းကနဲ့ ကွာခြားတဲ့ အချက် ကား ပြဿနာပေါ်မှာ အလေးအနက်ထား ပုံခြင်း တွေ တာတာ ပဲ။ ဟိုတုန်းကလို ကိုယ်ဖြစ်ချင်တာကို မှန်းညီပြီး မပြော တော့ပဲ ဘာဖြစ်သင့်တယ် ဆိုတာကို အလေးမပေးလာခဲ့ကြ တယ်။

မိနဲ့ ကျွန်တော်နဲ့ ကိစ္စမှာ နောက်ထပ် ဘာတွေ ဖြစ် အံ့မလဲဆိုတာ ကြိုတင် ခန့်မှန်းကြည့်ကြတယ်။ မိ ရဲ့ မိဘ ဟိုလူ ကိုမျိုးဝင်းစိန်က နောက်တဆင့် ဘာလုပ်မလဲ။ အ



အခါ ကျွန်တော်တို့က ဘာလုပ်မလဲ။ သူတို့က နောက်ဆုံး အဆင့် ဘာလုပ်မလဲ။ အဲဒီလို အကျပ်အတည်းကိုရောက်လာ ယင် ကျွန်တော်တို့ ဘာလုပ်မလဲဆိုတာ ပြောဖြစ်ကြတယ်။

ချစ်အေးကတော့ ခိုးပြေးဖို့ပဲ ပြောနေတာပဲ။ သောင်းမော် က ရှေ့ဆက် ဘာဖြစ်လာမယ်ဆိုတာ တိတိကျကျမသိသေးပဲနဲ့ တခုခုကို ကြိုတင် ဆုံးဖြတ်ချက် ချမထားသင့်ဘူး။ ဘာဖြစ်လာ ယင် ဘာလုပ်မယ်ဆိုတာသာ ယာယီ ခန့်မှန်းထားသင့်တယ်။ အဲဒီလို ခန့်မှန်းတဲ့အခါမှာလဲ နည်းလမ်း တမျိုးတည်းကို ယတိ ပြတ် မချမှတ်သင့်ဘူး။ နည်းလမ်းနှစ်ခု သုံးခုလောက်ကို ရှာ ထားရမယ်။ တကယ်တမ်း အရေးကြုံလာပြီဆိုယင်တော့ တခုခု ကို ဆုံးဖြတ်ပြီး မဖြစ်မနေလုပ်ရမယ်လို့ အကြံပေးတယ်။

အဲဒီသို့ ဆွေးနွေးကြတဲ့အခါ ကျွန်တော်တို့ဟာ ငယ်ငယ် ကလို ရယ်ရယ်မောမော မဟုတ်တော့ဘူး။ အလေးအနက် ရှိလာကြတယ်။ သို့ပေမယ့် မျက်နှာပေါ်မှာတော့ ကြောက်ရွံ့ သိတ်လန့်နေတဲ့ အရိပ်အယောင်တွေ ရှိကြလိမ့်မယ် မထင်ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို ပြောစရာ တခု ရှိသေးတယ်"

ခါတိုင်း မိ အဲဒီလို စကားစလာပြီဆိုယင် ပျော်စရာကောင်းတဲ့ အကြောင်း တခုခု ပြောတော့မယ် ဆိုတာ သိလိုက်တယ်။ ခုနောက်ပိုင်းကျတော့ ဒီလို မဟုတ်။ သူ့အိမ်က အခြေအနေ နောက်တဆင့် တိုးလာတဲ့ အကြောင်းပဲ ပြောမှာပဲဆိုတာ သိနေတယ်။ ဟုတ်လဲ ဟုတ်တာပဲ။

"အိမ်က မိ ကို ဖွင့်ပြောလာပြီ သိလား"

"ဘယ်လို ဖွင့်ပြောတာလဲ"

"မောင့်ကို အယင်က ပြောဖူးတယ် မဟုတ်လား၊ ကိုမျိုးဝင်းစိန်နဲ့ ကိစ္စကို မိ ကို တရားဝင်အောင် ဖွင့်မပြောသေးဘူး။



သူတို့ လူကြီးချင်း ကျိတ်ပြီး သဘောတူနေကြတာလို့၊ အဲဒါ ခုတော့ မိ ကို ဖွင့်ပြောလာပြီ။ ဖေဖေက ပြောတာ၊ မိကို ကိုမျိုးဝင်းစိန်နဲ့ နေရာချထားပေးဖို့ ရည်မှန်းထားတယ်တဲ့"

"မိက ဘာပြောလိုက်သလဲ"

"မိ သူ့ကို မကြိုက်ဘူးလို့ပဲ ပြောလိုက်တယ်၊ ဘယ်ရမလဲ"

အဲဒီလို ပြောပြီးတော့ မိ က ရယ်သေးတယ်။ ကျွန်တော့်ကို နှစ်သိမ့်ချင်လို့ အဲဒီလို ရယ်တာလား၊ သူ့ကိုယ်သူ ယုံကြည်စိတ်ချနေလို့လားတော့ မသိ....။ မိ ဟာ ဒီကိစ္စမှာ အဓိကကာယကံရှင်။ သို့ပေမယ့်....သိပ်ကြီး ဂရုစိုက်ပုံ မရ။ ဒါကြောင့် စိတ်ထဲမှာ နည်းနည်းတော့ သက်သာရတယ်။ ပြဿနာက သိပ်ကြီးကျယ်တဲ့ အဆင့် မရောက်သေးဘူးလို့.... သူ ခန့်မှန်းထားလို့ ဖြစ်မှာပေါ့။ တခု ရှိပြန်တာက....

"တခု ရှိတယ်နော်၊ မိ တို့ အဖေက သိပ်စိတ်ထက်တာဆို.... သူ လုပ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တတ်တယ်ဆို...၊ ဒါဆို ခု ကိစ္စကိုလဲ...."

ကျွန်တော့် စကားကို သူက ဖြတ်ပြီး....

"မိဘာလဲ ဖအေတူ သမီးပါ မောင်ရဲ့၊ မိ မဖြစ်စေချင်တာကို မဖြစ်အောင် လုပ်မှာပေါ့"

"ဟိုက အဖေနော်....မိ၊ အဖေ ဆိုတာတည်းက မိ ဘက်က တာပန်နည်းနေပြီ"

"အို....မောင်ရယ်၊ တကယ် အဆုံးအဖြတ်ပေးရမယ့် နှလုံး

www.burmeseclassic.com

www.burmeseclassic.com



သားက မိရဲ့ ရင်ထဲမှာ ရှိနေတာပါ၊ ဖေဖေ့ရင်ထဲမှာ ရှိနေတာ မဟုတ်ပါဘူး’

ကျွန်တော် အားတက်သွားရပြန်တယ်။ ဟိုးတခါ သောင်းမော်တို့ ချစ်အေးတို့နဲ့ ကျွန်တော် ဆွေးနွေးခဲ့ဖူးတယ် မဟုတ်လား။ အချစ်ကို ဘာနဲ့ ရွေးမလဲလို့....၊ တကယ် ဆုံးဖြတ်ရမယ့် တချက်လွှတ် အာဏာက နှလုံးသားမှာပဲ ရှိတယ်လို့ သဘောတူခဲ့ကြတယ် မဟုတ်သား။ ခုလဲ... မိက အဲဒီသဘောမျိုး ပြောတာပါပဲ။ ပြီးတော့....

‘မောင်....သိပ်စိုးရိမ်မနေနဲ့အုံးနော်၊ မောင့်ဘက်မှာ မိ.... တဖယ်ဘက်လုံးရှိတယ်’’

လို့ ပြောသေးတယ်။ သူက မစိုးရိမ်ပါနဲ့ ဆိုပေမယ့် စိတ်ချလက်ချတော့ ဘယ်နေနိုင်ပါ့မလဲ။ သူတို့ဘက်ကလဲ ငြိမ်နေတာမှ မဟုတ်ပဲ။ တဆင့်ပြီးတဆင့် တိုးလာမှာ သေချာတယ်။ အနေးနဲ့အမြန်ပဲကွာမယ်။ ခုပဲကြည့်၊ ခြေတလှမ်း ထပ်လှမ်းလိုက်ပြီ မဟုတ်လား။ မိကို ဟိုလူနဲ့ နေရာချပေးဖို့ ရည်ရွယ်ထားတယ်လို့ ဖွင့်ပြောခဲ့ပြီ။ ပြီးတော့ မိရဲ့ အသွားအလာကို ကန့်သတ်တဲ့အနေနဲ့ စံရွှားကို အဖော်အဖြစ် ထည့်ပေးနေပြီ။ နောက်ထပ် ဘာလုပ်မလဲ။ ဖြစ်နိုင်တာက မိကို တဖြည်းဖြည်း ပိုပြီး ချုပ်ချယ်လာမယ်။ မိရဲ့ အမေက အနုနည်းနဲ့ စည်းရုံးမယ်။ မိရဲ့အဖေက အာဏာသုံးပြီး စီစဉ်မယ်။ ကိုမျိုးဝင်းစိန်ဆိုတဲ့လူကို အခွင့်အရေးတွေ ပိုပေးမယ်။ မိနဲ့နီးစပ်အောင် နေခိုင်းမယ်။ နောက်....တရားဝင် စေ့စပ်မယ်။ ပြီးတော့... အမြန်ဆုံး လက်ထပ်ပေးမယ်။



ဒါကြောင့် ကျွန်တော့်ဘက်ကအေးနေလို့ မဖြစ်။ မဖြစ်ဘူးဆိုတော့ ဘာလုပ်မလဲ။ မိရဲ့စကားအတိုင်းဆိုယင်တော့ အခြေအနေတို့ စောင့်ကြည့်ရဦးမယ်။ ဘယ်အဆင့်လောက်ထိ လွှတ်ပေးထားရမလဲ။ ကျွန်တော့်သဘောအရဆိုယင်တော့ စေ့စပ်တဲ့ အဆင့်ထိ မရောက်စေချင်ဘူး။ စေ့စပ်ဖြစ်သွားယင် နောက်ပိုင်း မလွယ်တော့။ ရှုပ်ကုန်မယ်။ ဒီတော့ စေ့စပ်တော့မယ်လို့ သူသိရတဲ့အချိန်၊ ဒါမှမဟုတ် ခိုင်ခိုင်လုံလုံ သိရတဲ့အချိန်မှာ ကျွန်တော် ဘာလုပ်မယ်ဆိုတာ ဆုံးဖြတ်ရလိမ့်မယ်။ ခိုးပြေးဆင့်ယင် ပြေးရမှာပဲ။ အဲဒီအခါ မိက....လိုက်ရဲပါ့မလား။ ပြီးတော့ ကျွန်တော့်ဘက်ကရော ခိုးပြေးဖို့ အဆင်သင့်ဖြစ်ပါ့မလား။ ခိုးပြေးမယ်ဆိုယင် ငွေလိုမယ်။ ဘယ်လောက်ထိ လိုမယ်ဆိုတာတော့ ဘယ်အထိပြေးမယ်၊ ဘယ်လောက်ကြာ ကြာ ပြေးမယ်ဆိုတဲ့ အပေါ်မှာ မူတည်တယ်။ ထားတော့... ခိုးပြေးရုံလောက်က ငွေသိပ်များများ မလိုနိုင်ဘူး။ ရှေ့ဆက်ပြီး နေထိုင်စားသောက်သွားဖို့။ ကျွန်တော့်အလုပ်က အခြေခိုင်မာနေပြီလား။ ခိုင်မာစပြုနေပြီဆိုတာ မှန်တယ်။ အဲဒီ အခြေခံကို ဆက်ပြီးတိုးတက်အောင် ထိန်းသိမ်းသွားနိုင်ပါ့မလား။

အို....ကျွန်တော်ဟာ စိတ်အားလျှော့စရာတွေချည်းစဉ်းစားနေမိပါပေါ့လား။ မဟုတ်သေးဘူး။ အခြေအနေဟာ ခိုးပြေးရလောက်တဲ့ အဆင့်ထိ ရောက်ချင်မှရောက်မှာ၊ ဒီကြားထဲမှာ မိကို တတ်နိုင်သလောက် အချိန်ဆွဲခိုင်းထားမယ်။ ကျွန်တော် အလုပ်ကြိုးစားမယ်။ ငွေစုမယ်။ ရှေ့ကိုပိုပြီး တိုးတက်အောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ်။ နောက်ဆုံးတနေ့ ခိုးပြေးရပြီဆိုယင်လဲ ခိုးမှာပဲ။ မိက ကျွန်တော့်ကို ချစ်တဲ့အတွက် ကျွန်တော်နဲ့ လိုက်ရမယ်။ ပြီးယင် ကျွန်တော်တို့နှစ်ယောက်ပေါင်းပြီး ဘဝအသစ် စကြမယ်။

အဲဒီအခါ ကျွန်တော်တို့ရဲ့ ဘဝဆိုတာထဲမှာ အဖေရယ်၊ အမေရယ်၊ ကိုကိုရယ် ပါလာလိမ့်မယ်။ သူတို့ကကော မိနဲ့ ကျွန်တော်နဲ့ ကိစ္စမှာ ဘယ်လိုသဘောထားမလဲ။

အဖေရဲ့အမေဟာ ငယ်လင်ငယ်မယားပဲ။ ငွေကြေး ဂုဏ်ဓနနဲ့ ရာထူးရာခံတွေမပါပဲ တယောက်နဲ့တယောက် မေတ္တာရှိကြလို့ သူတို့လက်ထပ်ခဲ့ကြတယ်။ အိမ်ထောင်တခုကို ရိုးရိုးလေး စတင်တည်ထောင်ခဲ့တာပဲ။ သူတို့ရဲ့ မိဘများတွေက ရပ်ဆွေရပ်မျိုး။ သူတို့ကလဲ ငယ်ငယ်ကတည်းက သူငယ်ချင်းတွေ။ အရွယ်ရောက်လာတော့ တယောက်ကိုတယောက်ကျိတ်ပြီး ကြိုက်နေကြတာ။ သို့ပေမယ့် ဖွင့်မပြောကြ။ ဖွင့်ပြောစရာလဲ မလိုပါ။ သူတို့နှစ်ယောက်ဟာ အမြဲတတွဲတွဲပဲ မဟုတ်လား။ အချိန်တန် အရွယ်ရောက်လာတော့ သူတို့နှစ်ယောက်ကို လူကြီးတွေက လက်ထပ်ပေးလိုက်တယ်။

အဲဒီအချိန်က အဖေဟာ စာရေးကလေးပဲ ရှိသေးတယ်။

အဖေဟာ ရိုးရိုးအေးအေး လုပ်ကိုင်ခဲ့လို့ ရာထူးအတက် နှေးတယ်။ သို့ပေမယ့် နာမည်ကောင်းရတယ်။ ရာထူးတခုကို တက်ပြီဆိုယင်လဲ အဲဒီနေရာမှာ မြဲတယ်။ တချို့လူတွေလို ချက်ချင်းတက်ပြီး ချက်ချင်းပြုတ်သွားတာမျိုးမဟုတ်။ အဲဒီလို ဖြည်းဖြည်းမှန်မှန်နဲ့ပဲ အဖေဟာ အရာရှိဘဝ ရောက်ခဲ့တာပဲ။



အမေ့အကြောင်း။ အမေဟာ ရိုးသားတယ်။ စိတ်နှလုံး အေးချမ်းတယ်။ အဖေ့စကားကို ဘယ်တော့မှ မဆန့်ကျင်ဘူး။ ဘယ်သူနဲ့မှလဲ ရန်မဖြစ်ဖူးဘူး။ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ကိုလဲ မဆူဖူးဘူး။ မရိုက်ဖူးဘူး။

အဲဒီလိုအဖေနဲ့ အဲဒီလိုအမေရဲ့ အိမ်ထောင်ရေးဟာ ဘယ်လောက် သာယာအေးချမ်းခဲ့မယ်ဆိုတာ စဉ်းစားကြည့်စရာတောင် မလို။ အဖေနဲ့အမေဟာ တယောက်နဲ့တယောက် ကတောက်ကဆ မဖြစ်ဖူးဘူး၊ တယောက်ရဲ့ အလိုဆန္ဒကို တယောက်က. လိုက်လျောယင်းနဲ့ပဲ သူတို့နှစ်ယောက်ကြားမှာ ဘာပြဿနာမှ ဝင်မလာတော့ဘူး။ ကျွန်တော်နဲ့ မိနဲ့လဲ အဲဒီလို အိမ်ထောင်ရေးမျိုး ဖြစ်မှာပဲလို့ မျှော်လင့်ထားပါတယ်။

အဖေနဲ့အမေ အကြောင်းကို ရှင်းပြနေရတာက ဒီလိုပါ။ မိနဲ့ ကျွန်တော်နဲ့ ကိစ္စမှာ အဖေတို့ အမေတို့ရဲ့ကဏ္ဍ ဘယ်လောက်ထိ ပါဝင်လာမလဲဆိုတာ ချိန်ထိုးကြည့်ဖို့ အဖေရော အမေရော ဟာ တကယ်တော့ အကောင်းမြင်သမားတွေပါပဲ။ ကျွန်တော်တို့ သားနှစ်ယောက်အပေါ်မှာ အမြဲခွင့်လွှတ် ချစ်ခင်နေကြမှာ ပါပဲ။

တကယ်ဆိုယင် ကျွန်တော်တို့ မိသားစုထဲမှာ အဓိက အကျဆုံးက....ကိုကို။ အကြောင်းကိစ္စ တခုခုနဲ့ မိသားစု တိုင်ပင်ကြပြီဆိုယင် ကိုကို့ အကြံဉာဏ်ကို အလေးထားပြီး ဆွေးနွေးကြတယ်။ ကိုကို့ ဆုံးဖြတ်ချက်ဟာ အတည် ဖြစ်တတ်တယ်။

ဒါကြောင့် မိနဲ့ ကျွန်တော်နဲ့ ကိစ္စမှာ ကျွန်တော်တို့မိသားစုနဲ့ ပတ်သက်ယင် ကိုကိုဟာ အဓိကပဲ။ တကယ်လို့ ကျွန်တော် မိကို

www.burmeseclassic.com

www.burmeseclassic.com



ခိုးပြေးရမယ့် အခြေအနေ ရောက်လာပြီဆိုပါစို့။ ကိုကိုက ဘာပြောမလဲ။ တခါတုန်းက ကိုကိုပြောခဲ့ဖူးတယ်။ 'မင်းတို့ လက်ထပ်ဖို့ကိစ္စကိုတော့ သိပ်မလောစေချင်ဘူး။ ကိုယ့်ဘဝ အခြေခိုင်မာအောင် အယင်ကြိုးစားပြီးမှ စီစဉ်စေချင်တယ်' တဲ့။ ခိုးပြေးရတော့မယ်ဆိုယင် ကိုကို သဘောဘူမလား။ ခိုးပြေး မယ်ဆိုယင် ကိုကို့ကို တိုင်ပင်မလား။ ကျွန်တော် မဆုံးဖြတ် ရသေး။ ကိုကိုက ကန့်ကွက်ခဲ့ယင်ကော။ ကျွန်တော် ကိုကို့ စကားကို နားထောင်မလား၊ မထောင်ဘူးလား ဆိုတာလဲ ကျွန်တော် မစဉ်းစားတတ်သေးပါ။

ကျွန်တော့်ကိုယ်ကျွန်တော်တောင် အံ့သြရမလို ဖြစ်နေပြီ။ ကျွန်တော်ဟာ အယင်ကဆိုယင်စိတ်လောကြီးတတ်တယ်။ တခုခု ကို ချက်ချင်းဆုံးဖြတ်ပြီး ချက်ချင်းလုပ်တတ်တဲ့အကျင့် ရှိတတ် တယ်။ ဒီတခါတော့ ကျွန်တော်စဉ်းစဉ်းစားစား လုပ်နေမိ ပါတယ်။ ဟုတ်တယ်လေ....ခုကိစ္စမှာတော့ တချက်ကလေးမှ အမှားမခံနိုင်ဘူး။ ကျွန်တော့်ဘဝအတွက် အရေးကြီးတဲ့ကိစ္စ မဟုတ်လား။

မိဟာ....ကျွန်တော့် ဘဝ။

*

ဒီလိုနဲ့ပဲ အချိန်တွေ တဖြည်းဖြည်း ကုန်လွန်ခဲ့ပြန်တယ်။ မိတို့အိမ်က သိသိသာသာ ထူးခြားမှုမပြသေး။ အိမ်ကို ကိုမျိုးဝင်းစိန် အယင်ကထက် အဝင်အထွက်ပိုများလာတာ



ာက်ပဲ။ တခုတော့ နည်းနည်းဆိုးသွားတယ်။ ဘာလဲဆို ာ့ စံရွှားက ကိုမျိုးဝင်းစိန်ကို တော်တော်ခင်မင်နေပုံ ယ်ဆိုတဲ့အကြောင်းပဲ။ ဒါကလဲ သိပ်တော့မဆန်း။ ကိုမျိုး င်းစိန်ဟာ စံရွှားလို ပျော်တတ်ရွှင်တတ်တဲ့လူမျိုးကို လွယ် ယ်ကူကူစည်းရုံးနိုင်မှာပါပဲ။

မိကတော့ပြောတယ်။ စံရွှားဟာ လူတိုင်းနဲ့တည့်အောင် ါင်းတတ်တဲ့လူမို့ပါတဲ့။ ကိုမျိုးဝင်းစိန်နဲ့ကိစ္စကို စံရွှားလဲ နေပြီဆိုပေမယ့် သူက ဟိုလူနဲ့သဘောတူလို့ ခင်ခင်မင်မင် က်ဆံတာမဟုတ်ပါဘူးတဲ့။ လူကြီးတွေကိစ္စမို့ ဝင်မရှုပ်ပဲ ားအေးနေတာပါတဲ့။ စံရွှားဟာ ဘယ်သူနဲ့သဘောတူတယ်၊ တူဘူးဆိုတာမျိုးထိ တွေးနေတတ်တာမဟုတ်ဘူးတဲ့။ ရှုံးပေါ ါနေတတ်တဲ့ ဝသီကြောင့်ပါတဲ့။

ဘာပဲဖြစ်ဖြစ်လေ၊ စံရွှားကို လိုက်ပို့ လာကြို လုပ်ခိုင်းနေ ာကတာကြောင်း၊ ကျွန်တော်တို့အဖို့ ခုချိန်မှာ လူမြင်ကွင်းမှာ တွဲကြပဲ သိုသိုသိပ်သိပ်နေရမှာ ဖြစ်တာကတာကြောင်းကြောင့် ကျွန်တော်ဟာ ဟိုနေရာဒီနေရာ မသွားဖြစ်တော့။ ကျောင်း န်းထဲမှာပဲ တွေ့ကြရတယ်။ ဆရာမြင့်ရွှေ့ဆို ခပ်မှန်မှန်နေပြီး ာစ်ယင်လစ်သလို စကားပြောကြရတယ်။

ခုနောက်ပိုင်းရက်တွေမှာ ကျွန်တော် အသုံးအစွဲလျှော့ ယ်။ ငွေကိုပိုပြီး စုတယ်။ အဲဒီလို စုနိုင်အောင်လဲ အလုပ် လုပ်တယ်။ ဖယောင်းစက္ကူရေးတာတင်မက လက်နှိပ်စက်ရိုက် မယ့် အလုပ်တွေပါယူလုပ်တယ်။ ကျွန်တော်က လက်နှိပ် က်လဲ ရိုက်တတ်တာကိုး။ စနစ်တကျ သင်ထားတာတော့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ သိပ်မြန်မြန်ကြီး ရိုက်တတ်တာလဲမဟုတ်။ သူများ
တမျက်နှာပြီးတဲ့အချိန်မှာမျက်နှာဝက်လောက်တော့ပြီးအောင်
ရိုက်နိုင်တယ်။ ပြီးတော့ ကျွန်တော့်မှာ လက်နှိပ်စက်မရှိဘူး။
ဘာလုပ်ရသလဲဆိုတော့ ကျွန်တော်တို့ရပ်ကွက်ထဲမှာ အဖေ့
မိတ်ဆွေ ရှေ့နေကြီးတယောက်ရှိတယ်။ သူ့ဆီမှာ လက်နှိပ်စက်
ရှိတယ်။ သူ့ကိုအကူအညီတောင်းပြီး သူ့အိမ်မှာ သွားသွား
ရိုက်ရတယ်။

ကျွန်တော့် အကြံအစည်က ဒီလိုပါ။ စာမေးပွဲပြီးလို့
ကျောင်းတွေပိတ်ပြီဆိုယင် ကျွန်တော့်ဝင်ငွေ လျော့တော့
မယ်။ ဆရာမြင့်က ကျောင်းပိတ်ထားတဲ့အချိန်မှာလဲ လခပေး
တာ ပေမယ့် ကျွန်တော်တို့ပညာဂုဏ်ကျောင်းကတော့ ဝင်ငွေ
ရမှာမဟုတ်တော့။ အဲဒီ လျော့သွားတဲ့ငွေကို အစားထိုးဖို့
ပါပဲ။ နွေရာသီအတွင်းမှာ ကျွန်တော် စာကူးစက်တွေနဲ့
အဆက်အသွယ်လုပ်ပြီး သူတို့ဆီက လက်နှိပ်စက်ရိုက်စရာတွေ
ယူရိုက်မယ်။ ခုလောလောဆယ် အချိန်မှာတော့ ကျောင်း
အလုပ်တွေရှိနေလို့ သိပ်ရိုက်နိုင်မှာမဟုတ်သေးဘူး။ သို့ပေမယ့်
ကိစ္စမရှိ။ ခုချိန်မှာ မိတ်ရအောင် အဆက်အသွယ် လုပ်ထား
ရုံပဲ။

အဲဒါကတော့အရေးဟဲ့ အကြောင်းဟဲ့ဆိုယင် ကျွန်တော့်
ဘက်က အဆင်ပြေနိုင်အောင် ကြိုတင်ပြင်ဆင်ထားတာပဲပေါ့။
ကျွန်တော်ထင်တယ်၊ ခုနွေရာသီအတွင်းမှာ ကျွန်တော်စုနိုင်
မယ့်ငွေ အားလုံးပေါင်းယင် ခုနစ်ရာကျော်လောက် ရှိလိမ့်
မယ်။ အယင်ကတည်းက စုထားတာတွေလဲ ပါတာပေါ့။



ဒီလိုနဲ့ ဖေဖော်ဝါရီလကို ရောက်လာတယ်။ အလုပ်
များဆုံးလပါပဲ။ စာမေးပွဲအထူးထုတ်တွေ ထွက်ပြီးကုန်လို့
ယောင်းစက္ကူရေးတဲ့ အလုပ်က နည်းနည်းပါးသွားပေမယ့်
က်နှိပ်စက်အလုပ်က ထင်တာထက်ပိုဝင်လာတယ်။ ပြီးတော့
ာမေးပွဲကြီးနီးပြီမို့ ဆရာမြင့်ကျောင်းမှာ အလုပ်များသလို
ျွန်တော်တို့ ကျောင်းကလေးမှာလဲ အလုပ်များနေတယ်။
ာမေးပွဲနီးလို့ အချိန်ပိုတွေပါယူပြီး ဖိသင်နေရတယ်။

ဆရာမြင့်ကျောင်းက ထုံးစံအတိုင်း ဖေဖော်ဝါရီလကုန်မှာ
ိတ်လိုက်ပေမယ့် ကျွန်တော်တို့ကျောင်းကလေးက စာမေးပွဲ
ဖြတဲ့ထိ ဆက်သင်ပေးတယ်။ ကျွန်တော်တို့ကျောင်းက ခုမှ
ာမည်ရအောင် ကြိုးစားနေရတုန်း မဟုတ်လား။ ပိုပြီး
ပင်ပန်းခံရတာပေါ့။ အင်္ဂလိပ်စာ ၁ မဖြေခင်နေ့နဲ့ သင်္ချာ
ဖြေခင်နေ့ ညနေပိုင်းတွေမှာ အထူးသင်တန်းဆို ဖွင့်လိုက်
သေးတယ်။

ကျွန်တော်တို့ကျောင်းကကျောင်းသားတွေကို အခမဲ့တက်
င်ပေးတယ်။ တခြား ကျောင်းသားကျောင်းသူတွေ တက်ချင်
င်တော့ အင်္ဂလိပ်နဲ့သင်္ချာ နှစ်ချိန်အတွက် ငါးကျပ်ယူတယ်။
ုံးဆယ်လောက် ထပ်ဝင်လာလိုက်သေးတယ်။

အဲဒီရက်တွေ အတွင်းမှ အလုပ်ရှုပ်လွန်းလို့ မိနဲ့တောင်
အေးအေးဆေးဆေးစကားပြောခွင့်မရဘူး။ ဆရာမြင့်ကျောင်း
ိတ်ခါနီး နောက်ဆုံးတရက်ပဲ အခွင့်အရေးရလိုက်တယ်။

ဒီလိုနဲ့ ကျောင်းတွေပိတ်လို့ မိနဲ့အနေဝေးခဲ့ရပြန်ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နွေရာသီကို ကျွန်တော် မုန်းချင်လာပြီ။ မိုးလောင်တာ လွန်းလို့တော့မဟုတ်။ ပူပြင်းလွန်းလို့လဲမဟုတ်။ ခြော သွေ့လွန်းလို့လဲမဟုတ်။ မိနဲ့မတွေ့ရလို့ပါပဲ။ အင်း တကယ်တော့လဲ မိနဲ့ မတွေ့ရဘူးဆိုကတည်းက မိုးလော လို ပူပြင်းခြောက်သွေ့တယ်လို့ ထင်မိတာပါပဲ။

အယင်ကဆိုယင် နွေရာသီကို ကျွန်တော် သိပ်သဘော တယ်။ နွေဦးဆိုယင် ပန်းပေါင်းစုံပွင့်ကြတယ်။ သစ်ရွက် ကြွေတယ်။ ရိုးတန်ပြိုင်းပြိုင်းဖြစ်နေတဲ့ သစ်ပင်ကြီးတွေ အကျည်းတန်တန်လို့မထင်ရပါဘူး။ တမျိုးကြည့်လို့ ကော နေတယ်။ သေသေချာချာကြည့်မယ်ဆိုယင် ပုရစ်ဖူးက တွေ ထွက်စပြုနေတာတောင် တွေ့ရလိမ့်မယ်။ နောက်ရက် ကျတော့ ရွက်သစ်ဆော့ တဝေဝေ ဖြစ်လာကြပါပြီ။ နွေ ကာလမှာ ပူပြင်းခြောက်သွေ့လွန်းတယ်လို့ ဆိုကြပေ ကျွန်တော်တော့ သဘောကျတယ်။

ညနေခင်း သစ်ပင်ရိပ်ကောင်းကောင်းမှာ ထိုင်ပြီ သချပ်ကို ကြည့်ဖူးယင် သိလိမ့်မယ်။ ဟိုးအဝေးမှာ ညော ကြီးတခင်ရှိတယ်၊ အဲဒီခေပင်ကြီးပေါ်မှာ ဥဩငှက်က တကောင်ရှိတယ်။ ခိတ်အဆဉ်ဘာလေပြေကလေးနဲ့အတူ ပျံ သွားလိမ့်မယ်။ ရင်ထဲကလဲ ညောင်ရွက်အခေသးတွေနဲ့ တဖျတ်ဖျတ် လှုပ်ခတ်နေလိမ့်မယ်၊ ဥဩငှက်ကလေးရဲ့ တွန် နားထောင်ယင်း သူနဲ့အတူ လွမ်းမိလိမ့်မယ်၊ ဘယ်အ မှန်းမသိပဲ တမ်းတနေမိလိမ့်မယ်။ ဘယ်ဆီလွမ်းမိတယ်

ဆိုသလို အလွမ်းကလေးဟာ လေထဲမှာလွင့်မျောယင်း နွားခိုရာ ရှာလိမ့်မယ်။

အဲဒါအယင်တုန်းကပါ။ ကုန်လွန်ခဲ့တဲ့ နွေတွေတုန်းကဆို ယင်ပေါ့။ နွေရဲ့ရသကို ခံစားယင်း လွမ်းရတာ သိပ်လွမ်းလို့ ကောင်းတာပဲလေ။

သို့ပေမယ့်....

ဒီနှစ်နွေကတော့ နွေအစစ်။ တကယ်ကိုပူတဲ့နွေ။ ဘယ်ကို လွမ်းရမယ်ဆိုတာ တိတိကျကျ သိနေရပြီ။ အလွမ်းဆိုတာကလဲ အလွမ်းအစစ်။ တကယ့်တကယ် ပီပီသသလွမ်းရပြီ ဆိုတော့ တကယ်ကို ခံစားရပါတယ်။ အလွမ်းဆိုတာ တွယ်ရာမဲ့တဲ့ သဘောမဟုတ်ပါ။ရင်ထဲကို စူးစူးနစ်နစ် တိုးဝင်ထိခိုက်စေတဲ့ အရာပါလား။

မိနဲ့ ကျွန်တော်ဟာ ချစ်ခဲ့ကြတဲ့ အချိန်ကစပြီး ခုလောက် ကြာအောင တခါမှမခွဲခဲ့ကြဘူးပဲ။ မိကိုလွမ်းပြီဆိုတဲ့အခါတိုင်း မိနဲ့ပြောခဲ့ကြတဲ့စကားတွေ၊ သွားလာသည်ပတ်ခဲ့ပုံတွေကိုပဲ ပြန် ပြီးစဉ်းစားနေရတယ်။ ပြီးတော့ ဆရာမြင့်ကျောင်း နောက် ဆုံးနေ့က စကားပြောခဲ့ရတာတွေ။

အဲဒီနေ့က နောက်ဆုံးအတန်းချိန် ပြီးသွားတော့ သေး နာရီသုံးကာနီး။ ဒီစာသင်နှစ်ရဲ့နောက်ဆုံး အတန်းချိန်ပါပဲ။ နက်ဖန်ကစပြီး သင်တန်းမရှိတော့။ မိနဲ့လဲတွေ့ရမှာ မဟုတ် တော့။ ဒီနေ့တနေ့လုံး မိနဲ့ အေးအေးဆေးဆေး စကားပြော ဖို့ အချိန်မရခဲ့ဘူး။ လုံးဝအချိန်မရလောက်အောင် အလုပ်တွေ ရှုပ်နေခဲ့လို့။ ဆရာမြင့် စာသင်နေတုန်း အချိန်မှာလဲ အပြီး



www.burmeseclassic.com

www.burmeseclassic.com



သတ်စာရင်းတွေ လုပ်နေရတယ်။ ဒီနေ့ညနေမှာ ရှင်းစရာရှိတာရှင်း၊ သိမ်းစရာရှိတာသိမ်း၊ ဗီရိုထဲထည့်ပြီး သော့ခတ်စရာရှိတာခတ်၊ လွှင့်ပစ်ရမယ့်ဟာ လွှင့်ပစ် အားလုံးအပြီးသတ်လုပ်ရမယ်။ အတန်းပြီးတဲ့အချိန်မှာတောင် လက်စကလေးတွေ နည်းနည်း ကျန်ချင်သေးတယ်။

သွားပြီ။ မိနဲ့ စကားပြောခွင့် ရမှာ မဟုတ်တော့ဘူးလို့ စိတ်ပျက်နေတုန်းမှာ ဆရာမြင့်က....

"ငါ ဦးသက်တင်ဆီ သွားအုံးမယ်၊ မင်းတို့ နှစ်ယောက်စလုံး မပြန်ကြနဲ့အုံး၊ ဒီညနေ မင်းတို့ကို ငါ ညနေစာကျွေးမလို့၊ ဟိုမှာ နည်းနည်း ကြာချင် ကြာမယ်၊ သိမ်းစရာ ရှင်းစရာ ရှိတာတွေ ပြီးအောင်သာလုပ်ထားပြီး စောင့်နေကြ"လို့ ပြောပြီး ထွက်သွားတယ်။

ဆရာ့ကို ထိုင်ရှိခိုးချင်လောက်အောင် ကျေးဇူးတင်သွားတယ်။ ခုဆိုယင်.... မိနဲ့ အေးအေးဆေးဆေး စကားပြောဖို့ အချိန်ရပြီ မဟုတ်လား။

ကျွန်တော် တခု စဉ်းစားလိုက်မိပြန်တယ်။ ဆရာမြင့်ဟာ တကယ်ပဲ အလုပ်ကိစ္စရှိလို့ ထွက်သွားတာလား။ ဒါမှမဟုတ် ကျွန်တော်တို့ နှစ်ယောက် အကြောင်းကို ရိပ်မိလို့....။ ခုလို အချိန်မျိုးမှာ လွတ်လွတ်သပ်လပ် စကားပြောချင်ကြမှာပဲဆိုပြီး နားလည်စွာနဲ့ ရှောင်ထွက်ပေးတာလား။ ကျွန်တော့်စိတ်ထဲမှာ ဆရာ သိချင် သိနေမှာပဲလို့ ထင်သာပြန်ရော။ ဒါကြောင့် မိ ကို မေးလိုက်တယ်။

"မိ ရေ....၊ မောင်တော့ ဆရာမြင့်ကို မသင်္ကာဘူး"



"ဟင်.... ဘာ မသင်္ကာတာလဲ"

ကျွန်တော် စကားပြော လောကြီးသွားတယ်။

"မဟုတ်ဘူးလေ...၊ မသင်္ကာဘူး မဟုတ်ပါဘူး၊ မောင်တွေးကြည့်တာပါ၊ ခု... ဆရာမြင့်က တမင် ရှောင်ထွက်ပေးတဲ့သဘောလားလို့...."

မိက တွေနေတယ်။ ဘာမှပြန်မပြော။

"မောင်တော့ ဆရာမြင့်ကို ရိပ်မိနေပြီလားလို့ တောင်ထင်မိတယ်"

"ဖြစ်တော့ ဖြစ်နိုင်တာပဲ"

"ခက်တာက ဆရာမြင့်က သိသိကြီးနဲ့ မသိချင်ယောင်ဆောင်နေသလား မဆိုနိုင်ဘူး။ မောင်တခု စဉ်းစားမိတယ်။ မောင်တို့ကိစ္စကို ဆရာ့ကို ဖွင့်ပြောလိုက်ပြီးအကူအညီ တောင်းယင် ကောင်းမလားလို့"

"မဖြစ်သေးပါဘူးကွယ်"

"ဘာဖြစ်လို့လဲ"

"မိနဲ့ ကိုမျိုးဝင်းစိန်နဲ့ ကိစ္စကိုတောင်မှ ဖေဖေတို့က ဦးဦးမသိစေချင်ခဲ့ဘူး မဟုတ်လား၊ ဦးဦး သိယင် ကန့်ကွက်နေမှာစိုးလို့လို့ ပြောခဲ့ဖူးသားပဲ။ တကယ်လို့ ဦးဦးသိသွားယင် ဘယ်သူပြောလို့ သိတာလဲလို့ အိမ်က စုံစမ်းတော့မှာပေါ့။ မိပြောတာပဲဖြစ်မှာပဲဆိုတာလဲ အိမ်က ရိပ်မိသွားမှာပေါ့။ အဲဒါမှ ပိုဆိုးလာမယ်။ နောက်ပြီး ဖေဖေဟာ ဦးဦးစကားကိုလဲ လက်ခံမှာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုယင် မောင်တို့နှစ်ယောက် အကြောင်းကိုပဲ ပြောထားမယ်လေ။ ဟိုလူနဲ့ကိစ္စကို မပြောဘူးပေါ့"

မိက ခေါင်းကို ဖြည်းဖြည်းချင်း ရမ်းလိုက်ပြီး....

"ဘာထူးမှာလဲ မောင်ရဲ့။ မိတို့ကိစ္စ ဦးဦးသိသွားတာပဲ အဖတ်တင်မှာပေါ့။ ဟိုလူနဲ့ကိစ္စမှာ ဦးဦးရဲ့အကူအညီတောင်းဖို့ အချိန်မကျသေးပါဘူး။ ခုအချိန်မှာ မိတို့အနေနဲ့ ဦးဦးကိုလဲ ကိုယ့်ဘက် သားလို့ တထစ်ချ မယူဆရဲသေးဘူး။ သောသော ဆယ် အခြေအနေက အတတ်နိုင်ဆုံး သိုသိုသိပ်သိပ်နေရမှာ မဟုတ်လား"

"အေးလေ....ပြီးရောပေါ့"

အဲဒီအချိန်မှာ လမ်းမပေါ်က လက်ခုပ်တီးသံကြားရတယ်။ မိက 'မောင်လေးလား မသိဘူး' လို့ ပြောပြီး ဝရန်တာဘက် ထွက်ကြည့်တယ်။ ပြီးတော့....'ဦးဦးက မမကို ညစာကျွေးမယ် ဆိုလို့ စောင့်နေတာ။ မေမေတို့ကိုပြောလိုက်၊ အပြန်ကျယင် ဦးဦး ကားနဲ့ လိုက်ပို့လိမ့်မယ်လို့' ဆိုပြီးအော်ပြောလိုက်တယ်။

မိ ပြန်ဝင်လာတော့ ကျွန်တော်က 'စံရှားလား' လို့ မေးလိုက်တော့ မိက ခေါင်းညိတ်ပြတယ်။

"ပြန်သွားပြီလား"

"အင်း...."

"မိတို့အိမ်က ယုံပါ့မလား"

"မယုံလို့ ဘယ်ရမလဲ ဦးဦးကိုယ်တိုင် အိမ်ကိုပြန်ပို့မှာပဲ"

ခဏ စကားပြတ်သွားကြပြန်တယ်။ ပစ္စည်းတွေရှင်းလင်း သိမ်းဆည်းထားလို့ အခန်းတခုလုံး ရှင်းနေတာပဲ။ ပြီးတော့



လည်း တိတ်ဆိတ်ငြိမ်သက်နေတယ်။ ဟိုးအယင် ကျောက်သင်ပုန်းပေါ်မှာ စာရေးပြီး မိကိုဖွင့်ပြောခဲ့တဲ့ နေ့ကလည်း ခုလိုပဲ တိတ်ဆိတ်နေခဲ့တာ သွားသတိရမိတယ်။ မိလည်း ကျွန်တော့်လို သတိရနေမလားမသိ။

မိဘက်ကိုလှည့်ကြည့်လိုက်တော့ ကျောက်သင်ပုန်းကို တွေတွေလေး ငေးကြည့်နေတာတွေ့ရတယ်။ ကျောက်သင်ပုန်း ပေါ်မှာတော့ ဘာစာမှ မရှိ။

"ကျောင်းပိတ်ပြီဆိုယင် မောင်တို့တွေ့ရမှာ မဟုတ်တော့ဘူးနော်၊ ကျောင်းပြန်ဖွင့်တဲ့အခါကျယင်ကော၊ မိကို အိမ်က ဆရာမြင့်ဆီ လွှတ်ချင်မှလွှတ်တော့မယ်ထင်တယ်"

"အဲဒီလို ဖြစ်ချင်လဲ ဖြစ်နိုင်တာပဲ"

ကျွန်တော်က မိကို ဖြတ်ကနဲကြည့်လိုက်ပြီး....

"မောင်တို့ ခိုးပြေးကြပါစို့ မိရယ်"

မိက....ကျွန်တော် တကယ် အတည်ပြောနေတာလားလို့ အကဲခတ်ကြည့်လိုက်ပုံရတယ်။ တကယ်တော့ ကျွန်တော်ကလဲ အဲဒီစကားကို အတည်ပြောတာ ဟုတ်သလား၊ မဟုတ်ဖူး လားဆိုတာ ကျွန်တော် ဘာသာလဲ မသိပါ။ တကယ်လို့ မိက ကျွန်တော်နဲ့ ခိုးရာလိုက်မယ်လို့ ပြောလာယင် ကျွန်တော် ခိုးမိမသွားမသိ။ သို့ပေမယ့် မိက အဲဒီလို မပြောပါဘူး။

"သိပ်လဲ လောမကြီးပါနဲ့ မောင်ရယ်၊ မောင်က သိပ်စိုးရိမ်တတ်တာပဲ။ စိတ်အေးအေးထားမှပေါ့"

"ကျောင်းပြန်ဖွင့်လို့ မိရဲ့အိမ်က ဒီကို မလွှတ်တော့ဘူး ဆိုယင် မိနဲ့ မောင်နဲ့ တွေ့လို့ရအောင် ကြံကြည့်ပါအုံးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



အရေးအကြောင်းရှိယင်လဲ မောင်နဲ့ အဆက်အသွယ် လုပ်ပါ့မယ်”

“ဒီကျောင်းပိတ်ရက်အတွင်းမှာ မိတို့အိမ်က တခုခု အမြန်ဆုံး စီစဉ်ချင် စီစဉ်နေမှာပေါ့။ မိကော ဘယ်လိုထင်သလဲ”

“မောင်ရယ်….သိပ်ပူမနေပါနဲ့ကွယ်။ တကယ်လို့ အိမ်က အတင်းအကျပ်လုပ်လာခဲ့ယင် မောင့်ဆီကို မိ မရောက်ရောက်အောင် လာခဲ့မယ် ကျေနပ်ပြီလား”

“မိနဲ့ ခွဲရမှာ မောင် သိပ်ကြောက်တယ်”

ကျွန်တော့်အသံဟာ လှိုက်လှိုက်လှဲလှဲ ဖြစ်နေကြောင်း ကျွန်တော့်ဘာသာသိတယ်။

မိက ကျွန်တော့်လက်ကို သူ့လက်ဖဝါးကလေးနဲ့ အသာလေး အုပ်ကိုင်လိုက်ပြီး ပြုံးတိုးတိုးကလေး….

“မောင့်ကို မိ ဘယ်တော့မှ မခွဲဘူး”

ကျွန်တော်ကတော့ ဘာမှ ပြန်မပြောဘူး။ မိရဲ့ မေးစေ့ကလေးကို ဖွဖွကလေးကိုင်ပြီး မျက်နှာကို ကျွန်တော်ဘက် အသာဆွဲလှည့်လိုက်တယ်။ ပြီးတော့ မိရဲ့ နှုတ်ခမ်းဖူးလေးကို ကျွန်တော် နမ်းတယ်။

ဝေ့ကနဲဝင်လာတဲ့ လေပူက မျက်နှာကို လာဟပ်တော့မှ ဟိုနေ့ကအကြောင်း ကျွန်တော်စဉ်းစားနေမိတာ သတိဝင်လာတယ်။ ခုဆိုယင် မိနဲ့ မတွေ့ရတာ တလလောက်ရှိပြီ။ မိဆီက ဘာသတင်းမှ မကြားရသေး။ စာလည်းရောက်မလာ။ ကျွန်တော် မိကို မှာခဲ့တယ်။ အရေးအကြောင်းရှိယင် ကိုကို့ရုံးကို အဆက်အသွယ်လုပ်ဖို့။ ခုထိတော့ ဘာအဆက်အသွယ်မှ မလုပ်



သေးဘူး။ တခုခုဖြစ်နေပြီလား။ မိဟာ ကျွန်တော့်ဆီ အဆက်အသွယ်လုပ်ဖို့ အခွင့်အရေး မရလောက်အောင် ချုပ်ချယ်ခံနေရပြီလား။

မိရယ်….မောင် စိုးရိမ်ပါရစေတော့နော်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မောင်....

သတိတရ စာရေးလိုက်ပါတယ်၊ မောင့်ဆီကို စာရေးချင်တာကတော့ ကြာပါပြီ။ ဘယ်တုန်းကစပြီး ရေးချင်နေတာလဲဆိုတော့ မောင်နဲ့ နောက်ဆုံးတွေ့ပြီး ပြန်ရောက်တဲ့ညနေကတည်းကပဲ။ မိရဲ့စာကို မောင်.... မျှော်နေမှာပဲဆိုတာလဲ သိပါတယ်။ မိရဲ့စာ ရောက်မလာလို့ မောင်စိုးရိမ်နေမယ်လို့လဲထင်တယ်။ ဒါပေမယ့် မောင်ရယ်၊ အိမ်မှာက မလွတ်လပ်ဘူး၊ မေမေတို့က မိကိုအကဲခတ် ကြည့်နေကြတာ၊ ခိုးရေးယင်တော့ ရတာပေါ့၊ ဒါပေမယ့် မိ အဲဒီလောက်ထိ မစွန့်စားရဲ



သေးဘူး။ အကြောင်းထူးမရှိပဲ မရေးတာကောင်းတယ်ထင်လို့ မရေးဖြစ်တာပါ။ မတော်တဆ အိမ်က မိသွားခဲ့ယင် အရမ်းရှုပ်ချယ်လာလိမ့်မယ်၊ နောက်တကယ် အရေးကြီးတဲ့အခါကျတော့ အကြောင်းကြားဖို့ ခက်နေလိမ့်မယ် မဟုတ်လား။

ခု ဒီစာကို မျိုးမျိုးတို့ဆီမှာ ရေးတာပေါ့၊ မျိုးမျိုးဆိုတာ မောင်သိပါတယ်၊ ၂၉ လမ်းထဲမှာနေတဲ့ မိ သူငယ်ချင်းလေ၊ ဟိုတခါ ကုန်တိုက်နားမှာ မိတို့နဲ့ တွေ့တော့တောင် နောက်သွားသေးတာလေ၊ ဒီနေ့ မျိုးမျိုးမွေးနေ့မို့ မိတို့ သူငယ်ချင်းတတွေစုပြီး ပျော်ပွဲစားကြမလို့လို့ အိမ်ကို ပြောခဲ့ရတယ်၊ မောင်လေးက ထုံးစံအတိုင်း အကြိုအပို့ပေါ့၊ အမှန်က မျိုးမျိုးတို့အိမ်မှာ ဆုံမှာက မိနဲ့မျိုးမျိုးနဲ့ နှစ်ယောက်တည်းပါ၊ အဲဒီမှာ ဒီစာကိုရေးပြီး မျိုးမျိုးကိုပေးခဲ့၊ မျိုးမျိုးက မောင့် ကိုကို့ရုံးကို သွားပေးပေးတာပါ။

မျိုးမျိုးက အားကိုးရတယ် မောင်၊ မိတို့ အခြေအနေကို ပြောပြတော့ သူက မိတို့ဘက်က သိလား၊ သူ တတ်နိုင်တဲ့ကိစ္စရှိယင် ကူညီပါ့မယ်လို့ပြောတယ်၊ ဒီ... ရက်ပိုင်းအတွင်း မောင်နဲ့တွေ့ခွင့်ရအောင် ကြိုးစားအုံးမယ်၊ အကျိုးအကြောင်းကို ကိုကို့ရုံးကို အကြောင်းကြားလိုက်မယ်၊ ကိုကို့ကိုလဲ မိက....သိပ်ကျေးဇူးတင်ကြောင်း ပြောပေးပါနော်။

မောင်ရယ်....

www.burmeseclassic.com

www.burmeseclassic.com



နွေတကာ့နွေထဲမှာ ဒီနွေက ပိုလို့ပူတယ်လို့ထင်တယ်၊ အင်းလေ နွေ ဖြစ်ဖြစ်၊ မိုးဖြစ်ဖြစ်၊ ဆောင်းဖြစ်ဖြစ်ပါ၊ မောင်နဲ့ အနေဝေးနေရတဲ့ အချိန်တိုင်းဟာ ရာသီဥတု ဆိုးဝါးတဲ့ အချိန်တွေချည်းပါပဲကွယ်။

မောင်ရေ....

အချိန်လုပြီးရေးရလို့ မောင့်ကိုလွမ်းတဲ့အကြောင်း အကျယ်ချဲ့ မရေးတော့ဘူးနော်၊ လိုရင်းအကြောင်းကိုပဲ ရေးတော့မယ်။

မိတို့အိမ်ရဲ့ အခြေအနေပေါ့။ အိမ်မှာ သိပ်ထူးထူးခြားခြား ပြောင်းလဲတာတော့ မတွေ့ရဘူး။ ဒါပေမယ့် အဲဒါ သိပ်အေးဆေးတဲ့လက္ခဏာလို့ ယူဆလို့လဲ မဖြစ်သေးဘူး။ ဖေဖေက သိပ်ပါးတာ သူဖြစ်စေချင်တာတွေတော့ ဖြစ်အောင် လုပ်မှာပဲ။ နေးတာနဲ့ မြန်တာပဲကွာမယ်။ ပြီးတော့.... အရေးအကြီးဆုံး တခုက ဟိုတနေ့က ဖေဖေက မေမေ့ကို ပြောနေသံကြားတယ်လို့ မောင်လေးက မိ ကို ပြန်ပြောပြတယ်။ ဘာတဲ့ဆိုတော့ မိနဲ့ ကိုမျိုးဝင်းစိန်ကို လောလောဆယ်စေ့စပ်ပေးထားယင် မကောင်းဘူးလားလို့ ပြောတယ်တဲ့။

အဲဒါ မောင်သိထားရအောင် ပြောပြတာပါ။ သိတော့လဲ စိတ်ပူမနေနဲ့အုံးနော်။ မိ ပြောထားတာ မမေ့နဲ့ပေါ့။ မောင်နဲ့ ဘယ်တော့မှ မခွဲဘူးဆိုတာလေ။



မောင်နဲ့ တွေ့တဲ့ နေ့ကျမှ ထပ်ပြီး တိုင်ပင်ကြသေးတာပေါ့။ မောင် ကျန်းမာရေးကို ဂရုစိုက်ပါနော်....။

မောင့်ကို လွမ်းနေတဲ့....မိ

ကျွန်တော်က စာကို ဖတ်ပြီး သောင်းမော် လက်ထဲ ထည့်ပေးလိုက်တယ်။ သောင်းမော်က စေ့စေ့စပ်စပ် ဖတ်နေပုံရတယ်။ ဒီစာကို ကိုကို ယူလာတာ၊ ကျွန်တော်ရယ်၊ သောင်းမော်ရယ်၊ ချစ်အေးရယ် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတုန်း ကိုကို ရုံးက ပြန်လာယင်းနဲ့တွေ့လို့ ဝင်လာပြီး မိ ရဲ့ သူငယ်ချင်းလို့ ပြောတဲ့ ကောင်မလေးတယောက် သူ့ရုံးကို လာကြောင်း၊ မိ က ကျွန်တော့်ကို ပေးခိုင်းတဲ့စာ လာပေးတာလို့ ပြောကြောင်း ပြောပြီး ဒီစာကို ပေးသွားတာပဲ။ မျိုးမျိုး လာပေးတာ ဖြစ်မှာပေါ့။ ကျွန်တော်တို့က ကိုကို့ကို လက်ဖက်ရည်သောက်ဖို့ ခေါ်သေးတယ်။ ကိုကိုက ထမင်းစားတော့မှာမို့ မသောက်တော့ဘူးလို့ ပြောပြီး ထွက်သွားတယ်။ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် စကားပြောလို့ရအောင် ကိုကို ရှောင်ပေးတာမှန်း သိသာပါတယ်။ ကျွန်တော်ကလဲ ဒီစာထဲမှာ တခုခု ထူးခြားတာတော့ ပါမယ်ဆိုတာ သိလို့ ကိုကို့ကို ထမင်းစားပြီးယင် လက်ဖက်ရည်ဆိုင်ကို ပြန်လျှောက်လာခဲ့ပါအုံးလို့ မှာလိုက်တယ်။ ဟုတ်တယ်။ မိ နဲ့ ပတ်သက်တဲ့ ကိစ္စမှာ ကိုကို့ကိုလဲ ဖွင့်ပြီး တိုင်ပင်ချင်တယ်။ ကိုကို့ကို ကျွန်တော် ယုံတယ်။ ကိုကိုဟာ တရားမျှတတဲ့ အကြံဉာဏ်တခုခုကို ပေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာပဲ။ ကျွန်တော့်အပေါ်ကို ကိုယ်ချင်းစာနိုင်မှာ သေချာပါတယ်။

သောင်းမော် ဖတ်ပြီးသွားတော့ စာကို ချစ်အေးဆီ လက်ဆင့်ကမ်းလိုက်တယ်။ ချစ်အေးကတော့ စာကို သိပ်ကြာကြာမဖတ်။ ရှေ့ပိုင်း စာရွက်တွေဆိုယင် သာမန်လောက်ပဲ ခဏတဖြုတ် ဖတ်တယ်။ နောက်ဆုံး စာမျက်နှာကျမှ သေသေချာချာ ဖတ်တယ်။ သူ.... ဖတ်နေတုန်း အချိန်မှာ ကျွန်တော် သောင်းမော်ကို အကဲခတ်လိုက်တော့ ဆေးပေါ့လိပ်ကြီးကိုက်ပြီး တခုခု စဉ်းစားနေတာ တွေ့ရတယ်။

"မင်း....ဘယ်လို ထင်လဲ"

လို့.... ချစ်အေးက ပြောယင်း စာကို ခေါက်၊ စာအိတ်ထဲ ပြန်ထည့်ပြီး ကျွန်တော့်ကို လှမ်းပေးတယ်။ စာကိုယူပြီး အိတ်ထဲ ခေါက်ထည့်ထားလိုက်တယ်။ ပြီးတော့....

"ငါ့ စိတ်ထင်တော့ မိဟာ အခြေအနေမှန်ထက် နည်းနည်း လျှော့ပြီး ရေးလိုက်တယ်လို့ ထင်တယ်"

သောင်းမော်က....

"အေး....ဖြစ်နိုင်တယ်"

ချစ်အေးက 'ဘာဖြစ်လို့လဲ' လို့ မေးတယ်။

"ငါ စိတ်ပူပြီး တခုခုလုပ်ဖို့ ကြိုတင် စီစဉ်လိုက်မှာ စိုးလို့နဲ့ တူတယ်"

"အေးကွ၊ သူ့စာထဲမှာ ရေးထားပုံအရ အိမ်က သူ့ကို အမြဲလိုလို စောင့်ကြည့်နေမှန်း သိသာတယ်။ မင်းဆီကို စာရေးဖို့တောင် အခွင့်အရေး မလွယ်ဘူး မဟုတ်လား။ သူငယ်



င်း မေ့နေသွားမယ်ဆိုတာတောင် စံရွှားကို ထည့်လွှတ်လိုက်ားတယ်။ စံရွှားက မျိုးဝင်းစိန်နဲ့ အဆင်ပြေတဲ့လူဆိုတော့ ရဲ့ ရည်းစားဆိုတဲ့ မင်းနဲ့ အဆင်ပြေမှာ မဟုတ်ဘူးလို့ သူ့ိမ်က တွက်မယ်။ စံရွှားဟာ အေးမိကို အလစ်ပေးမှာ မဟုတ်ားလို့ ယုံနေမယ်။ မင်း အယင်ပြောပုံအရဆိုယင် စံရွှားကယ်သူနဲ့ သဘောတူတယ် မတူဘူးရယ် မဟုတ်ဘူး။ အဆင်ပြေအောင် ကြည့်ပေါင်းတတ်တာ တခုပဲ ရှိတယ် မဟုတ်လား။ဒီတချက် မင်း ကံကောင်းနေတာပဲ၊ စံရွှားကို အေးမိကကောင်းကောင်း စည်းရုံးထားနိုင်ပုံ ရတယ်ကွ"

လို့....သောင်းမော်က ပြောတယ်။ ချစ်အေးက....

"မင်းတို့ကလဲကွာ၊ စုံထောက်တွေ ကျနေတာပဲ၊ ကောက်ချက်တွေ အမျိုးမျိုး ချပြီး...."

"ဟ.... ဒီကိစ္စက စုံထောက်ထက်တောင် စေ့စပ်သင့်သေးတယ်၊ မင်း ဘာသိလဲ"

"အေးပါ....၊ ငါလဲ သိပါတယ် အရေးကြီးတယ်ဆိုတာ၊ ါပေမယ့် မင်းတို့က ဘာဖြစ်နိုင်တယ်၊ ညာဖြစ်နိုင်တယ် ဆိုပြီး းထဲက စကားလုံးကလေး တလုံးက အစ လိုက်စစ်နေကြတာို ပြောတာပါ၊ အမှန်က အခြေအနေက ရှင်းရှင်းလေး၊ အေးမိတို့ မိဘတွေက မကြာခင် အချိန်တချိန်မှာ သူတို့ဘက်ကအဆင့် ထပ်တိုးတော့မယ်၊ အဲဒါ ဘယ်လို လုပ်ကြမလဲ၊ ဒါတိုင်ပင်ဖို့ပဲ ရှိတယ်"

သောင်းမော်က ချစ်အေးကို ဘုကြည့်တချက် လှမ်းကြည့်တယ်။ ကျွန်တော် သိပါတယ်၊ သူတို့ နှစ်ယောက်စလုံးဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ခင်မင်ကြတယ် ဆိုတာရယ်၊ ကျွန်တော့်ကို မှာ တကယ် လေးလေးနက်နက် တူညီချင်ကြတယ် ဆိုတာရယ် တခုရှိတာက သောင်းမော်ဟာ စကားတခုပြောယင် အချ အလက်တွေ စေ့စေ့ဆာဆာနဲ့ ပြောတတ်တယ်။ ခုလဲ ကျွန်တော် သိပ် စိတ်လှုပ်ရှားမှု မဖြစ်အောင် ဖြစ်နိုင်တဲ့ အချ တွေကို တချက်ချင်း ရှင်းလင်းပြနေတာ၊ အဲဒါကို ချစ်အေး သဘောမပေါက်။ သူက လေရှည်တာ မကြိုက်ဘူး”

“ချစ်အေး.... ဒါပေါ့ပေါ့လေး လုပ်လို့ ရတာ မဟုတ်ဘူ ကွ၊ ဖြစ်နိုင်တဲ့ အခြေအနေတွေကို ထည့်တွက်ရမှာပဲ”

“မင်းက ငါ့ကို ဒီကိစ္စမှာ ပေါ့ပေါ့ဆဆ သဘောထား တယ်လို့ ပြောတာလား”

“မင်းတို့နှစ်ယောက်ကလဲကွာ”

လို့.... ကျွန်တော်က ဝင်ညည်းလိုက်ရတယ်။ အဲဒီတော့ သူတို့ ငြင်းခုံပွဲကို ရပ်လိုက်ကြတယ်။ သောင်းမော်က....

“အလကားပါကွာ၊ ချစ်အေး ဆိုတဲ့ကောင်က ပေါ်တာ ပဲ....”

ချစ်အေးကလဲ....

“အေး....မင်းကလဲ အလကားနေယင်း အတွေးခေါင်နေ တာပဲ၊ ယဉ်ယဉ်ကလေးနဲ့ ရှုးနေတာ”

ပြီးတော့....နှစ်ယောက်စလုံး တဟားဟားနဲ့ ရယ်နေတယ်။ ဒီကောင် နှစ်ကောင်က အဲဒီလိုပဲ။ တယောက်နဲ့ တယောက် တွေ့လိုက်ယင် အပြန်အလှန် နှိပ်နေကြတာ။ ပြီးတော့လဲ ဘာမှ အမှတ်ထားကြတာ မဟုတ်။ အဲဒီအချိန်မှာ ကိုကို ရောက်လာ



ယ်။ ကိုကိုက လွတ်နေတဲ့ ကုလားထိုင်မှာ ဝင်ထိုင်ယင်းနဲ့ န်တော်တို့ မျက်နှာတွေကို တချက် ဝေ့ကြည့်ပြီး အကဲခတ် က်တယ်။ ‘သောင်းမော်က ကိုကို လက်ဖက်ရည်သောက်ပါ ား’လို့ မေးတော့ ‘ခုပဲ....ထမင်းစားလာတာ’လို့ လက်ကာ ယင်း ပြောတယ်။ ကျွန်တော်က မိရဲ့ စာကိုအိတ်ထဲက ထုတ် း ကိုကို့ကို လှမ်းပေးလိုက်တယ်။ ဒါဆို.... ကိုကို နားလည် ားပြီ။ခု ကိစ္စမှာ သူ့ ကိုဖွင့်ဟတိုင်ပင်ပြီး သူ့ ဆီက အကြံဉာဏ် ာင်းတော့မယ် ဆိုတာ။

ကိုကိုက စာကိုဖွင့်ပြီးဖတ်နေတယ်။ ကိုကို စာဖတ်တာ ကြာကြာ်းပဲ။ သောင်းမော်ဖတ်တာထက်တောင် ပိုကြာလိမ့် မယ်။ ဘာဖြစ်သလဲမသိ။ ကိုကိုစာဖတ်နေတဲ့အချိန်မှာ ကျွန် တော်ရင်တွေ ခုန်နေတယ်။ ကိုကို့ အမူအရာကို အကဲခတ်ကြည့် တော့ ကိုကိုဟာ စာကိုဖတ်နေယင်းက တခုခုကိုလဲ တွေးနေ န်း သိလိုက်ရတယ်။ တချက်တချက် ကိုကို့ခေါင်းက ဆတ် နဲ့၊ ဆတ်ကနဲ ဖြစ်ဖြစ်သွားတယ်။ သောင်းမော်နဲ့ ချစ်အေး ကလဲ ကိုကို့ကိုပဲ ငေးကြည့်နေကြတယ်။ ကျွန်တော်နား ည်လိုက်ပြီ။ ကျွန်တော်တို့ကိစ္စနဲ့ပတ်သက်ပြီး ကိုကို့ကို ဆုံး ဖတ်ခိုင်းဖို့ မတိုင်ပင်ပဲ သဘောတူနေကြပြီဆိုတာကိုပါပဲ။

ကိုကိုစာဖတ်ပြီးသွားတယ်။ စာရွက်ကို ကျွန်တော့်ဆီ ပြန် းတယ်။ နေ့နွေးကြမ်းဘာခွက်ငှဲဘယ်။ သောက်မယ်လုပ်ပြီးမှ ုံထင်တယ်။ ပန်းကန်ကို ပြန်ချထားလိုက်တယ်။ ပြီးတော့ ပြောတယ်။

“ညီလေးတို့ ဘယ်လိုသဘောရသလဲ”

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လဲ ကိုကို့ကို အားလုံးက လေးစားကြတာ ကိုကိုဟာ သူပြောချင်တာကို အယင်စွတ်ပြီးမပြော။ ကျွန် လူတွေရှဲသဘောထားကို ဦးစားပေးပြီးမေးတယ်။ ကျွန်တော က သောင်းမော်ကို လှမ်းကြည့်လိုက်တယ်။ သောင်းမော်က ကျွန်တော့်ကိုယ်စား ရှင်းပြလိုက်တယ်။ မိတ္တိအိမ်ကကိုမျိုးဝင်း စိန်နဲ့ သဘောတူထားတဲ့အကြောင်း။ ကျွန်တော်နဲ့အကြောင် ကို မိတ္တိအိမ်က သိသွားအောင်လုပ်တဲ့ ကိုမျိုးဝင်းစိန်ရဲ့အကြ တဖြည်းဖြည်း တသင့်ချင်းတိုးလာတဲ့ မိတ္တိအဖေရဲ့ အစီအစဉ် ရှေ့ဆက်ဖြစ်လာနိုင်တဲ့ အလားအလာ။

"ကျွန်တော်တို့ တွက်ထားတာကတော့ အေးမိတ္တိအဖေဟာ ဟိုလူနဲ့စေ့စပ်ဖို့ကိစ္စကို အနှေးနဲ့အမြန် လုပ်တော့မှာပဲ၊ စေ့ စပ်ဖြစ်သွားပြီဆိုတာနဲ့ ကျွန်တော်တို့ဘက်က တပန်းရှုံးသွား တာပဲ"

"သူဘို့အဲဒီလောက်ထိ ရှေ့မတိုးခင် ကျွန်တော်တို့ တခု လုပ်ရမယ်ကိုကို"

လို့ ချစ်အေးကဝင်ပြောတယ်။ ကိုကိုက....

"မင်းတို့က ဘယ်လိုစိတ်ကူးရှိလို့လဲ"

ကျွန်တော်က....

"လက်ရှိအခြေအနေကို ကိုကိုဘယ်လို ထင်လဲ"

"မင်းတို့ပြောတဲ့အတိုင်းဆိုယင် အေးမိတ္တိအဖေဟာ စိတ် ထက်တယ်၊ သူဖြစ်ချင်တာကိုဖြစ်အောင် လုပ်တတ်တယ်၊ ပြီး တော့ စေ့စေ့စပ်စပ်ရှိတယ်၊ တချိန်ထဲမှာပဲ သူ့လိုစိတ်ထား တဲ့ သမီးဖြစ်နေတဲ့အတွက် အတင်းအကျပ် စီစဉ်ချင်တိုင်းစ



ဘူးဆိုတာ သိနေတယ်။ ဒီတော့ အဖေတယောက် အနေနဲ့ အာဏာသုံးသင့်တဲ့အခါ သုံးမယ်၊ ချော့မော့ဖျောင်းဖျသင့်တဲ့ အခါ ဖျောင်းဖျမယ်၊ အဲဒီလို လျှော့လိုက်တင်းလိုက် လုပ်နေ တာကို အေးမိအနေနဲ့ ဘယ်လောက်ထိ တောင့်ခံထားနိုင်မလဲ"

"ကျွန်တော်ကတော့ ဒီအတိုင်း လွှတ်ထားလို့ မဖြစ်တော့ ဘူး ထင်တယ်"

လို့ ချစ်အေးကပြောတယ်။ ခိုးပြေးဖို့အကြောင်း သူပြော မှာလားလို့ ကျွန်တော်ထင်မိတယ်။ မပြောဘူး။ သောင်းမော် ကို လှမ်းကြည့်တော့ သူကလဲ ကိုကို့ကိုပဲ စိုက်ကြည့်နေတာ တွေ့ရတယ်။ ကျွန်တော်ကိုယ်တိုင်က ကိုကို့ကိုသာ အားကိုး နေမိပါတယ်။ ကိုကိုက အေးစက်နေပြီဖြစ်တဲ့ ရေနွေးကို တခါ တည်း မော့သောက်လိုက်တယ်။နောက်တခွက် အဆင်သင့်ထပ် ထည့်လိုက်တယ်။

"ဒီလိုရှိတယ်ကွ၊ ခုဖြစ်နေတာက တော်တော်ပြောရကျပ် တယ်၊ လက်ရှိပုံစံအတိုင်း တော်တော်ကြာအောင် မျှောချင်လဲ မျှောနေမယ်၊ အချိန်မရွေး အရေးတကြီးလဲ ဖြစ်ချင်ဖြစ်လာ နိုင်တယ်၊ ကိုကို့အနေနဲ့ အကြံလဲပေးချင်တယ်၊ ပေးလဲမပေး ချင်ဘူး"

ကျွန်တော် ကိုကိုပြောတာ နားလည်လိုက်တယ်။ ကိုကိုဟာ ကျွန်တော့်ကို မဖြစ်သင့်တာ မဖြစ်ရအောင် အကြံဉာဏ်လဲ ပေးချင်တယ်။ သူပေးတဲ့အကြံဉာဏ်ကြောင့် တခုခုအမှားအ ယွင်းဖြစ်သွားယင် သူ့တန်းကလို ကျွန်တော် ဖြစ်သွားမှာလဲ ကိုယ်ချင်းစာနေပုံရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောသာပြောပါကိုကို၊ မောင်အေး ကိုကို့စကားကို နားထောင်ပါ့မယ်"

ကျွန်တော်ပြောလိုက်တယ်။ ကိုကိုဟာ သူကိုယ်တိုင် ကျွန်တော့်နေရာမှာဝင်ပြီး ခံစားရသလို မျက်နှာထားမျိုး ဖြစ်သွားတယ်။

* * *

နှစ်ဆယ့်ကိုးလမ်းထဲ ကျွန်တော် လျှောက်ဝင်လာခဲ့တယ်။ တိုက်နံပါတ်တွေ လျှောက်ကြည့်တယ်။ မျိုးမျိုးတို့အခန်းကို ရှာတာ။ တနေ့က ကိုကို့ရုံးကို မျိုးမျိုးဖုန်းဆက်တယ်။ မိက ဆက်ခိုင်းတာတဲ့။ ဒီနေ့နေ့လယ် တနာရီလောက် မျိုးမျိုးတို့ အိမ်ကိုလာခဲ့ပါလို့ ကျွန်တော့်ကိုမှာခိုင်းလိုက်တဲ့။ ဒါကြောင့် အခုကျွန်တော်လာခဲ့တာ။

မျိုးမျိုးတို့တိုက်နံပါတ်ကိုတွေ့တယ်။ သူတို့ကမြေညီထပ်မှာ မဟုတ်။ ပထမထပ်မှာ။ လှေကားအတိုင်းတက်ခဲ့တယ်။ ဗယ် ဘက်အခန်း။ ကျွန်တော်စိတ်လှုပ်ရှားနေတယ်။ မိကိုတွေ့ရ တော့မယ်။

တံခါးခေါက်လိုက်တယ်။ မိကလဲကျွန်တော့်တံခါးခေါက် သံကိုပဲ နားစွင့်နေလို့ဖြစ်မယ်။ သိပ်ကြာကြာမစောင့်ရ။ အထဲ က ကန့်လန့်ဖြုတ်သံကြားရတယ်။ တံခါးပွင့်သွားတယ်။ တံခါး



ဝမှာ မိရပ်နေတယ်။ ကျွန်တော်မိကိုစိုက်ကြည့်နေတယ်။ ကျွန်တော့်စိတ်ကူးထဲမှာတုန်းက မိကိုတွေ့တွေ့ချင်း တအားဖက်ပြီး နှုတ်ဆက်လိုက်မယ်လို့၊ ခုကျတော့ ဒီလိုမဟုတ်။ အခန်းထဲက ကုလားထိုင်တလုံးမှာ ထိုင်နေတဲ့ မိသူငယ်ချင်း မျိုးမျိုးကို လှမ်းမြင်လိုက်ရလို့လဲမဟုတ်။ ဖက်ပွေ့နှုတ်ဆက်တာထက် ပိုပြီး အရေးကြီးတဲ့စကားတွေ ပြောရတော့မယ်ဆိုတာ မိ မျက်နှာ ထားကို ကြည့်ခြင်းဖြင့် သိလိုက်ရလို့ပါပဲ။

"အထဲဝင်လေ"

မိကပြောတယ်။ ကျွန်တော်အထဲဝင်လိုက်တယ်။ မျိုးမျိုးက ကျွန်တော့်ကိုပြုံးပြုံးပြီး နှုတ်ဆက်တယ်။ ကျွန်တော်ပြန်ပြုံးပြ လိုက်တယ်။ မျိုးမျိုးက "ကိုအေးမောင်ထိုင်လေ"လို့ ပြော တယ်။ အနီးဆုံးကုလားထိုင်မှာ ဝင်ထိုင်လိုက်တယ်။ နှစ် ယောက်ထိုင် ကုလားထိုင်။ မိက "မောင် မျိုးမျိုးကိုသိတယ် နော်"လို့ ပြောတယ်။

"အင်းလေ၊ ဟိုတခါ ကုန်တိုက်နားမှာ တွေ့ဖူးတာပဲ။ မမျိုးမျိုးကို ကျွန်တော်သိပ်ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ကိုအေးမောင်ရယ်၊ ကျွန်မနဲ့မိနဲ့က ခုနောက် ပိုင်းသာ သိပ်မတွေ့တော့တာ၊ ကျောင်းမှာတုန်းကဆို အမြဲ တွဲခဲ့တာပဲ။ တယောက်အကြောင်း တယောက်သိပြီးသား၊ တယောက်က အကူအညီလိုယင် တယောက်က အမြဲပေးခဲ့ကြ တာပဲ"

'အခု မမျိုးမျိုးက မိဘတွေနဲ့ပဲခနေတာပေါ့ ဟုတ်လား။ လူကြီးတွေကော"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အိမ်အတွင်းခန်းဘက်ကို မျက်လုံးဝေ့ကြည့်ယင်း မေးလိုက်တယ်။ မျိုးမျိုးရဲ့မျက်နှာက ရှက်သလိုဖြစ်သွားပြီး....

"ကျွန်မအမျိုးသားနဲ့ တူတူနေတာပါ"

"ဟုတ်သားပဲ၊ မျိုးမျိုး ကိုချစ်ညွန့်နဲ့ လက်ထပ်လိုက်တာ ဆီမပြောရသေးဘူး"

လို့ မိကဝင်ပြောတယ်။

"အော်....ခု အမျိုးသားကော"

"ရုံးသွားတယ်လေ၊ လေးနာရီခွဲလောက်မှ ပြန်ရောက်မှာ"

ကျွန်တော်တို့ လေးနာရီမခွဲခင်ထိ အေးအေးဆေးဆေး စကားပြောလို့ရတယ်ဆိုတဲ့ သဘောပေါ့။

"ကိုချစ်ညွန့်က သဘောကောင်းပါတယ်၊ ကိုအေးမောင်နဲ့တောင် တခါလောက်တွေ့ချင်တယ်လို့ ပြောပြောနေတာ"

မျိုးမျိုးကို ကျွန်တော် လေးစားသွားတယ်။ ဒီအိမ်ခန်းမှာ လွတ်လွတ်လပ်လပ် နေလို့ရတဲ့အကြောင်း သွယ်ဝိုက်ပြီး ပြောနေတာပါပဲ။

"ကဲ....အေးအေးဆေးဆေး စကားပြောကြအုံး၊ ဘာမှအားမနာနဲ့နော်"

လို့ပြောပြီး ထထွက်သွားတယ်။ သူ့လက်ထဲမှာ ဝတ္တုစာအုပ် ခပ်ထူထူတအုပ်ပါသွားလို့ သူ့အခန်းထဲမှာ စာသွားဖတ်နေတော့မယ်ဆိုတာ သိသာတယ်။

မိက ကျွန်တော့်ဘေးမှာ သာထိုင်တယ်။ ကျွန်တော်တို့နှစ်ယောက် ဘာမှမပြောဖြစ်ကြသေး။ တယောက်ကို



တယောက် တော်တော်ကြာအောင် ငေးကြည့်နေကြတယ်။ မိ တခုခုပြောမလို့ ပြင်နေတုန်းမှာ ကျွန်တော်က အယင်ပြောဖြစ်သွားတယ်။

"မိ နည်းနည်းပိန်သွားတယ်နော်"

"မောင်လဲ ပိန်သွားတာပဲ"

"မိကို လွမ်းလို့ပေါ့"

"မိလဲ မောင့်ကိုအမြဲသတိရနေတာပါပဲ"

မိရဲ့အသံက တိုးတိုးလေး။ ပြီးတော့ လှိုက်လှိုက်လှဲလှဲရှိလှတယ်။ မတွေ့ပဲနေခဲ့ရတဲ့ ရက်တွေအတွင်းမှာ သူဘယ်လောက် စိတ်ဒုက္ခရောက်ခဲ့တယ်၊ ကျွန်တော့်ကို ဘယ်လောက်လွမ်းခဲ့တယ်ဆိုတာ စကားတခွန်းတည်းနဲ့ ပြီးပြည့်စုံအောင် သိသာစေတယ်။ သူ့အသံထဲမှာကိုကအဲဒီအာနိသင်တွေ ပါဝင်နေတယ်။ ပြီးတော့ မိရဲ့မျက်နှာ။ သူ့မျက်လုံးထဲမှာ ခုထိ လွမ်းရိပ်တွေ သမ်းနေတုန်း။ သူ ကျွန်တော့်ကို တချက်ပြန်ကြည့်တယ်။ ကျွန်တော့်မျက်လုံးတွေကိုလဲ သူသိမှာပဲ။ ရင်ထဲက တလှပ်လှပ် ဖြစ်နေတာကိုလဲ သူရိပ်မိပါလိမ့်မယ်။

ကျွန်တော် သူ့ပခုံးပေါ် လက်တဘက်တင်လိုက်တယ်။ နောက်သက်တဘက်က သူ့မေးစေ့ကလေးကို ဖွဖွလေးကိုင်ပြီး ကျွန်တော့်ဘက်ဆွဲလှည့်မလို့။ သို့ပေမယ့် သူပြောလိုက်တဲ့ စကားတခွန်းကြောင့် ကျွန်တော့်လက်က တုံ့ကနဲရပ်သွားတယ်။

"မောင့်ကို မိ ပြောစရာတခုရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



စကားတခုခု ပြောတော့မယ်ဆိုယင် အဲဒီလို စပြောနေကျ ပါ။ ခုတခါကတော့ ဘာအကြောင်းပြောမယ်ဆိုတာ မပြော ခင် စကားပလ္လင်ခံလိုက်ပုံကိုက လေးလေးနက်နက် ရှိနေ တယ်။

"မောင် သိပ်လဲမစိုးရိမ်နဲ့အုံးနော်"

အဲဒီလိုပြောလိုက်ကတည်းက မိပြောမယ့်စကားဟာ စိုးရိမ် စရာတခုခုအကြောင်းပဲဆိုတာ သိလိုက်ရတယ်။

"အခြေအနေ ဘာထူးလို့လဲ မိ"

သူပြောမယ်မှန်းသိရက်နဲ့ မနေနိုင်လို့ မေးလိုက်မိတယ်။

"သိပ်ထူးထူးခြားခြားတော့ မဟုတ်ဘူးမောင်၊ အဲဒီလို ဖြစ်နေပုံကိုက တခုခု ထူးခြားလာတော့မယ်ဆိုတာ သိသာနေ တယ်။ ဖေဖေ့အကြောင်းကို မိသိတယ်၊ ဖေဖေတခုခုကို ကြံတိတ်ပြီး ကြံစည်နေတာဖြစ်ရမယ်။ မိကို အပိုင်ချုပ်ပြီး တုပ် ပြီးဖြစ်အောင် လုပ်မယ်လို့ထင်တယ်"

"ဘယ်လိုလုပ်မယ် ထင်လို့လဲ"

"ဖေဖေကမိနဲ့ကိုမျိုးစင်းစိန်ကို စေ့စပ်ထားယင် မကောင်း ဘူးလားလို့ မေမေ့ကိုမေးတဲ့အကြောင်း မောင်သိပြီးပြီ နော်၊ မိထင်တာကတော့ အဲဒီလို စေ့စပ်ဖို့ကိစ္စကို လူကြီးတွေ အချင်းချင်း သိုသိုသိပ်သိပ်စီစဉ်ကြမယ်၊ အားလုံးပြောပြီး ဆိုပြီးမှ မိကိုဖွင့်ပြောမယ်၊ အဲဒီအခါကျမှ မိကငြင်းယင် အားလုံးပြောပြီးနေပြီ၊ လူကြီးချင်း မျက်နှာပျက်အောင် မလုပ်နဲ့။ စီးပွားဘက်ချင်း မိတ်မပျက်ချင်ဘူးဆိုပြီး မိကို အကျပ်ကိုင်လာလိမ့်မယ်ထင်တယ်"



ကျွန်တော်စဉ်းစားကြည့်တယ်။ တကယ်တမ်း မိတို့ မိဘ တွေက အဲဒီလိုပြောလာခဲ့ယင် မိဘာလုပ်မလဲ။ မိကိုစွန့် ပတ် သက်ပြီး ကျွန်တော် အယင်က အဖေတို့အမေတို့ ကိုကိုတို့က ဘာပြောမလဲဆိုတာ စဉ်းစားခဲ့ဘူးတယ်။ ကျွန်တော်တောင် ကျွန်တော့်မိသားစုကို ထည့်တွက်ခဲ့ယင် မိကကော သူ့မိသား စုကို ထည့်မတွက်ဘူးလား။ ငွေကွက်စရာတွေ ဖြစ်ပေါ်လာယင် သူပြတ်သားနိုင်ပါ့မလား။

"မောင်..."

သူ ခေါ်လို့ ကျွန်တော်လှည့်ကြည့်တယ်။

"ဘာတွေ စဉ်းစားနေတာလဲ"

ကျွန်တော် နည်းနည်းပြုံးပြီး ခေါင်းခါလိုက်တယ်။

"မိ....မောင့်ကို တကယ်ချစ်သလားဟင်"

သူ...ဘာမှ ပြန်မပြော။ ကျွန်တော့်ဘက် နည်းနည်းတိုးပြီး ကျွန်တော့်လက်မောင်းပေါ်မှာ သူ့ကိုယ်ကို မှီလိုက်တယ်။ အယင်က ဆိုယင်တော့ 'ချစ်ပါတယ်....မောင်ရဲ့' ဆိုတဲ့စကားကို ရမချင်း မေးမိမှာပါ။ ခုတော့ ဒီလိုမဟုတ်။ ဒီစကားဟာ သူ့ဖြေစရာ မလိုဘူးဆိုတာ ကျွန်တော်လဲ သဘောတူပါတယ်။

"မိကို....မောင် တခုပြောမယ်"

ဆက်မပြောသေးပဲ သူ့ကို ငုံ့ကြည့်လိုက်တယ်။

သူသူလဲ ကျွန်တော့်ကို ပြန်မော့ကြည့်နေတယ်။ သူ့ မျက်လုံးတွေက ကျွန်တော့်ကို အားကိုးသလို ကြည့်နေတယ်။ ကျွန်တော်သိလိုက်ပြီ။ ခါတိုင်းလို 'မိဘာသာ ကြည့်ရှင်းပါ့

www.burmeseclassic.com



မယ်'လို့ သူပြောမှာ မဟုတ်တော့ဘူး။ သူ့အကြည့်က ဘာလုပ်ကြမလဲဆိုတာ အကြံဉာဏ်တောင်းချင်နေတဲ့အကြည့်။

“မိရဲ့ စာကိုရတော့ မောင်ရယ်....၊ သောင်းမော်ရယ်၊ ချစ်အေးရယ်၊ ကိုကိုရယ် တိုင်ပင်ကြတယ်၊ မောင်တို့ ခန့်မှန်းမိသလောက်ဆိုယင် အခြေအနေဟာ မကြာခင်မှာ ရှုတ်တရက်ပေါက်ကွဲတော့မယ်လို့ ထင်တယ်၊ ခု မိပြောပုံအရဆိုယင်လဲ စေ့စပ်ဖို့ကိစ္စကို အနေးနဲ့အမြန်ဆိုသလို စီစဉ်တော့မှာပဲ။ အဲဒီတော့....

ကျွန်တော် ဆက်မပြောပဲ မိကို....စေ့စေ့ကြည့်လိုက်ပြန်တယ်။ မိက ကျွန်တော်ဆက်ပြောမယ့်စကားကိုရင်တထိတ်ထိတ်နဲ့စောင့်မျှော် ငံ့လင့်နေတဲ့ပုံ။

“မောင်တို့ ပြောကြယင်းရဲ့ ကိုကိုက အကြံပေးတာပါ၊ မိနဲ့ မောင်နဲ့ တရားရုံးတခုခုမှာ တိတ်တိတ်လက်မှတ်ထိုးပြီး လက်ထပ်ထားကဖို့”

မိက အရမ်းအံ့သြသွားပုံမပြ။ ကျွန်တော်ကထင်တယ်။ သူက ခိုးပြေးကြဖို့ ကျွန်တော် ပြောလိမ့်မယ်လို့ ယူဆထားပုံရတယ်။ ခိုးပြေးတာထက်စာယင် လက်မှတ်ထိုးထားတာက နည်းနည်းပိုပြီး ဣန္ဒြေရတယ် မဟုတ်လား။

“ဖြစ်ပါ့မလား မောင်ရယ်၊ မိကြောက်တယ်”

ပြောယင်းနဲ့တောင် သူ... ကျွန်တော့် လက်မောင်းကိုဆုပ်ကိုင်ဖျစ်ညှစ်လိုက်သေးတယ်။

“ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ မိကသာ ခေါင်းညိတ်လိုက်သိုသိုသိပ်သိပ်ဖြစ်အောင် မောင်တို့ စီစဉ်မှာပေါ့”



သူ တွေနေတယ်။ ခဏနေတော့မှ ‘မဖြစ်သေးပါဘူးကွယ်’ လို့ ခပ်ညည်းညည်းပြောတယ်။

“မိ စဉ်းစားကြည့်၊ အဲဒီလို လုပ်ထားမှ မောင်တို့ဘက်ကအပိုင်မှာ၊ ဒီတော့မှသာ အိမ်က အတင်းအကျပ် လုပ်လာယင် မောင်တို့ဘက်က တကွက်သာပြီးသား ဖြစ်နေမှာ”

“မောင်က....မိကို မယုံလို့လားဟင်၊ အရေးအကြောင်းရှိလာယင် မိ တွေဝေသွားလိမ့်မယ်လို့ မောင်ထင်လို့လား”

“မိကို....မယုံတာ မဟုတ်ပါဘူးလေ၊ မောင့်ကိုယ်မောင် မယုံတာပါ”

“ဘာ....မောင့်ကိုယ်မောင်....”

“ဟုတ်တယ်၊ အဲဒီလမ်းကို မလိုက်ယင် တခြားနည်းလမ်းတခုခုကို လိုက်ရတော့မယ်၊ မောင်တခုခုတော့ လုပ်မှဖြစ်တော့မယ်၊ မိကို မောင် စွန့်လွှတ်နိုင်မလားလို့ အကြိမ်ကြိမ် စဉ်းစားကြည့်တယ်၊ အမြဲတမ်း ထွက်လာတဲ့အဖြေကတော့ မောင် မိကို မစွန့်လွှတ်နိုင်ဘူး။ မိနဲ့ မခွဲနိုင်ဘူး၊ မိကို ရအောင်ယူမှဖြစ်မယ်၊ ဒီနည်းကို မိလက်မခံဘူးဆိုယင် တခြားနည်းတခုခုကို လုပ်ရမှာပဲ၊ ဘာရှိမလဲ။ မိကို ခိုးပြေးဖို့ပဲရှိတယ်၊ လောလောဆယ်မှာ ခိုးပြေးတဲ့အဆင့်ကို မောင်မရွေးချင်သေးဘူး၊ မောင် ဖြစ်စေချင်တာက ခု လက်မှတ်ထိုးပြီး လက်ထပ်ထားမယ်၊ မိက ဟိုလူနဲ့ စေ့စပ်ဖို့ကိစ္စကို အတတ်နိုင်ဆုံးအချိန်ဆွဲထား၊ ဒီကြားထဲမှာ မောင် ငွေစုမယ်၊ ပိုပြီး အခြေခိုင်အောင် ကြိုးစားမယ်၊ မောင့်ဘက်က အဆင်သင့်ဖြစ်ပြီဆိုတာနဲ့ မိကို မောင် ခိုးမယ်၊ တခုရှိတယ်နော်....မိ၊ တကယ်လို့ အခု ချက်ချင်းခိုးမှဖြစ်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုယင်လဲ မောင်ခိုးမှာပဲ၊ မောင်ကတော့ နောက်မဆုတ်နိုင်တော့ဘူး”

မိက ဘာမှပြန်မပြော၊ ကျွန်တော့် ပခုံးပေါ်မှာ ခေါင်းကို မှီထားလျက်ပဲ၊ ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ထားလျက်ပဲ၊ ကျွန်တော် ဆက်ပြောတယ်....

“အဲဒါပါပဲမိ၊ မောင့်ကိုမောင် မယုံဘူးဆိုတာ၊ ခုလို မောင့်ဘက်ကပိုင်အောင် လုပ်မထားနိုင်ယင် မိကို မောင် လက်လွှတ် ဆုံးရှုံးရလိမ့်မယ်လို့ မောင့်စိတ်ထဲမှာ စွဲလမ်းနေတယ်၊ ဘယ်ပြောနိုင်မလဲကွာ”

မိက တခုခုပြောမလို့ပြင်တယ်၊ သို့ပေမယ့် သူမပြောပြန်ဘူး။ ကျွန်တော် သိပါတယ်။ ‘ခု လက်မှတ်ထိုးမထားပါနဲ့အုံး၊ စောင့်ကြည့်ပါအုံး၊ အိမ်က အတင်းအကျပ်လုပ်လာပြီဆိုယင် မောင် ခေါ်တဲ့နောက်ကို မိလိုက်ပါ့မယ်လို့ ကတိပေးပါတယ်’ လို့ သူ ပြောမလို့။

“မောင်....ပြောခဲ့ပါပြီကော၊ မိကို မယုံတာမဟုတ်ဘူး၊ မောင့်ကိုမောင် မယုံတာပါလို့၊ မောင့် အစီအစဉ်ကို မိသက်မခံဘူးဆိုယင် ခုပဲ မိကို....မောင် ခေါ်သွားရလိမ့်မယ်”

မိကတော့ ‘မောင်ရယ်’ လို့ တခွန်းတည်းပဲ ညည်းနိုင်တော့တယ်။ ကျွန်တော့် လက်မောင်းကိုလဲ ပိုပြီးတင်းဘင်းကျပ်ကျပ် ဆုပ်ကိုင်ထားတယ်။

မျက်နှာကျက်မှာ တပ်ထားတဲ့ ပန်ကာရဲ့ လည်ပတ်သံက သက်ပြင်းရှည်ကြီးတခုကို အဆက်မပြတ် ချနေသလိုပါပဲ။

✻ ✻



ကားက စတေရှင်ဝက်ဂွန် အမျိုးအစား။ နောက်ခန်းက မှန်ပြူတင်းတွေ ဘာတွေ မရှိ။ အလုံပိတ်။ အပြင်ကနေလဲ အထဲကို မမြင်ရ။ အထဲကလဲ အပြင်ကို မမြင်ရ။ မှန်ပေါက် ဆိုလို့ နောက်ပိတ်တံခါးက တပေပတ်လည်လောက်ရှိတဲ့ မှန်ကလေး နှစ်ကွက်ပဲ ရှိတယ်။ ကိုကို စီစဉ်လာတဲ့ ကားပါပဲ။

ရှေ့ခန်းမှာ မောင်းတဲ့ လူရယ်၊ ကိုကိုရယ်၊ သောင်းမော်ရယ် ထိုင်ကြတယ်။ နောက်ခန်းမှာက ကျွန်တော်ရယ်၊ မိရယ်၊ ဝင်းဝင်းသိန်းရယ်၊ သန်းသန်းရယ်၊ ချစ်အေးရယ်၊ မျိုးမျိုးရယ်၊ ကားက ကုရှင်တွေ၊ ဘာတွေ ရှိတာမဟုတ်။ ကြမ်းထိုင်ခုံတန်းကလေးတွေနဲ့ ထိုင်ရတာ။ ဘာပဲဖြစ်ဖြစ် ကိုကို ဒီကားကို

www.burmeseclassic.com

ဟာခဲ့တာတာ အဆင်ပြေတယ်။ ထားက လုံခြုံတော့ အပြင်က မမြင်နိုင်ဘူး။ ကျွန်တော်တို့ ဒီနေ့ လုပ်ရမယ့် အလုပ်ကလဲ အထောက်နိုင်ဆုံး လူမြင်မခံမှ ကောင်းမယ် မဟုတ်လား။

ကားက မြို့အစွန်ကို မောင်းနေတယ်။ ကျွန်တော်တို့ စကား သိပ်မပြောကြ။ ခါတိုင်း အလွန်စကားများတဲ့ ချစ်အေးတောင် မှ ငြိမ်နေတယ်။ တခါတခါကျမှ ကိုကိုက နောက်ကိုလှည့်ပြီး တခွန်း နှစ်ခွန်း လှမ်းပြောတယ်။

မိက ဘယ်သူ့ကိုမှလဲ မကြည့်ဘူး။ ဘာမှလဲ မပြောဘူး။ မျက်လွှာကလေး ချပြီး နေတယ်။ ကျွန်တော်ကတော့ မကြာ ခဏ ဆိုသလို မိ မျက်နှာကို လှမ်းလှမ်းပြီး ကြည့်မိတယ်။ ကျွန်တော့် စိတ်ထဲမှာ ဘာတွေဖြစ်နေသလဲ။ သိပ်ပျော်နေသလား။ မဟုတ်ဘူး။ သိပ် စိတ်လှုပ်ရှားနေသလား၊ မဟုတ်ဘူး။ သိပ် စိုးရိမ်နေသလား၊ မဟုတ်ဘူး၊ ဒါဖြင့်ယင် စိတ်ချလက်ချနဲ့ ဖြစ်နေလို့ ခပ်အေးအေး ဖြစ်နေတာလား။ ဒါလဲ မဟုတ်ပြန် ဘူး။ အမှန်တော့ ကျွန်တော် အဲဒါတွေ အားလုံးကို သတိမရ နိုင်လောက်အောင် ဖြစ်နေတာပါ။ ကျွန်တော် ဘာကို တွေး နေသလဲဆိုတော့ ဘာကိုမှ မတွေးဘူး။ ဦးနှောက်ထဲမှာ ဟာလာ ဟင်းလင်း။

ကားရပ်လိုက်တယ်။ ကိုကို ဆင်းသွားတယ်၊ သောင်းမော် က ကိုကိုနဲ့ လိုက်သွားတယ်။ ခဏကြာတော့ သောင်းမော်က ကျွန်တော်တို့ကို လာခေါ်တယ်။ ကားပေါ်က ဆင်းလိုက်ကြ ပြီးတော့.... မြို့နယ်တရားရုံးဆီကို လျှောက်သွားကြတယ်။ ကျွန် တော်ရယ်၊ သောင်းမော်ရယ်၊ ချစ်အေးရယ်က ရှေ့က၊ နောက်က တော့ မိရယ်၊ မျိုးမျိုးရယ်၊ ဝင်းဝင်းသိန်းရယ်၊ အန်းအန်း ရယ်။ လျှောက်နေယင်းက လှည့်ကြည့်လိုက်တော့ မိဟာ ညာ အိပ်နေယင်းက ယောင်ပြီး လမ်းထလျှောက်နေသလိုမျိုးဖြစ်နေ တယ်။ ကျွန်တော်ကကော။ အိပ်မက် မဟုတ်မှန်းတော့ သိ တယ်။ သို့ပေမယ့်.... အိပ်မက်ထဲမှာလိုပဲ။

ဖြစ်ဖူးကြသလား မသိ....။ မျှော်လင့်ချက်တခုကို ကြိုတင် စဉ်းစားကြည့်တဲ့အခါ သိပ်ပျော်ရာကောင်းမှာပဲလို့ ထင်ခဲ့ ပေမယ့် တကယ်တမ်း ဆန္ဒပြည့်ဝသွားတဲ့အခါ ထင်သလောက် ပျော်စရာမကောင်းသလိုကြီး ဖြစ်နေတတ်တာ။ နောင်အချိန် ကြာလာလို့ ပြန်စဉ်းစားကြည့်တဲ့အခါကျတော့လဲ အဲဒီတုန်းက သိပ်ပျော်စရာကောင်းတာပဲလို့ ထင်ချင် ထင်မိလိမ့်မယ်။ အဲဒါ ဘာသဘောလဲ။ တကယ်တော့ ပျော်ရလွန်းတဲ့အခါ ပျော်မှန်း တောင် သတိမရနိုင်တော့တဲ့ သဘောပါ။ ကျွန်တော်တို့ နှစ် ယောက်လဲ ဒီလိုပဲ။ စိတ် လှုပ်ရှားရလွန်းလို့ စိတ်လှုပ်ရှားမှန်း တောင် သတိမရနိုင်တော့....။

* * *

ကိုကိုက ရုံးရဲ့ အပြင်ခန်းမှာ စာရေးနဲ့တူတဲ့ လူတယောက် နဲ့ စကားပြောနေတယ်။ ကိုကို့ လက်ထဲမှာတော့ အဆင်သင့် လက်နှိပ်စက်နဲ့ ရိုက်ပြီးသား လက်ထပ်စာချုပ် [illegible]။ အဲဒီ

www.burmeseclassic.com



လက်ထပ်စာချုပ်နှစ်ခုကို မြင်မှ ကျွန်တော် လုံးလုံးလျားလျား သတိဝင်လာတယ်။ ကျွန်တော်တို့ လက်ထပ်ကြတော့မှာပါလား။ အဲဒီအခါကျတော့မှပဲ ကျွန်တော့်ရင်ခုန်သံကို ပြန်ကြားလာရတော့တယ်။ ပတ်ဝန်းကျင်မှာရှိတဲ့ အရာတွေ၊ လူတွေ၊ လှုပ်ရှားမှုတွေကို မှတ်မှတ်သားသား ပြုနိုင်လာတော့တယ်။

မိကတော့ မျက်လုံးကလေးကလယ်ကလယ် လုပ်နေတုန်းပဲ။ စနေနေ့တွေမှာ လူကြီးတွေနဲ့ ရုံးကို လိုက်လာတတ်တဲ့ ကလေးတယောက်လို ဖြစ်နေတယ်။ သူလဲ ကျွန်တော့်လိုပဲပေါ့။ ဘာတွေ ဖြစ်နေတယ်ဆိုတာ သိလဲ သိမယ်။ အိပ်မက် မက်နေသလိုလဲ ခံစားနေရမယ်။ ကျွန်တော် သူ့ရှေ့မှာ ရပ်လိုက်ပြီးတော့....

"မိ....ကြောက်နေသလား ဟင်"

မိလဲ ကျွန်တော့် စကား ကြားမှ ဆတ်ကနဲ တုန်သလို ဖြစ်ပြီး အသိတရား ပြန်ဝင်လာပုံရတယ်။

"မကြောက်တော့ မကြောက်ပါဘူး၊ ဒါပေမယ့် မိ စိတ်တွေ အချမ်းလှုပ်ရှားနေတယ်"

"မောင်တို့ လက်ထပ်ရတော့မယ် နော်...."

မိက ခေါင်းညိတ်ပြတယ်။ ကိုကိုတို့ဘက်ကို လှမ်းကြည့်လိုက်တော့ သက်သေ အဖြစ်နဲ့ တယောက်ပြီး တယောက် လက်မှတ်ထိုးနေကြတာ တွေ့ရတယ်။ ကိုကိုက စပြီး မျိုးမျိုး ထိ ပါလာတဲ့ လူ အားလုံး လက်မှတ်ထိုးကြတယ်။ ပြီးတော့ စာရေးက တရားသူကြီးတွေ အခန်းထဲဝင်သွားကြတယ်။ သူတို့



တွေ ကျွန်တော်တို့ဆီ လျှောက်လာကြတယ်။ ချစ်အေးက မိ ကို ပြောတယ်။

"ဒီမှာ....အေးမိ၊ သေသေချာချာစဉ်းစားအုံးနော်၊ အချိန်ရှိသေးတယ်။ လက်မှတ်ထိုးပြီးမှဆိုယင် ပြင်လို့ မလွယ်ဘူး။ ငါတို့က စေတနာနဲ့ သတိပေးတာ၊ တော်ကြာ နင် ဒီကောင်နဲ့ ယူပြီးယင် တဖားဖားဖြစ်နေမှာစိုးလို့...."

"ဘာ တဖားဖားလဲ ကွ...." လို့ ကိုကိုက ဝင်မေးတယ်။

"လင်ဆိုးမယား တဖားဖားဆိုတာ.... မကြားဖူးဘူးလား ကိုကိုရ"

လို့.... ချစ်အေးက ပြန်ပြောတယ်။ သောင်းမော်ကလဲ ...

"အမယ်.... ဒါဆို ငါကလဲ သန်းသန်းကို သတိပေးရအုံးမယ်၊ နင်လဲ နှံ့သမားပါးလို ပိန်လိုက် ဖောင်းလိုက်ဖြစ်နေမှာပါ။ ဖွဲ့သမား မယား၊ နှံ့သမားပါး တဲ့....စကားပုံတောင်ရှိသေး"

ချစ်အေးက အားကျမခံ ပြန်ပြောတယ်။

"အေး....ဝင်းဝင်းသိန်းလဲ မလွယ်ဘူး၊ အရူးကို လင်လုပ်သလို ဖြစ်တော့မှာပဲ"

ဒီကောင်တွေက ကျွန်တော်တို့နှစ်ယောက် စိတ်လှုပ်ရှားနေတာကို အာရုံပြောင်းသွားအောင် ဝိုင်းနောက်နေကြတာလေ။ ဒီအချိန်မှာ အခန်းထဲက ခုန...စာရေးထွက်လာပြီးတော့.... "ကဲ.... အထဲကို ဝင်ကြပါ" လို့ ပြောတယ်။ ကျွန်တော်တို့ နှစ်ယောက်ကို မိန်းကလေးတွေက တဘက်၊ ယောကျ်ားလေးတွေက တဘက် ခြံရံပြီး လိုက်လာကြတယ်။ ကျွန်တော့် အေးက တို့။

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးရဲ့ အတွင်းခန်းထဲက စားပွဲရှည်ကြီးတလုံးရဲ့နောက်မှာ ထိုင်နေတဲ့ တရားသူကြီးသုံးယောက်ကို မြင်လိုက်ရတဲ့အခါ ကျွန်တော့် ရင်တွေ တဒုံးဒုံး ပြန်ခုန်လာပြန်တယ်။ မိကို လှည့်ကြည့်ပြီးတော့.... ကျွန်တော် အံ့ဩသွားတယ်။ ချီးလဲ ချီးကျူးမိတယ်။ မိက လုံးဝ ကြောက်လန့်နေပုံ မပြဘူး။ စိတ်လှုပ်ရှားနေပုံလဲ မရတော့ဘူး။ မိန်းကလေးတွေနဲ့ ယောကျ်ားလေးတွေ အဲဒါကွာသလား မသိ။ ခုချိန်ကျတော့.... မိက ကျွန်တော့်ထက် ပိုပြီး ရဲရင့်နေပြန်တယ်။

တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက လက်ထပ်စာချုပ်တွေကို ကြည့်ပြီး 'အမယ်၊ သက်သေတွေက များလှချည်းလား လို့ ပြောယင်း ပြုံးတယ်။ ပြီးတော့....

''ကဲကဲ....ထုံးစံအတိုင်း မေးရအုံးမယ်၊ ကလေးမ အဲ— မခင်အေးမိက ဒီက မောင်အေးမောင်နဲ့ တရားဝင်လက်ထပ်ဖို့ ကိစ္စမှာ ငါ့တူမသဘောနဲ့ ငါ့တူမ ဆုံးဖြတ်တာလား၊ မောင်အေးမောင်က ခြိမ်းခြောက်ပြီး၊ ဒါမှမဟုတ် ဖြားယောင်းသွေးဆောင်ပြီး လက်မှတ်ထိုးခိုင်းလို့လား''

မိကဘာမှ ပြန်မပြောပဲ 'ခစ်ကနဲ' ရယ်လိုက်တယ်။ တရားသူကြီးက မျက်ခုံးကိုပင့်လိုက်ပြီး....

''အေးအေး....ရှင်းသွားပါပြီကွယ်၊ သို့သော်လည်း တရားဥပဒေသဘောအရတော့ မေးယင် ပါးစပ်နဲ့ဖြေမှ တရားဝင်တယ်ကွယ့်''

ကျွန်တော်က မိကိုလှည့်ကြည့်လိုက်တယ်။ မိက ရှက်ပြုံးက



လေး ပြုံးနေတုန်းပဲ။ မျိုးမျိုးက 'မိပြောလိုက်လေ'လို့ ပြောတော့မှ....

''ဟုတ်ကဲ့....ကျွန်မ သဘောတူလို့ပါ''

''ကဲ....ဒါဆို လက်မှတ်ထိုးကြ''

ကျွန်တော်က အယင်လက်မှတ်ထိုးရတယ်။ မနေ့ညကတုန်းက သေသေချာချာ လေ့ကျင့်ထားရက်သားနဲ့ ခုတကယ်လက်မှတ်ထိုးတဲ့အခါကျတော့ လက်ကတုန်နေလို့ သေတ်ကို ဆွဲလိုက်တာ နည်းနည်းတွန့်သွားသေးတယ်။ မိကိုတော့ ကျွန်တော် လက်ဖျားခါတယ်။ စာချုပ်နှစ်ခုကိုဆွဲယူပြီး လက်မှတ်ထိုးလိုက်တာ ရှိကနဲရှိကနဲနေတာပဲ။ တချက်မှ မတုံ့ဘူး။

လက်မှတ်ထိုးပြီးကြတော့ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက ဩဝါဒစကား ပြောပြန်တယ်။

''ရှည်ရှည်ဝေးဝေး မပြောတော့ပါဘူးကွယ်၊ မင်းတို့လဲ အရွယ်ရောက်နေကြပြီပဲ၊ စဉ်းစားဆင်ခြင် တတ်ကြမှာပေါ့၊ ဦးလေးပြောချင်တာကတော့ ငါ့တူနဲ့တူမတို့ ဒီရုံးကိုနောက်တကြိမ် မလာကြပါနဲ့လို့၊ နားလည်ကြသလား ဦးလေးပြောတာ၊ ဒီလိုကွယ့် မိန်းကလေးတယောက်နဲ့ ယောကျ်ားလေး တယောက်ဟာ တခါလက်မှတ်ထိုးပြီးယင် တရားဝင် အကြင်လင်မယား ဖြစ်သွားကြပြီ၊ နောက်တခါ ထပ်ပြီး လက်မှတ်ထိုးဖို့မလိုအပ်ဘူး၊ အဲ....ကွာကြရှင်းကြတော့မယ်ဆိုမှ တရားရုံးကို ထပ်လာဖို့လိုအပ်တယ်၊ ဒါကြောင့် နောက်တခါ ဒီရုံးကို မလာကြပါနဲ့လို့ ပြောတာ၊ ရှင်းရဲ့လားဟေ့....''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"လို့ ကျွန်တော်တို့နှစ်ယောက် ပြိုင်တူပြောလိုက်တယ်...."

"အေးအေး....ဒါပါပဲကွယ်၊ သွားနိုင်ကြပါပြီ"

ပြည်သူ့တရားရုံးထဲက ထွက်လာကြတဲ့အခါ အားလုံးရဲ့ ခြေလှမ်းတွေဟာ သွက်လက်နေကြတယ်။ မျက်နှာတွေအားလုံးကရွှင်ပြုံးလို့။ ကိုကိုက ကျွန်တော့်ပခုံးကို ဖက်ပြီး လိုက်လာတယ်။

"တရားသူကြီးက ပြောလိုက်တယ်မဟုတ်လား၊ အေးမောင်နဲ့ အေးမိတို့ကို နောက်တခါ ဒီရုံးကိုမလာရစေနဲ့လို့၊ ဒါပေမယ့် ငါကြိမ်းသေပြောရဲတယ်ကွာ၊ သူတို့ ဒီရုံးကိုထပ်လာကြရအုံးမှာပဲ"

ချစ်အေးက ခပ်တည်တည်ပြောလိုက်လို့ အားလုံးက သူ့ကို ပြူးပြူးပြာပြာ ဝိုင်းကြည့်ကြရတယ်။ သောင်းမော်က မင်းဘာတွေ လျှောက်ပြောနေတာလဲ ဆိုတဲ့သဘောမျိုး ဘုကြည့်ကြည့်လိုက်သေးတယ်။ ချစ်အေးကတော့ ဘယ်သူ့မှ ဂရုမစိုက်ပဲ....

"ငါတကယ်ပြောတာကွ၊ စဉ်းစားကြည့်ပါလား၊ ငါနဲ့ သန်းသန်းနဲ့ လက်ထပ်တဲ့အခါကျယင် မင်းတို့လဲ သက်သေအဖြစ် လိုက်လာရအုံးမှာပဲ မဟုတ်လား၊ အဲဒီအခါကျတော့ ဒီရုံးကို တခါထပ်ရောက်ရအုံးမှာပဲ မဟုတ်လား"

လို့ ပြောလိုက်တော့မှ အားလုံး ရယ်ကြရတော့တယ်။ သန်းသန်းက 'တော်တော်မျက်နှာပြောင်တယ်' ဆိုပြီး ချစ်-



အေးကို ဆွဲဆိတ်တယ်။ ကိုကိုကတော့ လေသံအေးအေးအေးလေးနဲ့ ဝင်ပြောလိုက်တယ်။

"မင်းတို့ ကာယကံရှင်နှစ်ယောက်တော့ မသိဘူးကွာ၊ အကျက်သေလုပ်ရတဲ့ငါတော်င် လက်မှတ်ထိုးရတဲ့အခါ သိပ်စိတ်တွေ လှုပ်ရှားမိတယ်"

ကျွန်တော် ကိုကို့ကိုဖြတ်ကနဲ လှမ်းကြည့်လိုက်တယ်။ ကိုကို့မျက်နှာကပြုံးလို့။ ကျွန်တော် ဝမ်းသာဝမ်းနည်းကြီး ဖြစ်သွားရပါတယ်။

* * *

ပြီးတော့ ကျွန်တော်တို့အားလုံး မျိုးမျိုးတိုက်ခန်းကို သွားကြတယ်။ လမ်းမှာခေါက်ဆွဲကြော်တွေ ဝင်ဝယ်သွားသေးတယ်။ အသွားကတည်းက မှာသွားတာ။ အပြန်ကျတော့ ခေါက်ဆွဲထုပ်တွေ ဝင်ယူယုံပဲ။ အဲဒါတွေအားလုံး ကိုကိုစီစဉ်တာပေါ့။ ကိုကို့ကိုတော့ အားလုံးက အောချယူရတယ်။ ခါတိုင်းတုန်းကဆိုယင် ကိုကိုဟာ အေးအေးဆေးဆေး လူရိုးလူအကြီးလို နေခဲ့တာမဟုတ်လား။ ခုကျတော့ အစီအစဉ်တွေအားလုံးကို လုပ်သွားခဲ့တာ ကွက်တိပဲ။ ပြီးတော့ ကိုကိုဟာ အားမ်းကို သွက်လက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ သိပါတယ်။ ကိုကိုဟာ သူ့တုန်းက မရခဲ့လိုက်တဲ့အခွင့်အရေးကို ကျွန်တော့်ကို ရစေချင်တယ်။ တကယ်ဆိုယင် ခုလို ခိုးကြောင်ခိုးဝှက်လုပ်ရတဲ့ ကိစ္စမျိုးဟာ ကိုကိုနဲ့ သိပ်မလိုက်ဖက်လှပါဘူး။ သို့ပေမယ့် ကိုကိုဟာ ကျွန်တော့်ကို သူ့အဖြစ်မျိုးဖြစ်မှာ စိုးရိမ်ခဲ့တယ် မဟုတ်သား။ သူ့တုန်းက စွန့်လွှတ်ဆုံးရှုံးခဲ့ရတဲ့ ကြေကွဲမှုကို ကျွန်တော့် အလှည့်မှာ ပုံအောပြီး အတိုးချကူညီနေတာသို့ ကျွန်တော် သိနေတယ်။ ပြီးတော့လဲ ခုချိန်မှာ ကိုကိုဟာ သူ့အဖြစ်ကို ကျွန်တော့်အဖြစ်နဲ့ နှိုင်းယှဉ်ကြည့်ပြီး ဝမ်းနည်းနေတာမဟုတ်။ ကျွန်တော် သူ့လို မဆုံးရှုံးနိုင်ဘူးဆိုတာကို မျှော်လင့်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ တက်တက်ကြွကြွဖြစ်နေတာပါ။ ကိုကို့ကို ကျွန်တော်သိပ်ချစ်တယ်။

မျိုးမျိုးတို့အခန်းမှာ ခေါက်ဆွဲစားကြယင်း ပျော်ပျော်ပါးပါး စကားပြောဖြစ်ကြတယ်။ မျိုးမျိုးကလဲ လီမွန်ဘာလီ ရည်တွေ ဖျော်တိုက်တယ်။ စားသောက်ပြီးကြတော့ ကိုကိုနဲ့ တကွ သူငယ်ချင်းတွေအားလုံး ပြန်သွားကြတယ်။ ကျွန်တော်နဲ့ မီကိုတော့ မျိုးမျိုးအခန်းမှာပဲ ထားခဲ့တယ်။ ခုလိုအချိန်မျိုးမှာ နှစ်ယောက်ထဲနေပြီး တယောက်မျက်နှာ တယောက်ကြည့် နေချင်ကြမှာပဲဆိုတာ သူတို့သိကြလို့ ရှောင်ပေးတဲ့ သဘောပေါ့....။

"မင်းတို့ အသစ်စက်စက်ငနီးမောင်နှံ အေးအေးဆေးဆေး စကားပြောကြပေါ့ကွာ၊ ငါတို့ရှိနေယင် မလွတ်လပ်မှာစိုးလို့ပေါ့...."



လို့ ချစ်အေးက နှုတ်ဆက်ယင်း ပြောသွားသေးတယ်။ ကျွန်တော့်စိတ်ထဲမှာ တကယ်ပဲ မင်္ဂလာဦးညမှာ သူငယ်ချင်းတွေ နှုတ်ဆက်ပြီးထွက်သွားကြတော့ နှစ်ယောက်တည်း ကျန်ရစ်သလို ခံစားလိုက်ရသေးတယ်။ တကယ်တော့ ဒီလိုမဟုတ်။ ခုနေရာက မျိုးမျိုးရဲ့အိမ်ခန်း။ ပြီးတော့ ကျွန်တော်တို့ နှစ်ယောက်တည်းမဟုတ်။ မျိုးမျိုးလဲရှိနေတယ်။ ခဏကြာတော့ မျိုးမျိုးလဲ အယင်တုန်းကလို စာအုပ်တအုပ်ယူပြီး အိပ်ခန်းထဲ ဝင်သွားတယ်။

ဒီတော့မှ ကျွန်တော်လဲ မိရဲ့ဘေးနားမှာ ဝင်ထိုင်လိုက်တယ်။ မိရဲ့လက်ဖဝါးကလေးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိတယ်။ ကျွန်တော့်စိတ်ထဲမှာ တမျိုးပဲ။ မိနဲ့ ကျွန်တော်ဟာ လက်ထပ်ပြီးကြပြီ။ တရားဥပဒေသဘောအရ ဆိုယင်တော့ ကျွန်တော်တို့နှစ်ယောက်ဟာ လင်မယားဖြစ်နေကြပြီ၊ ဘယ်လောက် ထူးဆန်းသလဲ။ ကျွန်တော်တို့ဟာ ဆောင်တိန် စမ်းတဲ့အခါဖြစ်ဖြစ်၊ ပျင်းလို့ပဲဖြစ်ဖြစ် စာရွက်လွတ်ပေါ်မှာ လက်မှတ်တွေလျှောက်ထိုးတတ်ကြတယ်။ အဲဒါ တွေကျတော့ ဘာမှအကျိုးသက်ရောက်မှု မရှိဘူး။ လက်မှတ်ထိုးတာချင်းအတူတူ၊ ခု စာချုပ်ကလေး နှစ်ချပ်ပေါ်မှာ လက်မှတ်ကလေးနှစ်ခု ထိုးလိုက်တာကျတော့ ဘယ်လောက် ပြောင်းလဲသွားသလဲ။

ထိုးမြဲလက်မှတ်လို့ ခေါ်တဲ့ ကွေ့ကွေ့ကောက်ကောက် ဆန်းပြိုင်ထွေးထွေး အစင်းအကြောင်းကလေးတွေကို စာရွက်ပေါ်မှာ ရေးခြစ်လိုက်ရုံနဲ့ ဘဝမှာအပြောင်းလဲကြီး ပြောင်း

www.burmeseclassic.com



လဲသွားတာပဲ။ လမ်းကြောင်းကို တဆစ်ချိုး ကွေ့လိုက်ရသလိုပါ။

ရုပ်ပိုင်းအရ ပြောမယ်ဆိုယင်တော့ ကျွန်တော်တို့ နှစ်ယောက်ဟာ ဘာမှမဖြစ်ကြသေး။ တူတူလဲ မနေရသေး။ ကျွန်တော့်စိတ်ထဲမှာလဲ မိကို ကျွန်တော့်ဇနီးလို မြင်ကြည့်လို့ မရနိုင်သေးပါ။ သမီးရည်းစားလို သဘောထားနေဆဲ။ သို့ပေမယ့် လက်ထပ်စာချုပ်အရဆိုယင်ကျွန်တော်တို့နှစ်ယောက်ဟာ တရားဝင် အကြင်လင်မယား ဖြစ်နေကြပါပြီတဲ့။

"မိ"

ကျွန်တော်ခေါ်လို့ မိက မော့ကြည့်တယ်။

"မောင်တို့ လက်ထပ်ပြီးကြပြီနော်"

မိ ခေါင်းညိတ်တယ်။

"မိရဲ့စိတ်ထဲမှာ ဘယ်လိုထူးခြားသွားလဲဟင်"

"ဘာကိုပြောတာလဲ၊ မောင်က"

"ဒီလိုလေ၊ ခုလို လက်ထပ်စာချုပ် ချုပ်လိုက်တဲ့အတွက် မိစိတ်ထဲမှာ ဘယ်လိုများ ထူးထူးခြားခြား ပြောင်းလဲသွားသလဲလို့ မေးတာ"

"မိ အမှန်အတိုင်းဖြေမယ်နော်"

"ဖြေပါ...မောင်ကလဲ အမှန်အတိုင်း သိချင်တာပဲဟာ"

"မိစိတ်ထဲမှာတော့ ဘယ်လိုမှ မထူးခြားပါဘူး၊ မိကိုယ်မိ အိမ်ထောင်ကျသွားပြီလို့လဲ မထင်မိဘူး၊ မောင်....စိတ်မဆိုးနဲ့နော်"

"မောင် နားလည်ပါတယ်ကွယ်"



"တကယ်တော့ ခုလို လက်ထပ်စာချုပ်လုပ်ရတာက ကိုယ့်ဘက်က တရားဝင်အောင်လုပ်ရတဲ့ သဘောမဟုတ်လား။ မိရဲ့ စိတ်ရင်းအတိုင်းပြောရယင် စာချုပ်ချုပ် မချုပ်ချုပ် မောင့်ကို မိချစ်နေမှာပဲ"

"မိရယ်"

ဆိုပြီး သူ့ကိုယ်ကလေးကို ဆွဲဖက်ထားလိုက်မိတယ်။

"မိနဲ့မောင်နဲ့ သဘောထားချင်း တိုက်ဆိုင်သွားပြန်ပြီ။ မောင်လဲဒီလိုပဲ၊ မိကို မောင် ခုထိ ချစ်သူတယောက်လိုပဲသဘောထားပြီး ချစ်နေမိတယ်။ တကယ်တော့ မောင်တို့တယောက်နဲ့ တယောက် ချစ်ကြတာဟာ စာချုပ်စာတမ်းထက် ပိုပြီးခိုင်မာလေးနက်ပါတယ်ကွယ်"

မိရဲ့ကိုယ်ကလေးဟာ ကျွန်တော့်ရင်ခွင်ထဲကို ပိုပြီးမှီကျလာတယ်။ ကျွန်တော်က သူ့နဖူးကိုအုပ်ပြီး ဝဲကျနေတဲ့ ဆံစကလေးတွေကို လက်နဲ့အသာသပ်ပြီး ပြန်တင်ပေးလိုက်တယ်။ ကျွန်တော့်ကိုမော့ကြည့်နေတဲ့ မိရဲ့မျက်နှာကလေးဟာ သိပ်အပြစ်ကင်းစင်တာပဲ။ မိရဲ့ပါးပြင်ကလေးကို ဖွဖွကလေး နမ်းလိုက်တဲ့အချိန်မှာ တိုင်ကပ်နာရီက သံစုံမြည်လာတယ်။ သုံးနာရီထိုးပြီ။ ကျွန်တော် မျက်နှာကို ဆတ်ကနဲ ခွာလိုက်တယ်။

"သုံးနာရီထိုးပြီမောင်၊ သုံးနာရီခွဲယင် မောင်လေးလာခေါ်လိမ့်မယ်"

ကျွန်တော် သက်ပြင်းချလိုက်တယ်။

"မောင် နားလည်ပါတယ် မိရယ်၊ အချိန်တန်ယင် အိမ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရမှာပဲပေါ့၊ မောင်တို့က တရားဝင် လက်ထပ်ထားတယ် ဆိုပေမယ့် အတူတူနေလို့မှ မဖြစ်သေးတာ”

ကျွန်တော့်ရင်ထဲကို စိုးရိမ်စိတ် ပြန်ဝင်လာပြန်တယ်၊ ခုဆိုယင် မိ အိမ်ပြန်ရလိမ့်ဦးမယ်။ ကျွန်တော်ဟာ မိကို တရားဥပဒေအရ ပိုင်ဆိုင်ပြီဆိုပေမယ့် ရုပ်ပိုင်းအရဆိုယင် မပိုင်သေး။ လက်ထပ်စာချုပ် ချုပ်နိုင်တဲ့အတွက် ကျွန်တော့်ဘက်က တကွက် အသာစီးရနေပြီဆိုတာ မှန်တယ်။ စိတ်ချ လက်ချ တော့နေလို့ မဖြစ်သေးပါ။ မိနဲ့ ကျွန်တော် အတူတူနေရတဲ့ အခါကျမှသာ စိတ်တကယ် အေးနိုင်မှာပါ။

“မိ မောင် တခု ပြောမယ်၊ မိနဲ့ မောင်နဲ့ နောက်တခါ ဘယ်တော့ ထပ်တွေ့ရဦးမယ်ဆိုတာ မပြောနိုင်သေးဘူးနော်။ တကယ်လို့များ ဒီကြားထဲမှာ မိတို့ အိမ်က စေ့စပ်ဖို့ကိစ္စကို အတင်း စီစဉ်တော့မယ်ဆိုယင် မိ ဘာလုပ်မလဲ”

မိက သိပ်မစဉ်းစားပဲ ချက်ချင်းဖြေတယ်။

“အခွင့်အရေးရယင် မောင့်ဆီ ထွက်ပြေး လာခဲ့မယ်၊ နောက်ဆုံး မိကို လုံးဝ ချုပ်ချယ်ပြီး အကျဉ်းအကျပ် ဖြစ်နေပြီဆိုယင်တော့ မောင်နဲ့ လက်ထပ်ထားတဲ့ကိစ္စ မိ ဖွင့်ပြောရမှာပဲ၊ ဖေဖေတို့ မေမေတို့ကို”

“မိ ပြောရဲ့ရဲ့လား”

“မပြောရဲလို့ ဘယ်ရတော့မလဲ မောင်၊ အဲ ဒီအခါကျတော့ ဖြစ်ချင်တာ ဖြစ်ပစေ၊ မိကို ရိုက်ရှံ့ထက် ပိုပြီး ဘာမှ မလုပ်နိုင်ပါဘူး၊ ခုချိန်မှာ မိ ဘာကိုမှ မကြောက်တော့ပါဘူး



မောင်၊ တခုပဲ ရှိတယ်၊ မိလေ မောင်နဲ့ခွဲရမှာ တခုပဲကြောက်တယ်....”

မိက မတ်တတ်ရပ်လိုက်တယ်။ ကျွန်တော်လဲ ထ ရပ်လိုက်ပြီး မိရဲ့ပခုံးကို ဆုပ်ကိုင်လိုက်တယ်။ မိဟာ ကျွန်တော့်လည်ပင်းကို သိုင်းဖက်ပြီး ကျွန်တော် မျက်နှာကို ဆွဲနိမ့်လိုက်တယ်၊ ပြီးတော့ ပထမဦးဆုံး အကြိမ်အဖြစ် သူက စပြီး ကျွန်တော့်ကို နမ်းတယ်။ သိပ်သန့်ရှင်းတဲ့ အနမ်းပါ။ နောက်....စကားတခွန်းကို ပြောတယ်။ သူ့အသံက ကျွန်တော့်နှလုံးသားအထိ ရိုက်ခတ်သွားတယ်။

“မိဟာ မောင့်မယားပါကွယ်”

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွေ ပြန်ဖွင့်ကာနီး တရက်မှာ ဆရာမြင့်အိမ် ရောက်သွားတယ်။ ကိစ္စကတော့ ခုကျောင်းပြန်ဖွင့်တဲ့အချိန်မှာဆရာမြင့်ဆီမှာ ကျွန်တော် အလုပ် ဆက်မလုပ်တော့ဘူးဆိုတာပြောဖို့ ဆရာမြင့်ဆီမှာ အလုပ်ထွက်ခွင့်တောင်းဖို့ပါပဲ။

ဆရာ့ဆီမှာ ဆက်မလုပ်ချင်ရဘဲ့ အကြောင်းတွေကတော့....

ကျွန်တော်တို့ ကျောင်းလေးဟာ ကျောင်းပြန်ဖွင့်ပြီဆိုယင် အခြေအနေတော်တော်ကောင်းမဲ့ပုံပဲ၊ တချို့ဆို အခုကတည်းက စုံစမ်းနေကြပြီ။ ဒီတော့....ကျောင်းချိန်တွေပိုပြီး တိုးရတော့မယ်။ ဆရာမြင့်ကျောင်းအတွက် အချိန်သိပ်ပေးနိုင်မှာ မဟုတ်တော့ဘူး။ နောက်တချက်ကလဲ ကျွန်တော် လက်နှိပ်စက်ရိုက်တဲ့



အလုပ်က အဆက်အသွက်တွေ ပိုများလာတာပဲ။ အိမ်မှာ အားတဲ့အချိန် ရိုက်လို့ရတော့ ကျွန်တော့်အတွက်ပိုပြီး အဆင်ပြေတယ်။ အမှန်တော့ အဲဒါတွေထက်ပိုပြီး အဓိကကျတဲ့ အကြောင်းက မိနဲ့ ကျွန်တော် လက်ထပ်စာချုပ် လုပ်ဖြစ်ခဲ့တဲ့ ကိစ္စကြောင့်ပါ။ အယင်က ဆရာမြင့်ကို လုံးဝအသိမပေးပဲ နေခဲ့လို့ မျက်နှာပူရတာထက် အခုကျတော့ ပိုပြီးမျက်နှာပူရတော့မှာပေါ့။

တကယ်ဆိုယင် ဆရာမြင့်ကျောင်းအပေါ်မှာ ကျွန်တော် သိပ်သံယောဇဉ် ကြီးပါတယ်။ ဖြစ်နိုင်ယင် ဘယ်ထွက်ချင်ပါ့မလဲ။ ပြီးတော့ မိနဲ့လဲ အဲဒီကျောင်းမှာ တွေ့ခွင့်ရနိုင်မှာ မဟုတ်တော့တာလဲပါတယ်။ ဘာကြောင့်ဆို ဒီတခါကျောင်းဖွင့်ယင် မိကို ဆရာမြင့်ကျောင်း မလွှတ်တော့ဘူးလို့ မိတို့အဖေက ပြောတဲ့အကြောင်း မိ....ကျွန်တော့်ကို ပြောခဲ့ဘူးတယ်။

ဆရာမြင့်ကတော့ ကျွန်တော့်ကို မထွက်စေချင်ဘူး။ ကျွန်တော်က မိကိစ္စကလွဲယင် အခြေအနေအားလုံး ဆရာမြင့်ကို ရှင်းပြလိုက်တော့မှ ဆရာမြင့်က ခွင့်ပြုတယ်။ ပြီးတော့ တနေ့နေ့မှာ တခြားအလုပ် အဆင်မပြေလို့ သူ့ကျောင်းကို ပြန်လာမယ်ဆိုယင် အချိန်မရွေးလာခဲ့လို့ ပြောတယ်။

"အေးလေ၊မင်း ဆရာ့ကျောင်းကို ပြန်ရောက်မှာ မဟုတ်တော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ကျောင်းက ဒီထက်မကဖို့ပြီး အောင်မြင်လာလိမ့်မယ်လို့ ဆရာယုံကြည်တာလို့ပါပဲ။ ငါ့တပည့် မရှိတော့လို့ ဆရာ အားလျော့ရပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မင်း အခြေအနေ တိုးတက်လာလို့ ဆရာဝမ်းသာပါတယ်။ လူဆိုတာ ကိုယ့်ရဲ့ တိုးတက်မှုကို ရှာရမှာပေါ့၊ အေး....တခုရှိ သေးတယ်၊ တကယ်ပြောမယ်ဆို မင်းဟာ ဆရာရဲ့ အလုပ်သမား တယောက်ပဲ၊ အလုပ်သမားတယောက် အလုပ်ကထွက်ပြီဆိုယင် အလုပ်ရှင်က ဆုငွေသဘောမျိုး ထုတ်ပေးရတဲ့ ထုံးစံရှိတယ်"

ဆရာမြင့်က ကျွန်တော့်ကို ငွေငါးရာပေးတယ်။ ကျွန်တော်က မယူဘူး။

"မယူလို့ မရဘူးကွ၊ ဒါထုံးစံပဲ"

"ကျွန်တော် ဆရာ့ကို အလုပ်ရှင်လို့ သဘောထားခဲ့တာမှ မဟုတ်ပဲဆရာ၊ ဆရာကလဲ ကျွန်တော့်ကို အလုပ်သမား တယောက်လို သဘောထားခဲ့တာမှမဟုတ်ပဲ၊ ဆရာ့ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီး ရှိခဲ့တာပါပဲဆရာ"

"အေး....ဒါဆို ဆရာက ပေးချင်လို့ ပေးတယ်ကွာ၊ မင်း ဘာပြောမလဲ"

"ကျွန်တော် မယူပါရစေနဲ့ ဆရာ"

"ဆရာပေးတာကို မင်းမှာ ငြင်းပိုင်ခွင့်ရှိတယ်လို့ ထင်နေ သလား"

ဆရာ့ငွေကို ကျွန်တော် ယူထားလိုက်ရတယ်။ ပြီးတော့ ဆရာ့ကို ကျွန်တော် ကန်တော့တယ်။ ကျွန်တော် ပြန်ခါနီးမှာ ဆရာက စကားတခွန်းပြော လိုက်သေးတယ်။

"မင်းတို့နှစ်ယောက်က တိုင်ပင်ပြီးတော့များ လုပ်ကြတာ လားကွာ"

"ဘာကိုလဲ ဆရာ"



"အေးမိကလဲ ငါ့ဆီ မလာတော့ဘူးတဲ့ကွ၊ ရုံးတရုံးမှာ အလုပ်ဝင်ခိုင်းမလို့လို့ သူ့အဖေက ငါ့ကို လာပြောသွား တယ်။ ငါတော့ အဲဒီလိုမထင်ဘူးကွာ၊ တခြားအကြောင်း တခုခုရှိလိမ့်မယ်လို့ထင်တယ်"

လို့ပြောပြီး ကျွန်တော့်ကိုတချက် စိုက်ကြည့်လိုက်တယ်။

ဆရာမြင့်ဆီက ပြန်လာတော့ စိုးရိမ်စိတ်က ကပ်ပါလာခဲ့ တယ်။ ဆရာမြင့်ဟာ မိ စေ့စပ်မဲ့အကြောင်းကို သိနေပြီလား။ ဘယ်အတိုင်းအတာထိ သိနေသလဲ။ ခုရက်အတွင်း မိတို့အိမ်မှာ ဘာတွေ ထူးခြားသေးသလဲ။ မိဆီကလည်း ဘာအဆက် အသွယ်မှ မရ။ မိကို ဟိုလူနဲ့ အတင်းအကြပ်စေ့စပ်ဖို့ စီစဉ်နေ ကြပြီလား။ အဲဒါကို ဆရာမြင့် သိနေလို့ 'တခြားအကြောင်း တခုခုရှိရမယ်' လို့ ပြောလိုက်တာလား။ ကျွန်တော့်အတွက် မျှော်သင့်ချက်မရှိတော့ဆိုပြီး ကျွန်တော် စိတ်မကောင်းဖြစ်မှာ စိုးလို့ ဘာမှမပြောပဲ နေတာလား။ စောစောစီးစီးက ဆရာ့ကို ကျွန်တော်နဲ့မိအကြောင်း ဖွင့်ပြောထားခဲ့ယင် ဆရာ ကူညီနိုင်မှာပဲလို့ ထင်မိပြန်တယ်။ ခုချိန်ကျမှတော့ ဆရာလဲ ဘာမှ မတတ်နိုင်တော့တာကြောင့် ဆရာ ကျွန်တော့်ကို ဘာမှ မပြောပဲ နေလိုက်တာလဲ ဖြစ်နိုင်တယ်။ ကျွန်တော် စိတ်ရှုပ်လာရ ပြန်ပြီ။

ကိုကိုတို့၊ သောင်းမော်တို့၊ ချစ်အေးတို့ကို ပြန်တိုင်ပင်ကြည့် တယ်။ မိဆီကို မဖြစ်ဖြစ်တဲ့နည်းနဲ့ အဆက်အသွယ်လုပ်ပြီး အခြေအနေ မေးကြည့်ရယင် ကောင်းမလားလို့ ကိုကိုကပြော တယ်။ အကြောင်းတကယ် ထူးပြီဆိုယင်တော့ မိတာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ကြိမ်းသေ အဆက်အသွယ်လုပ်မှာပဲ။ နည်းနည်းတော့စောင့်ကြည့်စေချင်သေးတယ်တဲ့။ ကိုယ့်ဘက်လဲပိုင်အောင် ထားပြီးပြီပဲ။ လေး ငါးဆယ်ရက် စောင့်ကြည့်လို့မှ ဘာသတင်းမှ မရယင် မျိုးမျိုးကတဆင့် စုံစမ်းချင်စုံစမ်းခိုင်းပေါ့ လို့ ပြောတယ်။

ကျွန်တော့်အနေနဲ့ မိကို ယုံကြည်ပါတယ်။ မိကို ပြင်ပနဲ့ လုံးဝ ဆက်သွယ်လို့မရအောင် သူ့အိမ်က ချုပ်ချယ်ထားမှာ တခုပဲ စိုးရိမ်တယ်။

အော်....ကျွန်တော်တို့နှစ်ယောက်ဟာ လက်ထပ်ပြီးကာမှ ပိုလို့အနေဝေးနေရပါပကောလား။

* * *

မိဆီက အဆက်အသွယ်မရ။ ဘာသတင်းမှလဲ မထူး။ အဲဒီလို မထူးတာကိုက စိုးရိမ်စရာ ဖြစ်နေရပြန်တယ်။ အခြေအနေ မထူးခြားလို့ အကြောင်းမကြားတာလား။ အကြောင်းကြားဖို့ကို အခွင့်အလမ်း မရနိုင်လို့လား။ ကျွန်တော့် စိတ်တော်တော်ခက်ပါတယ်။ အရေးအကြောင်းရှိလာယင် ကျွန်တော့်ဘက်က တပန်းသာအောင်ဆိုပြီး လက်ထပ်စာချုပ်လုပ်ခဲ့တယ်။ ပြီးပြန်တော့လဲ စိတ်အေးပြီလားဆိုတော့ မဟုတ်သေး။ တရားဥပဒေအရတော့ ဟုတ်ပါတယ်။ အကျုပ်ကိုင်



လို့ပဲဖြစ်ဖြစ် ချော့မော့သွေးဆောင် ဖျားယောင်းလို့ပဲဖြစ်ဖြစ် တိုဟာကြောင့် ဒီဟာကြောင့်ဆိုပြီး အကြောင်းပြ ကောင်း လို့ပဲဖြစ်ဖြစ် မိက ဟိုဘက်ပါသွားယင် မခက်ပါလားလို့ တွေးပူမိပြန်ရော။

ခုဆိုယင် ကျောင်းတွေပြန်ဖွင့်လို့ ကျွန်တော်တို့စာသင်နေကြရပြီ။ ကျွန်တော်တို့ကျောင်းကလေးဟာ အခြေအနေအ ရမ်းကောင်းနေတယ်။ သို့ပေမယ့် စာသင်ရတာ စိတ်မပါသလို ကြီးပဲ။ ကျွမ်းကျင်ပြီးသား ဘာသာရပ်မို့လို့သာ၊ သင်နေကျ ပုစ္ဆာတွေမို့လို့သာ အဆစ်အငေါ့မရှိ ရှင်းပြနေနိုင်တာ။ မနှစ်ကလို အာဝဇ္ဇန်းမရှွင်၊ ရယ်စရာ မောစရာလေးတွေလဲ မပြောဖြစ်။

ဒီနေ့ဆိုယင်လဲ ဒီလိုပဲ။ စိတ်ရှုပ်ရှုပ်နဲ့ ပုစ္ဆာတွေ အများကြီး တွက်ပြပစ်လိုက်တယ်။ ဘြိဂ်တခု အခြေမျဉ်း၊ ထောင့်မတ် ကျတဲ့မျဉ်း၊ ပြီးတော့....

အဲဒီအချိန်မှာ ကျောင်းခန်းရဲ့ နောက်ဘက်မှာရှိတဲ့ ဝင်ပေါက်မှာ လူရိပ်တခုမြင်လိုက်ရတယ်။

မိ....။

ကျွန်တော် အံ့ဩလွန်းလို့ မိကို ငေးကြောင်ကြည့်ယင်း ဆွဲလိုက်မိတာကြောင့် မျဉ်းကြောင်းဟာ ထောင့်စွန်းနှစ်ခုကို မဆက်မိပဲဖြစ်သွားရတယ်။ မိက ဆက်သင်ပါဆိုတဲ့ သဘော လက်ဟန်ခြေဟန်နဲ့ လုပ်ပြပြီး နောက်ဆုံးခုံတန်းမှာ ဝင်ထိုင် လိုက်တယ်။ ကျောင်းသား ကျောင်းသူတွေကလဲ မိကို အကဲ ခတ်သလို လှည့်ကြည့် လှည့်ကြည့် လုပ်နေတာ တွေ့ရတော့မှ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လဲ 'ကဲ...ဒီမှာကြည့်ကြ' ဆိုပြီး ဆက်သင်ရတယ်။ ဖြစ်ချင်တော့ ပုစ္ဆာတော်တော်ရှည်တယ်။ ကျောင်းသားကျောင်းသူတွေက နားမလည်ကြလို့ သုံးခေါက်လောက် ရှင်းပြရသေးတယ်။ ပြီးမှ သူတို့ကို ကူးခိုင်းလိုက်ပြီး မိဆီ လျှောက်လာခဲ့တယ်။ မိထိုင်နေတဲ့ နောက်ဆုံးခုံတန်းရဲ့ရှေ့မှာ ကျောင်းသားလေးတွေရှိနေလို့ ပြောချင်တိုင်းပြောလို့ မဖြစ်ဘူး။

"ဘယ်ကလာတာလဲ"

"အိမ်ကပဲ...."

"ကိစ္စရှိလား...."

"ဖြေးဖြေးပေါ့၊ ရပါတယ်၊ အေးအေးဆေးဆေးပါ"

"ပြီးပါပြီ....ဒါကူးပြီးယင် ကျောင်းဆင်းလိုက်တော့မယ်"

အဲဒီလိုပြောပြီး မိရဲ့မျက်နှာထားကို အကဲခတ်ကြည့်တယ်။ မိက နည်းနည်းပြုံးပြတယ်။ မိရဲ့မျက်နှာထားက အကဲခတ်လို့မရဘူး။ ကျွန်တော်ကဖြင့် ရင်တွေအရမ်းခုန်နေပြီ။

ကျောင်းသားကျောင်းသူတွေ ပြန်ကုန်ကြတော့ ကျောင်းခန်းထဲမှာ ကျွန်တော်တို့နှစ်ယောက်တည်း ကျန်ခဲ့တယ်။ ကျွန်တော်မနေနိုင်ဘူး။ ချက်ချင်းမေးမိတယ်။

"မိ....ဘာထူးခြားလဲဟင်...."

"ပြောမှာပေါ့၊ သိပ်ထူးခြားတယ်"

မိရဲ့မျက်နှာထားက သိပ်တည်ငြိမ်နေတယ်။

"မိ၊ ထွက်ပြေးလာတာလား...."

မိက ပြုံးပြီးခေါင်းခါတယ်။ နောက်မှ....

"မောင်ကြားဖူးလားဟင်၊ လူတယောက် ထိပေါက်တယ်



ဆိုယင် အဲဒီသတင်းကိုတဲ့တိုးကြီးမပြောရဘူးတဲ့၊ ရှုတ်တရက် ဝမ်းသာလုံးဆို့ပြီး တက်သွားတတ်တယ်တဲ့"

မိက အသံထွက်အောင် ရယ်လိုက်တယ်။ ပထမတော့ ကျွန်တော်ကြောင်သွားတယ်။ ရင်ခုန်နေတာလဲ ရပ်သွားသလိုပဲ။ ပြီးတော့မှ 'ဘာလဲဟင်၊ ဘာလဲ' လို့ အလောသုံးဆယ် မေးလိုက်ရတယ်။

မိက ပြောပြတယ်။ သူနဲ့ ကိုမျိုးဝင်းစိန်နဲ့ စေ့စပ်ဖို့ကိစ္စကို အမြန်ဆုံးစီစဉ်ဖို့ သူ့အဖေက ဖွင့်ပြောသတဲ့။ မိကအတင်းငြင်းတယ်။ သူ့အဖေကလဲ ကျွန်တော်တို့ တွက်ထားတဲ့အတိုင်းပဲ။ လူကြီးချင်းအားလုံး ပြောပြီးဆိုပြီးပြီမို့ မျက်နှာအပျက်မခံနိုင်ဘူးဆိုပြီး အကျပ်ကိုင်တယ်။

"မိလေ....တော်တော် စိတ်ညစ်သွားတယ်၊ ဘာလုပ်ရမှန်းလဲမသိဘူး၊ ဦးဦးဆီသွားပြီး အကူအညီ တောင်းရမလား၊ မောင့်ဆီပဲ ထွက်ပြေးရမလား၊ မောင်ပြောသလို လက်ထပ်စာချုပ်အကြောင်း ဖွင့်ပြောရမလား၊ စိတ်ရှုပ်လိုက်ရတာ၊ နောက်တော့ ဘာဖြစ်သလဲသိလား။

ကျွန်တော်သိချင်လွန်းလို့ စကားတောင် ဝင်ထောက်မပေးမိဘူး....။

"ပြဿနာကို ဝင်ရှင်းပေးသွားတာ လုံးဝမျှော်လင့်မထားတဲ့ လူတယောက် ဖြစ်နေတယ်။ ဘယ်သူလဲဆိုတော့"

သိပ် အံ့သြဖို့ ကောင်းတယ်။ စံရှား တဲ့။ သူက ကိုမျိုးဝင်းစိန်ကို တော်တော်ခင်နေတယ်လို့ မိ ပြောဖူးတယ်မဟုတ်လား။ အမှန်က စံရှားဟာ ဒီလူ့ကို ခင်မင်လွန်းလှလို့ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်း သိချင်လို့ ဝင်လုံးနေတာတဲ့။ အဲဒီလို ဝင်ရောယင်းကနေ သိလိုက်ရတာပဲ။ ကိုမျိုးဝင်းစိန်နဲ့ အဆက်အသွယ်ရှိတဲ့ လူတွေနဲ့ စံရှားနဲ့ ခင်မင်သွားကြတယ်။ တချို့လူတွေက စံရှားကို ကိုမျိုးဝင်းစိန်နဲ့ စေ့စပ်မယ့် မိန်းကလေးရဲ့ မောင်မှန်း မသိကြဘူး။ ဟိုလူကလဲ စံရှားကို ပေါတောတောပဲ ဆိုပြီး သိပ်အလေးမထားတော့ လူတိုင်းကို မိရဲ့ မောင်လေးဖြစ်ကြောင်း လိုက်ရှင်းမပြမိဘူး။ အဲဒီမှာ စံရှားက ကိုမျိုးဝင်းစိန် အကြောင်း ကွယ်ရာမှာ လိုက်စုံစမ်းကြည့်တာပဲ။

"မိကို စေ့စပ်ပေးဖို့ ရက်သတ်မှတ်မယ်လို့ ဖေဖေနဲ့ မေမေ တိုင်ပင်နေတဲ့ အချိန်မှာ မောင်လေးက အပြင်းအထန် ကန့်ကွက်တော့တာပဲ။ သူက ကိုမျိုးဝင်းစိန် အကြောင်း သိလာသမျှ ဖွင့်ပြောပြလိုက်တော့တယ်"

ကိုမျိုးဝင်းစိန် ဆိုတဲ့ လူက လူကြီးတွေ ရှေ့မှာသာ အပိုးသေတာ။ ကွယ်ရာကျတော့ နည်းနည်း ရှုပ်ချင်တယ်။ အဆိုးဆုံးကတော့ သူဟာ မိန်းကလေးတယောက်ကို တိတ်တိတ်ပုန်း ယူထားတယ် ဆိုတာပဲ။ တရားဝင် လက်ထပ်ထားတာတော့ မဟုတ်။ လူသိရှင်ကြား ယူထားတာလဲ မဟုတ်။ အိမ်ခန်းကလေး ငှားပေးထားတယ်။ အအေးဆိုင်ကလေးတခု ထောင်ပေးထားတယ်။ ထိုက်သင့်သလောက် ထောက်ပံ့တယ်။ သူ အလိုရှိတဲ့အခါ သွားတယ်။ အပျော်သဘောပေါ့။

"အဲဒါနဲ့ပဲ မိတို့ စေ့စပ်ပွဲကြီး ပျက်သွားရတာပေါ့ပဲ မောင်၊ မေမေဖေဖေ ဆိုတာ ရှက်လဲ ရှက်၊ ဒေါသလဲဖြစ်ပြီး အိမ်အပြင်တောင် သိပ်မထွက်တော့ဘူး၊ မေမေ ကလဲ ငါ့သမီးလေး ကံသီပေလို့



ပေါ့' ရှင်လုပ်လိုက်ယင် အဲဒီလို တဇွတ်ထိုးချည်းပဲဆိုပြီး ဖေဖေ့ကို မဆူစဖူး ဆူသေးတယ်"

ကျွန်တော်ဟာ ပုံပြင်တခုကို နားထောင်နေရသလိုတောင် ထင်မိတယ်။ သို့ပေမယ့်...အဲဒါ ပုံပြင် မဟုတ်ဘူး။ မိရဲ့ ပါးစပ်ကကို တကယ် ပြောနေတာ...၊ အိပ်မက်လဲ မဟုတ်ဘူးဆိုတာ သိသာတယ်။ ဘာလို့လဲဆိုတော့ အမှန်တကယ် ဖြစ်နေတာမှန်း သက်သေပြနိုင်တဲ့ အရာတခု ကျွန်တော့်လက်ထဲမှာ ဆုပ်ကိုင်ထားလျက်သား ရှိနေလို့ပါပဲ။

မိရဲ့ လက်ကလေး။

❋ ●

ရှေ့ကို ဘာဆက်ဖြစ်မယ်ဆိုတာ ခန့်မှန်းလို့ မရတဲ့ အရာကို ကံကြမ္မာလို့ ခေါ်တယ်တဲ့။ ဒါဆိုယင် အကွေ့အကောက် အများဆုံးလမ်းကို ဘဝလို့ ခေါ်ရမှာပဲ။

ကျွန်တော့် ဘဝလမ်းခရီးမှာ အရေးကြီးတဲ့ လမ်းချိုးတွေ ရှိခဲ့ပါတယ်။ အဲဒီအထဲမှာ တခု အပါအဝင်ဖြစ်တဲ့ လက်ထပ်စာချုပ် ချုပ်ခဲ့ပြီးပြီ။ ခုတခါ နောက်တခု...။ မိနဲ့ ကိုမျိုးဝင်းစိန်နဲ့ စေ့စပ်ဖို့ ကိစ္စ ပျက်သွားပြီ။ အဲဒါလဲ အရေးပါတဲ့ လမ်းချိုးတခုပါ။ ရှေ့ဆက်ပြီးတော့ လမ်းဖြောင့်ကို လျှောက်ရတော့မယ်လို့ မျှော်လင့်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခုဆိုယင်.... မိနဲ့ ပတ်သက်လို့ ကျွန်တော်ဟာ ပြိုင်ဘက် မရှိပဲ။ ကျွန်တော့် အတွက် ပြဿနာတခုပဲ ကျန်တော့တယ်။ မိတို့ မိဘတွေကို စည်းရုံးဖို့ ကိစ္စ။ ဒါကလဲ တဖြည်းဖြည်း အဆင်ပြေအောင် လုပ်သွားလို့ရတယ်။ ပြီးတော့ ကျွန်တော့် အလုပ်ကို ပိုပြီး တိုးတက်အောင်လုပ်ဖို့၊ ငွေစုဖို့အချိန်လဲရသွား ပြီ။ ကျွန်တော်ဟာ ဆရာမြင့် ပြောခဲ့တဲ့ အတိုင်းပဲ၊ တကယ့် ကျူရှင်ဆရာတယောက် ဖြစ်သွားပြီ။ ကျွန်တော်တို့ ကျောင်း ကလေးဟာ ကျွန်တော်တို့ မြို့နယ် အတွင်းမှာ တခြား ကျူရှင် ကျောင်းကြီးတွေနဲ့ ပခုံးချင်း ယှဉ်လာနိုင်ပြီ။ လက်နှိပ်စက် ရိုက်တဲ့အလုပ်ကိုတောင် တဖြည်းဖြည်းချင်း လျှော့ချသွားပြီး ကျူရှင်လုပ်ငန်းကို စောက်ချ လုပ်ရတော့မယ့် အခြေအနေ။

ကျွန်တော့်လုပ်ငန်း အောင်မြင်မှုအတွက် ဆရာမြင့်ကလဲ ဝမ်းသာနေတယ်။ မိဆိုတာတော့ ပြောစရာမလိုတော့။ ကိုမျိုး ဝင်းစိန်နဲ့ စေ့စပ်ဖို့ ပျက်သွားတဲ့နောက်မှာ မိဟာ ဆရာမြင့် ကျောင်းကို ပြန်လာခွင့် ရသွားတယ်။ ကျွန်တော့်မှာ ပညာ ရပ်ကျောင်းကလေး ရှိနေလို့သာပေါ့။ နို့မို့ဆို ဆရာမြင့် ကျောင်းမှာ ပြန်ဝင်လိုက်မိမှာပဲ။ ဆရာမြင့်ကျောင်းမှာ ကျွန် တော် အလုပ်မလုပ်တော့ပေမယ့်လဲ ကိစ္စတော့မရှိ။ မိ ကျောင်း သွား ကျောင်းပြန်မှာ စံရှား လိုက်မပို့တော့ဘူး။ ကျွန်တော် အားတဲ့အခါ သွားတွေ့လို့ရတယ်။ ဆရာမြင့်ကျောင်းဆိုတာက လဲ ကျွန်တော့်အဖို့ တံခါးမရှိ ဓါးမရှိပါ။ သွားချင်တဲ့အချိန် သွားလို့ရတာပဲ။ ပြီးတော့....မိရဲ့အိမ်က ခုနောက်ပိုင်း မိကို လွှတ်လပ်ခွင့် ပေးထားတယ်။ မိ အပြင်ထွက်မယ်ဆိုယင် အစစ်



အဆေး မရှိတော့။ ဒါကြောင့် တချို့ရက်တွေမှာ မိနဲ့ ကျွန် တော် အေးအေးဆေးဆေး ချိန်း တွေ့ပြီး စကား ပြောလို့ တယ်။

ကျွန်တော်တို့အတွက် ဝမ်းသာဖို့ အကောင်းဆုံး အချက် အချက်ကတော့ ကျွန်တော်နဲ့ မိအကြောင်းကို ဆရာမြင့် သိသွား တာပဲ။ တကယ်ဆိုတော့ ဟိုအယင်ကထဲက ဆရာမြင့်က နည်း နည်းပါးပါး ရိပ်မိတယ်။ လူကြီးပြီပြီ မသိချင်ယောင် ဆောင် နေခဲ့တာပဲ။ ကိုမျိုးဝင်းစိန်နဲ့ မိနဲ့ ကိစ္စကိုလဲ ဆရာ တော်တော် နောက်ကျပြီးမှ သိခဲ့ရတယ်။ ဆရာသိတဲ့အချိန်မှာ မိတို့အဖေရဲ့ အစီအစဉ်ဟာ တော်တော် ခရီးရောက်နေပြီ။ ဒါကြောင့် ဆရာလဲ ကြားဝင်ဖို့ ခက်နေခဲ့ရတယ်။ အဲဒီတုန်းက ကျွန်တော်တို့ နှစ် ယောက်အတွက် သူတော်တော် စိတ် မ ကောင်း ကြောင်း၊ အရေးအကြောင်းတခုခု ကြုံလာယင် သူ ကျွန်တော်တို့ဘက်က ကူညီဖို့ ဆုံးဖြတ်ထားခဲ့ကြောင်း ဆရာက ဖွင့်ပြောပြတယ်။

ပြီးတော့ ကျွန်တော်တို့ နှစ်ယောက်ကိုလဲ ဆုံးမစကားပြော တယ်။ ကျွန်တော်တို့ကိစ္စမှာ ဆရာ့အနေနဲ့ အတတ်နိုင်ဆုံး ကူ ညီမယ်ဆိုတဲ့အကြောင်း ခုချိန်မှာ စိတ်ရှည်ရှည်ထားပြီး အခါ အခွင့်ကို စောင့်ဖို့အကြောင်း၊ တခုခုကို အလျင်စလို မလုပ်ကြဖို့ အကြောင်း၊ မိနဲ့ ကျွန်တော့်ကို လူကြီးတွေ သဘောတူလာ အောင် အချိန်ယူပြီး စည်းရုံးပေးမယ့်အကြောင်း ပြောတယ်။

ကျွန်တော်တို့အနေနဲ့ကလဲ ဆရာမြင့် စကားကို နားထောင် ဖို့ အဆင်သင့်ပါပဲ။ ကျွန်တော်နဲ့ မိနဲ့က ခုချက်ချင်း ယူချင် နေကြတာမှ မဟုတ်ပဲ။ ကျွန်တော်တို့ ကိုယ်ဥ်ကိုယ်က အချိန်ယူ

www.burmeseclassic.com

www.burmeseclassic.com



ချင်နေကြတာ မဟုတ်လား။ မိတို့ရဲ့ မိအာတွေက ကြည်ဖြူလာတဲ့ အချိန်၊ ကျွန်တော်လဲ ငွေ အသင့်အတင့် ရှိပြီးတဲ့အချိန်၊ ကျွန်တော့် အလုပ်အကိုင်ကလဲ အခြေခိုင်မာလာတဲ့အချိန်....အားလုံး အံကိုက်ဖြစ်သွားလိမ့်မယ်လို့ ထင်ပါတယ်။

* * *



"မောင် တောင်းပန်ပါတယ် မိရယ်"

"ဟင်....ဘာအတွက် တောင်းပန်တာလဲဟင်"

"မဟုတ်ဘူး မိရယ်၊ မောင် မှားတာပါ"

"ဘာမှားတာလဲ"

"မောင့်ကို ခွင့်လွှတ်ပါကွာ၊ မောင် နောက်ကို အဲဒါမျိုး ဖြစ်စေရပါဘူး"

မိက အစတော့ ကြောင်တောင်တောင် ဖြစ်နေသေးတယ်။ ...ရမလို တည့်ရမလို ဖြစ်နေရာက တဖြည်းဖြည်း သူ့မျက်နှာ ...စိုးရိမ်လာတယ်"

"မောင်"

www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်တယ်။

"မောင်ပြောတာ မိ ဘာမှ နားမလည်ဘူး၊ မောင် ဘာတွေ လုပ်မိလို့လဲ၊ မောင် ဘာမှားတာလဲ၊ ဘာဖြစ်လို့ ဒီလောက် တောင် တောင်းပန်နေရတာလဲ၊ ဟင် မိကို ရှင်းပြစမ်းပါအုံး"

မိက မျက်နှာငယ်လေးနဲ့ ပြောတယ်။

"တကယ်တော့ မောင် မိအပေါ်မှာ တကယ်ချစ်တာပါ"

"ဟုတ်ပါတယ်....မိသိပါတယ်၊ ခု ဘာဖြစ်နေလို့လဲ"

"ဒီလိုပါ မိ ရယ်၊ မောင်လေ ညက အိပ်မက်ထဲမှာ မိကို ဒေါသတကြီး အော်ဟစ်ပြီး ပြောလိုက်မိလို့ပါ"

ဒီတော့မှ မိ လဲ ပြုံးလာပြီးတော့....

"မောင်ကလဲ တော်တော် နောက်တယ်၊ မိ ဖြင့် ရင်ထိတ်သွားတာပဲ"

လို့....ပြောတယ်။ ကျွန်တော်လဲ ရယ်ပြီး မိ ရဲ့ ကိုယ်လေးကို တအား သိမ်းကြုံး ဖက်လိုက်တယ်။

"ကဲ....ပြောစမ်းပါအုံး၊ ယောက္ခမကြီးရဲ့ အခြေအနေ"

"အမယ်....သိပ်အသားယူတယ်။ တိုအယင် သူများလက်ထဲ ပါတော့မယ်ဆိုတုန်းက ဒီမျက်နှာမျိုး မဟုတ်ပါဘူး"

"အေးပေါ့ဟ၊ ဟိုတုန်းကတော့ တမျိုးပေါ့၊ မိကလေ ဟိုတုန်းက တမျိုးပါ၊ ပုံနှိပ်စက်ပိုင်ရှင်ကတော် မျက်နှာလေး မျိုးနဲ့"

"တော်စမ်းပါ မောင်ရယ်၊ ဒီလူအကြောင်း မပြောပါနဲ့"

"လွဲခဲ့ရလို့ ဆွေးနေတာပေါ့ ဟုတ်လား"



"တော်ပါတော့ဆိုတာ မရဘူးလား"

မိက ကျွန်တော့်ကို မနာအောင် ဆွဲဆိတ်တယ်"

"ကဲပါ မပြောတော့ပါဘူး၊ မိတို့အိမ်က အခြေအနေကို သာ ပြောစမ်းပါအုံး"

"အခြေအနေက မဆိုးပါဘူး"

ဆရာမြင့်က လက်ရှိအခြေအနေကို အခွင့်ကောင်း ယူပြီး မိတို့အဖေကို တဖြည်းဖြည်းချင်း စည်းရုံးဖို့ ကြိုးစားနေတယ် မိရဲ့အဖေက သူစီစဉ်တဲ့လူဟာ မဟန်ကြောင်းသိရလို့ နည်းနည်း ရှက်နေတယ်။ ဒါကြောင့် ကျွန်တော်နဲ့ကိစ္စကို ချက်ချင်းကြီး ပြောလို့ မကောင်းသေးဘူးလို့ ဆရာမြင့်ကပြောတယ်....။

တခုတော့ရှိတယ်။ မိတို့အဖေက သူ့အမှားကိုတော့ သိသွားပြီ။ နောက်တခါ သူ့သဘောနဲ့သူ လူရွေးတော့မှာ မဟုတ်။ မိက ထပ်ပြောသေးတယ်။

"မေမေကလဲပြောတယ်၊ ဖေဖေ့ကိုပြောတာ၊ နောက်ကို မိ သဘောမတူပဲ ဘာမှမလုပ်ဖို့။ ပြီးတော့ သမီးနဲ့ အိမ်ထောင် ပြုရမယ့်သူကို သမီးဘာသာ စိတ်ကြိုက်ရွေးပါစေတဲ့"

"ဟာ....ဒါဆို တော်တော်အခြေအနေ ကောင်းတာပဲ"

"ဟုတ်တယ်၊ မိတို့က စိတ်ရှည်ရှည်နဲ့ စောင့်နိုင်ဖို့ပဲ လိုတယ်"

"ဒါဆိုတော့ စောင့်ရမှာပေါ့လေ၊ မောင် နားလည်ပြီးသား ပါ၊ မိတို့ မိဘတွေက သူတို့စိတ်ထဲမှာ မောင့်ကို သဘောကျ

www.burmeseclassic.com

www.burmeseclassic.com



တာယ်ဆိုယင်တောင် ချက်ချင်းလက်ခံမှာ မဟုတ်သေးဘူး၊ ဟို ကိစ္စပျက်သွားတာက မကြာသေးဘူး မဟုတ်လား”

“ဟုတ်တယ်မောင်၊ ဖြစ်နိုင်တယ်၊ တခုတော့ရှိတယ်သိလား၊ မောင်ဟာ ပညာတတ်ပေမယ့် စီးပွားရေး တောင့်တင်းတဲ့ လူလည်တယောက်မဟုတ်တာ သိပ်ကံကောင်းတယ်”

“ဘာဖြစ်လို့လဲ”

“ဖေဖေက ခုနောက်ပိုင်း အယူအဆ ပြောင်းသွားတယ်လေ၊ စီးပွားရေးသမား လူလည်တွေကို တော်တော်ကြောက်သွားပြီ။ မောင့်လို ပညာတတ်ဖြိုးရိုးသားတဲ့လူဆိုယင် မချမ်းသာပေမယ့် သဘောတူနိုင်မယ့် အခြေအနေမှာရှိတယ်”

“ယောက္ခမကြီးက အမြင်မှန်ရလာပြီပေါ့ ဟုတ်လား”

“လာပြန်ပြီလား၊ ယောက္ခမကြီး”

“မိ မေ့နေပြီလား၊ မိနဲ့မောင်နဲ့က တရားဝင်လက်ထပ်ထားကြပြီးပြီလေ၊ မိတို့အဖေဟာ တရားဥပဒေအရ မောင့်ယောက္ခမဖြစ်နေပြီ မဟုတ်လား”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ မောင့်ယောက္ခမပါ”

“မိ မကျေနပ်ယင် မောင့်အဖေကို ယောက္ခမလို့ [illegible] ခေါ်ပေါ့”

“ဟုတ်ကဲ့...သူတော်တော် နစ်နာနေပါအုံးမယ်”

“ရပါတယ်မိရယ်၊ မောင်က မိအတွက်ဆို အနစ်နာခံ [illegible] အသင့်ပါပဲ”

“ယုံပါတယ်ရှင်”



မိက ပြောင်သလိုလို မျက်နှာထားနဲ့ ပြောလိုက်တယ်။ ကျွန်တော်က မိရဲ့ဆံပင်ကလေးတွေကို သပ်လိုက်ယင်းက ပြောတယ်။

“မိရယ် ကြည့်ယင်းကြည့်ယင်းနဲ့ မိကို မောင်ပိုပြီး ချစ်လာပြန်ပြီ”

* * *

ပြီးခဲ့တဲ့ စနေနေ့က မိ ကျွန်တော်တို့အိမ် လာလည်တယ်။ အမှန်က မိက လာတာမဟုတ်။ ကျွန်တော်က သွားခေါ်လာတာပါ။ ဘာပဲဖြစ်ဖြစ် မိ ကျွန်တော်တို့အိမ် ရောက်လာတယ်။ ကျွန်တော်တို့ တအိမ်သားလုံး မိကို ပျူပျူငှာငှာ ဆီးကြိုခဲ့ကြပါတယ်။

အဖေတို့ အမေတို့က သားယောက်ျားကလေးတွေချည်း မွေးထားတာ မဟုတ်လား။ သူတို့မှာ သမီးငတ်နေကြရှာတယ်။ အမေက ပိုဆိုးတယ်။ သမီးမရှိလို့ အားငယ်တဲ့အကြောင်း ကြာခဏ ပြောလေ့ရှိတယ်။ ခု မိကို တွေ့လိုက်ရတဲ့အခါကျတော့ အမေ ဘယ်လောက် ချစ်သွားတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ‘သမီး သမီး’ဆိုတဲ့ စကားလုံးကို တတွတ်တွတ် ပြောတယ်။ မိကို ကြည့်လို့မဝနိုင်လောက်အောင် ဖြစ်နေပုံရတယ်။ ဖေဖေက ဘာမှတော့ သိပ်မပြော။ ကျေနပ်တဲ့ မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာထားနဲ့ပဲ မိကို ပြုံးကြည့်နေတယ်။ ကိုကိုဆိုတာတော့ ပြောနေစရာတောင် မလိုတော့။ မိကို တိုက်ဖို့ လိမ္မော်ရည်ဝယ်တာတောင် သူကိုယ်တိုင် ပြေးတယ်။ သူတို့ရုံးကို လုပ်ငန်းစစ်ဆေးရေးအဖွဲ့လာယင်တောင် ဒီလောက်ပြာပြာသလဲ ဖြစ်မယ်မထင်ဘူး။

မိက သိပ်တပ်သိနားလည်တာပဲ။ အဖေတို့အမေတို့လို ရိုးရိုးအေးအေးနေတဲ့ လူကြီးမျိုးတွေဟာ မိန်းကလေးတွေစကားသိပ်များတာကို မကြိုက်တတ်ဘူးဆိုတာ သိထားပုံရတယ်။

စကားကို ရှန်းရှန်းဝေလောက်အောင်မပြော။ မျက်လွှာကလေးချပြီး ဣန္ဒြေရရနေတယ်။ တကယ်ဆိုတော့ အဲဒီအမူအရာတွေကို တမင်ဟန်ဆောင်ပြီး လုပ်နေတာမဟုတ်ပါဘူးလေ။ ဣန္ဒြေရှိတာ၊ အထက်တန်းကျကျ ပြောဆို ဆက်ဆံတတ်တာ မိရဲ့ ကိုယ်ပိုင်အမူအကျင့်ပဲ မဟုတ်လား။

မိပြန်သွားတဲ့အခါကျတော့...အမေက....

'ကလေးမလေးက မဆိုးဘူး၊ ချစ်စရာကလေး၊ လိမ္မာရေးခြားရှိပုံရတယ်၊ ပြီးတော့ ရုပ်ကလေးက မောင်အေးနဲ့ ဆင်သလိုလိုပဲ၊ အမေ့သမီးဆို ယုံကြမှာပဲ"

အဖေက 'ငါ့သား....လူရွေးတာတော်သကွာ' လို့ပဲ ပြောတယ်....''

ကိုကိုကတော့ ကျွန်တော့်ကိုယ်စားဝင်ပြီး ဂုဏ်ယူနေတဲ့ မျက်နှာထားပျိုးနဲ့။

× × ×



တနင်္ဂနွေတရက်ကျတော့ ကျွန်တော့်ကို ဆရာမြင့်က မိတို့အိမ်ကိုခေါ်သွားတယ်။ လူကြီးတွေ ကျွန်တော့်ကို မျက်မှန်းတန်းမိသွားအောင်လို့တဲ့။ ဟိုအယင်တုန်းက မိတို့အိမ်ကိုရောက်ဖူးပါတယ်။ ကျွန်တော်တို့ ကျောင်းကလေးအတွက် ကြော်ငြာစာရွက်တွေရိုက်တုန်းက။ အဲဒီအခါကျတော့ တမျိုးပေါ့။ ခုတခါကျတော့ စာမေးပွဲခန်းထဲ ဝင်ရသလိုရင်တွေ တဒိတ်ဒိတ်ခုန်မိတယ်။ ဧည့်ခန်းထဲမှာထိုင်ပြီး မိတို့မိဘတွေရှေ့မှာနေနေရတာ အလုပ်အတွက် အင်တာဗြူးလုပ်တဲ့ လူကြီးတွေရှေ့ ရောက်နေသလိုပဲ။

ဆရာမြင့်က ကျွန်တော့်ကို မိတ်ဆက်ပေးတယ်။

"သူက ကျွန်တော့်တပည့်ရင်းပဲ၊ အေးမောင်တဲ့ ရန်ကုန်တက္ကသိုလ်က ဘွဲ့ရပြီးပြီ၊ အယင်က ကျွန်တော့်ဆီမှာ လက်ထောက်ပေါ့၊ ခုတော့ ကိုယ်ပိုင်ကျောင်းထောင်ပြီး ဆရာဖြစ်နေပြီ"

ဆရာမြင့် ကျွန်တော့်ကိုပင့်ပေးနေကြောင်း သိသာတယ်။ သူ့ကျောင်းက စာရေးလို့မပြောဘူး။ လက်ထောက်တဲ့။ ခု ကိုယ်ပိုင်ကျောင်းထောင်ပြီး သင်နေတယ်ဆိုတာက ကျွန်တော်ဟာ ကိုယ့်လုပ်ငန်းနဲ့ကိုယ် အခြေတကျ လုပ်ကိုင်နေပြီလို့ ဆိုလိုက်တာပဲ။ ဆရာမြင့် အဲဒီလိုပြောလိုက်တာနဲ့ တပြိုင်နက် ကျွန်တော်ဘယ်သူဆိုတာ မိရဲ့မိဘတွေ ရိပ်မိသွားပုံရပါတယ်။ ဘာကြောင့်ဆို ဆရာမြင့်စကားလဲ ဆုံးရော၊ မိတို့ အဖေရောအမေပါ ကျွန်တော့်ကို ပြိုင်တူ လှမ်းကြည့်လိုက်ကြလို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဆရာမြင့်နဲ့ တခြားအကြောင်းတွေ ပြောနေကြပေမယ့် တချက်တချက် ကျွန်တော့်ကို လှမ်းလှမ်းပြီး အကဲခတ်နေကြတယ်။ မိကတော့ ဧည့်ခန်းထဲမှာ လာထိုင်မနေဘူး။ ကျွန်တော်တို့ရောက်ပြီး ခဏအကြာမှာ လက်ဖက်ရည်နှစ်ခွက် လာချပေးပြီးတဲ့နောက် လုံးဝထွက်မလာတော့။ လက်ဖက်ရည်ခွက်လာချတဲ့အချိန်မှာလဲ ကျွန်တော့်ကို တချက်ကလေးမှ ကြည့်မသွား။ ကျွန်တော်ကလဲ သူ့ကိုမော့မကြည့်ပဲ ခေါင်းငုံ့ပြီး နေလိုက်တယ်။ မိရဲ့စိတ်ထဲမှာတော့ ကျိတ်ပြီးရယ်ချင်နေမှာပဲဆိုတာ ကျွန်တော်သိပါတယ်။

ဆရာမြင့်က စကားဝိုင်းထဲမှာ ကျွန်တော့်ကို ဝင်ဆံ့အောင်နေရာပေးတယ်။ ကျွန်တော်ဝင်ပြောလို့ ရမယ့်အကြောင်းအရာတွေကို ဆွဲပြီးပြောတယ်။ ကျွန်တော်ကတော့ စကားသိပ်မပြောမိ။ စကားများများပြောမိယင် အမှားပါမှာစိုးလို့။ မိတို့အနေနဲ့ အမေကလဲ ကျွန်တော့်ကို သိပ်မမေးကြပါဘူး။ ကျွန်တော့်အဖေက ဘာလုပ်သလဲ၊ ဘယ်မှာနေသလဲဆိုတာတွေက ကျွန်တော့်ကို မေးစရာမလို။ မိကိုမေးကြည့်ယင် သိနိုင်တာပဲ။

မိတို့အဖေက စကားပြောယင် အသံကျယ်တယ်။ သူ့အသံက ဩဇာရှိတဲ့အသံမျိုး အောင်မြင်ခန့်ညားတဲ့ အသံမျိုး။ မိပြောသလို စိတ်ထက်တယ်၊ ပြတ်သားတယ်ဆိုဘာ ဖြစ်နိုင်တယ်။ မိတို့အမေကတော့ စကားပြောယင် လေအေးကလေးနဲ့ပဲ။ စိတ်ထားလဲနူးညံ့ပုံရတယ်။ သို့ပေမယ့် လူကဲခတ်နေတဲ့နေရာမှာတော့ မိတို့အမေကပိုပြီး တော်တယ်။



ဘာကြောင့်ဆို....

ကျွန်တော်တို့ ပြန်သွားပြီးတော့ မိတို့အမေက မိတို့အဖေကို လှမ်းပြောလိုက်သံကို မိကြားလိုက်ရတယ်။

"ကောင်လေးက မဆိုးပါဘူး၊ ရည်ရည်မွန်မွန်ကလေး" တဲ့....။

* * *

"မိ.... ပြောပုံအရ ဆိုယင် တော်တော် အခြေအနေကောင်းတဲ့ သဘောပေါ့"

မိ က ခေါင်းညိတ်ပြတယ်။

"မောင် စိတ်မကောင်းဘူးကွာ"

"အဲဒါက ဘာဖြစ်သွားရပြန်တာလဲ"

"ခုလိုဆိုတော့ မောင်ဟာ မကြာခင် လူပျိုဘဝကို စွန့်လွှတ်ရမယ့် သဘောရှိနေလို့ပါ"

"သိပ်လဲ ကိုယ့်ကိုယ်ကို အထင်မကြီးနဲ့အုံးလေ၊ မောင်လေး... ခု မောင့်အကြောင်းကို စုံစမ်းနေတယ်၊ မောင်က မိန်းမ...ယောက်ကို တိတ်တိတ်ပုန်း ယူထားတယ်လို့ သတင်းကြား...တဲ့"

"ဟာ.... သိပ် ဟုတ်တာပေါ့၊ ကောင်မလေးတယောက်ကို ...ရွာ:ရိုးမှာ တိတ်တိတ်ပုန်း လက်ထပ်ထားတာလေ"

www.burmeseclassic.com

www.burmeseclassic.com



မိက ရယ်လိုက်ပြီး ကျွန်တော့် လက်မောင်းကို ထုတယ်။

"မောင်က တော်တော်လည်တယ်နော်....၊ အရှောင်အတိမ်းကတော့ တကယ်တတ်တယ်"

"မိ ကလဲကွာ၊ စဉ်းပဲ စဉ်းစားကြည့်စမ်းပါအုံး၊ မောင့်မှာ တိတ်တိတ်ပုန်း မိန်းမယူဖို့ နေနေသာသာ ဒီတယောက်ကို ယူဖို့တောင် မနည်း ခြစ်ချုပ်ပြီး ငွေစုနေရတဲ့ဟာ၊ မိကလဲ သိသားနဲ့...."

"အော....မောင်က ငွေရေးကြေးရေး မချောင်လည်လို့သာ နောက်တယောက် မသားနိုင်တာပေါ့ ဟုတ်လား၊ ငွေတွေပေါလာယင်တော့ နောက်ထပ်ယူမယ် ဆိုပါတော့"

"အင်း.... ဒါတော့ ဘယ်အတပ်ပြောနိုင်အုံးမလဲ၊ ယူယင်ကောင်းမလားလို့ စဉ်းစားနေတုန်းပဲ"

"မောင်နော်.... ခုကတည်းက ဖောက်ပြန်နေချင်ပြီလား"

မိရဲ့ အသံကလေးက တုန်တုန်ခါခါ ထွက်ပေါ်လာတယ်။ ကျွန်တော် လှည့်ကြည့်လိုက်တော့ မိ မျက်နှာထားက ခပ်တည်တည် ဖြစ်နေတယ်။

"အခုတော့.... မဟုတ်သေးပါဘူး မိရဲ့၊ အသက်ကြီးပြီး မိအလှတွေ ပျက်ကုန်တဲ့ အချိန်ကျမှပါ"

လို့....ကျွန်တော်က ထပ်နောက်လိုက်တယ်။ သို့ပေမယ့် မိက မရယ်ဘူး။ ပြုံးတောင်မှ မပြုံး။ ဒီတော့မှ မိ ကျွန်တော့်ကို စိတ်ကောက်သွားကြောင်း သိလိုက်ရတယ်။

'မိကလဲကွာ.... မောင်က နောက်တဲ့ ဥစ္စာကို"



ကျွန်တော်က မိ ပခုံးပေါ်ကို လက်တင်လိုက်တယ်။ မိက ကျွန်တော့် လက်ကို ပုတ်ချလိုက်တယ်။ မိရဲ့ မျက်လုံးတွေက အရည်လဲ့လာပြီ။ နှုတ်ခမ်းကလေးက တရှုံ့ရှုံ့လှုပ်နေတယ်။

"မိ ရယ်၊ မောင် တောင်းပန်ပါတယ်ကွာ၊ မိ ခုလောက် စိတ်ဆိုးသွားမှန်း မသိလို့ ပြောလိုက်တာပါ။ အဲဒါကလဲ ဘာများ ထိခိုက်စရာမို့လို့လဲ၊ မောင်က နောက်တာပဲဟာ"

စိတ်ဆိုးတာ မဟုတ်ပါဘူး၊ ဝမ်းနည်းတာ သိလား၊ မိက မောင့်ကို အခက်အခဲတွေ အမျိုးမျိုးကြားက စွန့်စားပြီး ချစ်ခဲ့ရတယ်၊ မောင်ကတော့ ခုကတည်းက နောက်တယောက်ယူဖို့ စဉ်းစားနေပြီ"

"နောက်တာပါဆိုမှပဲကွယ်...."

"ဟင့်အင်း....အဲဒီလို စကားမျိုးနဲ့တော့ မနောက်နဲ့၊ မောင် မိ ကို ပစ်သွားမယ့် ကိစ္စမျိုးဆိုယင် နောက်တာ ပြောင့်တာတောင် မိ မကြိုက်ဘူး သိလား"

"သိပ် ချစ်တာပဲပေါ့ ဟုတ်လား"

လို့....ပြောပြီး မိ ရဲ့ မျက်နှာကလေးကို ကျွန်တော့် ရင်ခွင် အပ်ပြီး ထွေးထားလိုက်တယ်။ မိ က ငိုသံပါတဲ့ အသံနဲ့ 'မောင်....ပြောရက်တယ်' လို့ ဆိုတယ်။

"နှစ်ယောက်ပဲ ယူမှာပါကွာ"

'မောင်နော်....' ဆိုပြီး ကျွန်တော့် လက်ကြားထဲက ရုန်းထွက်ဖို့ ကြိုးစားနေတယ်။ ကျွန်တော်က ပိုပြီး တင်းကျပ်အောင် ဖက်ထားလိုက်ယင်းက....

www.burmeseclassic.com

www.burmeseclassic.com



"မိကလဲ မောင့်စကားဖြင့် ဆုံးအောင် နားမထောင်ဘူး၊ နှစ်ယောက်ထဲ ယူမှာဆိုတာက သားသမီးနှစ်ယောက်ယူမယ်လို့ ပြောတာပါ၊ မိ မွေးပေးမှာ မဟုတ်လား ဟင်"

မိက ဘာမှ ပြန်မပြော။ ကျွန်တော့် ရင်ခွင်ထဲမှာ ငြိမ်နေတယ်။ ကျွန်တော့် ရင်ပတ်က အေးကနဲ ဖြစ်သွားလို့ မိရဲ့ မျက်ရည်တွေ ကျွန်တော့် အင်္ကျီမှာ စိုကုန်ကြောင်း သိလိုက်ရတယ်။ ကျွန်တော်က မိ ရဲ့ မေးစေ့ကလေးကို ကိုင်ပြီး မိရဲ့ မျက်နှာကလေးကို ကျွန်တော်နဲ့ မျက်နှာချင်းဆိုင် ဖြစ်သွားအောင် ဆွဲမ ယူလိုက်တယ်။

မိ ရဲ့ မျက်လုံးထဲမှာ မျက်ရည်စတွေ ရှိနေတုန်း။ မျက်ရည်ကတော့ တိတ်သွားပြီ။ ခုန စီးကျလာတဲ့ မျက်ရည်တွေသာ ကျန်နေတာ။ ပါးပြင်ပေါ်မှာလဲ မျက်ရည်တွေ စွန်းနေလို့ သနပ်ခါးတွေတောင် ကွက်တိကွက်ကျား ဖြစ်နေလို့၊ မိ ငိုတာ တခါမှ မမြင်ဖူးသေးဘူး၊ တကယ်ဆိုတော့ မိဟာ ငိုယင်လဲ လှတာပါပဲလား။

"မိ က ငိုယင်လဲ လှတာပဲနော်၊ ပိုပြီးတော့တောင် ကြည့်လို့ ကောင်းလာသေးတယ်၊ နောက်ကို မိ ငိုအောင် ခဏခဏ စ,မှ ထင်တယ်"

"မောင်နော်...."

မိ က ရှန်းပြန်တယ်။ ကျွန်တော်က မလွှတ်။

"အလကား ပြောတာပါ၊ ထပ်ပြီးတော့ မငိုလိုက်ပါနဲ့၊ ဒီတခါ ငိုယင်တော့ လှမှာ မဟုတ်တော့ဘူး"



"ငိုတာပဲ လှအောင် ငိုရမလား....၊ မောင် ကြည့်ကောင်းအောင် ငိုပေးရအောင် မိကို မင်းသမီးများ မှတ်နေလို့လား...."

ပြောပြီးတော့.... ရယ်လိုက်တယ်။ ဟောဗျာ။ ငိုပြီးခါစ မျက်လုံးအစ်အစ်ကလေး၊ သနပ်ခါးတွေ မညီမညာကွက်နေတဲ့ ပါးပြင်ကလေးနဲ့ သူ့မျက်နှာဟာ ရှိုက်နေရာကနေ ရုတ်တရက် ရယ်လိုက်တော့ တခါမှ မမြင်ဘူးတဲ့ ဟန်တမျိုးကလေး ဖြစ်လာတယ်။ ကြည့်ယင်း ကြည့်ယင်းနဲ့ သူ့ကို ကျွန်တော် ပိုပြီး ချစ်လာပြန်ပါပြီ။

"ကဲ.... မိ စိတ်ကောက်နေတာနဲ့ပဲ ပြောလက်စ စကားတောင် ပြတ်သွားပြန်ပြီ။ မိတို့ အမေက အဲဒီလို ပြောတယ်ဆိုတော့ မိတို့ အဖေကကော ဘယ်လိုလဲ"

"ဖေဖေလား၊ မိ ကိစ္စမှာ ဖေဖေက သိပ်အရေးမပါတော့ဘူးလေ၊ သိတယ် မဟုတ်လား၊ သူ့ လူက မစွံလို့ ဖေဖေက တော်တော် သိက္ခာကျသွားတယ် မဟုတ်လား၊ မောင်နဲ့ ပတ်သက်ပြီးတော့လဲ ဘာမှ သိပ်မပြောဘူး၊ မေမေ့ကို လွှဲထားတဲ့ သဘောပေါ့"

မိခပြောတာဟုတ်တယ်။လူကြီးတွေဟာ အဲဒီလိုပဲ။သူတို့လုပ်တာမှားသွားပြီ ဆိုယင် ကိုယ့်ဖာသာကိုယ်သိတယ်။ အဲ....ဘယ်တော့မှ မှားပါတယ်လို့ဝန်မခံတတ်။ တယောက်ယောက်က အမှားကိုထောက်ပြတာကိုလဲ မကြိုက်တတ်ကြဘူး။ အဲဒီအမှားကို သူတို့ဟာသူတို့ ကျိတ်ပြီးပြင်တတ်ကြတယ်။ မိကိုတော့ အဲဒါတွေပြောမပြတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေစဉ်းစားနေတာလဲ"

လို့မိကမေးတယ်။ ကျွန်တော်ဘာမှပြန်မပြော။ ပြုံးပြီးခေါင်းခါပြလိုက်တယ်။ ပြီးတော့သူ့ပါးပြင်ကလေးကို လက်ဝါးနှစ်ဖက်နဲ့အုပ်ကိုင်လိုက်တယ်။

မိကို ကျွန်တော်နမ်းတယ်။ ပါးနှစ်ဖက်ကို လက်နဲ့အုပ်ထားလို့ ပါးကိုတော့နမ်းလို့မရ။ နဖူးကို။ ပြီးတော့... နှုတ်ခမ်း။ ပထမဆုံးအကြိမ် နမ်းဖူးခြင်းပါ။ အကြာကြီးမဟုတ်။ တစက္ကန့်လောက်မျှသာ။ ထိရုံကလေး။

သို့ပေမယ့် စိတ်ထဲမှာအကြာကြီးကြာအောင် နမ်းလိုက်ရသလို ထင်မိတယ်။ ဆန္ဒတခုပြည့်ဝသွားသလို ခံစားရတာတော့ မဟုတ်။ မမှီနိုင်တဲ့အရာတခုနောက်ကို အတင်းပြေးလိုက်ရသလိုပဲ။

မိဟာမျက်လုံးကလေး ကြောင်ပြီး ကျွန်တော့ကိုကြည့်နေတယ်။ ကျွန်တော့အတွေးထဲကို တခုဖြတ်ကနဲဝင်လာတယ်။ ဘာလဲဆိုတော့...ဒီအခန်းထဲမှာကျွန်တော်တို့နှစ်ယောက်တည်း။ မျိုးမျိုးက ဈေးဝယ်သွားအုံးမယ်ဆိုပြီး ထွက်သွားတယ်။ နည်းနည်းကြာမယ်လို့လဲ ပြောသွားတယ်။

အခန်းတခုလုံး တိတ်ဆိတ်နေတယ်။ စောစောတုန်းကဆိုယင် ရင်ခုန်သံတွေ၊ အသက်ရှူသံတွေ ကြားမိသေးတယ်။ ခုဘာသံမှမကြားရတော့။ တိတ်ဆိတ်ငြိမ်သက်လွန်းလို့စိတ်ထဲမှာချောက်ချားလာပြန်တယ်။ မိကိုကျွန်တော် ကျောက်သင်ပုန်းပေါ်မှာ စာရေးပြီး ဖွင့်ပြောတဲ့နေ့ကို သတိရလာတယ်။ အဲဒီနေ့တုန်းက



လဲခုလို တိတ်ဆိတ်ငြိမ်သက်လွန်းလို့ ကယောင်ချောက်ချားဖြစ်ပြီး ဖွင့်ဟဖြစ်ခဲ့တာမဟုတ်လား။

ခုလဲ....

တိတ်ဆိတ်နေရာက ပြန်ပြီးဆူညံလာပြန်တယ်။ ဒီတခါကြားရတဲ့အသံက....သက်ပြင်းချသံ၊ နှလုံးခုန်သံ၊ ခန်းဆီးစကိုလေသိုးသံ တို့လိုသဘာဝကျတဲ့အသံမဟုတ်။ ကျွန်တော့်ကိုယ်ထဲက သွေးတွေစီးဆင်းတဲ့အသံ၊ ဦးနှောက်ဆူပွက်တဲ့အသံ၊ မွေးညှင်းကလေးတွေ ယိမ်းထိုးလှုပ်ရှားတဲ့အသံ။

သိစိတ်အစဉ်ဟာ ကြားထဲမှာ ကွက်လပ်တခုဖြစ်သွားတယ်။ ဘယ်ဟာကိုမှ စဉ်းစားတွေးတောမိခြင်းမရှိတော့ ဆင်ခြင်တုံတရားလွတ်ထွက်သွားတဲ့အချိန်။ ဒီထက်မကပြောရယင် ကိုယ့်ကိုယ်ကို ရှိနေတယ်ဆိုတာတောင် မသိနိုင်ဘူး။

မိကကျွန်တော့ရင်ဘတ်ကို တအားဆောင့်တွန်းလိုက်တော့မှ အသိတရားဝင်လာတယ်။ ကျွန်တော်မှားသွားပြီဆိုတာ ချက်ချင်းသိလိုက်တယ်။

"ဘာလုပ်တာလဲဟင် ဒါကဘာလုပ်တာလဲ"

စုန်းကနဲ ထရပ်လိုက်တယ်။ မိကတခါမှ ကျွန်တော့ကိုမကြည့်ဖူးတဲ့ အကြည့်မျိုးနဲ့ကြည့်နေတယ်။ ဝင်းဝင်းတောက်နေတဲ့ဒေါသမျက်လုံးတွေ။

"ဒါမျိုးနေချင်ယင် မိကိုဘာဖြစ်လို့ချစ်သေးသလဲ၊ မိန်းမပျက်တယောက်ကို သွားချစ်ပါလား"

မိရဲ့အသံက တုန်ခါနေတယ်။ သူ့အသံရဲ့ အရှိန်ကြောင့် ကျွန်တော့်ကိုယ်ခန္ဓာတောင်မှ လှုပ်ခါသွားသလိုပါပဲ။ ကျွန်တော်

www.burmeseclassic.com



မိကို ဘာမှမပြောနိုင်ပဲငေးကြောင်ကြည့်နေမိတယ်။ မိကိုတောင်းပန်ရမယ်ဆိုတာ စိတ်ထဲကသိနေတယ်။ ပါးစပ်ကပြောလို့မရ။ ခင်သက်မိနေတယ်။

မိရဲ့မျက်နှာဟာ အရမ်းတင်းမာနေရာက ရှုတ်ချည်းလျော့ကျသွားတယ်။ ဒေါသပြေပျောက်သွားလို့မဟုတ်ကြောင်းသိသာပါတယ်။ မျက်လုံးတွေ ဝင်းဝင်းတောက်နေရာက ရီဝေသွားတယ်။ မျက်ရည်ဝဲလာတာကြောင့်။

မိရဲ့လက်ကလေး လှုပ်သွားတယ်။ ကျွန်တော့်ပါးကိုတအားလွဲရိုက်လိုက်ပါစေလို့ ဆုတောင်းပေမယ့် သူမရိုက်ဘူး။ ကုလားထိုင် နောက်မှီမှာ ချိတ်ထားတဲ့ ပခုံးသိုင်းသားရေအိတ်ကိုယူပြီးလွယ်တယ်။ ချာကနဲလှည့်ထွက်သွားတယ်။ အဲဒီတော့မှ....

"မိ... နေအုံးလေ"

ကျွန်တော် အပေါက်ဝက ထွက်ကြည့်တဲ့အခါ မိ လှေကားတဝက်လောက် ဆင်းမိနေပြီ။ ကျွန်တော်ဘာလုပ်ရမလဲ။ လှေကားသုံးထစ်လောက် ပြေးဆင်းမိပြီးမှပြန်ရပ်လိုက်ရတယ်။ မျိုးမျိုးတို့အခန်းကို ဒီအတိုင်းပစ်ထားခဲ့ပြီး မိနောက်ကိုလိုက်ရမလား။

အဲဒီမှာ လှေကားခြေရင်းမှာ မျိုးမျိုးကို တွေ့လိုက်ရတယ်။ ကျွန်တော်ခပ်သုတ်သုတ် ဆင်းလိုက်မိတယ်။ မျိုးမျိုးကနားမလည်သလို ကြည့်နေတယ်။ ကျွန်တော်က 'သွားအုံးမယ်'လို့ ပြောလိုက်တယ်၊ မျိုးမျိုးက 'မရော'တဲ့။ 'ရှေ့ကသွားနှင့်ပြီ' လို့ထပ်ပြောပြီး အမြန်ထွက်လာခဲ့တယ်။



လမ်းမပေါ်ရောက်တော့ ဟိုဘက်ဒီဘက် လှမ်းကြည့်တယ်။ မဟာဗန္ဓုလလမ်းဘက်ထိပ်မှာ မိကိုလှမ်းမြင်လိုက်တယ်။

ကျွန်တော် မပြေးရုံတမယ်လျှောက်ပြီး လိုက်သွားတယ်။ ကျွန်တော်လမ်းထိပ်ရောက်တဲ့ အချိန်မှာ မိကကားမှတ်တိုင်နားရောက်နေပြီ။ ဟိုဘက်ကလာနေတဲ့ကားတွေကို လွတ်အောင်ဖြတ်ပြေးရတယ်။ ကျွန်တော်လမ်းအလယ်ရောက်တဲ့အချိန်မှာပဲ မိဟာ အမြန်ကားတစင်းပေါ်တက်သွားတာ တွေ့လိုက်ရတယ်။ ကျွန်တော်လမ်းဟိုဘက်ကို အမြန်ကူးပြီး ပြေးလိုက်သေးတယ်။

မမီတော့။

* * *

မိအနေနဲ့ ကျွန်တော့်ကို ခွင့်လွှတ်ဖို့မဆိုထားနဲ့ ကျွန်တော်ကိုယ်ကျွန်တော်တောင် ခွင့်မလွှတ်နိုင်ဘူး။ ကျွန်တော်ဟာ ဘာအသုံးကျသလဲ။ မိကိုလက်လွှတ်ရအံ့ ဆဲဆဲ အခြေအနေကနေခုလောက်ထိ အဆင်ပြေလာအောင် ဘယ်လောက်ကြိုးပမ်းခဲ့ရသလဲ။ အဲဒီအဆင့်တွေအားလုံးကိုတချက်ထဲနဲ့ ပျက်စီးအောင်လုပ်လိုက်မိပြီ။

အဲဒီလိုလွန်လွန်ကျူးကျူးချစ်ချင်တာမျိုးကို မိ မကြိုက်ဘူးဆိုတာ ကျွန်တော်သိဖို့ကောင်းတယ်။ ကျွန်တော်ကိုယ်တိုင်လဲ အတူတူမနေရခင်မှာ အဲဒါမျိုးမလုပ်သင့်ဘူးလို့ လက်ခံထားပါ

www.burmeseclassic.com

www.burmeseclassic.com



လျက်သားနဲ့။ ဘာကြောင့်မိုက်မိုက်မဲမဲကျူးလွန်ဖို့ ကြိုးစားခဲ့ရတာလဲ။ ကျွန်တော်လဲမသိပါ။

အဲဒီအကြောင်းကိုသူငယ်ချင်းတွေကိုပြောပြယင်ကျွန်တော့်ကို ရစရာမရှိအောင် ပြောကြလိမ့်မယ်။ကိုကိုသာသိယင် ဆွဲထိုးမလားမသိ။ ကျွန်တော်ခေါင်းမဖော်နိုင်အောင် အပြောခံချင်တယ်။ဆွဲအထိုးခံချင်တယ်။မိကိုကျွန်တော်ထပ်တွေ့ဖို့ကြိုးစားပြီးကျွန်တော့်ပါးကိုထိုးပေးလိုက်မယ်။မိပါးရိုက်တာခံလိုက်ရယင်အပြစ်တွေကျေသွားမလားမသိ။

မိကတော့ ကျွန်တော့်ကို ရိုက်မှာလား။ ပါးရိုက်လိုက်ပြီးတော့မှသနားပြီး ခွင့်လွှတ်လိမ့်မယ်ထင်သလား။ဒေါသကြောင့်တင်းမာခတ်ထန်နေရာက ရုတ်ချည်းလျော့ကျသွားတဲ့ မျက်နှာ။ကျေအေးလိုတဲ့ သဘောမဟုတ်။ အေးစက်မာကျောသွားခြင်းသာ။ဒေါသရဲ့အမြင့်ဆုံးအဆင့်ဟာဘာလဲ။

အမုန်း။

ဟုတ်မှာပါ။ မိကျွန်တော့်ကိုမုန်းသွားလောက်ပါပြီ။

* * *



ကျွန်တော့် အိပ်မက်။

မိ က ကျွန်တော့် ပါးကို ပိတ်ရိုက်လိုက်တယ်။ ပြီးတော့.... လှေကားအတိုင်း ပြေးဆင်းသွားတယ်။ ကျွန်တော်လဲ ဆင်းပြီးလိုက်တယ်။ 'မိ.... နေအုံး' လို့ လှမ်းအော်ပေမယ့် ပါးစပ်ကအသံမထွက်။ မိ က ရုတ်တရက် ပျောက်သွားတယ်။ ကျွန်တော်ဆင်းနေရတဲ့ လှေကားက အဆစ်တွေ အများကြီး၊ မတ်မတ်စောက်စောက်ကြီး။ တော်တော်နဲ့ အောက်ကို မရောက်နိုင်ဘူး။ လမ်းမပေါ် ရောက်တော့ မိ ရဲ့ အရိပ်အယောင်တောင်မမြင်ရ။ 'မိ ရေ.... မိ... ဘယ်မှာလဲ၊ မောင် ပြောပါရစေအုံး၊ မောင် တောင်းပန်ပါတယ် မိရယ်' လို့ တကျော်ကျော်အော်မိ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော် အော်နေတာကို လမ်းသွားလမ်းလာတွေက လုံးဝ မကြားသလိုပဲ။ အသွားအလာ အလုပ်အကိုင် မပျက်။ ကျွန်တော့်ကို ကြည့်တောင် မကြည့်ကြ။ အဲဒီအချိန်မှာ ကားတစီး ဘေးက ဖြတ်ကျော်သွားတယ်။ ကြည့်လိုက်တော့ ကားရဲ့ နောက်ဘက်ကို မျက်နှာမူပြီး ထိုင်နေတဲ့ မိက ကျွန်တော့်ကို စိမ်းစိမ်းကြီး ကြည့်ပြီး ပါသွားတယ်။ ကျွန်တော် ကားနောက်ကို ပြေးလိုက်တယ်။ ခြေထောက်တွေက မြေကြီးကို ထိတယ် မထင်ဘူး။ ရေနစ်တဲ့အခါ အောက်ခြေက မြေကြီးကို ထောက်မိအောင် ကြိုးစားနေရသလိုပဲ။ ကျွန်တော် ပြေးပေမယ့် နေရာက မရွေ့ဘူး။ ထူးဆန်းတယ်။ ကားဟာ အရှိန်နဲ့ မောင်းနေတယ်။သို့ပေမယ့်... ကျွန်တော်နဲ့ အလှမ်းကွာမသွား။ ကျွန်တော့်ရှေ့ ဆယ်ကိုက်အကွာလောက်က သွားနေတုန်းပဲ။

မိက 'မောင်နဲ့ အဲဒီ မိန်းမနဲ့ပဲ တန်ဘယ်' လို့ လှမ်းအော်ပြောတယ်။ ကျွန်တော့် နောက်ဘက်ကို လက်ညှိုးထိုးပြတယ်။ လှည့်ကြည့်လိုက်တော့ မျက်နှာမှာ မိတ်ကပ်တွေ ဖွေးနေအောင် လိမ်းထားပြီး နှုတ်ခမ်း နီနီရဲရဲ ဆိုးထားတဲ့ မိန်းမ တယောက် ကျွန်တော့်နောက်က ပြေးလိုက်လာပြီး ကျွန်ဘော့် လက်ကို ဖမ်းဆွဲထားတယ်။ ကျွန်တော်က အတင်းရုန်းတယ်။ ကားက တဖြည်းဖြည်း ဝေးသွားရော။ 'မိရေ....မောင့်ကို ကယ်ပါအုံး' လို့ ကျွန်တော် အော်တယ်။

မိက ကားပေါ်ကနေ ခုန်ဆင်းလိုက်တယ်။ ကားအရှိန်ကြောင့် မိ မဟန်နိုင်ပဲ လည်ပြီး ကျသွားတယ်။ အဲဒီ အချိန်မှာ ဟိုက မိန်းမက ရယ်ပြီး ပြန်ပျောက်သွားတယ်။



ကျွန်တော် မိ ဆီကို ပြေးသွားတယ်။ မိ ကို ပွေ့ထူလိုက်တော့ မိက ခြေထောက်နာသွားတယ်လို့ ပြောတယ်။ မိ ရဲ့ ခြေထောက်ကလေးကို ငုံကြည့်လိုက်တဲ့အခါ....

မိ ရဲ့ ခြေထောက်တွေဟာ လူ့အသားလို မဟုတ်ဘူး။ လေမှုတ်ထားတဲ့ ပူဖောင်းလို ဖြစ်နေတယ်။ အထဲကိုလဲ မြင်နေရတယ်။ အထဲမှာ အရိုးတွေ၊ အသားတွေ၊ သွေးကြောတွေ မရှိ၊ လေတွေပဲ ရှိတယ်။ အရေပြားရဲ့ တနေရာမှာ ပါးလှပ်နေတဲ့ အကွက်ကလေး တခု။ တဖြည်းဖြည်း ကျယ်ပြန့်လာတယ်။ပိုပြီး ပါးလွှာလာတယ်။ ကျွန်တော် ထိတ်လန့်တကြားနဲ့ လက်နဲ့အုပ်ထားလိုက်တဲ့ အချိန်မှာ ဖောင်းကနဲ ပေါက်ကွဲသွားတယ်။

အိပ်ရာက နိုးလာတော့ ကျွန်တော့်စိတ်ထဲမှာ တမျိုးကြီးပဲ။ တကယ် မဟုတ်မှန်း သိတယ်။ အိပ်မက်ပါလား ဆိုပြီး စိတ်သက်သာရာ ရမသွားပဲ ဖြစ်နေပြန်တယ်။ အဲဒီ.... အိပ်မက်ကို တခါတုန်းက တကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တခုကို ပြန်သတိရသလို ထင်မိတယ်။

အဲဒါမျိုး ခဏခဏဖြစ်ဖူးတယ်။ တခါတလေကျယင် မိဟာ ကျွန်တော့် ရှေ့မှာ ထိုင်နေတာ မြင်နေရက်သားနဲ့ လွမ်းသလိုလို ဖြစ်နေတတ်တယ်။ တခါတလေ မိ ကို ရင်ခွင်ထဲမှာ ပွေ့ဖက်ထားယင်းက အဝေးတနေရာမှာ ခွဲခွာပြီးနေရသလို ခံစားမိတတ်တယ်။

ကျွန်တော်ဟာ စိတ်ကူးယဉ်တတ်တဲ့ လူလား။ အရာရာကို တွေးတော စိုးရိမ်ပူပန်တတ်တဲ့ လူလား။ စိတ်ဓာတ်ပျော့ညံ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



လူလား။ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ဖို့ဆိုတာ တော်တော်ခက်ပါတယ်။

* * *

ရန်ကုန် ဘူတာကြီးမှာ မိ ကို သွားစောင့်တယ်။ ရထားတစင်း ဝင်လာတိုင်းဝင်လာတိုင်း ရင်ခုန်ရတယ်။မိက မင်္ဂလာဒုံက လာတဲ့ ရထား၊ မြို့ပတ်ရထား၊ သင်္ကန်းကျွန်း၊ တိုးကြောင်ကလေးဘက်က လာတဲ့ ရထား၊ ဘယ်ရထားဖြစ်ဖြစ် စီးလာလို့ရတယ်။ ရထားတွေ ဝင်လာပြီဆိုယင် စက်သံတွေ၊ သံလမ်းနဲ့ ရထားဘီး ပွတ်တိုက်သံတွေ၊ ရထားတွဲတွေ ယိမ်းထိုး ထိခတ်သံတွေ၊ လူသံတွေ ဆူညံစပြီ။ သို့ပေမယ့်.... အဲဒီ အသံတွေကို မကြားမိ။ ရင်ခုန်သံကိုပဲ ကြားနေရတယ်။

အချိန်တွေ လွန်သွားတဲ့ အထိ မိ ရောက်မလာဘူး။နောက်မှ သွားသတိရတယ်။ ကျွန်တော်ဟာ သိပ်ကယောင်ကတမ်းနိုင်တာပဲ။ မိ က ကျွန်တော်နဲ့ ချိန်းထားတဲ့ အခါကျမှသာ ရထားနဲ့ လာတတ်တာပဲ။ သူ့ဘာသာ တယောက်တည်း လာယင် ဘတ်စ်ကားနဲ့ လာမှာပေါ့။ ဒါမှမဟုတ် အမြန်ကားနဲ့ လာမှာပေါ့။ ကားမှတ်တိုင်က ကျောင်းနဲ့ ပိုနီးတာပဲ။ အယင် ကျွန်တော်နဲ့ ချိန်းတုန်းကသာ လမ်းလျှောက်ယင်း စကားပြောချိန်ရအောင် ရထားနဲ့ လာတတ်တာ။



ခုချိန်ကျမှ ကားမှတ်တိုင် သွားစောင့်ယင်လဲ တွေ့မှာ မဟုတ်တော့။ မိက ဆရာမြင့် ကျောင်းကို ရောက်နေလောက်ပြီ။ ကျောင်းကို လိုက်သွားယင် ကောင်းမလား။ ဆရာမြင့် ရှေ့ကျမှ မိ က ကျွန်တော့်ကို စကားမပြောပဲနေယင်၊ စိတ်ဆိုးဟန်ပြနေယင် ဘယ်လို လုပ်မလဲ။

ဒီယောက်ထိတော့ သူ မလုပ်တန် ကောင်းပါဘူး။ ဆရာ့ ရှေ့မှာတော့ စိတ်ဆိုးနေသည့်တိုင် မျိုသိပ်ပြီး နေမှာပါ။ကျွန်တော့်ကို ဟန်ဆောင်ပန်ဆောင်လောက်တော့ စကားပြောမှာပါ။ ဆရာ့ဆီ မရောက်တာ ကြာလို့လို့ အကြောင်းပြပြီး သွားမယ်။ ဆရာ့အလစ်ကျမှ မိကို တောင်းပန်မယ်။ ကျောင်းဆင်းချိန်ကျယင် တနေရာရာမှာ စောင့်နေမယ်ဆိုတဲ့ အကြောင်း ပြောခဲ့မယ်။ တွေ့တဲ့အခါကျယင် မိ စိတ်ပြေသွားတဲ့အထိ ချော့မယ်။

ဘူတာကြီးကနေ ဘားလမ်းဘက်ကို လျှောက်လာခဲ့တယ်။ ဆရာမြင့်ကျောင်းရှေ့ကို ရောက်တော့ ခဏရပ်နေမိသေးတယ်။ ကျောင်းပေါ်တက်ဖို့ တုံ့ဆိုင်းဆိုင်းဖြစ်နေမိတယ်။ ကြောက်လို့လဲ မဟုတ်။ တမျိုးပဲ။ အပေါ်ထပ်မှာ ကျွန်တော် ရင်မဆိုင်ဝံ့တဲ့ ထိတ်လန့်စရာ တခုခု ရှိနေသလို ဖြစ်နေတယ်။

အပေါ်ကို ဖြည်းဖြည်းချင်း လှမ်းတက်ခဲ့တယ်။ဟောင်းနွမ်းနေတဲ့ သစ်သားလှေကားကြီးက တထစ်နင်းလိုက်တိုင်း ကျွိကနဲမြည်မြည်သွားတယ်။ အယင်က ဒီလှေကားကြီးကို နေ့တိုင်း လေးငါးခေါက် တက်လိုက်ဆင်းလိုက် လုပ်နေကျ။ ဆင်းတိုင်း တက်တိုင်း အသံမြည်နေကျ။ ဘာထူးခြားလို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကျမှ ဒီတကျိကျိမြည်သံကို ဂရုတစိုက်မှတ်သားနေမိတယ်။ ဒီနေ့ ကျွန်တော်ဘာဖြစ်နေသလဲမသိ။ စိတ်ထဲမှာ ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ်နေတယ်။ ဟိုအိပ်မက်ကြောင့်လဲ ဖြစ်ချင်ဖြစ်မယ်။ တချက်တချက်ကျယင် ယောင်ယောင်ပြီးတော့ အဲဒီအိပ်မက်ကို တကယ်လို့ ထင်မိတတ်တုန်းပဲ။

အတန်းပြီးသွားပြီထင်တယ်။ အခန်းထဲမှာ ကျောင်းသားတွေမရှိ။ မိထိုင်နေကျ စားပွဲကလေးကို လှမ်းကြည့်တော့ ဘယ်သူမှမရှိဘူး။ အခန်းတခုလုံး ရှင်းလင်းနေတာပဲ။ ဟာလာဟင်းလင်းဖြစ်နေတဲ့ ခုံတန်းတွေကြားကို လျှောက်ကြည့်တော့မှ ရှေ့ဆုံးခုံတန်းမှာ ဟိုဘက်လှည့်ထိုင်ပြီး စာရေးနေတဲ့ ဆရာမြင့်ကို တွေ့လိုက်ရတယ်။

ကျွန်တော့်ခြေသံကြားတော့ ဆရာမြင့်လှည့်ကြည့်တယ်။ ကျွန်တော့်ကိုမြင်တဲ့အခါ ဆရာမြင့်မျက်နှာပေါ်မှာအပြောင်းအလဲတခု ဖြစ်သွားတယ်။ ဝမ်းသာတဲ့မျက်နှာ မဟုတ်တာတော့ သေချာတယ်။ အံ့ဩသွားတာလားမသိ။ ဆရာမြင့်က ကျွန်တော် သူ့နားမရောက်ခင်ပဲ ဆတ်ကနဲထပြီး ကျွန်တော့်ဆီ လျှောက်လာတယ်။ ဆရာမြင့်ခုလို စိတ်လှုပ်ရှားတဲ့ အမူအရာမျိုး ဖြစ်နေတာ တခါမှ မတွေ့ဖူးသေးဘူး။

"ဘယ်လိုနေသေးသလဲ...."

ဆရာမြင့်ကမေးတယ်။ ကျွန်တော်ဘာမှ နားမလည်ဘူး။ သို့ပေမယ့် ဆရာမြင့် မျက်နှာအရိပ်အကဲကြောင့် ထိတ်ကနဲဖြစ်သွားရတယ်။

"ဆရာ....ဘာမေးတာလဲဟင်"



"မင်းဆေးရုံက"

"ဗျာ....ဆေးရုံ"

ကျွန်တော်အလန့်တကြားပြောမိတယ်။ ပြီးတော့ မိထိုင်နေကျစားပွဲကို ဆတ်ကနဲ လှည့်ကြည့်လိုက်တယ်။ စားပွဲမှာ ဘယ်သူမှမရှိ။ ရင်ထဲက ဟာကနဲဖြစ်သွားတယ်။

"မင်းဘာမှ မသိသေးဘူးလား"

ကျွန်တော်ခေါင်းခါလိုက်တယ်။ သို့ပေမယ့် သိလိုက်ပြီ။ သတင်းကောင်းမဟုတ်ကြောင်း။ ကျွန်တော့်အမူအရာပျက်သွားတာတွေ့လို့ ဆရာက နှစ်သိမ့်လိုတဲ့မျက်နှာထားကို အမြန်ပြောင်းလိုက်တယ်။ ကျွန်တော်ကတော့ သိပ်စိုးရိမ်သွားပြီ....။

"မိ....ဘာဖြစ်လို့လဲ ဆရာ"

ကျွန်တော့်မေးခွန်းကို ကြားလိုက်တဲ့အခါ အရေးမကြီးဟန်ဆောင်ထားတဲ့ ဆရာမြင့် မျက်နှာတောင် နည်းနည်းတွန့်ကနဲ ဖြစ်သွားတယ်။ ပြီးတော့မှ....

"ထိုင်ပါအုံးကွာ"

လို့ပြောပြီး ကျွန်တော့်ပခုံးကို ဖိချပြီး ထိုင်ခိုင်းတယ်။ ကျွန်တော်ထိုင်ချလိုက်ရပေမယ့် ကျွန်တော့် စိတ်ထဲမှာတော့ အနည်တွေထနေသလိုပဲ။

"သိပ်စိုးရိမ်စရာကိစ္စတော့ မဟုတ်ပါဘူး"

"မိ ဘာဖြစ်လို့ ဆရာ"

ကျွန်တော့်စိတ်ကို သက်သာရာရအောင် တဆင့်ချင်းပြောနေတာ ကျွန်တော်မလိုချင်ဘူး။ ပြောပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွာ၊ မခနဲ့က အေးမိကားပေါ်က ပြုတ်ကျပြီး"

"ဗျာ...."

နှံကောင်တကောင်လို ဆတ်ကနဲ ထခုန်မိတယ်။ ပြီးတော့ ချာကနဲလှည့်ထွက်ပြီး လှေကားပေါ်က ပြေးဆင်းခဲ့တယ်။ လှေကားအိုကြီးက တကျွိကျွိမြည်သံတွေဟာ နောက်မှာ အဝေးကြီးကျန်ခဲ့တယ်။

× × ×

ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်ပေါက် ဘာဂျာသံတံခါးကို လက်နဲ့ထောက်ပြီး ပိတ်ထားတဲ့ လုံခြုံရေးဝန်ထမ်းက ဘယ်သွားမလို့လဲလို့ မေးတယ်။ ကျွန်တော်က အရေးကြီးလို့ လို့ပဲပြောပြီး အတင်းစွတ်ဝင်လိုက်တယ်။ လှေကားအတိုင်း ပြေးတက်သွားတယ်။

အပေါ်ရောက်တော့ ဘယ်သွားရမှန်းမသိ ဖြစ်နေတယ်။ ကျွန်တော့်လို ပြာယာခတ်ပြီး ပြေးတက်လာတတ်တဲ့ လူမျိုးတွေကိုတွေ့ဖူးနေကြဖြစ်ဟန်တူတဲ့သူနာပြုဆရာမကြီး တယောက်က ဘာရှာတာလဲလို့ လှမ်းမေးတယ်။ ကျွန်တော်ကလဲ ဆရာမ ဆရာမလို့ခေါ်လိုက်တာနဲ့ ပြိုင်တူဖြစ်သွားတယ်။

"မိ....ဟို....ကားပေါ်ကပြုတ်ကျ"



ကျွန်တော့်စကားတွေက အဆုံးအစမရှိ။ သို့ပေမယ့် လုပ်သက်ရင့်ပြီးသားမို့ သူနားလည်သွားတယ်။

"ငါး၊ ခြောက် ကိုသွားကြည့်"

ကျွန်တော်လှည့်ထွက်ပြီးမှ....

"ငါး၊ ခြောက်....ဘယ်မှာလဲဆရာမ"

"အောက်ထပ်မှာ....ညာဘက်ချိုးလိုက်"

ကျွန်တော် မပြေးရုံတမယ်လာခဲ့တယ်။ အမျိုးသမီးခန်းထဲကိုရောက်တော့ ကျွန်တော့်မျက်လုံးတွေ ပြာနေတယ်။ မိကိုရှာလို့မရ။ ခုတင်တွေပေါ်က အမျိုးသမီးတွေအားလုံး ဆင်တူတွေလိုပဲ။

ခုတင်တလုံးနားက လှုပ်ရှားသွားတယ်။ လူတယောက် မတ်တပ်ရပ်လိုက်သလားမသိ။ ဟုတ်တယ်။ မိရဲ့မောင်လေး စံရှား။ ကျွန်တော့်ရဲ့ မျက်လုံးအကြည့်တွေက ခုတင်ပေါ်ကို စူးပြူးရောက်ရှိသွားတယ်။ လူနာခုတင်ပေါ်မှာ ပက်လက်ကလေး ဖြစ်နေတဲ့မိ။

"မိ...."

ကျွန်တော့်နှုတ်က တိုးတိုးကလေး ရေရွတ်လိုက်တယ်။ အနားကိုပြေးမသွားမိ။ သူ့မျက်နှာကလေးကို တည့်တည့်စိုက်ကြည့်ယင်း တလှမ်းချင်း လျှောက်သွားတယ်။ ခုတင်ဘေးမှာရပ်တယ်။ မိက မျက်စိမှိတ်ထားတယ်။ အသက်ကို ခပ်မျှဉ်းမျှဉ်းရှူနေတယ်။ မေ့မြောနေတာလား။ အိပ်ပျော်နေတာလား။ သူ့မျက်နှာကလေးက သွေးရောင်နည်းပြီး ဖြူဖျော့ဖျော့ဖြစ်နေတယ်။ နှုတ်ခမ်းကလေးက နည်းနည်းဟ

www.burmeseclassic.com

နေတယ်။ သူ့ရင်က အသက်ရှူလိုက်ယင် နိမ့်ချည်မြင့်ချည်ဖြစ်နေတာ သေသေချာချာ ကြည့်မှမြင်ရတယ်။ မိရဲ့ကိုယ်တပိုင်းကို စောင်ခြုံပေးထားတယ်။ မိရဲ့ညာဘက်လက်က ရင်ပတ်ပေါ်မှာ ဗယ်ဘက်လက်က ဘေးမှာ။ ဟင်....မိရဲ့လက်မှာ ပတ်တီးစည်းထားတယ်။

ခုမှ မိရဲ့ဒဏ်ရာတွေအကြောင်း သတိရလာတယ်။ တကယ်တော့ ကျွန်တော်ဟာ မိရဲ့ဒဏ်ရာတွေကို မေ့လျော့နေတာမဟုတ်ပါ။ ဒီလိုဒဏ်ရာမျိုးမပြောနဲ့ လမ်းသွားယင်းခလုတ်တိုက်မိလို့ မိရဲ့ခြေသန်းကလေး ပဲ့သွားတာတောင် မျက်စိမျက်နှာပျက် ဖြစ်ခဲ့ရတဲ့ကျနော်ပါ။ ဒဏ်ရာတွေထက် အဲဒီဒဏ်ရာတွေကြောင့် ဝေဒနာခံစားရတဲ့ မိရဲ့မျက်နှာကလေးကို အယင်ဆုံးသတိရမိတာပါပဲ။

ပတ်တီးစည်းထားတဲ့ လက်ကလေးကို ကိုင်ကြည့်ချင်ပေမယ့် နာသွားမှာစိုးလို့ ကိုင်မကြည့်တော့ဘူး။ နောက်ဘယ်မှာဒဏ်ရာရသွားသေးသလဲ။ အဲဒီတော့မှ ဘေးလူတွေကိုသတိရတယ်။ မိရဲ့ခုတင်ဘေးမှာ ထိုင်နေတဲ့ မိတို့အမေကို ခုမှမြင်တယ်။ သူ့မျက်နှာက သမီးရဲ့ဝေဒနာကို ကိုယ်တိုင်ဝင်ပြီး ခံစားနေရပုံမျိုး။ ကျွန်တော့်ကိုကြည့်ပြီးပြုံးပြလိုက်ပေမယ့် နှုတ်ခမ်းစွန်းတွေအပေါ်ကို ကွေးသွားတာပဲ ထူးခြားမှုရှိတယ်။

ကျွန်တော့်ဘေးမှာ လူတယောက်လာရပ်လို့ မော့ကြည့်လိုက်တော့ စံရှား။ ခေါင်းဆတ်ပြပြီး ကျွန်တော့်ကိုခေါ်တယ်။ ကျွန်တော်သူနဲ့လိုက်သွားတယ်။ အပြင်ဘက်စင်္ကြံကို ရောက်တဲ့အခါကျတော့ ရပ်လိုက်ကြပြီး တယောက်ကိုတယောက်လှမ်း



ကြည့်မိလိုက်ကြတယ်။ ခပ်လှမ်းလှမ်းမှာတော့ ထက်နေအောင် ပစ်ရပ်ယင်း အပြင်ကိုငေးကြည့်နေတဲ့ မိတို့အဖေသို့တွေ့လိုက်ရတယ်။

"ဘယ်လိုဖြစ်တာလဲဗျာ"

အမြဲဘမ်းပျော်ရွှင်နေတဲ့ စံရှားရဲ့မျက်နှာကတောင် လေးနက်တဲ့အသွင်ကိုဆောင်နေတယ်။ ကျွန်တော့်မျက်နှာကကော.... ကျွန်တော့်မျက်နှာဟာ မိရဲ့ ဝေဒနာနဲ့ ထပ်တူထပ်မျှ ခံစားရတဲ့ မျက်နှာမျိုးဖြစ်လိမ့်မယ်။

"ဒီလိုဗျာ"

စံရှားရဲ့အသံဟာ နားထဲကို စူးကနဲဝင်လာတယ်။ ကျွန်တော့်စိတ်ထဲမှာ စံရှားရဲ့အသံကို ကြားတယ်လို့ထင်တယ်။ မြင်ကွင်းထဲမှာ....

ကားကအရှိန်နဲ့ ကွေ့ချလိုက်တယ်။ ရှေ့ကကားတစင်းက ထိပ်တိုက်ကြီးဝင်လာလို့ ထပ်ရှောင်လိုက်ရတယ်။ ကားရဲ့နောက်ပိုင်းက တအားရမ်းခါထွက်သွားတယ်။ မိဟာကားပေါ်ကနေ လွင့်စင်ပြီးကျသွားတယ်။ တချက်နှစ်ချက် လူးလွန့်ပြီးပုံလျက်သားလဲနေတယ်။

"ဒဏ်ရာ....ဒဏ်ရာ"

ကျွန်တော်က ကယောင်ကတမ်းပြောလိုက်တယ်။

ကျွန်တော့်ထက်စာယင် စံရှားကပိုပြီးတည်တည်ငြိမ်ငြိမ်ရှိနေတယ်ထင်တယ်။

"လက်က ဒဏ်ရာက နည်းနည်းပါ၊ အရေးကြီးတာက.... ခေါင်း.. ခေါင်းဆစ်ရိုးကျိုးသွားတယ်"

www.burmeseclassic.com



ကျွန်တော်ကိုယ်တိုင် ခါးရိုးဆီက စူးကနဲထိုးထက်သွားသလိုခံစားရတယ်။ ခါးဆစ်ရိုး။ ကျိုးသွားယင် ဘာဖြစ်မလဲ။ ကျွန်တော်မသိ။

"ဘယ်နေ့က ဖြစ်တာလဲ" လို့ အလောတကြီးမေးလိုက်မိတယ်။

"တနေ့ကညနေက"

"ဗျာ....တနေ့က"

တနေ့က မျိုးမျိုးတို့အခန်းမှာ ကျွန်တော် မိ အပေါ်အမှားတခုကျူးလွန်ဖို့ ကြိုးစားခဲ့မိတယ်။ မိက စိတ်ဆိုးပြီးဆင်းပြေးသွားတယ်။ ကျွန်တော်လိုက်သွားတော့မမီဘူး။ အမြန်ကားတစင်းပေါ်တက်သွားတယ်။ မိ ထိုင်ရတဲ့နေရာကို လှမ်းမြင်လိုက်ရတယ်။ အလယ်ခုံတန်း၊ ကားရဲ့ နောက်ဘက်အစွန်ဆုံး။ အလယ်ခုံတန်းမှာထိုင်ယင် ဘယ်တော့မှ အစွန်ကမထိုင်နဲ့လို့ ကျွန်တော် ခဏခဏမှာဖူးတယ်။ ခုတော့....

ဘာပဲဖြစ်ဖြစ် ခုလိုဖြစ်ရတာ ကျွန်တော့်ကြောင့်။ ကျွန်တော် မိုက်မိုက်မဲမဲလုပ်ခဲ့မိလို့.... ဖြစ်ရတာ။ ကျွန်တော့်အပေါ်စိတ်လည်းဆိုးဝမ်းလည်းနည်းပြီး သူ့ကိုယ်သူဂရုမစိုက်မိလို့ ကားပေါ်ကကျရတာ။ ကျွန်တော့်ပယောဂကြောင့်ဖြစ်ရတာ။ ကျွန်တော်နဲ့ နှစ်ယောက်အတူတူ ပြန်မိယင်ဒါမျိုးဖြစ်မှာမဟုတ်ဘူး။

"ကျွန်တော်မှားတာပါ၊ ကျွန်တော်မှားတာပါ"

လို့ အရူးတယောက်လို တတွတ်တွတ်ရေရွတ်နေမိတယ်။

"သိပ်တော့ စိုးရိမ်စရာမရှိပါဘူး"



လို့....စံရှားကခပ်တိုးတိုးပြောတယ်။

"သူ....သတိမရဘူးလား"

"သတိရပါတယ်၊နာနေမှာစိုးလို့ ပက်သဒင်း ထိုးထားတာပါ၊ဒါကြောင့်အိပ်ပျော်နေတာ"

သူ....သိပ်နာနေသလားလို့ ကျွန်တော်မမေးတော့။ ပက်သဒင်းထိုးပေးထားရတယ်ဆိုကတည်းကဝေဒနာကိုခန့်မှန်းလို့ရပြီ။ မောပန်းလွန်းလှတဲ့သက်ပြင်းတချက်ကိုချမိတယ်။ လူနာဆောင်ထဲပြန်ဝင်လာခဲ့တယ်။ မိ ခုတင်ဘေးနားမှာဝင်ထိုင်တယ်။ မိတို့အမေကနားလည်စွာနဲ့ခပ်လေးလေးထပြီးထွက်သွားတယ်။

မိတို့နေရတဲ့ အခန်းကမြင်ကွင်းတွေဟာစိတ်ချမ်းသာစရာတခုမှမရှိဘူး။ ခုတင်တွေကပုံစံမျိုးစုံ။ သံဘောင်တွေပါတဲ့ ခုတင်၊ ရိုးရိုးခုတင်၊သံလက်ကိုင်တန်းပါတဲ့ ခုတင်။ပြီးတော့ လူနာတွေကလဲ အမျိုးမျိုး။ ခြေထောက်ဖြတ်ထားလို့ ငုံးတိတိကလေးကိုပတ်တီးစည်းထားတဲ့လူ။ ခြေထောက်ကိုကြိုးတွေနဲ့ ဆွဲပြီး အုတ်ခဲကျိုးတွေနဲ့ ဆိုင်းထားရတဲ့လူ။ ခြေတွေ လက်တွေကျောက်ပတ်တီးစည်းထားရတဲ့လူ။ ခြေချောင်း ကလေးတွေလက်ချောင်းကလေးတွေ ပုံမှန်လှုပ်ရှားသို့ရအောင် ကွေးချည်ဆန့်ချည်လေ့ကျင့်နေတဲ့လူ။ ခပ်တိုးတိုး ညည်းတွားရေရွတ်သံတွေကြားနေရတယ်။ကလေးလူနာတွေထားတဲ့အခန်းထဲကသူငယ် ဝါးဝါး အော်ငိုသံက တချက်တချက်ပျံ့လွင့်လာတယ်။ အပျိုအရွယ်သောက်သာရှိတဲ့မိန်းကလေးတယောက်ကတော့ဖြတ်ပစ်လိုက်ရတဲ့သူ့ခြေထောက်ကို မျက်လုံးကြီးကြောင်ပြီး ငေးစိုက်ကြည့်နေရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအသံတွေ၊ဒီမြင်ကွင်းတွေ၊ ဒီအငွေ့အသက်တွေ ကြားမှာ မိတယောက် ဘယ်လောက်အားငယ်နေရှာမလဲ။ပြီးတော့ မိရဲ့ ဒဏ်ရာ....ဘယ်လောက် ကြီးကျယ်သလဲ။ ဘာတွေ ဖြစ်လာနိုင်သလဲ။

မိဆီက ညည်းသံ သဲ့သဲ့ကြားရတယ်။ မိရဲ့ခေါင်းကလေးက ကျွန်တော့်ဘက်ဖြည်းဖြည်းကလေးလှည့်လာတယ်။

“မြ”

မိရဲ့မျက်လုံးတွေက ပိတ်လျက်သားပဲ။ သတိရနေတာ ဟုတ်မယ်မထင်ဘူး။သတိရမနေပေမယ့်ဝေဒနာကို ကိုယ်ခန္ဓာကတော့ ခံစားနေရမှာပါ။ မိရဲ့နှုတ်ခမ်းကလေးက တရွရွလှုပ်နေတယ်။ စိုစွတ်ပြီးနွေးထွေးခနေ့တဲ့နှုတ်ခမ်းကလေးမဟုတ်။ ခြောက်သွေ့ပြီး ဖြူယော်နေတယ်။မိရဲ့ဒဏ်ရာမရှိတဲ့ လက်ကလေးကို အသာကလေး ကိုင်ထားလိုက်တယ်။ မိကြားမယ်မဟုတ်ပေမယ့် ခပ်တိုးတိုး....

“မောင်မှားပါတယ်ကွယ်”

* * *



မိဟာ ဆေးရုံပေါ်မှာ တလ ကျော်ကျော် လောက် နေရတယ်။ မိ ဆေးရုံက ဆင်းတဲ့ နေ့ကို ကျွန်တော် မမေ့။

မိ ဆေးရုံမှာ ရှိနေတုန်းက ကျွန်တော် နေ့တိုင်းရောက်တယ်။ မျိုးမျိုးတို့ အိမ်မှာ ဖြစ်ခဲ့တဲ့ ကိစ္စအတွက် တောင်းပန်တဲ့ စကားမျိုး ကျွန်တော် မပြောမိ။ ပြောဖို့လဲ မလိုတော့ဘူး ထင်တယ်။ ထူးမှ မထူးတော့ပဲ။ ပြောလိုက်ယင် မိ စိတ်ပြန်ထိခိုက်သွားမှာ တောင် စိုးရသေးတယ်။ တခုတော့ ရှိတယ်။ မိ ခုလိုဖြစ်ရတာ ကျွန်တော့် ပယောဂ မကင်းဘူးဆိုတာတော့ ပြောချင်တယ်။ ခုတော့ မဟုတ်သေး။ အေးအေး ဆေးဆေး ကျမှပြောတော့မယ်။

www.burmeseclassic.com



မိက ခါးဆစ်ရိုးကျိုးတဲ့ လူနာ ဆိုတော့ အိပ်ရာပေါ်မှာပဲ မလှုပ်မယှက် နေရတယ်။ သူ့ရဲ့ ကုထုံးကိုက အတတ်နိုင်ဆုံး ငြိမ်ငြိမ်နေလေ အမြောက် မြန်လေပဲတဲ့။ ကျွန်တော့် စိတ်ထဲမှာ မတင်မကျနဲ့ ထင့်နေရတဲ့ အကြောင်းတခုရှိတယ်။ ဆေးရုံပေါ်မှာ ရောက်နေတဲ့ ကာလတလျှောက်မှာ မိရဲ့ ခြေထောက်ကလေးတွေလှုပ်ရှားနေတာကို မတွေ့ရတော့တဲ့ အချက်ပဲ။ ဆရာဝန်တွေရဲ့ ညွှန်ကြားချက်အရ မိ ကိုယ်တိုင် မလှုပ်ပဲနေတာလား၊ လှုပ်လို့ကို မရတော့တာလား မသိရ။ မိ ကိုလဲ မမေးရက်ဘူး။

ကျွန်တော် စံရှားကို မေးကြည့်တယ်။ မိ ရဲ့ အခြေအနေက ဘယ်လိုလဲ၊ ဆရာဝန်တွေက ဘာပြောသေးသလဲ။ စံရှား ပြောပုံကတော့ ဒီလို ဖြစ်ပုံမျိုးက အချိန်ယူပြီး ကုသရမယ်။ ဆေးရုံပေါ်မှာ စိတ်ချရတဲ့ အချိန်အထိ နေပြီးယင် ဆင်းနိုင်ပြီ။ တဖြည်းဖြည်းချင်း ကောင်းသွားမှာပါတဲ့။ သူပြောပုံက တိတိကျကျ မဟုတ်။ ပြီးတော့.... မိ တို့ အဖေရဲ့ ဟန်ပန် အမူအရာ။ ကျွန်တော့် စိတ်ထင် မိ တို့အဖေဟာ ကျန်တဲ့ သူ့ မိသားစုအပေါ်မှာ တခုခု လျှို့ဝှက်ထားသလိုပဲ။ သူ့မျက်နှာထားက မျိုသိပ်ထားရတဲ့ ပုံ။ သူ.... မိ ကို ကြည့်တဲ့အခါမှာလဲ ယူကြုံးမရတဲ့ မျက်လုံးမျိုးတွေနဲ့။ ကျွန်တော် မသက်သာဘူး။

သူငယ်ချင်း ဆရာဝန်တယောက်ကတဆင့် အထူးကုဆရာဝန်ကြီးကိုမေးကြည့်တယ်။ ရိုးရိုးတန်းတန်းသိချင်လို့ မေးတဲ့ပုံမျိုး။

လူတယောက် မတ်တတ် ရပ်နိုင်ဖို့ အရေးအကြီးဆုံးအရာ သုံးခု ရှိတယ်တဲ့။ ခြေချင်းဝတ်နဲ့ ဒူးဆစ်နဲ့ ခါးဆစ်ရိုး။ ခြေချင်းဝတ်နဲ့ ဒူးဆစ်က နှစ်ဘက်ရှိလို့ တဘက် ထိခိုက်ယင်



တောင် ကျန်တဲ့ဘက်နဲ့ ရပ်တည်နိုင်သေးတယ်။ ခါးဆစ်ရိုး ထိခိုက် ပျက်စီးသွားပြီ ဆိုယင်တော့ လမ်းလျှောက်ဖို့ နေနေသာသာ မတ်တတ်ရပ်ဖို့တောင် မဖြစ်နိုင်သလောက်ပဲတဲ့။ ဘယ်လောက်အထိ ပျက်စီးသွားတယ် ဆိုတဲ့အပေါ် မူတည်တယ်တဲ့။

ကျွန်တော် အရမ်း တုန်လှုပ်သွားတယ်။ ခါးဆစ်ရိုး ဘယ်လောက်ထိ ပျက်စီးသွားသလဲဆိုတဲ့ အပေါ်မှာ မူတည်သတဲ့။ ဘယ်သောက်ထိ ပျက်စီးသွားသလဲ။ ကျွန်တော် မသိ။ အဲဒီအကြောင်းကို သိနေတဲ့ လူတယောက်ပဲ ရှိမယ်။ မိ တို့ အဖေ။ သူ့ကို ကျွန်တော် မေးကြည့်ချင်တယ်။ သို့ပေမယ့် မမေးရဲ။ သတင်းဆိုး ဖြစ်နေမှာ ကျွန်တော် ကြောက်တယ်။ အဲဒီ.... အကြောင်းတွေကို တွေးမိတိုင်း စောင်ခြုံလွှမ်းထားတဲ့ မလှုပ်မယှက် ဖြစ်နေတဲ့ မိ ရဲ့ ခြေထောက်ကလေးတွေကို သွားသတိရတယ်။

မိ ကတော့ ဘယ်သူ့ကိုမှ ဘာမှ မမေးဘူး။ သူလဲ ကျွန်တော့်လိုပဲ သတင်းဆိုး ဖြစ်နေမှာကို မကြားရဲလို့လား။ ဒါမှမဟုတ် ဒီလို ရောဂါမျိုးဟာ ဘယ်လို အကျိုးအဆက်တွေ ဖြစ်တတ်တယ်ဆိုတာ သူ မသိဘူး မကြားဘူးလို့လား မသိ။ တခုထူးခြားတာက မိ ဟာ စကားသိပ်မပြောတော့ဘူး။ ဒါကတော့ ရှင်းပါတယ်လေ။ ရောဂါဝေဒနာ တခု ခံစားနေရတဲ့ လူတယောက်ဟာ သာမန် လူတွေ ပြောနေကျ ထွေရာလေးပါး စကားကို ဘယ်ပြောချင်ပါ့မလဲ။

ဆေးရုံပေါ် ရောက်ပြီးတဲ့နောက်ပိုင်း မိ ကျွန်တော့်အပေါ် ဆက်ဆံပုံ ပြောင်းလဲလာတယ်။ သမီးရည်းစားလို မဟုတ်ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို တယောက်ကို ဆက်ဆံသလိုမျိုး။ ဒါကလဲ ရှင်းပါတယ်။ ခုလို အချိန်မျိုးမှာ ချိန်းတွေ့ကြစဉ်ကလို စကားမျိုးတွေ ဘယ်ပြောချင်ပါ့မလဲ။ ချစ်စဖွယ် ကန့်ကလျ အမူအရာတွေ ဘယ်လုပ်ချင်ပါ့မလဲ။ ကျွန်တော်ကလဲ မိအပေါ်မှာ နှမလေး တယောက်ကို ဆက်ဆံသလို ဆက်ဆံခဲ့ပါတယ်။ ပြီးတော့.... မိ အပေါ်မှာ ကျွန်တော် မှားခဲ့တာကိုလဲ ဘယ်သူကမှ အစ မဖော်ကြ။ ဟုတ်တယ်လေ.... မိ ခုလို ဆေးရုံပေါ်မှာ ဝေဒနာသည် ဖြစ်နေရပြီဆိုတာနဲ့စာယင် ဟိုအဖြစ်အပျက်ဟာ အသေးအဖွဲကလေး ဖြစ်သွားတာပဲပေါ့။

ညနေ ညှို့သည့်ချိန်တိုင်း ကျွန်တော်သွားတယ်။ ကျွန်တော်တို့ နှစ်ယောက်ဟာ သိပ်စကားမပြောဖြစ်ကြ။ ကျွန်တော်က သူ့ မျက်နှာလေးကို ငေးကြည့်ချင် ကြည့်နေတယ်။ သူက စာအုပ် တအုပ်ကို ဖတ်ချင် ဖတ်နေတယ်။ မျက်စိမှိတ်ပြီး မှိန်းချင် မှိန်းနေတယ်။ မျက်နှာကျက်ကို ငေးကြည့်ချင် ကြည့်နေတယ်။ ကျွန်တော်တို့ နှစ်ယောက်မှာ ပြောစရာ စကားတွေ သိပ် ရှားပါး နေကြပါတယ်။ တခုခု ပြောမယ် ကြံယင်လဲ အနှောင့်အသွား မလွတ်မှာ စိုးရိမ်နေရတယ်။ ဟိုကိစ္စနဲ့ ဆက်နွယ်တဲ့ စကားမျိုး မပြောမိအောင် သတိထားရတယ်။ မိရဲ့ ရောဂါနဲ့ ပတ်သက်တဲ့ စကားကို ရှောင်ရတယ်။ အဲဒီအခါ ကျွန်တော်တို့ စကား သိပ်မပြောဖြစ်ကြတာ ဘာဆန်းမှာလဲ။

ကျွန်တော်တို့က ရိုးရိုးတန်းတန်း ဆက်ဆံနေကြပေမယ့်... ကျွန်တော်ဟာ မိရဲ့ ချစ်သူဆိုတာ သူ့ မိဘတွေက သိနေကြပါပြီ။ သို့ပေမယ့် ဘာမှ မပြော။ သဘောတူလို့လား၊ ဘာလား



ဆိုတာ ထည့်တွက်စရာ မလို။ ခု....အခြေအနေမှာ မိက လိုလားတဲ့ လူ ဆိုယင် သူတို့ကလဲ လိုက်ပြီး လိုလားကြရမှာပဲ မဟုတ်လား။ တခုတော့ရှိတယ်။ မိ တို့ အမေက ကျွန်တော့် အပေါ် ဆက်ဆံပုံဟာ မိက လိုလားလို့ လိုက်လိုက်လျောလျောလုပ်နေပုံနဲ့ မတူဘူး။ သူကိုယ်တိုင်က ကျွန်တော့်ကို ကျေကျေနပ်နပ်နဲ့ ဆက်ဆံနေပုံပဲ။ တခါတလေကျတော့ ကျွန်တော် စဉ်းစားမိတယ်။ မိ ဟာ အဲဒီ အခွင့်အရေးရဖို့အတွက် သူ့ ကျန်းမာရေးနဲ့ လဲလှယ်လိုက်ရသလို ဖြစ်နေပြီလို့....။

မိ ကို ဆေးရုံပေါ်မှာ တလကျော်ကျော်လောက် နေခိုင်းပြီး ဆင်းခွင့်ပြုလိုက်တယ်။ ဆေးရုံက ဆင်းတယ်ဆိုတာ အမည်ခံ သက်သက်ပါပဲ။ ဘာကြောင့်ဆို လူနာဆောင်ကနေ မိရဲ့ အိပ်ခန်းထဲ ပြောင်းတာရယ်။ လူနာခုတင်ပေါ်ကနေ မိ အိပ်နေကျ ခုတင်ပေါ် ပြောင်းရတာပဲ ကွာတယ်။ တခြားဘာမှ ထူးခြားလို့ပါပဲ။ မိ ဟာ အိမ်ပြန်ရောက်တော့လဲ ဆေးရုံမှာလို ခုတင်ပေါ် ပက်လက်ကလေးပဲ နေရတာပါ။

အဲဒါက ဘာသဘောလဲ။ မိရဲ့ ခါးဆစ်ရိုး အခြေအနေဟာ ထူးခြားမှု ရှိမလာတဲ့ သဘောလား....။ တဖြည်းဖြည်းတော့ ကောင်းလာမှာပဲ ထင်တယ်လို့ မျှော်လင့်ကြည့်ပေမယ့် အားတော့ သိပ်မရှိလှပါ။ သံသယ၊ စိုးရိမ်မှု၊ မျှော်လင့်ချက် စတဲ့ အရာတွေဟာ တခုပေါ် တခုဆင့်ပြီး လုံးချာလည်နေတယ်။

မိ ဆေးရုံက ဆင်းပြီး အိမ်ကို ခေါ်လာတဲ့ နေ့က ကားပေါ်က အဆင်းမှာ မိ ကို စံရှားနဲ့ သူတို့ အဖေက ထောက်စီ ပွေ့ချီပြီး အိမ်သဲကို ခေါ်ခဲ့တယ်။ တကယ်ဆိုယင် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ပွေ့ချီလိုက်ချင်တယ်။ သို့ပေမယ့် ကျွန်တော်ဟာ ဒီလောက်ထိ အခွင့်ပိုင်တဲ့ လူ မဟုတ်။ မိဆေးရုံမှာတုန်းက အသုံးပြုခဲ့တဲ့ ပစ္စည်းတွေ ထည့်ထားတဲ့ ခြင်းတောင်းတို့၊ အသုံးအဆောင် ပစ္စည်းတို့ကိုပဲ သယ်ခွင့်ရခဲ့တယ်။

အိမ်ထဲရောက်တော့ မိကို သူ့အိပ်ခန်းထဲကိုခေါ်သွားတယ်။ ကျွန်တော်ကတော့ ပစ္စည်းတွေချပြီး ဧည့်ခန်းမှာပဲ ထိုင်နေလိုက်ရတယ်။ မိရဲ့အိပ်ခန်းထဲ လိုက်ဝင်သွားဖို့ မသင့်တော်လို့ပါ။

ခဏကြာတော့ မိတို့အဖေနဲ့ အမေရယ်၊ စံရှားရယ် ဧည့်ခန်းထဲပြန်ထွက်လာတယ်။ ဧည့်ခန်းက ကုလားထိုင်တွေပေါ်မှာ ဘယ်သူမှမထိုင်ကြ။ မိသားစုဝိုင်းထိုင်မိကြပြီးယင် ဘာစကားပြောရမယ်မှန်း မသိကြလို့ ဖြစ်မှာပါ။ သူတို့သုံးယောက်ဟာ တယောက်နဲ့တယောက် မျက်နှာချင်းမဆိုင်မိအောင် နေနေကြတယ်။ စံရှားက နံရံမှာချိတ်ထားတဲ့ ပန်းချီမပြကွဒိန်ကို အကြောင်းမဲ့သက်သက် လှန်ကြည့်နေတယ်။ မိတို့အဖေက အပြင်မှာ အရေးကြီးတဲ့ အလုပ်တခုခု လုပ်စရာရှိတဲ့ဟန်ပျိုးနဲ့ ထွက်သွားတယ်။ မိတို့အမေက မီးဖိုခန်းဘက်ထွက်သွားတယ်။ သူတို့တောင် ဒီလောက်ဖြစ်နေယင် ကျွန်တော် ဘယ်လောက် အနေရခက်မယ်ဆိုတာ ပြောဖို့တောင်မလိုဘူး။ မိတို့အမေပြန်ထွက်လာပြီး စားပွဲပေါ်ကို လက်ဖက်ရည်ပန်းကန် လာချတယ်။ ပြီးတော့ ကုလားထိုင်ပေါ်မှာငြိမ်ငြိမ်သက်သက် ဝင်ထိုင်နေတယ်။ နောက်မှ လက်ဖက်ရည် သောက်လိုက်အုံးလို့ ခပ်တိုးတိုးပြောတယ်။



ကျွန်တော် လက်ဖက်ရည်သောက်တယ်။ တကယ်က လက်ဖက်ရည်သောက်တာမဟုတ်။ ဝမ်းထဲကို လက်ဖက်ရည်လောင်းချလိုက်တာပါ။ မိတို့အမေ ထထွက်သွားပြန်တယ်။ မိရဲ့အခန်းထဲကိုဝင်သွားတယ်။ ပြီးတော့ ပြန်ထွက်လာတယ်။ ကျွန်တော့်ကိုပြောတယ်။

"သမီးဆီသွားလိုက်ပါအုံး"

မိရဲ့အခန်းထဲကို ဝင်လာခဲ့တယ်။ အခန်းကသပ်သပ်ရပ်ရပ်ပြင်ဆင်ထားတယ်။ အခန်းထောင့်က တယောက်အိပ်ခုတင်ကလေးပေါ်မှာ မိရှိနေတယ်။ ခုဘင်နားမှာ ကျွန်တော်သွားရပ်တော့ မိက 'ထိုင်လေမောင်' လို့ ပြောတယ်၊မှန်တင်ခုံနားက ကြိမ်ကုလားထိုင်ကလေးကို ဆွဲယူပြီး ထိုင်လိုက်တယ်။ ဘယ်လောက်ထူးဆန်းသလဲ။ မိရဲ့အခန်းထဲကို ခုလိုဝင်ခွင့်ရလိမ့်မယ်လို့ တခါမှ မစဉ်းစားခဲ့ဖူးဘူး။ သို့ပေမယ့်လေ ခုဝင်ရတဲ့အခြေအနေက ကြည်နူးပျော်ရွှင်စရာတော့မဟုတ်။ ထိုင်နေယင်းက ကျွန်တော့်ရင်တွေ အရမ်းခုန်လာတယ်။

မိက သူ့လက်ဖဝါးကလေးကိုဖြန့်ပြီး ကျွန်တော့်ဆီ ကမ်းလိုက်တယ်။ ကျွန်တော်ကလက်ကို သူ့လက်ဖဝါးထဲ ထည့်ပေးလိုက်တယ်။ မိက ကျွန်တော့်လက်ကို တအားဖျစ်ညှစ် ဆုပ်ကိုင်ထားတယ်။ မိမှာ ဒီလောက်ထိ ခွန်အားကျန်လိမ့်ဦးမယ်လို့မထင်ခဲ့မိဘူး။ ပြီးတော့ ရင်ထဲက ထိတ်သွားတယ်။ ဒါမိရဲ့ နောက်ဆုံး ခွန်အားလေလား။ သူ့ကိုဖြတ်ကနဲ ကြည့်မိတယ်....။

www.burmeseclassic.com

www.burmeseclassic.com



မိရဲ့မျက်လုံးထဲမှာ မျက်ရည်မရှိ။ သို့ပေမယ့် မျက်ရည်ဖြိုင်ဖြိုင်ကျပြီး တလှိုက်လှိုက် ငိုကြွေးနေတာထက် ပိုပြီးကြေကွဲဖို့ကောင်းတယ်။ မိက ကျွန်တော့်ကို ပြန်မကြည့်ဘူး။ မျက်နှာကျက်ကိုပဲ စိုက်ကြည့်နေတယ်။ မိရဲ့မျက်နှာဟာ အိပ်ပျော်နေတဲ့လူတယောက်ရဲ့ မျက်နှာလို ခံစားမှုမရှိတဲ့မျက်နှာ။ အဲဒါကိုက အဆုံးစွန် ထိခိုက်နေရတယ်ဆိုတာ သိသာတယ်။ မိက ကျွန်တော်တခါမှ မကြားဖူးတဲ့ အသံမျိုးနဲ့ပြောတယ်။

“မိရဲ့ ခြေထောက်တွေ လုံးဝလှုပ်လို့ မရတော့ဘူးမောင်”

ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားတဲ့ မိရဲ့လက်တွေ ပြေလျော့သွားတယ်။ သို့ပေမယ့် နှုတ်ခမ်းကိုတော့ တင်းတင်းစေ့ထားတုန်း။

ကျွန်တော် မိရဲ့ ခြေထောက်တွေကို စိုက်ကြည့်နေမိတယ်။ တခန်းလုံးတိတ်ဆိတ်နေတယ်။ ရင်ခုန်သံတွေတောင်မကြားရ။

*

“အဲဒီတော့ မင်းဘာလုပ်ချင်သလဲ....”

သောင်းမော်ကမေးတယ်။ ကျွန်တော် ပြန်မဖြေသေးဘူး၊ ကျွန်တော်တို့ထိုင်နေတဲ့ အုတ်ခုံပေါ်မှာ ချထားတဲ့ ဆေးပေါ့လိပ်တိုကို ကောက်ယူပြီး မီးညှိလိုက်တယ်။ နောက် မီးဖွားတွေ ရဲကနဲရဲကနဲနေအောင် ဆက်တိုက်ဖွာလိုက်တယ်။ မီးခိုးတွေကို



မရှိုက်ပဲနဲ့ ဖွာရုံဖွာတာဆိုတော့ ဆေးလိပ်မင်စိခံတွေတောင် ပူလာတယ်။ အစတော့ သူတို့က ငေးကြောင်ကြည့်နေသေးတယ်။ နောက်မှ ချစ်အေးက ကျွန်တော့်လက်ထဲက ဆေးပေါ့လိပ်ကို ဆွဲလုလိုက်ပြီး....

“ဟေ့ကောင်....မင်းဆေးလိပ်တွေ သောက်နေတယ် ဟုတ်လား....”

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

“အဓိပ္ပာယ်မရှိတာကွာ၊ မင်းသောက်ဘတ်တာလဲ မဟုတ်ပဲနဲ့ ဒီမှာဟေ့ကောင် မင်းသိပ်စိတ်ညစ်နေသလား”

ကျွန်တော်မဖြေ။

“အေးမောင် မင်း အရက်သောက်မလား”

ကိုကိုက ဝင်မေးလို့ ကျွန်တော့် ကိုကို့ကို ဖြတ်ကနဲ လှမ်းကြည့်လိုက်တယ်။ ပြီးတော့ ခေါင်းခါပြတယ်။

“အေး....ကောင်းတယ်။ အရက်သောက်ယင် စိတ်ညစ်တာပျောက်မှာမဟုတ်ဘူး၊ ပိုပြီးစိတ်ညစ်တာပဲ ရှိမယ်”

ကျွန်တော် သူတို့ကို မိရဲ့အခြေအနေကို ပြောပြခဲ့တယ်။ မိရဲ့ ခါးဆစ်ရိုးက ပုံမှန်အတိုင်းပြန်ကောင်းမလာနိုင်တော့ဘူး။ မိအဖို့ မတ်တတ်ရပ်ဖို့၊ လမ်းလျှောက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့။ တွန်းလှည်းကုလားထိုင်ကလေးနဲ့သာ သွားလာရတော့မယ်။

“အဲဒီတော့ မင်းဘာလုပ်ချင်သလဲ....”

ကျွန်တော် ဘာမှမပြောသေးပဲ ကိုကို့ကို ကြည့်လိုက်တယ်။ ကိုကိုက....

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာမောင်အေး....ခုကိစ္စမှာ ကိုကို့ကိုဖြစ်စေ၊ အဖေတို့ အမေတို့ကိုဖြစ်စေ ထည့်တွက်စရာမလိုဘူး၊ အိမ်နဲ့ပတ်သက်လို့ ကိုကိုအားလုံး တာဝန်ယူတယ်၊ မင်းဘယ်လို ဆုံးဖြတ်ချင်တယ် ဆိုတာပဲစဉ်းစား...."

ကျွန်တော်က မိခုလို ဖြစ်သွားရတဲ့ကိစ္စဟာ ကျွန်တော့် ပယောဂလဲ မကင်းတဲ့အကြောင်း ပြောပြတယ်။ မိကို လွန်လွန်ကျူးကျူးချစ်ဖို့ ကြိုးစားခဲ့တဲ့အကြောင်းလဲ ပြောပြတယ်၊ အဲဒီလိုကြိုးစားလို့ မိ စိတ်ဆိုးပြီး ထွက်သွားတဲ့အကြောင်း၊ ကျွန်တော့်ကြောင့် စိတ်ထဲမှာ အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ်နေလို့ သူ့ကိုယ်သူ ဂရုမစိုက်နိုင်ပဲ ဖြစ်သွားရတာကြောင့် ကားပေါ်က ပြုတ်ကျတာဖြစ်တဲ့အကြောင်း။

"ကျွန်တော် သူ့ကိုယူမယ်...."

ကျွန်တော်ပြောလိုက်တယ်။ ချစ်အေးက 'ကောင်းတယ်' လို့ ပြောတယ်။ သောင်းမော်ကလဲ 'မင်းဆုံးဖြတ်တာမှန်တယ်' လို့ ပြောတယ်။ ကိုကိုကတော့ ဘာမှမပြောသေးပဲ တခုခု စဉ်းစားသလို ငြိမ်နေတယ်။ ခဏကြာမှ....

"ကိုကို တခုပြောမယ်ကွာ"

သုံးယောက်စလုံး ကိုကို့ကို ကြည့်လိုက်ကြတယ်။

"အေး....မိခုလိုဖြစ်ရတာ မောင်အေးမှာတာဝန်မကင်းဘူး ဆိုတာမှန်တယ်၊ တခုရှိတာက ခုလိုသွေးပူနေတုန်း မှာတော့ ဒီလိုဆုံးဖြတ်လိုက်တာ ပြဿနာမရှိဘူး၊ မင်းသူ့ကိုယူလိုက်ပြီ ဆိုပါတော့.... အချိန်ကြာလာတဲ့အခါ ဘာတွေဖြစ်လာမလဲ၊ မင်းအနေနဲ့ သူ့ရဲ့စားဝတ်နေရေးအတွက် လုပ်ကျွေးရရုံတင်မကဘူး၊ သူ့ရဲ့နေ့စဉ် ဗာဟိရကိစ္စကအစ အကုန်လိုက်လုပ်ပေးရမယ်၊ ဆိုလိုတာက မင်းအနေနဲ့ အဆုံးစွန်ထိ စွန့်လွှတ်ရမယ်၊မင်းဘက်ကသာ သူ့ကိုပေးအပ်ရမယ်၊ သူ့ဆီကတော့မင်းအတွက် ဘာမှ ဖြည့်စွမ်းပေးနိုင်မှာမဟုတ်ဘူး၊ အဲဒီအခါမင်းစိတ်ညစ်လာရမယ်၊ မင်းတို့အိမ်ထောင်ရေးမသာမယာဖြစ်လာနိုင်တယ်၊ အဲဒါကို ထည့်စဉ်းစားဖို့"



"ကိုကို၊ ကျွန်တော်အဲဒါတွေ ခုမစဉ်းစားချင်ဘူး၊တကယ်လို့တချိန်ချိန်မှာ စိတ်ညစ်စရာဖြစ်လာယင်လဲ ကျွန်တော်စိတ်အညစ်ခံမယ်၊ သူ့ကိုတော့ ကျွန်တော်ဒီအတိုင်း ပစ်မထားနိုင်ဘူး၊ တခုရှိသေးတယ်ကိုကို၊ ကျွန်တော်ခုလိုဆုံးဖြတ်ရတာဟာ မိခုလိုဖြစ်ရတာ ကျွန်တော့်ပယောဂမကင်းဘူးလို့ယူဆလို့ရတဲ့အတွက် အဲဒီတာဝန်ကို ယူသင့်တယ် ဆိုတဲ့သဘောမျိုးတခုတည်းမဟုတ်ဘူး၊ မိဟာဘယ်သူ့ကြောင့်ပဲ ခုလိုဖြစ်ဖြစ်၊ ဘာအကြောင်းကြောင့်ပဲ ဖြစ်ရဖြစ်ရ ကျွန်တော်ယူမှာပဲ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်မိကိုချစ်လို့...."

ကိုကိုက သူ့ထုံးစံအတိုင်း တည်တည်ငြိမ်ငြိမ်ပြုံးလိုက်တယ်၊ ပြီးတော့ ကျွန်တော့ကိုအားရပါးရ လက်ဆွဲနှုတ်ဆက်သလို လုပ်နေတယ်။

"မင်းသိပ်တော်တယ် မောင်အေး၊ သိပ်တော်တယ်၊ မင်းဆုံးဖြတ်တာ သိပ်မှန်တယ်၊ ကိုကိုကျေနပ်တယ်"

လို့ ကိုကိုကပြောတယ်။

* × *

www.burmeseclassic.com

www.burmeseclassic.com



မိက အိမ်ရှေ့ခန်းထဲက နိုင်ငံခြားဖြစ်ပက်လက်ကုလားထိုင်ပေါ်မှာ ခြေဆင်းပြီးထိုင်နေတယ်။

ကျွန်တော်ကမိကို ပြုံးပြလိုက်တယ်။ မိကလဲပြန်ပြုံးပြတယ်။ သို့ပေမယ့် မိရဲ့အပြုံးဟာ အတုကြီး။ ကျွန်တော်ထိတ်လန့်သွားတယ်။ မိရဲ့ မျက်နှာဟာ ရုပ်ပြောင်းသွားသလိုပဲ။ မိရဲ့ဟန်အမူအရာက ကျွန်တော် တခါမှ မမြင်ဖူးတဲ့တစိမ်းတယောက်လိုဖြစ်နေတယ်။

"ထိုင်လေ"

မိရဲ့အသံက အေးစက်စက်။

"မိ နေကောင်းရဲ့လား"

သူခေါင်းညိတ်တယ်။ သူ ကျွန်တော်ကို ဆက်ဆံပုံတမျိုးပဲ။

"မောင် မိကိုပြောစရာတခုရှိတယ်။

မိက ဘာမှ ပြန်မပြောပဲ၊ ကျွန်တော့်ကိုစေ့စေ့ကြောင်ကြောင်ကြည့်နေတယ်။ ကျွန်တော်စိုးရိမ်သွားရပြန်တယ်။ မိဟာသူ့ရောဂါအခြေအနေမှန်ကို သိလို့ သိပ်ထိခိုက်ပြီး စိတ်ဖေါက်ပြန်သွားပြီလားလို့တောင်ထင်မိတယ်။ သူ့ကြည့်ရတာတော့ အဲဒီလိုဟုတ်ပုံမရပါ။

အိမ်ရှေ့ခန်းမှာ ဘယ်သူမှမရှိ။ မိတို့အမေးရောလို့မေးတော့ "အိပ်နေတယ်"လို့ တခွန်း သူဖြေတယ်။ သူ့ကို ကျွန်တော်နှစ်သိမ့်အားပေးရမယ်လို့ သတိရလာတယ်။

"မိရယ် သိပ်လဲစိတ်မကောင်းဖြစ်မနေပါနဲ့၊ လူ့ဘဝမှာ အရေးအကြီးဆုံးက မြင်ဖို့ရယ်၊ ကြားဖို့ရယ်၊ စကားပြောဖို့ရယ်ပါ၊ နားမပင်းဘူး၊ မျက်စိမကန်းဘူး၊ အ မသွားဘူးဆိုယင်ပြီးတာပါပဲ၊ လမ်းလျှောက်လို့မရတော့ယင်လဲ ဘာအရေးလဲ"

သူ့ကို အားပေးစကားပြောယင်းက ကျွန်တော်ကိုယ်ကျွန်တော်လဲ စိတ်ထဲကကျိတ်ပြီးပြန်အားပေးနေရသေးတယ်။

"ဘာမှအားငယ်နေစရာမလိုပါဘူးမိရယ်၊ မောင်တယောက်လုံးရှိသားပဲ"

သူ့မျက်လုံးတွေက ဖြတ်ကနဲလက်သွားတယ်။

မိကကျွန်တော်ဆက်ပြောမယ့်စကားတွေကို ကြိုတင်ခန့်မှန်းပြီးသားဖြစ်နေပြီလား။

"မိကို မောင်လက်ထပ်ယူမယ်၊ မိကို မောင်တသက်လုံးစောင့်ရှောက်သွားမယ်။ မိ ပျော်အောင် ထားမယ်၊ မိကိုပြုစုမယ်"

မိကပြုံးလိုက်တယ်။ စောစောကလိုပဲ အပြုံးအတု။ သို့ပေမယ် ခုအပြုံးက အဓိပ္ပာယ်တခုခုရှိနေတယ်။

"မောင့်ကို မိ မယူနိုင်ဘူး၊ မိ လိုဒုက္ခိတ တယောက်ကိုယူယင် မောင် တသက်လုံးအညွန့်တုံးသွားမှာပေါ့၊ တသက်လုံးစိတ်ဆင်းရဲသွားရမှာပေါ့"

မိ ဒီလိုပြောလိမ့်မယ်ဆိုတာ ကျွန်တော်တွက်ထားပြီးသားပါ။ ဒါကြောင့်....

"ဘာဖြစ်လို့အညွန့်တုံးရမှာလဲ၊ ဘာဖြစ်လို့စိတ်ဆင်းရဲရမှာလဲ၊ မိနဲ့အတူ မနေရယင်သာ မောင်စိတ်ဆင်းရဲရမှာ"

မိက ခေါင်းခါတယ်။ ကျွန်တော်က ဆက်ပြောတယ်။

"ဒီမှာ၊ မိကိုမောင်တခုမေးဦးမယ်၊ တကယ်လို့ မိရဲ့နေရာမှာ မောင်သာ ဆိုယင်ကော၊ မိမောင့်ကိုယူမှာပဲမဟုတ်လား"

မိကထပ်ပြုံးပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မိ သာဆိုမောင့်ကိုမယူဘူး၊ ဒုက္ခိတဖြစ်နေတဲ့ယောကျ်ားတယောက်ကို မိဘယ်လိုလုပ်အားကိုးမှာလဲ"

"ဒီလိုမပြောပါနဲ့ မိရယ်၊ မောင်သိပါတယ်၊ မိသာဆိုယင်လဲမောင့်ကိုယူမှာပါပဲ၊ မောင်လေ....မိကိုမှ မယူရယင် တသက်လုံး စိတ်မကောင်းဖြစ်နေရမှာပဲ၊ မိခုလိုဖြစ်သွားရတာ မောင့်ကြောင့်မဟုတ်လား၊ မောင်လိုက်မပို့လို့ ခုလိုဖြစ်ရတာ မဟုတ်လား"

"အော်....မောင့်ကြောင့် ဖြစ်ရလို့သာ အဲဒီတာဝန်ကိုယူချင်တာပေါ့ဟုတ်လား၊ မောင့်ကြောင့်သာ မဟုတ်ယင်တာဝန်ယူချင်မှယူမယ်ပေါ့"

"အို....မဟုတ်ဘူးလေ၊ ဘာကြောင့်ပဲဖြစ်ဖြစ် မောင်ယူမှာပါ"

"မောင့်အကြောင်းကို မိသိပါတယ်လေ၊ မောင်ဟာမိကိုချစ်တာမှမဟုတ်ပဲ မိရဲ့ကိုယ်ခန္ဓာကို တပ်မက်တာ မဟုတ်လားမျိုးမျိုးတို့အိမ်မှာကထဲက မိသိပြီးပါပြီ"

"မိမောင့်ကိုအထင်လွဲနေပြီ မိပြောသလိုမျိုးဆိုယင်ခုချိန်မှာမိကိုမောင်ဘာဖြစ်လို့ လက်ထပ်ခွင့်တောင်းမှာလဲ ရှောင်နေမှာပေါ့ မောင်မိကိုတကယ်ချစ်လို့သာ...."

ကျွန်တော့် စကားမဆုံးခင်ဖြတ်ပြီး မိကလှောင်သလိုရယ်လိုက်တယ်။

"ခုမှပဲ ရှင့်အကြောင်းကို သိရတော့တယ်၊ ရှင်ဟာတကယ်တော့ကျွန်မကိုချစ်တာလဲမဟုတ်ဘူး ရှင့်ကိုရှင်ပဲ ချစ်တာပါ ခုကျွန်မကိုလက်ထပ်မယ်လို့ပြောတာကလဲ ရှင့်ရဲ့ဂုဏ်သိက္ခာကိုကာ



ကွယ်ဖို့ပဲမဟုတ်လား၊ ရှင်ဟာ ကိုယ့်တာဝန်ကိုယ်ယူတတ်တဲ့လူ၊ သိပ်အနစ်နာခံတတ်တဲ့လူ သိပ်သစ္စာရှိတဲ့လူလို့ သူများတွေအထင်ကြီးအောင် လုပ်ပြနေတာ မဟုတ်လား....ဟင်"

"တော်....တော့....မိ၊ ထပ်မပြောနဲ့၊ မောင့်မေတ္တာကို ဒီလိုမစော်ကားနဲ့....မရဘူး"

ကျွန်တော့်ရင်ထဲကတင်းကျပ်လာတယ်။

× × ×

မိတို့အိမ်က ပြန်လာတဲ့အခါ ဒေါသတကြီးအော်ဟစ်ပြီးရန်ဖြစ်ခဲ့ရသလိုကျွန်တော်တကိုယ်လုံးမင်ပန်းနွမ်းနယ်နေတယ်။စိတ်တွေကလဲ ရုပ်ဖြုပ်မရှိပါပဲနဲ့ ရိုက်နှက်ထုချေခံရသလို နာကျင်နေတယ်။ မိဟာကျွန်တော့်ကိုပြောရက်လေခြင်းလို့ ယူကြုံးမရဖြစ်ရတယ်။

သေ့းအေးသွားတဲ့အခါကျမှ သေသေချာချာ ပြန်စဉ်းစားကြည့်တော့ အဖြေကိုသွားတွေ့ရတယ်။ မိကျွန်တော့်ကိုအဲဒီလိုပြောလိုက်တာ သူ့စိတ်ထဲကပါလို့ပြောတာမဖြစ်နိုင်ဘူး။ သူ့စိတ်ထဲမှာအဲဒီအတွေးမျိုးတွေရှိနေတယ်ဆိုယင်အစောကြီးကတည်းကပြောမှာပေါ့။ ဆေးရုံပေါ်မှာတုန်းကထဲက ကျွန်တော့်ကိုပြောလွှတ်မှာပေါ့။ခုလိုသူ့ခြေထောက်အခြေအနေသိပြီးတော့မှ ပြောလာတယ်ဆိုတော့....

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တာက....ကျွန်တော့်ကို တမင် စိတ်နာသွားအောင် ရင့်ရင့်သီးသီးပြောလွှတ်လိုက်တာဖြစ်ရမယ်။ ဒါမှ ကျွန်တော်က နာကျည်းပြီးသူ့ကိုလက်ထပ်ယူဖို့ပြောမှာမဟုတ်တော့ဘူးလို့ သူ တွက်လိမ့်မယ်။ ကျွန်တော်ဟာ ဘယ်အရာကိုမဆို စွန့်လွှတ်ပြီး သူ့ကိုချစ်နိုင်တယ်ဆိုတာ သူသိတယ်။ ဒါကြောင့်လဲ သူဟာ ကျွန်တော့် အကျိုးအတွက် သူ့ကိုယ်သူ အနစ်နာခံပြီး ကျွန်တော့်ကို စွန့်လွှတ်ဖို့ ကြိုးစားလိုက်တာပါပဲ။

အော်....မိရယ်။ မောင်တို့နှစ်ယောက်ဟာ ရှုပ်ချင်းတူရုံမျှ မက၊ အကြိုက်ချင်းတူရုံမျှမက၊ တယောက် အကျိုးအတွက် တယောက်က အနစ်နာခံတာချင်းပါ တူနေပါပေါ့လား ကွယ်။

ဒါကြောင့် ကျွန်တော် ထပ်ပြီး ကြိုးစားတယ်။ မိတို့ အိမ်ကိုထပ်သွားတယ်။ ဟိုတနေ့က ကျွန်တော့်ကို ပြောလွှတ်တာဟာ တမင်စိတ်နာအောင် ပြောတာမဟုတ်လားလို့ မိကို မေးတယ်။ မိကအဲဒီစကားတွေ အပြောမခံဘူး။ ကျွန်တော် သူ့ဆီးမှာသွားထိုင်ယင် ဟိုဘက်ကို မျက်နှာလှည့်နေတယ်။ ကျွန်တော့်ကို မုန်းတယ်လို့ တွင်တွင်ပြောတယ်။ နောက်ပိုင်း ကျတော့ ကျွန်တော့်ကို အတွေ့တောင် မခံတော့ဘူး။ ဆရာမြင့်ကို အကူအညီတောင်းပြီး သွားပြောခိုင်းတယ်။ မရဘူး။

ဒီနေ့လဲ ကျွန်တော် မိတို့အိမ်ကို လာခဲ့ရပြန်တယ်။ ဧည့်ခန်းထဲမှာ မိတို့ အဖေနဲ့ တွေ့တယ်။

"ကျွန်တော် အေးမိနဲ့ စကားပြောပါရစေ"



မိ တို့ အဖေက 'သူ နေမကောင်းလို့ အိပ်နေတယ်' လို့ ပြောတယ်။ မျက်နှာကလဲ မသာမယာနဲ့။

"ဒါဆိုယင် ကျွန်တော် ဦးလေးနဲ့ပဲ စကားပြောပါရစေ"

မိ တို့ အဖေက မျက်လုံးကို တချက် လှန်ကြည့်ပြီးတော့ ခေါင်းညိတ်ပြတယ်။ ကုလားထိုင်မှာ ထိုင်ဖို့ လက်နဲ့ ညွှန်ပြတယ်။ ကျွန်တော် ဝင်ထိုင်လိုက်တယ်။ စကားပြောချင်တယ်လို့ ဆိုထားပေမယ့် တော်တော်ကြာအောင် ဘာမှ မပြောဖြစ်သေး။ ဘယ်ကနေ စ ပြောရမယ်မှန်း မသိဘူး။ စကား ပလ္လင်ခံဖို့၊ အစီအစဉ်အတိုင်း တဆင့်ချင်းပြောဖို့ ဘယ်လိုမှ စဉ်းစားလို့ မရ။ နောက်ဆုံး....

"ကျွန်တော် အေးမိကို လက်ထပ်ပါရစေ"

မိ တို့ အဖေက ကျွန်တော့်ကို မျက်လုံးကြီး ပြူးကြောင်ပြီး ကြည့်နေတယ်။ ကျွန်တော် ထပ်ပြောတယ်။

"အေးမိကို ကျွန်တော် လက်ထပ်ချင်တယ်"

"မဖြစ်နိုင်ပါဘူးကွာ"

"ဖြစ်နိုင်ပါတယ် ခင်ဗျာ....၊ ကျွန်တော်တို့ နှစ်ယောက် တယောက်နဲ့ တယောက်...."

"မင်းကို သမီးက ငြင်းခဲ့ပြီးပြီပဲ"

"သူ ငြင်းတာက စိတ်ထဲကပါလို့မဟုတ်ပါဘူး၊ ကျွန်တော့်ကို သူ့အတွက် အနစ်နာမခံစေချင်လို့ပါ၊ တကယ့် သူ့စိတ်ရင်းက ကျွန်တော့်အပေါ်.... ကျွန်တော့် အပေါ် မေတ္တာ ရှိနေလို့ပါ"

မိတို့ အဖေက သက်ပြင်းချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးမယဉ်စမ်းပါနဲ့ကွာ....''

"စိတ်ကူးယဉ်တာ မဟုတ်ဘူး ဦးလေး၊ ကျွန်တော်လက်တွေ့ကျကျ ပြောနေတာပါ''

"ကဲ...မင်းကို ဦးလေးတခုမေးမယ်၊ မင်းက သမီးကို ဘာဖြစ်လို့ လက်ထပ်ချင်တာလဲ''

"ချစ်လို့ပါ''

ကျွန်တော် မဆိုင်းပဲ ဖြေတယ်။ မိတ္တီအဖေက မရယ်ချင်ပဲ ရယ်လိုက်တယ်''

"မလုံလောက်ဘူးကွယ်''

"လုံလောက်ပါတယ် ဦးလေး၊ ကျွန်တော် မီကို တယောက်တည်း အထီးကျန်ဘဝနဲ့ ပစ်မထားနိုင်ဘူး''

"အဲဒါတော့ ဦးလေးလဲ မတတ်နိုင်ဘူးလေ၊ သမီး ကိုယ်တိုင်ကမှ သဘောမတူပဲ''

"ဦးလေးအနေနဲ့ သဘောတူယင် ရပါတယ်''

မိတ္တီ အဖေက ခေါင်းကို ယမ်းခါလိုက်တယ်''

"မင်း သိမလား မသိဘူး၊ ဦးလေး တခါတုန်းက ဦးလေး သဘောနဲ့ ဦးလေး စီစဉ်ဖို့ ကြိုးစားခဲ့ဖူးတယ်၊ အမှားကြီး မှားခဲ့တာပဲ။ အဲဒီ နောက်ပိုင်း သမီး သဘောမတူပဲ ဘာမှ မစီစဉ်ပါဘူးလို့ သမီးတို့ အမေကို ဦးလေး ကတိပေးခဲ့တယ်။ ဒါကြောင့် ခုကိစ္စမှာ ဦးလေးလဲ ဘာမှ မတတ်နိုင်ဘူး''

"ကျွန်တော်တတ်နိုင်တယ်၊ မီနဲ့ ကျွန်တော်ဟာ တရားဝင် လက်ထပ်ထားကြတာပဲ၊ ကျွန်တော့်မှာ လက်ထပ် စာချုပ် ရှိတယ်''



မိတ္တီ အဖေက အံ့သြသလို ဖြစ်သွားတယ်။ ဘာမှ ပြန်မပြောပဲ အတော်ကြာအောင်နေတယ်။ နောက်တော့ နည်းနည်း ပြုံးတယ်။ သူ့အပြုံးက အဓိပ္ပာယ်ကောက်ရ ခက်တယ်။

* * *

ကျွန်တော့်ဘက်က လုပ်စရာတခုပဲ ရှိတော့တယ်။ လုပ်သင့် မလုပ်သင့် ကျွန်တော် စဉ်းစားတယ်။ ဘယ်သူ့ကိုမှလဲ မတိုင်ပင်ချင်ဘူး။

ကျွန်တော် လက်နှိပ်စက်ရိုက်တုန်းက သိကျွမ်း ခင်မင်ခဲ့ရတဲ့ လူတယောက်ရှိတယ်။ ဦးအောင်စိုးဦး။ သူက ရှေ့နေ။ သူက တဆင့် မိဆီကို သတိပေးစာတစောင်ပို့လိုက်သတဲ့။ မိဟာ ကျွန်တော်နဲ့ တရားဝင် လက်ထပ်ထားတဲ့ ဇနီး ဖြစ်ကြောင်း၊ ကျွန်တော့်ဇနီးကို ကျွန်တော်ပြန်ခေါ်ခွင့်ရှိကြောင်း၊ မိအနေနဲ့ ငြင်းဆန်လို့ ရှိယင် တရား ဥပဒေအရ ရင်ဆိုင်ရမှာ ဖြစ်တဲ့ အကြောင်း။

မိတ္တီ အဖေက ကျွန်တော့်ကို ခေါ်တွေ့တယ်။ ကျွန်တော့်ကို မြင်တော့ သူပြုံးတယ်။ သူ့အပြုံးက ဟိုတနေ့က အပြုံးလိုပဲ။ ကျွန်တော့်ကို မေးတယ်။

"မောင်အေးမောင်က သမီးနဲ့ လက်ထပ်ယူဖို့ ကိစ္စမှာ ဘာဖြစ်လို့ ဒီလောက်တောင် သဲသဲမဲမဲ ဖြစ်နေရတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြောခဲ့ပြီးပါပြီ။ မိ ကို ကျွန်တော် ချစ်လို့ ပါလို့၊ ပြီးတော့.... မိ ဘဝတလျှောက်လုံးအတွက် စောင့်ရှောက်သွားချင်လို့ ..."

"တခြားအကြောင်း တခုခု ရှိအုံးမယ် ထင်တယ်"

"ဦးလေး.... ဘာကို ဆိုလိုဘာလဲ"

မိတို့ အဖေက ပြုံးပြန်တယ်။

"ဒီလို ရှိတယ်လေ၊ သမီးဟာ ဒုက္ခိတ၊ မင်းအပေါ် မယားဝတ္တရားငါးပါးနဲ့အညီ ပြုစုဖို့ဆိုတာ မဖြစ်နိုင်ဘူး။ သမီးကို လက်ထပ်ရတာဟာ ဒုက္ခကို ဝယ်ယူရတာနဲ့ အတူတူပဲ။ သမီးကို လက်ထပ်သို့ မင်းမှာ ဘာမှ အကျိုးအမြတ် ရှိမှာ မဟုတ်ဘူး၊ ဆုံးရှုံးမှုကိုပဲ ရမယ်"

"ကျွန်တော် မိ ကို စပြီး မေတ္တာရှိတဲ့ အချိန်က စပြီး ခုထိ မိဆီက တခုခု အကျိုးအမြတ်ရရှိဖို့ ရည်ရွယ်ချက် မရှိပါဘူး ဦးလေး"

"တခုတော့ ရှိတယ်လေ၊ သမီးဟာ အိမ်ထောင်ရေးမှာ ဇနီးသည် တယောက် အနေနဲ့ တာဝန် မကျေပွန်နိုင်ပေမယ့် ပျော်ရွှင်မှုကို မပေးနိုင်ပေမယ့် သမီးဟာ ဦးလေးတို့ရဲ့ အမွေစား အမွေခံ သမီးဖြစ်တယ်၊ ဦးလေးတို့ဟာ သိပ်ချမ်းသာတာ မဟုတ်ပေမယ့် အသင့်အတင့် ကြွယ်ဝတယ်လို့ ဆိုလို့ ရတယ်။ ဦးလေးတို့ရဲ့ အမွေပစ္စည်းတဝက်ကို သမီးက ခံစားခွင့်ရှိနေတယ်။ မောင်အေးမောင်အနေနဲ့ သမီးကို လက်ထပ်ချင်ရတဲ့ အကြောင်းထဲမှာ အဲဒီအချက်ကော မပါဘူးလား"



ကျွန်တော့် ခေါင်းက မြေဟောက်တကောင်ရဲ့ ဦးခေါင်းလို ဆတ်ကနဲ ထောင်သွားတယ်။

"ဒီမှာ... ဦးလေး"

မိ တို့ အဖေက ကျွန်တော့်ကို လက်ကာပြတယ်။ 'ခဏလေး'လို့ ပြောပြီး အိမ်ခန်းထဲ ဝင်သွားတယ်။ ပြန်ထွက်လာတော့ သူ့လက်ထဲမှာ အထုပ်တထုပ် ပါလာတယ်။

ကုလားထိုင်မှာ ပြန်ထိုင်လိုက်ပြီးတော့ စာအုပ်တအုပ်ထည့်ထားသလို ဖောင်းနေတဲ့ အထုပ်ကို ကျွန်တော့်ရှေ့က စားပွဲပေါ် ချပေးတယ်။

"မောင်အေးမောင် အဲဒါကို ယူသွားပါ၊ ဦးလေးတို့ကို အဲ....သမီးကိုပေါ့လေ၊ နောက် ထပ်ပြီး အနှောင့်အယှက်မပေးဖို့ ဦးလေးတောင်းပန်ပါတယ်"

ကျွန်တော့်ကိုယ်ဟာ ဒေါသကြောင့် တဆတ်ဆတ်တုန်နေတယ်၊ သို့ပေမယ့် ကျွန်တော် ဘာမှ မပြောဘူး၊ စက္ကူထုပ်ထဲမှာ ဘာရှိတယ်ဆိုတာ ကျွန်တော်သိတယ်၊ ငွေ 'တထောင်' နှစ်ထောင်၊ ငါးထောင်၊ တသောင်း၊ သို့ပေမယ့် ကျွန်တော် ငွေထုပ်ကို လုံးဝကြည့်တောင်မကြည့်ဘူး။

"ကျွန်တော် မိကို ရအောင်ယူမယ် ဦးလေး၊ ဒါပါပဲ"

ကျွန်တော် ချာကနဲ လှည့်ထွက်ခဲ့တယ်။

နည်းလမ်းက ကုန်သွားပါပြီ၊ မိတို့အဖေရဲ့ အပြုအမူဟာ ကျွန်တော့်မေတ္တာ စေတနာကို ဘယ်လောက် စော်ကားလိုက်သလဲ၊ ကျွန်တော်မိကို ချစ်ခဲ့တဲ့ သက်တန်းတလျှောက်မှာ သူတို့ပစ္စည်းဥစ္စာအကြောင်း တခါမှတောင် မစဉ်းစားခဲ့မိဖူးဘူး၊

www.burmeseclassic.com



မိကို စမြင်မြင်ချင်း ချစ်သွားတဲ့အချိန်မှာ မိရဲ့ မိဘတွေဟာ အခြေအနေကောင်းတယ်ဆိုတာ ကျွန်တော် လုံးဝ မသိခဲ့သေးဘူး မဟုတ်လား''

မိက ကျွန်တော့်ကို စိတ်နာအောင်ဆိုပြီး တမင် နာနာကျည်းကျည်း ပြောခဲ့ဖူးတယ်၊ ခုလဲ အဲဒီလို ဖြစ်ရအောင် သူ့အဖေကို ဒီလိုလုပ်ခိုင်းတာလားလို့ စဉ်းစားကြည့်တယ်၊ ဟုတ်ချင်လဲဟုတ်မယ်၊ သူကိုယ်တိုင်က ကျွန်တော် ငွေမက်တယ်လို့ ထင်နေတာလဲ ဖြစ်ချင်ဖြစ်မယ်၊ ဒါတွေကျွန်တော် မစဉ်းစားချင်တော့၊ ကျွန်တော့်ဘက်က အစွမ်းကုန် ကြိုးစားကြည့်ခဲ့ပြီးပြီ၊ မရဘူး၊ ဒီအတိုင်းနေသွားယင် မိကို ကျွန်တော် စွန့်လွှတ်ရလိမ့်မယ်၊ စွန့်လွှတ်လိုက်ရလို့ ကျွန်တော်တယောက်တည်း စိတ်ဒုက္ခ ခံစားရမယ်ဆိုယင် ကျွန်တော် စွန့်လွှတ်နိုင်ပါတယ်၊ သို့ပေမယ့်ကျွန်တော် သိနေတယ်၊ မိ ကျွန်တော့်ကို ခုထိ ချစ်နေတုန်းရှိမှာပါ၊ ကျွန်တော်နဲ့ ခွဲခွာရယင် သူ ခံနိုင်မှာမဟုတ်ဘူး၊ သက်ဆိုးမရှည်မှာ ကျွန်တော် စိုးရိမ်တယ်၊ ကျွန်တော့် မေတ္တာဟာ ဖြူစင်သန့်ရှင်းတယ်၊ မိ အပေါ်မှာ ကျွန်တော်ဘယ်လောက်ထိ အနစ်နာခံပြီး ချစ်နိုင်တယ်ဆိုတာ သိစေရမယ်''

ကျွန်တော်တို့ လက်ထပ်စာချုပ် ချုပ်ခဲ့ကြတဲ့ ပြည်သူ့တရားရုံးကနေပြီး မိကို ကျွန်တော် တရားစွဲတယ်၊ ဇနီးသည်ကို ပြန်လည် ခေါ်ယူလိုမှု။

* * *



တရားရုံးထဲကို မိဝင်လာတဲ့ မြင်ကွင်းကို မြင်လိုက်ရတော့ ကျွန်တော့်ရင်ထဲက နင့်ကနဲ ခံစားလိုက်ရတယ်။

မိက တွန်းလှည်းကုလားထိုင်ကလေးပေါ်မှာထိုင်လို့၊ မိတို့အဖေက တွန်းပြီးဝင်လာတယ်။ မိရဲ့မျက်နှာကလေးက ချောင်ကျနေတယ်။ ဆေးရုံမှာတုန်းကထက်တောင် ပိန်သွားတယ်လို့ ထင်ရတယ်။ မိက ဘယ်သူ့ကိုမှမကြည့်။ နံရံမှာချိတ်ထားတဲ့ နိုင်ငံတော်ခေါင်းဆောင်ကြီးတွေရဲ့ ဓါတ်ပုံတွေကိုသာ စိုက်ကြည့်နေတယ်။

ကျွန်တော် မနေနိုင်တော့ဘူး။ မိဆီကို ပြေးသွားမိတယ်။

''မိ....နေကောင်းရဲ့လားဟင်''

www.burmeseclassic.com

www.burmeseclassic.com



မိက ကျွန်တော့်ကို မော့မကြည့်ပဲ ပြန်ပြောတယ်။

"ဥပဒေနဲ့မဆိုင်တဲ့စကားတွေ လာမပြောပါနဲ့"

ကျွန်တော် ဝမ်းနည်းသွားရတယ်။

"မိရယ်၊ မောင့်ကို ဒီလိုတော့ မပြောပါနဲ့၊ မောင့်စိတ်ထားကို မိနားလည်မှာပါ"

မိရဲ့မျက်နှာက တင်းမာနေတယ်။

"ရှင်က ကျွန်မကိုလက်ထပ်စာချုပ်နဲ့ အကျုပ်ကိုင်တာမဟုတ်လား၊ ဒီတော့ တရားဥပဒေအတိုင်း ရင်ဆိုင်ကြရုံပဲ ရှိတာပဲ၊ တခုတော့ရှိတယ်၊ တရားဥပဒေက အဆုံးအဖြတ်ပေးတိုင်း ရှင်ကျွန်မကို ပိုင်ဆိုင်နိုင်လိမ့်မယ်လို့တော့ မထင်နဲ့...."

ကျွန်တော်က 'မိဟာ တော်တော်ဟန်ဆောင် ကောင်းတာပဲ' လို့ပြောပြီး ပြန်လှည့်ထွက်လာခဲ့တယ်။

အဲဒီနေ့က မစစ်ဆေးဖြစ်ဘူး။ တရားသူကြီးအဖွဲ့က ရက်ချိန်းပေးလိုက်တယ်။

မိကို ကျွန်တော်က တရားစွဲတယ်ဆိုတာ ကြားရတော့ အားလုံးအံ့သြကုန်ကြတယ်။ ဆရာမြင့်က ကျွန်တော့်ကို ဆူတယ်။ တခြားနည်းလမ်းနဲ့ ဖြေရှင်းဖို့ကောင်းတယ်လို့ ပြောတယ်။ ကျွန်တော်က ဆရာမြင့်ကို ရှင်းပြတယ်။ ကျွန်တော် နည်းလမ်းကုန်အောင် ကြိုးစားတဲ့အကြောင်း၊ မိတို့အဖေက ကျွန်တော့်ကို ငွေပေးပြီး ရှောင်ခိုင်းတဲ့အကြောင်း။ ဒီတော့မှ ဆရာမြင့် သဘောပေါက်သွားတယ်။ မိတို့အဖေကိုလဲ ဒီလို မလုပ်သင့်ဘူးဆိုပြီး နည်းနည်း စိတ်ဆိုးသွားတယ်။ ပြီးတော့ သူ့အနေနဲ့ တဘက်ကလဲတူမဖြစ်နေ၊ တဘက်ကလဲတပည့်ဖြစ်



နေတဲ့အတွက် ဒီကိစ္စမှာ ကြားနေမှုဖြစ်မယ်လို့ ပြောတယ်။ သူထပ်ပြီး ကြိုးစားကြည့်ဦးမယ်လို့ ပြောတယ်။ သို့ပေမယ့် အချည်းအနှီးပါပဲ။ မိက သိပ်တင်းမာနေတယ်။ တရားရုံးကပဲ ရင်ဆိုင်ရမယ်လို့ အပြတ်ပြောလိုက်တယ်တဲ့။

ကျွန်တော့်လုပ်ရပ်ကို သောင်းမော်နဲ့ ချစ်အေးက ထောက်ခံတယ်။ ကိုကိုကတော့ဘာမှ မဝေဖန်ဘူး။ မင်းတို့နှစ်ယောက်စလုံး စိတ်ချမ်းသာတာပဲ ကိုကိုမြင်ချင်ကြားချင်တယ်ကွာလို့ပဲ ပြောတယ်။

* ✲ *

ကျွန်တော့်ဘက်က တရားလိုပြသက်သေတွေကို အယင်စစ်ဆေးတယ်။ ကိုကို၊ သောင်းမော်၊ ချစ်အေး၊ ဝင်းဝင်းသိန်း။ သန်းသန်း။ မျိုးမျိုးကတော့ မိရဲ့ သူငယ်ချင်းဖြစ်နေလို့ ကျွန်တော့်ဘက်က သက်သေလိုက်ပေးမှာ မဟုတ်ဘူး။ ကျွန်တော့် သက်သေတွေက တညီတညွတ်တည်းပဲ ထွက်ဆိုကြတယ်။

ကျွန်တော်နဲ့မိဟာ ချစ်ကြိုက်နေကြတာ ကြာပြီဖြစ်တဲ့အကြောင်း။ ကျွန်တော်တို့နှစ်ယောက် တရားရုံးမှာ လက်မှတ်ထိုးပြီး လက်ထပ်ကြတဲ့နေ့ကလဲ ကျွန်တော်က မိကို ခြိမ်းခြောက်အားဟန် လုံးဝ မရှိတဲ့အကြောင်း။ အဲဒီနေ့က ကျွန်တော်ရော မိပါ ကိုယ့်သဘောဆန္ဒအလျောက် လက်မှတ်ထိုးကြတာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း။ လက်မှတ်ထိုးပြီးတော့ မျိုးမျိုးတို့အိမ်မှာ ခေါက်ဆွဲကြော်တွေ စားကြသေးကြောင်း။ အဲဒီအချိန်တွေမှာ မိဟာ ပျော်ရွှင်နေတာ တွေ့ရကြောင်း၊ အကျပ်ကိုင်ခံရတဲ့ အမူအရာ မရှိကြောင်း ပြည့်ပြည့်စုံစုံ ပိုင်ပိုင်နိုင်နိုင် ပြောသွားကြတယ်၊ တဘက်က ဥပဒေအကျိုးဆောင်က အမျိုးမျိုးလှည့်ပတ် မေးပေမယ့် မရဘူး။

ကျွန်တော့်ကို စစ်ဆေးတဲ့နေ့ ရောက်လာတယ်၊ မိရဲ့ ဥပဒေအကျိုးဆောင်က ကျွန်တော့်ကိုမေးတယ်။

"ကိုအေးမောင်နဲ့ မခင်အေးမိတို့ စတင်သိကျွမ်းကြတာ ဘယ်လောက်ကြာပြီလဲ"

"နှစ်နှစ်လောက်ရှိပါပြီ"

"အော်....နှစ်နှစ်ပဲရှိသေးတာပဲ အဲ....တဦးနဲ့တဦး မေတ္တာရှိခဲ့ကြတာကော"

"တနှစ်ကျော်ကျော်လောက် ရှိပါပြီ"

"အဲဒီလိုဆိုယင် ဘာမှမှ မကြာသေးပဲ၊ တနှစ်လောက်သာရှိတဲ့ အချိန်ကလေးထဲမှာ လက်ထပ်စာချုပ် ချုပ်ဆိုဖို့အထိ ဆုံးဖြတ်တယ်ဆိုတော့ တနှစ်ဆိုတဲ့အချိန်ဟာ တဦးသဘောကို တဦးလေ့လာဖို့ လုံလောက်တဲ့အချိန် ဖြစ်တယ်လို့ ယူဆနိုင်ပါမလား...."

"ယူဆနိုင်ပါတယ်"

"ဘာ့ကြောင့်ပါလိမ့်"

"ကျွန်တော်တို့နှစ်ယောက်ဟာ တယောက်နဲ့တယောက်စပြီး သိကျွမ်းကြကထဲက တဦးရဲ့သဘောကို တဦးကလေ့လာ အကဲခတ်ခဲ့ကြတာပါ၊ တယောက်နဲ့တယောက် မေတ္တာမျှခဲ့ကြတာကလဲ တယောက်ကိုတယောက်နှစ်သက်ခဲ့ကြလို့ပါပဲ၊ ချစ်ကြိုက်ပြီးမှ လေ့လာခဲ့တာမဟုတ်ပါဘူး"

"ထားပါတော့လေ။ ကိုအေးမောင်တို့က ဘာဖြစ်လို့ လက်ထပ်စာချုပ် ချုပ်ရတာလဲ"

"တရားဝင်အောင်လို့ပါ...."

"ဘာဖြစ်လို့ တရားဝင်ဖြစ်ချင်ရတာလဲ"

"ဒါပြောစရာ မလိုဘူးထင်တယ်"

"မဟုတ်သေးဘူးလေ၊ ကျွန်တော်မေးတာက ကိုအေးမောင်နဲ့ မအေးမိတို့ လက်ထပ်စာချုပ် ချုပ်ဆိုခဲ့ကြတာဟာ တိတ်တဆိတ်မဟုတ်လား၊ လူကြီးတွေမသိကြဘူးမဟုတ်လား၊ ဘာကြောင့် လျှို့ဝှက်ပြီး လက်ထပ်ခဲ့ရတယ်ဆိုတာ အကြောင်းရှိမှာပေါ့"

"ကျွန်တော် ကန့်ကွက်ပါတယ်၊ ဥက္ကဋ္ဌကြီး၊ ဒီမေးခွန်းဟာ အမှုနဲ့မဆိုင်ပါဘူး၊ ဘာကြောင့် လက်ထပ်ခဲ့ရတယ်ဆိုတာ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက် ကိစ္စပါ ထုတ်ပြောခွင့်မရှိပါဘူး"

လို့ ကျွန်တော့်အကျိုးဆောင် ဦးအောင်စိုးဦးက ဝင်ပြောတယ်၊ မိရဲ့ အကျိုးဆောင်က

"ဆိုင်ပါတယ်ခင်ဗျား၊ ဒီစာချုပ် ချုပ်ဆိုရတဲ့အကြောင်းရင်းဟာ ဒီအမှုရဲ့ အရေးပါတဲ့ အချက်တချက်ပဲ ဖြစ်ပါတယ် ဒါကို သိမှ အမှုသွားအမှုလာကို ပြည်သူ့ တရားသူကြီးအဖွဲ့ အနေနဲ့ ဆင်ခြင်ကြည့်နိုင်မှာ ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌက အဖွဲ့ဝင်နှစ်ယောက်နဲ့ တိုင်ပင်ပြီး....

"ဆက်မေးပါ၊ ဒါပေမယ့် အသေးစိတ်တော့ မခုပ်ပါနဲ့"

မိရဲ့ အကျိုးဆောင်က 'ကျေးဇူးတင်ပါတယ်'လို့ ပြောပြီး ကျွန်တော့်ကို ခုန မေးတဲ့ အတိုင်း ပြန်မေးတယ်၊ ကျွန်တော်က ဦးအောင်စိုးဦးကို မသိမသာ လှမ်းကြည့် လိုက်တော့ ဦးအောင်စိုးဦးက ခေါင်းဆတ်ပြတယ်။

မိ… အဲ…မခင်အေးမိတို့ရဲ့ မိဘတွေက တခြားလူတယောက်နဲ့ အတင်းစေ့စပ်ဖို့ စီစဉ်လို့"

လို့ ကျွန်တော်က ခပ်ဆတ်ဆတ် ဖြေလိုက်တယ်၊ ကျွန်တော့စိတ်ကို သူ တမင်ဆွပေးနေတာပဲလို့ ချက်ချင်းပြန် နားလည်လိုက်တယ်၊ သူက သူ့အကွက်ထဲ ဝင်လာပြီဆိုပြီး ပြုံးလိုက်တယ်၊ ဦးအောင်စိုးဦးက သူ ပြောထားတာ မမေ့နဲ့ဆိုတဲ့ သဘောမျိုး ကျွန်တော့်ကို စိုက်ကြည့်ပြီး မျက်မှောင်ကုပ်ပြတယ်။

"ဒါနဲ့ပဲ ကိုအေးမောင်က လက်ထပ်စာချုပ် ချုပ်ဖို့ မခင်အေးမိကို အတင်းတိုက်တွန်းလိုက်တယ် ဆိုပါတော့"

"အတင်း တိုက်တွန်းတာ မဟုတ်ပါဘူး"

"ဖျောင်းဖျောင်းဖျဖျနဲ့ တိုက်တွန်းတာပေါ့၊ ဟုတ်လား"

"မဟုတ်ပါဘူး၊ ကျွန်တော် မိနဲ့ တိုင်ပင်တာပါ"

ဦးအောင်စိုးဦးက ခေါင်းငုံ့ပြီး ပြုံးလိုက်တာ မြင်ရတယ်။ မိရဲ့ အကျိုးဆောင်က"

"ဒီတော့ မခင်အေးမိက ငြင်းတယ် မဟုတ်လား"



"အစပိုင်းတော့ ငြင်းပါတယ်"

"ကျေးဇူးတင်ပါတယ်၊ နောက်ဘာခု ကျွန်တော်သိချင်တာက...."

"ကျွန်တော့်စကား မဆုံးသေးဘူး"

လို့ ကျွန်တော်က ဖြတ်ပြောလိုက်တယ်၊ သူက 'ကျွန်တော် သိချင်တာ မေးပြီးပါပြီ'လို့ စကားပိတ်ပစ်တယ်၊ ဦးအောင်စိုးဦးကို တခုခု ပြောမယ်လုပ်တဲ့ အချိန်မှာ ကျွန်တော့ကပဲ....

"ဥက္ကဋ္ဌကြီး... ကျွန်တော့်စကား မဆုံးသေးပါဘူး၊ ဆက်ပြောခွင့်ပါရစေ...."

"ပြောပါ ပြောပါ"လို့ ဥက္ကဋ္ဌကြီးက ပြောတယ်"

"ကျွန်တော်က မိကို တိုင်ပင်ကြည့်တော့ အစပိုင်းမှာ မိက ငြင်းပါတယ်၊ နောက် သူ့မိဘတွေက တခြားလူနဲ့ အတင်းအကျပ် စီစဉ်မယ့်အခြေအနေကို သူလဲ စိုးရိမ်တယ်လို့ ပြောပြီးတော့ လက်ထပ် စာချုပ်ချုပ်ဖို့ မိ သဘောတူလိုက်ပါတယ်၊ အဲဒီ စာချုပ် ချုပ်တုန်းက ခုအမှုကို စစ်ဆေးနေတဲ့ တရားသူကြီးအဖွဲ့ ရှေ့မှောက်မှာ လက်မှတ်ထိုးခဲ့တာပါ၊ ဥက္ကဋ္ဌကြီးကတောင် သက်သေတွေများလှချည်လားလို့တောင် ပြောသေးတယ်၊ ပြီးတော့ ဥက္ကဋ္ဌကြီးက မိကို လက်မှတ်ထိုးဖို့ သဘောတူလားလို့ မေးတော့ မိက ရယ်လိုက်တာ မှတ်မိချင်မှတ်မိမှာပါ၊ ကျွန်တော်ကခြိမ်းခြောက်ထားလို့ဆိုယင် ရယ်ပါ့မလား"

တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌက ပြုံးတယ်။ ကျုပ်တောင် သက်သေ လိုက်ရမလို့ ဖြစ်နေပြီ'လို့ ပြောပြီး

"ကဲ...မေးစရာရှိသေးသလား"

www.burmeseclassic.com

www.burmeseclassic.com



မိရဲ့ အကျိုးဆောင်က....

"ရှိပါသေးတယ်ခင်ဗျာ"

ကျွန်တော့ဘက်လှည့်ပြီး....

"ကိုအေးမောင် ပညာအရည်အချင်း သိပါရစေ"

"ဝိဇ္ဇာဘွဲ့၊ မြန်မာစာ အဓိကပါ"

"ဘွဲ့ရပြီးတော့ ချက်ချင်းအလုပ်ရသလား"

"ခြောက်လလောက်အကြာမှာ ရပါတယ်"

"ဘာ အလုပ်လဲ"

"ဆရာ ဦးခင်မောင်မြင့်ရဲ့ ရွှေသပြေ ကျောင်းမှာပါ"

"ဘာ လုပ်ရတာလဲ"

"ဆရာရဲ့ လက်ထောက်ပါ"

ဒီလိုမေးခွန်းမျိုး မေးလာလိမ့်မယ်လို့ ဦးအောင်စိုးဦးက သိပြီးသား။ 'မေးယင် ကျောင်းစာရေးလို့ မဖြေနဲ့၊ လက်ထောက်လို့ဖြေလို့လဲ မှာထားတယ်၊ ဒါကို မိရဲ့ အကျိုးဆောင်ကလဲ သိတယ်''

"ကျောင်းစာရေးသဘောပေါ့"

လို့ ပြောတယ်၊ ကျွန်တော်က မဖြေပဲ နေလိုက်တယ်...

"လခ ဘယ်လောက်ရသလဲ"

"နှစ်ရာ"

လို့ ပြောပြီး တဆက်တည်း....

"ခုတော့....အဲဒီမှာ မဟုတ်တော့ဘူး၊ ကျွန်တော့ဖာသာ ကျူရှင်ကျောင်း ထောင်ထားတယ်"

"တယောက်တည်းလား"



"သူငယ်ချင်းတွေနဲ့ စုပြီး ထောင်ထားတာပါ"

"အော်....သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါးပေါ့"

"အပျော်သဘောမဟုတ်ပါဘူး၊ အလုပ်အကိုင်တခုအနေနဲ့ပါ"

"တလဘယ်လောက်ရသလဲ"

"လေးရာလောက်ရပါတယ်"

"နွေကျောင်းပိတ်ရက်ဆိုယင်တော့ ကျောင်းပိတ်ထားရမှာပေါ့"

"အဲဒီအခါကျယင် ကျွန်တော်လက်နှိပ်စက်ရိုက်ပါတယ်"

"ဒါပါပဲ ကျွန်တော်မေးချင်တာကုန်ပါပြီ"

* * *

*

မိ ဘက်ကသက်သေတွေကတော့ သိပ်မများပါဘူး။ မိတို့အဖေနဲ့အမေရယ်၊ မျိုးမျိုးရယ်။

မိတို့ အဖေနဲ့အမေက ကျွန်တော်တို့နှစ်ယောက်လက်မှတ်ထိုးထားတဲ့ ကိစ္စကို သူတို့မသိကြောင်း အစစ်ခံပါတယ်။ အဲဒီလိုလက်မှတ်ထိုးထားတာကို သဘောတူသလားလို့ မေးတော့ မိတို့ အဖေက 'သဘောမတူပါ' လို့ ပြောတယ်။ မိတို့အမေကတော့ အသံတုန်တုန်နဲ့ 'သမီးလေးသဘောပါပဲ၊ ကျွန်မဘာမှမသိပါဘူး' လို့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိကို ကျွန်တော့်အကျိုးဆောင် ဦးအောင်စိုးဦးကမေးပါတယ်။ ဦးအောင်စိုးဦးက မိကိုမေးခွန်းတွေတခုချင်းမမေးဘူး။ ဘယ်လိုမေးယင် ဘယ်လိုဖြေဆိုပြီး မိရဲ့ အကျိုးဆောင်က ဇာထားမှာပဲ။ ဒါကြောင့် ပုံစံတမျိုးနဲ့မေးတာပါ။

"မခင်အေးမိကိုကျွန်တော်သိပ်မေးစရာမရှိပါဘူး၊ကျွန်တော်ကပဲပြောသွားပါမယ်၊ ဟုတ်ယင်ဟုတ်တယ်၊ မဟုတ်ယင်မဟုတ်ဘူးသာပြောပါ"

မိရဲ့ အကျိုးဆောင်က သူထင်ထားသလို ဖြစ်မလာတဲ့အတွက် နည်းနည်းစိတ်ပျက်သွားပုံရတယ်။ ဦးအောင်စိုးဦးက ဆပြောတယ်။

"ကိုအေးမောင်နဲ့ မခင်အေးမိတို့ဟာ လွန်ခဲ့တဲ့နှမ်နှစ်ကျော်ကျော်လောက်က စတင်သိကျွမ်းခဲ့ကြပြီး လွန်ခဲ့တဲ့တနှစ်ကျော်ကျော်လောက်မှာ တဦးနဲ့တဦးမေတ္တာမျှခဲ့ကြပါတယ်၊ အဲဒီလိုမေတ္တာမျှခဲ့ကြပြီးတဲ့နောက် တယောက်နဲ့တယောက် အလွန်ချစ်ခဲ့ကြပြီး.... သူငယ်ချင်းအသိုင်းအဝိုင်းထဲမှာ တဦးနဲ့တဦးစိတ်သဘောထားချင်း တိုက်ဆိုင်တဲ့နေရာမှာ စံပြသဖွယ်ဖြစ်ခဲ့ပါတယ်"

ဦးအောင်စိုးဦးက စကားခဏရပ်ပြီး မိကိုကြည့်လိုက်တယ်။ မိက ဘာမှပြန်မပြောပဲခေါင်းငုံ့ထားတယ်။ မိသာသူ့အကျိုးဆောင်ကိုကြည့်မိယင် တခုခုပြန်ပြောဖို့ မျက်နှာရိပ်မျက်နှာကဲပြနေတဲ့ သူ့အကျိုးဆောင်ကြီးကိုတွေ့ရမှာပဲ။

"အဲဒီလို....ရှိခဲ့ကြရာ လွန်ခဲ့တဲ့ခြောက်လလောက်မှာပြဿနာပေါ်လာခဲ့ပါတယ်၊ မခင်အေးမိတို့မိဘတွေက မခင်အေးမိ



ကိုတခြားသူတယောက်နဲ့ စေ့စပ်ဖို့ အတင်းအကျပ်စီစဉ်လိုက်ကြပါသည်။ အဲဒီမှာ ကိုအေးမောင်နဲ့မခင်အေးမိတို့ တိုင်ပင်ပြီး.... မခင်အေးမိရဲ့သဘောတူညီချက်အရ.... ဒီတရားရုံးမှာပဲ လက်မှတ်ရေးထိုး လက်ထပ်ခဲ့ကြပါတယ်။

'မဟုတ်ဘူး'လို့ မိကဝင်ပြောတယ်။

"ဘာမဟုတ်တာလဲ မခင်အေးမိ.... လက်ထပ်တယ်ဆိုတာမဟုတ်ဘူးလား"

"အဲဒါကို ပြောတာမဟုတ်ဘူး ကျွန်မနဲ့ သူနဲ့လက်ထပ်ခဲ့တာကျွန်မသဘောတူညီချက်ကြောင့်ဆိုတာ"

"သဘောမတူဘူးလို့ဆိုလိုတာလား မခင်အေးမိ"

"ကျွန်မစိတ်ထဲက သဘောမတူခဲ့ဘူး၊ သူကအကျပ်ကိုင်လို့"

ခေါင်းကြီးထောင်ထလာတဲ့ မိရဲ့အကျိုးဆောင် ကြီးဟာမိအဲဒီလိုပြောလိုက်တော့မှ ပြန်ပြီးငြိမ်ကျသွားတယ်။

"အကျပ်ကိုင်လို့ဟုတ်လား.... ဘယ်လိုများပါလိမ့်"

"ကျွန်မက လက်မှတ်မထိုးယင် သူကျွန်မကို ခိုးပြေးမယ်လို့ပြောပါတယ်..."

ဦးအောင်စိုးဦးက အောင်မြင်စွာပြုံးလိုက်တယ်။ ပြီးတော့

"အော် ခိုးပြေးမှာကြောက်လို့ လက်ထပ်စာချုပ်မှာလက်မှတ်ထိုးတယ်ဆိုတော့.... ခြေလေးခြောင်းသားမစားဘူး အမဲသားပဲစားတယ်ဆိုတာမျိုး ဖြစ်မနေပေဘူးလား"

မိက ဘာမှပြန်မပြော။

"ထဲပါလေ.... ထားပါတော့.... ကျွန်တော်အရေးကြီးတဲ့အချက်ကလေးတချက်မေးပါရစေဦး...."

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်စိုးဦးက မိကိုသေသေချာချာစိုက်ကြည့်ပြီး....

"မခင်အေးမိဟာ တချိန်ကကိုအေးမောင်နဲ့ ချစ်ကြိုက်ခဲ့ကြတယ်ဆိုတာတော့သိရပါပြီ.... ကျွန်တော်သိချင်တာက.... အခုကော.... မခင်အေးမိအနေနဲ့ ကိုအေးမောင်ကိုချစ်နေတုန်းပဲလား"

မိရဲ့ကိုယ်ကလေးက ဆတ်ကနဲတုန်သွားတယ်။ ကျွန်တော့်ကို ဖြတ်ကနဲလှမ်းကြည့်တယ်။ ကျွန်တော့်ရင်တွေ တဒိတ်ဒိတ် ခုန်လာတယ်။

"ပြောပါ မခင်အေးမိ"

မိ နှုတ်ခမ်းလေးတွေက တရွရွလှုပ်နေတယ်။ သို့ပေမယ့် မပြောဘူး။

"ဒါအရေးကြီးပါတယ်"

ဦးအောင်စိုးဦးက ထပ်ပြောတယ်။ မိက ခေါင်းခါလိုက်တယ်။ ကျွန်တော်က 'မိ' လို့ခေါ်ပြီးထရပ်လိုက်တယ်။တရားသူကြီးအဖွဲ့ဥက္ကဋ္ဌကလက်ပြပြီး ပြန်ထိုင်ခိုင်းတယ်....

"ကျွန်မ မပြောပါရစေနဲ့"

မိ ရဲ့အသံက တုန်ခါနေတယ်။

"မပြောလို့ မဖြစ်ဘူးမခင်အေးမိ"

ဦးအောင်စိုးဦးရဲ့ အသံက အမိန့်ပေးသံလို ဩဇာရှိတယ်။ မိရဲ့အကျိုးဆောင်က ထရပ်လိုက်ပြီး....

"ဥက္ကဋ္ဌကြီးခင်ဗျား၊တရားလိုအကျိုးဆောင်ဦးအောင်စိုးဦးဟာ ကျွန်တော့် အမှုသည်ကို စိတ်ဓာတ်စစ်ဆင်ရေးလုပ်နေပါတယ်၊ ကျွန်တော့်အမှုသည် စိတ်ပင်ပန်းနွမ်းနယ်နေတဲ့ ပျော့ကွက်ကိုထောက်ပြီးလိုရာဆွဲယူဖို့ကြိုးစားနေပါတယ်၊ ကျွန်တော်ကန့်ကွက်ပါတယ်ခင်ဗျာ"

ဦးအောင်စိုးဦးကလဲ....

"ဒါ အရေးကြီးတဲ့ မေးခွန်းပါ၊ မမေးလို့မဖြစ်ပါဘူး"

တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌက....

"ကဲ.... နှစ်ဘက်စလုံးက အကျိုးဆောင်တွေ ခဏထိုင်ကြပါအုံး၊ ဦးအောင်စိုးဦး မေးချင်တဲ့ မေးခွန်းကို ရုံးက မေးပေးပါ့မယ်"

အကျိုးဆောင်နှစ်ယောက်စလုံး ထိုင်လိုက်ကြတယ်။ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌက....

"ကဲ.... ကလေးမ မခင်အေးမိ၊ ဦးလေး မေးတာကို ဖြေပါ၊ ကလေးမ အနေနဲ့ မောင်အေးမောင်အပေါ်မှာ မေတ္တာရှိနေတုန်းပဲလား၊ မရှိတော့ဘူးလား"

မိ က ဥက္ကဋ္ဌကြီးကို ငေးကြည့်နေတယ်။

"ဖြေပါ.... ကလေးမ၊ ဒါအမှုနဲ့ ပတ်သက်လို့ မေးရတာပါ"

မိက မဖြေ။ မိရဲ့ မျက်နှာဟာ တရားရုံးကို ပထမဆုံးနေ့ကလို တင်းမာ မနေတော့ဘူး။ ကျွန်တော်နဲ့ ချစ်နေကြစဉ်တုန်းက မျက်နှာထားမျိုး။ ဒါကို ကျွန်တော်တယောက်မဲ သိတယ်။ 'မိ.... ပြောလိုက်လေ၊ ချစ်နေတုန်းပဲလို့ ပြောလိုက်ပါ' လို့ ကျွန်တော့် စိတ်ထဲက ပြောနေပါတယ်။ ရုံးခန်းတခုလုံး တိတ်ဆိတ်နေတယ်။ လူတွေ အားလုံးက မိ ကို ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြတယ်။ နှစ်ဘက် အကျိုးဆောင် နှစ်ယောက်ကလဲ မိ ကို စူးစိုက်ကြည့်ယင်း စိတ်ဓာတ်အားချင်း ပြိုင်နေသလိုပဲ။ တရားသူကြီးအဖွဲ့ တောင် ကုလားထိုင်မှာ ကျောမှီမထိုင်နိုင်ပဲ ကိုယ်ကို ရှေ့ကို ငိုက်ပြီး နားစိုက်ထောင်နေကြတယ်။

မိ က ဆတ်ကနဲ ခေါင်းမော့လိုက်တယ်။

"ကျွန်မ မဖြေနိုင်ဘူး"

ဦးအောင်စိုးဦးက ကျေနပ်သလို အမူအရာနဲ့....

"မဖြေချင်ဘူး ဆိုယင်လဲ နေပါစေတော့ ခင်ဗျာ၊ မခင်အေးမိ တော်တော်စိတ်ထိခိုက်သွားတယ် ထင်ပါရဲ့၊ ကျွန်တော် မေးတဲ့ ဒီမေးခွန်းကို မဖြေဘူးဆိုတာပဲ မှတ်တမ်းတင်ပေးပါ"

မိ ရဲ့ အကျိုးဆောင်က လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ အဲဒီ အချိန်မှာ "ဥက္ကဋ္ဌကြီး....ရှင်" ဆိုတဲ့ မိရဲ့ အသံတုန်တုန် ကလေး ထွက်ပေါ်လာတယ်။

"ပြောပါ....မခင်အေးမိ"

လို့.... ဥက္ကဋ္ဌကြီးက ခွင့်ပြုလိုက်တယ်။ မိ က ခဏလောက် ကြာအောင် မပြောနိုင်သေးပဲ ဖြစ်နေတယ်။ ပြီးမှ....

"ကျွန်မ ပြောပါရစေ၊ ကျွန်မ သူနဲ့ ချစ်ကြိုက်ခဲ့ကြတယ် ဆိုတာ မှန်ပါတယ်။ သူနဲ့ လက်ထပ်စာချုပ် ချုပ်ခဲ့တယ်ဆိုတာ လဲ မှန်ပါတယ်။ အဲဒါက ဟိုအချိန်တုန်းကပါ။ ကျွန်မ ရိုးရိုး လူကောင်းတယောက် အဖြစ်နဲ့တုန်းကပါ။ ခုချိန်မှာတော့.... ကျွန်မဟာ.... ကျွန်မဟာ.... ဒုက္ခိတ တယောက်ပါ...."

ပြောယင်းနဲ့ မိ ရဲ့ အသံက တိမ်ဝင်သွားတယ်။ သူ့မျက်ရည် စဲလာပြီ။ ဘယ်သူမှ စကားတခွန်းမှ ဝင်မပြောပဲ နေကြတယ်။



လိုက်မောနေတဲ့ မိ ရဲ့ အသက်ရှူသံပြင်းပြင်းကသာ တခန်းလုံး ပျံ့လွှင့်နေသလိုပဲ။ မိ ဟာ စကားဆက်ပြောဖို့ တော်တော် ကြိုးစားနေရတယ်။

"ကျွန်မ ဆက်ပြောပါရစေ၊ အခု.... ကျွန်မ သူ့ကို ချစ်— ချစ်နေတုန်းပဲလား ဆိုတာ မပြောပါရစေနဲ့၊ ကျွန်မကို ကျွန်မ လဲ အဲဒါကို မသိပါဘူး ရှင်"

ပြောယင်းနဲ့.... မိ အသံထဲမှာ ရှိုက်သံတွေ ပါလာတော့ မလိုပဲ။

"ကျွန်မဟာ ဒုက္ခိတ တယောက် ဖြစ်ပါတယ်၊ ကျွန်မ ခြေထောက်တွေဟာ လှုပ်ရှားလို့ မရတော့ပါဘူး။ ကျွန်မလို ဒုက္ခိတ တယောက်အပေါ်မှာ သူ့အနေနဲ့ တသက်လုံး သည်းခံ စောင့်ရှောက်ပြီး ပေါင်းသင်းသွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

"ဖြစ်နိုင်တယ်"

ကျွန်တော်က ထ အော်လိုက်တယ်။ ကျွန်တော့် အသံ တွေ တဆတ်ဆတ် တုန်နေတယ်။ ဒေါသကြောင့်တော့ မဟုတ်။ ဘာကြောင့်မှန်းလဲ မသိ။ ဥက္ကဋ္ဌကြီးက ဦးအောင်စိုးဦးကို လှမ်းကြည့်တယ်။ ဦးအောင်စိုးဦးက ကျွန်တော့် ပခုံးကို ဖိကိုင် ပြီး ပြန် ထိုင်ခိုင်းလိုက်တယ်။ မိ ကတော့....ငိုနေပြီ။

"ကလေးမ.... သိပ် ပင်ပန်းနေသလား။ ဆက်မပြောချင် မပြောနဲ့တော့၊ နောက်.... ရုံးချိန်းကျမှ ပြောမလား၊ ရုံးက ခွင့်ပြုမယ်"

မိက ခေါင်းခါတယ်။ တချက် ရှိုက်လိုက်ပြီး ဆက်ပြော တယ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့....တကယ်လို့ တနေ့နေ့မှာ သူ ကျွန်မရဲ့ဘဝကို သည်းမခံနိုင်တော့ဘူး၊ မညှာတာနိုင်တော့ဘူးဆိုယင် ကျွန်မကို သူ ဂရုစိုက်တော့မှာ မဟုတ်ပါဘူး၊ အဲဒါဆိုယင် ကျွန်မဟာ အညှဉ်းဆဲ ခံရတာနဲ့ ဘာထူးတော့မှာလဲ"

ကျွန်တော် ထလို့ မရဘူး။ ဦးအောင်စိုးဦးက ပခုံးကို ဖိကိုင်ပြီး နှိမ်ထားတယ်။ မိ က ဆက်ပြောတယ်။

"အဲဒီလို အခြေအနေမျိုးကို ရောက်သွားယင် ကျွန်မ ဘဝဟာ ဘယ်လောက် ဒုက္ခရောက်ရမယ်ဆိုတာ စဉ်းစားကြည့်ကြပါ။ ကျွန်းမှာ သန်စွမ်းပြီး စိတ်သွားတိုင်း ကိုယ်ပါအောင် လှုပ်ရှားနိုင်တဲ့ မိန်းမ တယောက်တောင်မှ လင်ယောကျ်ားရဲ့ စွန့်ပစ်ခြင်းကို ခံရတဲ့အခါ ဘယ်လောက် အတိဒုက္ခ ရောက်ရတယ်ဆိုတာ သိကြမှာပါ၊ ကျွန်မလို ဒုက္ခိတ တယောက်သာ ဆိုယင်...."

မိ က စကား မဆက်နိုင်ပြန်ဘူး၊ ကျွန်တော်ကတော့ စိတ်ထဲမှာ ဗလောင်ဆူနေပြီ။ ဘာစကားမှလဲ ပြောလို့ မရ။ မိရဲ့ အသံဟာ တုံ့တုံ့ဆိုင်းဆိုင်းနဲ့ ထွက်လာပြန်တယ်။

ကျွန်မ နောက်ဆုံး ပြောချင်တာက ခုန.... ပြောခဲ့တာတွေထက် ပိုပြီး အရေးကြီးပါတယ်"

အဲဒီ စကားကို ပြောတဲ့ အချိန်မှာ မိ ရဲ့ အသံဟာ ငိုသံမပါတော့ဘူး။ မိ ရဲ့ မျက်နှာထားဟာလဲ တည်ငြိမ်သွားတယ်။ အဲဒါကိုက ပိုပြီး လှိုက်လှဲစရာကောင်းတယ်လို့ ကျွန်တော် ထင်တယ်...."



"ကျွန်မဟာ ဒုက္ခိတပါ၊ ကျွန်မလို ထိုင်ခုံပေါ်မှာ ငြိမ်ငြိမ်ကလေး ထိုင်နေရုံကလွဲလို့ ဘာမှ မလုပ်နိုင်တဲ့ မိန်းမတယောက်ဟာ အိမ်ထောင် တခုကို ဘယ်လိုလုပ် ထိန်းသိမ်းနိုင်မှာလဲ၊ မယားဝတ္တရားငါးပါးနဲ့ ဘယ်လိုလုပ် ပြည့်စုံနိုင်ပါ့မလဲ၊ မိန်းမတယောက်အတွက် အရေးအကြီးဆုံး အချက်က အိမ်ရှင်မကောင်း ပီသဖို့ပါပဲ၊ ကျွန်မမှာ အဲဒီ အရည်အချင်းတွေ မရှိနိုင်တော့ပါဘူး၊ အဲဒီလို.... အခြေအနေမျိုးနဲ့ ကျွန်မ သူနဲ့ ပေါင်းသင်း နေထိုင်ရမယ်ဆိုယင် ကျွန်မရဲ့ ဝတ္တရား မကျေပွန်နိုင်မှုကြောင့် ကျွန်မမှာ အစဉ်အမြဲ အားငယ်နေရမယ်၊ ကျွန်မရဲ့ ချွတ်ယွင်းမှုကြောင့် နေ့စဉ်နဲ့အမျှ စိတ်မချမ်းမသာ ဖြစ်နေရမှာပါ၊ ဇနီးသည်တယောက်အဖို့ ကိုယ့်ရဲ့ လင်ယောကျ်ားကို ဝတ်ကြီးဝတ်ငယ် ပြုစုခွင့် မရတာလောက် စိတ်ဆင်းရဲစရာကောင်းတာ မရှိတော့ပါဘူး၊ ဒါကြောင့်....ကျွန်မ....ကျွန်မ.... သူနဲ့ မပေါင်းသင်းနိုင်...."

မိ ရဲ့ အသံက တိမ်ဝင်သွားပြီး ဘေးမှာ ထိုင်နေတဲ့ သူ့အဖေရဲ့ လက်မောင်းပေါ်ကို မှီကျသွားတယ်။ တရားရုံးထဲမှာ ရှိနေတဲ့ လူတွေအားလုံး ငိုင်နေကြတယ်။ မျက်နှာတွေ အားလုံးဟာလဲ မိကို ဂရုဏာသက်တဲ့ မျက်နှာတွေ၊ တရားလိုဖြစ်တဲ့ ကျွန်တော်တောင် မိ ရဲ့..., စကားတွေကို မထောက်ခံမိအောင် ကြိုးစားနေရတယ်"

ဦးအောင်စိုးဦး တယောက်ပဲ စိတ်ပျက်တဲ့ အမူအရာ ဖြစ်နေတယ်။

* * *

www.burmeseclassic.com



'ရထားတွေ တစင်းပြီးတစင်း ဝင်လိုက် ထွက်လိုက်။ စကြံပေါ်က ခုံတန်းမှာ ကျွန်တော်ထိုင်နေတယ်။ ဒီနေရာမှာ အယင်က မိကိုစောင့်ကြိုနေကျ။ ခုတော့ ဒီရထားတွေ ဖြတ်သွားနေကြတာ ကျွန်တော်နဲ့ မဆိုင်တော့။

ကျွန်တော့်စိတ်တွေ ရှုပ်ထွေးနေတယ်။ နက်ဖြန်ဆိုယင် ကျွန်တော်တို့အမှုအတွက် အမိန့်ချတော့မယ်။ ကျွန်တော့်ရဲ့ အကျိုးဆောင် ဦးအောင်စိုးဦးက ဥပဒေအချက်အလက် ပြည့်စုံပိုင်နိုင်စွာနဲ့ သက်သေထွက်ချက်တွေကို ကိုးကားပြီးလျှောက်လဲချက်ပေးပြီးသွားပြီ။ မိရဲ့အကျိုးဆောင်ကတော့ လူမှုရေးကို အဓိကထားပြီး မိနောက်ဆုံး ပြောသွားတာကို ကိုးကားပြီး



လျှောက်လဲသွားတယ်။ ဒီအမှုမှာ တရားသူကြီးအဖွဲ့အတွက် စီရင်ချက်ချဖို့ တော်တော်ခက်မယ်လို့ ဦးအောင်စိုးဦးက ပြောတယ်။ ဥပဒေကြောင်းအရဆိုယင် ကျွန်တော့်ဘက်က အရှမ်းခိုင်လုံနေတယ်။ သို့ပေမယ့် မိအစစ်ခံတုန်းက ပြောသွားတဲ့စကားတွေဟာ သိပ်ထိမိလွန်းလို့ တရားသူကြီး အဖွဲ့ဆောင်ငိုင်ကျသွားတယ်။ အဲဒီအချက်တွေဟာ စီရင်ချက်ချတဲ့အခါမှာ ထည့်သွင်းစဉ်းစားသင့်တဲ့ အချက်တွေ ဖြစ်နေတယ်။ ဒါကြောင့် စီရင်ချက်ဟာ ဟိုဘက်ဒီဘက် တဝက်စီ နိုင်ချေရှိနေတယ်။ ကြိုတင်ခန့်မှန်းဖို့ မလွယ်ဘူးတဲ့။

ကျွန်တော့်စိတ်ထဲမှာတော့ တရားရုံးက ဘယ်လိုအမိန့်ချမယ်ဆိုတာထက် ပိုပြီး စွဲလမ်းနေတာ တခုရှိတယ်။ မိအစစ်ခံတဲ့နေ့က ပြောသွားတဲ့စကား။ 'ဇနီးသည် တယောက်အဖို့ လင်ယောကျ်ားရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုစုခွင့်မရတာလောက် စိတ်ဆင်းရဲစရာ ကောင်းတာမရှိဘူး' တဲ့။

ဒီစကားကို သူဘာဖြစ်လို့ပြောတာလဲ။ သူ့ရှေ့နေသင်ပေးထားတဲ့အတိုင်း ပြောတာလား။ ဒါမှမဟုတ် သူကိုယ်တိုင်တကယ်ခံစားနေရတဲ့အကြောင်းကို ပြောတာလား။ အဲဒီအချက်ဟာ တကယ်မှန်ကန်တဲ့အချက်ပဲဆိုတာ ကျွန်တော်လက်မခံပဲနေလို့မရ။ သူဟာ အဲဒီစကားကို တကယ့်ခံစားချက်နဲ့ပြောခဲ့တာဆိုယင် ကျွန်တော်ဟာ သူ့ကိုတသက်လုံး အကျဉ်းချအောင်ထားဖို့ ကြိုးစားနေတာနဲ့ မတူဘူးလား။ ကျွန်တော် သူ့ကို စွန့်လွှတ်လိုက်ယင် ကောင်းမလား။ အဲဒီလိုစဉ်းစား

www.burmeseclassic.com



လိုက်တာနဲ့တပြိုင်နက် လောကကြီးထဲမှာကျွန်တော်တယောက် တည်းကျန်တော့သလို ခံစားလိုက်ရပြန်တယ်။

စကြံကုန်းတံတားကြီးအတိုင်း လျှောက်ခဲ့မိတယ်။ ဗိုလ်ချုပ် လမ်းပေါ်ကို ဆင်းလိုက်တော့ ကုန်တိုက်ကြီးကို လှမ်းမြင်ရ တယ်။ ကုန်တိုက်ရဲ့ အောက်ဆုံးထပ်မှာ ပဒေသာစားသောက် ဆိုင်။ မိနဲ့ကျွန်တော်နဲ့ စားသောက်နေကျ။ မိကို ပထမဆုံးအ ကြိမ် မြင်ဖူးခဲ့တဲ့ 'စားဘူးယင် သိမယ်' မုန့်ဟင်းခါးဆိုင်နေ ရာကို ကြည့်လိုက်တယ်။ အချိန်စောသေးလို့ ဆိုင်မထွက်သေး။ ရင်ထဲက ဟာကနဲဖြစ်သွားရတယ်။

ပဒေသာ စားသောက်ဆိုင်ထဲ ဝင်ထိုင်တယ်။ စားသောက် နေကြတဲ့လူတွေ အများကြီးရှိနေပေမယ့် တဆိုင်လုံးမှာ ကျွန် တော်တယောက်တည်း ရှိနေသလိုပဲ။

တကယ်လို့ ကျွန်တော်က မိကိုစွန့်လွှတ်လိုက်ပြီဆိုပါတော့ မိစိတ်ချမ်းသာသွားမလား။ မိ ကျွန်တော်နဲ့ခွဲပြီး နေရတဲ့အခါ ကျယောင်ကော တယောက်တည်းအထီးကျန်နေရမယ့် မိရဲ့ဘဝဟာ ပျော်ရွှင်နိုင်ပါ့မလား။

ကျွန်တော်နဲ့အတူတူနေတဲ့အခါ သူ့ချုတ်ယွင်းချက်ကြောင့် အားငယ်ရမယ့်ဒုက္ခနဲ့ ကျွန်တော်နဲ့ ခွဲခွာရလို့ အထီးကျန်ရ မယ့်ဒုက္ခ ဘယ်ဟာကပိုပြီး ကြီးမားနိုင်မလဲ။ ကျွန်တော်မသိ။

"ဘာ....မှာမလဲ ..."

အသံကြားလို့ကြည့်လိုက်တော့ ဆိုင်ကဝန်ထမ်းအမျိုးသမီး တယောက်။ သူ ကျွန်တော့်ကို ရပ်စောင့်နေရတာ တော်တော်



ကြာပြီလားမသိ။ 'ဘာမှာမလဲ'လို့ [illegible] ကျွန် တော်ပြောလိုက်တယ်။

"လက်ဖက်ရည်နှစ်ခွက်နဲ့ စမူဆာနှစ်ခု"

သူက ကြောင်ကြည့်နေပြီးမှ ကျွန်တော်ပေးတဲ့ ပိုက်ဆံကို ယူပြီး ထွက်သွားတယ်။

လက်ဖက်ရည်တွေ မုန့်တွေစားမှ စားမိရဲ့လားမသိ။ ဆိုင် ထဲကထွက်လာပြီး ဘားလမ်းဘက်လျှောက်လာခဲ့တယ်။ ဆရာ မြင့်ရဲ့ကျောင်းရှေ့ရောက်တော့ ခဏရပ်ပြီး အပေါ်ကိုမော့ ကြည့်နေမိတယ်။ လေကားယင်း မုန့်ဟင်းခါးဆိုင်က အမေ ကြီးက ကျွန်တော့်ကိုပြုံးပြတယ်။ မိ စားဖူးသမျှ မုန့်ဟင်းခါး ထဲမှာ ဒီဆိုင်အကောင်းဆုံးပဲလို့ မိပြောခဲ့ဖူးတယ်။

အပေါ်ထပ်ကို တက်ခဲ့မိပြန်တယ်။ လှေကားအိုကြီးကတော့ အယင်ကလို နင်းလိုက်တိုင်း တကျွီကျွီမြည်တုန်းပဲ။ မိနဲ့ကျွန် တော် အမှတ်မထင် ဆုံခဲ့တဲ့ လှေကားကြီး။

ကျောင်းခန်းထဲ ဝင်လိုက်တယ်။ ကျောင်းခန်းတခုလုံး ရှင်းလင်းနေတယ်။ ဟိုးရှေ့မှာ ပြောင်နေအောင်သုတ်ထားတဲ့ ကျောက်သင်ပုန်းကြီး။ ကျွန်တော်မိကို ချစ်ရေးဆိုတဲ့ စာရေး ခဲ့တဲ့ ကျောက်သင်ပုန်းကြီး။

"ဟင်....ဒေအးမောင်"

ဆရာကဝမ်းသာအားရ လျှောက်လာပြီး ကျွန်တော့်ပခုံး ကို ကိုင်လှုပ်နေတယ်။ ဆရာ့ဆီမရောက်တာကြာပြီ။

"မင်းလာတာနဲ့ အတော်ပဲကွာ၊ လက်ဖက်ရည်ဆင်းသောက်ဖို့ အဖော်မရှိတာနဲ့၊ ဘယ်လိုလဲကွ၊ မင်းတို့ကျောင်း အခြေအ

www.burmeseclassic.com

www.burmeseclassic.com



နေ တော်တော်ကောင်းနေတယ်လို့ သတင်းကြားတယ်၊ ဟိုဘာ နေ့က သောင်းမော်နဲ့တွေ့လို့ ပြောသွားတာ”

ဆရာက ကျွန်တော်စိတ်သာရာရအောင်စကားတွေလျှောက် ပြောနေတယ်။ ကျွန်တော့် အမူအရာကို မပြောင်းလဲတော့မှ ဆရာ့မျက်နှာက စိတ်မကောင်းဟန် ဖြစ်သွားတယ်။ ကျွန်တော် ဆရာ့လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး ပြောလိုက်တယ်။

“နက်ဖြန် စီရင်ချက်ချတော့မယ်ဆရာ”

ကျွန်တော့် အသံက ငိုသံပါနေသလား။

✲ × ✲



✦

ရုံးခန်းတခုလုံး တိတ်ဆိတ်နေတယ်၊ ပြည်သူ့ တရားရုံး စားပွဲရှည်ကြီးရဲ့နောက်မှာ တရားသူကြီးအဖွဲ့ဝင်သုံးဦး ထိုင် နေတယ်၊ သူတို့ရဲ့မျက်နှာတွေဟာ တည်ငြိမ်နေကြတယ်။

ကျွန်တော်တို့ နှစ်ယောက် လက်ထပ်ခဲ့ကြတဲ့ တရားရုံး၊ မီး ‘ခစ်ကနဲ’ ရယ်ခဲ့တဲ့နေရာ၊ ကျွန်တော်တို့နှစ်ယောက်ကိုပြုံးရွှင်တဲ့ မျက်နှာနဲ့ လက်ထပ်ပေးခဲ့တဲ့ ဥက္ကဋ္ဌကြီး။ မင်းတို့နောက်တခါ ဒီရုံးကို ပြန်ရောက်မလာကြစေနဲ့လို့ ပြောခဲ့ပေမယ့် ခု ပြန် ရောက်ခဲ့ရပြန်ပြီ၊ တရားဥပဒေရဲ့ အဆုံးဖြူးအထင်ကိုခံဖို့ နောက် တခါ ရောက်ခဲ့ရပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘေးမှာ ကိုကိုရယ် သောင်းမော်ရယ် ချစ်အေးရယ် ထိုင်နေကြတယ်၊ ကျွန်တော်တို့ လက်ထပ်ခဲ့ကြတဲ့နေ့ကလိုပဲ စိတ်လှုပ်ရှားဖို့ ရင်ခုန်ဖို့ သတိမရနိုင်အောင် ဖြစ်နေတယ်။

မိကတော့ ထုံးစံအတိုင်း ဘယ်သူ့ကိုမှမကြည့်။ သူ့ ခြေထောက်တွေကိုပဲ ငုံ့ကြည့်နေတယ်။ ကျွန်တော် မိဆီသွားပြီး တခုခုပြောချင်နေတယ်။ သို့ပေမယ့် မသွားဖြစ်ဘူး။

လူတွေအားလုံး ငြိမ်သက်နေကြလို့ ရုံးခန်းဟာ ဖယောင်းရုပ်တု ပြတိုက်ကြီးလို ဖြစ်နေတယ်။ လှုပ်ရှားနေတဲ့ အရာဆိုလို့ တရားသူကြီးဇာတ်ပွဲပေါ်က လေတိုးလို့ တဖျပ်ဖျပ်လှုပ်နေတဲ့ စီရင်ချက် စာရွက်တွေပဲ ရှိတယ်။

တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌကြီးရဲ့ လည်ချောင်းရှင်းသံက အခန်းထဲမှာ ဟိန်းပြီး ထွက်ပေါ်လာတယ်။ ကဲ....မောင်အေးမောင်နဲ့ မခင်အေးမိတို့ နားထောင်ကြ အမိန့်ချမယ်လို့ ပြောပြီး ဖတ်ပြတယ်။

အမှုရဲ့ အခြေခံအကြောင်းရင်း သက်သေ ထွက်ချက်များ ကျွန်တော့် အစစ်ခံချက်၊ မိရဲ့ အစစ်ခံချက်၊ နှစ်ဘက် အကျိုးဆောင်တွေရဲ့ လျှောက်လဲချက် အကျဉ်းချုပ် အမှုသွား အမှုလာ....။ ပြီးတော့....

"ဤအမှုတွင် တရားလိုဖြစ်သူ မောင်အေးမောင် တင်ပြသော စာချုပ်စာတန်းများ သက်သေများနှင့် ထွက်ဆိုချက်များသည် ဥပဒေကြောင်းအရ ခိုင်လုံသည် ဖြစ်သောကြောင့် မခင်အေးမိသည် မောင်အေးမောင်၏ တရားဝင်ဇနီးဖြစ်သည်ဟု ဤတရားရုံးမှ ယူဆလက်ခံခဲ့ပေသည်။ သို့ရာတွင် ကျွန်ုပ်တို့



တရား စီရင်ရေးအဖွဲ့တွင် လူ တဦးတယောက်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်ကို တားမြစ် ပိတ်ပင်ခွင့် မရှိချေ။ ထို့ပြင် တရားစီရင်ဆုံးဖြတ်ရာ၌ လူမှုရေးနှင့် သက်ဆိုင်သော အခြေအနေကိုထည့်သွင်းစဉ်းစားမှသာဖြောင့်မတ်မှန်ကန်သော တရားစီရင်ရေး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် မခင်အေးမိသည် မောင်အေးမောင်၏ တရားဝင်ဇနီးပင် ဖြစ်လင့်ကစား အတူအကွ ပေါင်းသင်းနေထိုင်ရေး မနေထိုင်ရေးအတွက်မူ ကျွန်ုပ်တို့ တရားစီရင်ရေးအဖွဲ့မှ ဝင်ရောက်စွက်ဖက်ရန် မသင့်ချေ။ မခင်အေးမိ၏ သဘောဆန္ဒအတိုင်း ဆုံးဖြတ်ချက် ပေါ်တွင်သာ မူတည်စေရမည်ဟု အမိန့်ချမှတ်လိုက်သည်။

ရုံးခန်းအတွင်းမှာ ပြန်ပြီး ငြိမ်သက်သွားပြန်တယ်၊ ကျွန်တော် မိကို လှမ်းကြည့်လိုက်တယ်။ မိကလဲ ကျွန်တော့်ကို ရီဝေတဲ့ မျက်လုံးတွေနဲ့ ပြန်ကြည့်နေတယ်။ ကျွန်တော် မိဆီကို လျှောက်သွားတယ်။ မိအနားမှာ ရပ်လိုက်တယ်။

"မိ...."

မိက ကျွန်တော့်ကို မော့ကြည့်တယ်။

"မောင် အရှုံးပေးပါတယ် မိ ရယ်"

မိက ခေါင်းပြန်ငုံ့သွားတယ်။

"မောင်တို့နှစ်ယောက်ဟာ....အစစ အရာရာတူခဲ့ကြပါတယ်၊ ခုထိလဲ တူတုန်းပါပဲ၊ မောင်တို့နှစ်ယောက်ဟာ တယောက်နဲ့ တယောက် အနှစ်နာခံတာချင်း ပြိုင်နေကြတာ မဟုတ်လား၊ ခုတော့ မိက အနိုင်ရသွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



မိဆီက အသံထွက်လာတယ်။ ရှိုက်သံ၊ ကျွန်တော့်အသံ ထကော စကားလုံးတလုံးတိုင်းဟာ ရှိုက်သံတချက်စီ မဟုတ်လား။

"မောင် ထပ်ပြောပါရစေ။ မိကို လက်ထပ်ပေါင်းသင်းချင်တဲ့ ကိစ္စမှာ မိရဲ့ ဘဝကို တသက်လုံး စောင့်ရှောက်ချင်တဲ့ ဆန္ဒပါသလို တဘက်ကလဲ မိကို မခွဲနိုင်တဲ့စိတ် မိနဲ့ခွဲရယင် မောင် စိတ်ဆင်းရဲရမှာကို ကြောက်တဲ့ စိတ်လဲပါနေပါတယ်။ မိအတွက် အနစ်နာခံယင်း မောင့်အလိုဆန္ဒကိုပါ ဖြည့်စွမ်းချင်တဲ့ ကိုယ်ကျိုးဖက်တဲ့ စိတ်လဲ ရောစွက်နေကြောင်း ဝန်ခံပါတယ်၊ မိ အစစ်ခံသွားတုန်းက မောင်နဲ့ ပေါင်းသင်း နေထိုင်ရယင် တာဝန်မကျေတဲ့ ဇနီးအဖြစ် တသက်လုံး သိမ်ငယ်ပြီး စိတ် ဆင်းရဲသွားရမယ်လို့ မိပြောခဲ့တယ်နော်။ မောင် အဲဒီအချက်ကို ထည့်မစဉ်းစားခဲ့မိဘူး။ မိ မှန်ပါတယ်၊ မောင်မှားပါတယ်"

ကျွန်တော်က စကားလုံးတွေနဲ့ ငိုရှိုက်နေတယ်၊ မိကငိုရှိုက်သံတွေနဲ့ စကားပြောနေတယ်....။

"မိနဲ့မောင်ဟာ အရာရာမှာ သဘောထားချင်းတိုက်ဆိုင်ခဲ့ကြပါတယ်၊ မိနဲ့မောင်နဲ့ သဘောထားချင်း မတိုက်ဆိုင်တာ တခုပဲရှိတယ်၊ အဲဒါကတော့ မိက မိသာမောင့်ကို ပိုချစ်တယ်လို့ ယူဆပြီး၊ မောင်ကလဲ မောင်သာမိကို ပိုချစ်တယ်လို့ ယူဆခဲ့ကြတဲ့အချက်ပါပဲ"

မိရဲ့ကိုယ်ကလေးဟာ တသိမ့်သိမ့် တုန်နေတယ်။ မိရဲ့ခြေထောက်ကလေးတွေတောင် တဆတ်ဆတ်လှုပ်ခါ လာသလား



လို့ ထင်ရတယ်။ ကျွန်တော် မနေနိုင်ဘူး။ မိရဲ့ဖခိုးကလေးပေါ် လက်တင်လိုက်မိတယ်။

"မိရယ်... မောင်က ရှုံးရတဲ့ သူပါ၊ မောင့်ကို အခွင့်အရေး တခုလောက်ပေးပါ၊ မိဟာ မောင်နဲ့တူတူ မပေါင်းသင်းပဲ နေနိုင်ခွင့်ရပေမယ့် တရားဥပဒေအရတော့ မိဟာ မောင့်ဇနီးပါ၊ မောင်လိုချင်တဲ့အခွင့်အရေးကတော့ မိကို မောင်ကျွေးမွေး ပေးပါရစေ၊ ပြီးတော့ မိကို အစ်ကိုအရင်းတယောက်လို စောင့်ရှောက်သွားပါရစေ"

မိက ဖြတ်ကနဲမော့ကြည့်လိုက်တယ်။ မိရဲ့ မျက်လုံးထဲမှာ မျက်ရည်တွေအပြည့်။ သို့ပေမယ့် မိငိုနေတာ မဟုတ်တော့ဘူးလို့ ထင်မိတယ်။ ကျွန်တော့်လက်ပေါ်ကို မိရဲ့လက်ဖဝါးက လေး ရောက်လာတယ်။

"မောင်...."

မိရဲ့ အသံဟာ သူ ကျွန်တော့်ကို ပထမဆုံးအကြိမ် 'မောင်' လို့ ခေါ်လိုက်တဲ့ အသံမျိုး။ ပြီးတော့....

"တရားရုံးက မိ ကို အနိုင်ပေးပေမယ့် မိ ရဲ့ နှလုံးသားက လက်မခံဘူး၊ မောင့်ကို မိ လွှတ်အောင် မပြေးနိုင်တော့ပါဘူး ကွယ်"

မိ ရဲ့ မျက်နှာကလေးကို စေ့စေ့ ကြည့်မိတဲ့အခါ ကျွန်တော့်ကိုယ် ကျွန်တော် မှန်ထဲမှာ ပြန်ကြည့်ရသလိုပဲ ထင်လာရတယ်။ မိရဲ့ လက်ဖဝါးကလေးဟာ အေးစက်နေရာက တဖြည်းဖြည်း နွေးလာတယ်၊ နှလုံးခုန်သံတွေလို ပြန်ကြားလာရပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ နှစ်ယောက်ဟာ လူတွေ အားလုံး ရင်နင့်ကြည်နူးသွားစေမယ့် အပြုအမူ တခုကို လုပ်လိုက်ကြတယ်။ မိရဲ့ တွန်းလှည်း ကုလားထိုင်ကလေးကို ကျွန်တော် ကိုယ်တိုင် တွန်းပြီး တရားရုံး အပြင်ဘက်ကို ထွက်လာခဲ့ကြတာပါပဲ။

ကျွန်တော့် ဘေးမှာ ငြိမ်ငြိမ်ကလေး ထိုင်ပြီး ပြုံးကြည့်နေလိုက်ရုံနဲ့ မယားဝတ္တရား အားလုံး ပြီးပြည့်စုံနိုင်တယ် ဆိုတာရယ်၊ လူ့ရယ်လို့ ဖြစ်လာတာဟာ လမ်းလျှောက်ဖို့ တခုထဲအတွက် မဟုတ်ဘူး ဆိုတာရယ်.... တနေ့သောအခါ မိ နားလည်လာမှာပါ။

မင်းလူ

(၁၇-၄-၈၂)

BURMESE CLASSIC

www.burmeseclassic.com